ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နန့်နွေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၀ ပြည့်နှစ် ကဆုန်လပြည့်၊ တနင်္ဂနွေနေ့။ Sunday 29 April 2018 ၉၂၇၁

# အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် သီးသန့်အစည်းအဝေးတို့သို့

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့ နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် (၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✱




(၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချုပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့** နှင့် **ရခိုင်ပြည်နယ်အစိုးရအဖွဲ့** တို့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈) မျက်နှာဖြင့် ဖော်ပြထားပါသည်။

ကဆုန်လပြည့် သွန်းသည့်ညောင်ရေ စာမျက်နှာ - ၁၅

မြန်မာ့စွယ်စုံကျမ်း(မူသစ်) ပြန်လည်ထုတ်ဝေနိုင်ရေးနှင့် မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ်ထုတ်ဝေနိုင်ရေး ဆွေးနွေး စာမျက်နှာ - ၃

လက်ရှိအစိုးရတာဝန်ယူတာ သိပ်မကြာသေးပေမယ့် အောင်မြင်မှုတော်တော်များများ ရခဲ့တယ်လို့ ကျွန်တော်ယူဆ စာမျက်နှာ - ၇



# ကြေးမုံ

## တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်

မြန်မာနိုင်ငံတွင် ရှေးနှစ်ပေါင်းထောင်ချီကတည်းက တိုင်းရင်းသားလူမျိုး တစ်ရာကျော် မှီတင်းနေထိုင်လျက်ရှိသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းဟူသည့် အဓိကတိုင်းရင်းသားလူမျိုးအုပ်စုများနှင့်အတူ တိုင်းရင်းသားလူမျိုးစုများသည် မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ အတူတကွ ငြိမ်းချမ်းသာယာစွာ နေထိုင်ခဲ့ကြသည်။

တိုင်းရင်းသားလူမျိုးများအနေဖြင့် အမိပြည်ထောင်စု နိုင်ငံကြီးအတွင်း မှီတင်းနေထိုင်ရပ်တည်လျက်ရှိရာတွင် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဘာသာစကားများဖြင့် တင့်တင့်တယ်တယ် နေထိုင်ခဲ့ကြသည်။ ယင်းတွင် တိုင်းရင်းသားလူမျိုးများ၏ဘဝ အရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တိုင်းရင်းသားစာပေနှင့် ဘာသာစကားများ ထွန်းကားရေးမှာ အရေးကြီးသည်။

ထို့ကြောင့် ဒေသအလိုက်၊ လူမျိုးအလိုက် တိုင်းရင်းသားလူမျိုးများ ယဉ်ကျေးမှုအဖွဲ့အစည်းများကို ထူထောင်ဖွဲ့စည်း၍ မိမိတို့စာပေ ယဉ်ကျေးမှုအား ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို တွေ့ရသည်။ ထို့အပြင် နိုင်ငံတော်အစိုးရက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်အဆက် ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအခါ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို အသစ်ဖွဲ့စည်း၍ တိုင်းရင်းသားလူမျိုးများအရေးကို ဦးစားပေးအကောင်အထည်ဖော်နိုင်အောင် အားထုတ်ကြိုးပမ်းနေသည်ကို တွေ့ရသည်။

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးတွင် တိုင်းရင်းသားဘာသာစကားများ ထွန်းကားရေးသည် အရေးကြီးသလို တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် ကူးလူးဆက်သွယ်ပေါင်းသင်းဆက်ဆံနိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုများ ပိုမိုပျံ့နှံ့သိရှိနိုင်ရေးမှာလည်း အရေးကြီးသည်။ ထို့ကြောင့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းချိတ်ဆက်လျက် တိုင်းရင်းသားလူမျိုးများအရေးကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်နေသည်။

တိုင်းရင်းသားလူမျိုးစုများ စာပေနှင့် အသိပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်ဝေသော အချပ်ပိုကဏ္ဍများ၊ တိုင်းရင်းသားဘာသာစကားများဖြင့် ထုတ်ဝေသော သတင်းစာများ၊ တိုင်းရင်းသားဘာသာ ရုပ်သံကဏ္ဍများ၊ ထိုရုပ်သံလိုင်းများတွင် ဘာသာစကား ၁၁ မျိုးဖြင့် ထုတ်လွှင့်မှုများ၊ ဘာသာစကား ၁၇ မျိုးဖြင့် အသံလွှင့်မှုများကို နေ့စဉ်၊ အပတ်စဉ် စီစဉ်တင်ဆက်ပေးလျက်ရှိသည်။

ထိုသို့ဖော်ဆောင်ပေးလျက်ရှိသည့်အပြင် ယခုအခါ တိုင်းရင်းမီဒီယာများ ရေရှည်တည်တံ့ရေး မီဒီယာဆိုင်ရာ အသိမြှင့်တင်ပေးရေးအတွက် တိုင်းရင်းမီဒီယာညီလာခံများကို မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်တို့တွင် ကျင်းပခဲ့ပြီးနောက် ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ဆဋ္ဌမအကြိမ်မြောက် တိုင်းရင်းမီဒီယာ ညီလာခံကို ကျင်းပလျက်ရှိသည်။

တိုင်းရင်းမီဒီယာညီလာခံများကို ကျင်းပပေးခြင်းသည် ဆိုင်ရာ ဆိုင်ရာ တိုင်းရင်းသားများက ၎င်းတို့ ကိုယ်ပိုင်ဘာသာစကားများသာမက မြန်မာဘာသာဖြင့် ထုတ်ဝေလျက်ရှိသော မီဒီယာများဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲ၍ ဆက်လက်တိုးတက်ရှင်သန်ဖွံ့ဖြိုးအောင် ဆွေးနွေးတိုင်ပင်အဖြေရှာကြခြင်းဖြစ်သည်။ လက်ရှိထုတ်လွှင့်မှုများအပြင် ထပ်မံတိုးချဲ့ထုတ်လွှင့်ဖော်ပြနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားလူမျိုးများအားလုံး၏ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ဘာသာစကားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားရေးရာကဏ္ဍ မြင့်မားတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းလက်တွဲ၍ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

## ဒီရေရောက်သစ်တောများ စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း စီမံကိန်း ကြီးကြပ်မှုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၂၈**

ဒိန်းမတ်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် ၂၀၁၈-၂၀၂၃ အရ သစ်တောဦးစီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် "ပင်လယ်ကမ်းရိုးတန်းဒေသနေ ပြည်သူလူထုက ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေရပ်တည် နေထိုင်နိုင်ရန်အတွက် ဒီရေရောက်သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း စီမံကိန်း"၏ စီမံကိန်းကြီးကြပ်မှုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

စီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ညီညီကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ သံအမတ်ကြီး H.E.Peter Lysholt Hansen တို့က အမှာစကားပြောကြားကြသည်။

အစည်းအဝေးတွင် စီမံကိန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ စီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းကြီးလေးရပ်ဖြစ်သည့် ရခိုင်ပြည်နယ်အတွင်း ဒီရေရောက် သစ်တောကြိုးပြင် ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ တည်ထောင်ခြင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်နှင့် စစ်တွေခရိုင်များတွင် ဒီရေရောက်သစ်တောများ ပြန်လည်ထူထောင်ခြင်း၊ ဒေသခံပြည်သူများကိုယ်တိုင် စီမံခန့်ခွဲနိုင်သည့် စီမံကိန်းငယ်များ အထောက်အပံ့ပေးခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်များနှင့် ရန်ပုံငွေလျာထားသုံးစွဲမည့် အစီအစဉ်များ၊ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုက်နာရမည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ် စိစစ်သုံးသပ်ခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တွဲဖက်ဥက္ကဋ္ဌများဖြစ်ကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီနှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ သံအမတ်ကြီးတို့က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဆောင်သည့် စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သစ်တောဦးစီးဌာနမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံ

**မန္တလေး မေ ၂၈**

ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ကြီးအဖွဲ့(အထက်မြန်မာပြည်) တွေ့ဆုံပွဲကို မေ ၂၈ ရက် ညနေ ၃ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့(အထက်မြန်မာပြည်)မှ လူရည်ချွန်ကြီး တစ်ဦးချင်းစီက ၎င်းတို့၏ လူရည်ချွန်အတွေ့အကြုံများကို ၂၀၁၈ ခုနှစ် ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများအား မျှဝေကြသည်။

အခမ်းအနားတွင် ၁၉၆၄ -၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့(အထက်မြန်မာပြည်)ဥက္ကဋ္ဌ ဦးမောင်မောင်လေး၊ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာ မောင်မောင်ထွေးနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းတို့က မိတ်ဆက်အမှာစကားပြောကြားကြသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီ(ပုဂံလူရည်ချွန် အပန်းဖြေစခန်းမှူး)က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့(အထက်မြန်မာပြည်)မှ ၂၀၁၈ ခုနှစ် လူရည်ချွန် လူငယ်မောင်မယ်များအား လက်ဆောင်ပစ္စည်းများပေးအပ်ရာ ကြီးကြပ်ဆရာများက လက်ခံရယူကြသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပုဂံနှင့် အင်းလေးအပန်းဖြေစခန်းများသို့ အပန်းဖြေလေ့လာရေးခရီး သွားရောက်ကြမည့် ၂၀၁၈ ခုနှစ် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများသည် မန္တလေးမြို့ရှိ စုရပ်အသီးသီးသို့ မေ ၂၈ ရက်တွင် စုံလင်စွာရောက်ရှိလာကြပြီး ၁၉၆၄-၁၉၈၈ လူရည်ချွန်ကြီးများအဖွဲ့(အထက်မြန်မာပြည်)၏ အတွေ့အကြုံကောင်းများကို ရယူကာ မိမိတို့အပန်းဖြေလေ့လာကြမည့် စခန်းအသီးသီးသို့ မေ ၂၉ ရက် နံနက်ပိုင်းတွင် စုရပ်အသီးသီးမှ ဆက်လက်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း- နိုင်လင်းကြည်၊ ဇင်ဦး၊ ဓာတ်ပုံ- ဘကြီးဇင်**

## မန္တလေးတိုင်းဒေသကြီးတွင် မေလ ပထမ ၁၀ ရက်ပတ်အတွင်း မိုးရွာသွန်းမှုများဖြစ်ပေါ်နိုင်

**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီးတွင် လာမည့် မေလ ပထမ ၁၀ ရက်ပတ်အတွင်း၌ မိုးရေချိန် နှစ်လက်မမှ လေးလက်မအတွင်း မိုးရွာသွန်းမှုများဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ)၏ ခန့်မှန်းသုံးသပ်ချက်များအရ သိရသည်။

"ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်မှုရဲ့ သက်ရောက်မှုတွေနဲ့ မိုးအကြိုကာလ လေထု မတည်ငြိမ်မှုဖြစ်စဉ်တွေကြောင့် ကျွန်တော်တို့ မန္တလေးတိုင်းမှာ အခုလာမယ့်မေလ ၁၀ ရက်ပတ်မှာ မိုးရေချိန် နှစ်လက်မကနေ လေးလက်မအတွင်း ရွာသွန်းနိုင်ပါတယ်၊ ဒီအချိန်က အပူဆုံးကာလဖြစ်တဲ့အတွက်ကြောင့် အချို့ရက်တွေမှာလည်း နေ့အပူချိန်မြင့်တက်တတ်တဲ့ သဘောရှိပါတယ်"ဟု အဆိုပါ ဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးပေါင်းအဖွဲ့(MCCA)၏ ထုတ်ပြန်ချက်အရ နှစ်စဉ်စုစုပေါင်း မိုးရေချိန်မှာ ပိုမိုကြီးမားသည့် နှုန်းထားနှင့်အတူ ကုန်းတွင်းပိုင်း အရပ်ဒေသများထက်စာလျှင် ကမ်းရိုးတန်းဒေသများ၌ ၁၉၈၁ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်အတွင်း အနည်းငယ် ပိုမိုတိုးပွားလာခဲ့သည်။

မန္တလေးမြို့တွင် ၂၀၁၇ ခုနှစ် မေလအတွင်း မိုးရေချိန် ၇ ဒသမ ၆၄ လက်မ ရွာသွန်းခဲ့ပြီး ၂၀၁၅ ခုနှစ် မေ ၁၉ ရက်တွင် စံချိန်တင် မိုးရေချိန် ၄ ဒသမ ၀၅ လက်မအထိ ရွာသွန်းခဲ့ကာ ၂၀၁၀ ခုနှစ် မေ ၁၂ ရက်တွင် စံချိန်တင်အမြင့်ဆုံးအပူချိန် ၄၅ ဒသမ သုည ဒီဂရီစင်တီဂရိတ်အထိ ရောက်ရှိခဲ့ကြောင်း အဆိုပါဌာန၏ မှတ်တမ်းများအရ သိရသည်။

**နဒီလှိုင်း**

### ဂရုစိုက်၍ လိုက်နာပါ

၁။ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။

၂။ အရက်သေစာ သောက်သုံးခြင်းသည် ပိုမိုပြင်းထန်စွာ ဝေဒနာ ခံစားရနိုင်သဖြင့် အထူးသတိပြုပါ။

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

themirror.npt@gmail.com
www.facebook.com/themirrordaily

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီးသုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနားဌ် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကမ္ဘာက အာရုံစိုက်နေတဲ့ ရခိုင်ပြည်နယ်မှာသာမက ကျွန်မတို့ နိုင်ငံတစ်ဝန်းမှာ အားလုံး ရုပ်ပိုင်း၊ စိတ်ပိုင်း လုံခြုံ၊ အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ စုပေါင်းအင်အားနဲ့ ကြိုးစားကြပါစို့။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂)နှစ်ပြည့် မိန့်ခွန်းမှ
ကောက်နုတ်ချက်)

# မြန်မာ့စွယ်စုံကျမ်း(မူသစ်) ပြန်လည်ထုတ်ဝေနိုင်ရေးနှင့် မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ်ထုတ်ဝေနိုင်ရေး ဆွေးနွေး

**ရန်ကုန် မေ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန်ရုံး၌ မြန်မာ့စွယ်စုံကျမ်း (မူသစ်) ပြန်လည်ထုတ်ဝေနိုင်ရေးနှင့် မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ် ထုတ်ဝေနိုင်ရေးအတွက် စာတည်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးသည်။**(ယာပုံ)**




ထိုသို့တွေ့ဆုံရာတွင် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် စာပေဗိမာန် စာတည်းအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ စာပေဗိမာန်မှ စာတည်းအဖွဲ့များ တက်ရောက်ကြသည်။

မြန်မာ့စွယ်စုံကျမ်း (မူသစ်) ပြန်လည်ထုတ်ဝေရေးနှင့်စပ်လျဉ်း၍ စာပေဗိမာန် စာတည်းမှူး ဦးစိုးမြင့်သန်းက “ပထမစလုပ်တဲ့ အတွဲ(၁) အနေနဲ့ပါဝင်မယ့် ‘က’တည်ပုဒ်ကို ဆောင်ရွက်ရာမှာ အခက်အခဲလေးတွေဖြေရှင်းဖို့ ဝန်ကြီးက လမ်းညွှန်ထားတာရှိပါတယ်၊ အဲဒီအတွက် အစည်းအဝေးလုပ်ခြင်း ဖြစ်ပါတယ်၊ စာတည်းအဖွဲ့အနေနဲ့ ဆောင်ရွက်ပြီးသလောက် ပြီးသွားပါပြီ၊ ‘က’ တည်ပုဒ် ၇၄၄ ခုခန့်ရှိတဲ့နေရာမှာ ၂၇၀ လောက်က ပြီးသွားပါပြီ၊ လာမယ့် ဇွန်လမှာ ၄၀၀ လောက်ပြီးအောင် ဆောင်ရွက်ပါမယ်၊ ဖြစ်နိုင်ရင် စက်တင်ဘာလမှာ အတွဲ(၁) စာအုပ် ထွက်နိုင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်၊ အကြောင်းအရာတစ်ခုကို ရေးမယ်ဆိုရင် စံသတ်မှတ်ချက်ဆိုတာ ရှိပါတယ်၊ ဥပမာ- မြို့၊ ရွာ၊ ဒေသတွေအကြောင်း ရေးမယ်ဆိုရင် တည်နေရာ၊ မြေမျက်နှာပြင်၊ ရာသီဥတု၊ လူဦးရေ ပါမယ် စသဖြင့် စံသတ်မှတ်ပါတယ်၊ ထူးချွန်ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေအကြောင်း ရေးမယ်ဆိုရင် သူက အသက် ဘယ်လောက်မှာ နိုင်ငံအတွက် ဘာတွေလုပ်ခဲ့သလဲ၊ ပုဂ္ဂလိကအနေနဲ့ ဘာတွေလုပ်ခဲ့သလဲ၊ လောကနဲ့ လူသား အကျိုးပြုလုပ်ငန်း ဘာတွေ လုပ်ခဲ့သလဲ အစရှိသဖြင့်ပေါ့၊ သူ့ရဲ့ ထူးချွန်ထင်ရှားတဲ့အကြောင်းအရာတွေနဲ့ စွယ်စုံကျမ်းမှာ ပါသင့် ပါထိုက်တဲ့ ပုဂ္ဂိုလ်တွေ ပါဖို့အတွက် ဒီ စံသတ်မှတ်ချက်ပေါ့၊ အဲဒီလိုမျိုးတွေ ဆက်လက်ဆောင်ရွက်ဖို့အတွက် အစည်းအဝေးလုပ်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။

အရင် စွယ်စုံကျမ်းနဲ့ မတူပါဘူး၊ စွယ်စုံကျမ်းထွက်ခဲ့တာ ၁၉၅၄ ခုနှစ်ဆိုတော့ တော်တော်လေးကြာနေပြီ၊ နှစ်ပေါင်း ၆၀၊ ၇၀ ရှိသွားပြီဆိုတော့ အကြောင်းအရာတွေ ကလည်း အသစ်တိုးလာတာ အများကြီးရှိတယ်၊ ဥပမာ မူလစွယ်စုံကျမ်းမှာဆိုရင် ကွန်ပျူတာဆိုတဲ့အကြောင်း မပါဘူး၊ ဒီနေ့အချိန်မှာ ကွန်ပျူတာအကြောင်းတွေ ပါလာမယ်၊ နောက်တစ်ခုက ၁၉၅၀ ကျော် ကာလတစ်ဝိုက်က မရှိသေးတဲ့ အကြောင်းတွေ ဒီဘက်မှာ ပြန်ထည့်ပါမယ်၊ တချို့အကြောင်းတွေကို နည်းနည်းထည့်ပြီး တချို့အကြောင်းအရာတွေ ဖြုတ်သင့်တာ ဖြုတ်မယ်၊ သက်ဆိုင်ရာ နယ်ပယ်အလိုက် ဘာသာပညာမှာ ကျွမ်းကျင်တဲ့ ပညာရှင် ပုဂ္ဂိုလ်တွေနဲ့ ဆောင်ရွက်မှာဖြစ်တဲ့အတွက် ပါဝင်တဲ့အကြောင်းအရာတွေက တိကျပါတယ်၊ ခိုင်လုံပါတယ်၊ မြန်မာ့စွယ်စုံကျမ်းအင်အားနဲ့ လျော်ညီတဲ့ စွယ်စုံကျမ်း ဖြစ်လာမယ်လို့ ပြောချင်ပါတယ်။



**စာပေဗိမာန် စာတည်းမှူး**
**ဦးစိုးမြင့်သန်း**

မြန်မာ့စွယ်စုံကျမ်းလုပ်ဖို့ သန္ဓေတည်ခဲ့တာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလကပါ၊ တကယ်လက်တွေ့အလုပ်လုပ်တာက ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကစပြီး ယနေ့အထိ လုပ်ခဲ့ပါတယ်၊ အရင်လုပ်ခဲ့တဲ့သူတွေကို မမီပါဘူး၊ ဒီဘက်မှာ စွယ်စုံကျမ်း ပြန်လုပ်တယ်ဆိုတာ တော်တော်လေး ကျယ်ပြန့်ခက်ခဲပါတယ်၊ ဘာကြောင့်လဲဆိုတော့ စာကြည့်တိုက်ပညာပါတယ်၊ အကြောင်းအရာပါတယ်ဆိုတော့ မြေစမ်း ခရမ်းပျိုးပုံစံမျိုး ပြန်လုပ်နေရတယ်၊ ပုံစံက အသားမသေနိုင်သေးဘူး၊ တဖြည်းဖြည်းနဲ့ ဒီစာအုပ်တွေက အတွဲလိုက်ထွက်လာမှာပါ၊ ရှေ့အခက်အခဲတွေကို ကျော်လွှားတတ်သွားမယ်ဆိုရင် နောက်ပိုင်းအတွဲတွေမှာ ထွက်ရှိဖို့မြန်သွားမှာပါ၊ အတွဲ(၁)ကို စက်တင်ဘာလမှာ ဖြစ်အောင်လုပ်မယ်လို့ စိတ်ကူးထားပါတယ်”ဟု ပြောသည်။

မြန်မာ့စွယ်စုံကျမ်း(မူသစ်) ပြန်လည်ထုတ်ယူရေးတွင် ဦးဆောင်ကော်မတီတွင် ပညာရှင် ကိုးဦး၊ အတိုင်ပင်ခံအဖွဲ့တွင် ၁၉ ဦး၊ စာတည်းအဖွဲ့တွင် ၁၀ ဦး၊ စာပေဗိမာန်စာတည်းအဖွဲ့၊ ထွန်းကော်မာရှယ်ဖောင်ဒေးရှင်း စာတည်းအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်ဌာနက တွဲဖက်ဝန်ထမ်း သုံးဦး၊ စာပေလက်ထောက် သုံးဦး ပူးပေါင်းဆောင်ရွက်ပြီး ဘာသာရပ်အလိုက် နယ်ပယ်အသီးသီးမှ ပညာရှင် ၁၂၄ ဦး အရန်ထားရှိကြောင်း သိရသည်။

မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ်ထုတ်ဝေနိုင်ရေးကော်မတီ အတွင်းရေးမှူး မောင်ဇေယျာက “မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ်နဲ့ပတ်သက်ပြီး (၂၀) ရာစုမှာ ရသစာပေဖြစ်တဲ့ ဝတ္ထုရှည်ပါမယ်၊ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ အက်ဆေးပါမယ်၊ ဒီနေ့ ဆွေးနွေးသွားတာက ဝတ္ထုရှည်နဲ့ ပတ်သက်ပြီး မြန်မာဂန္ထဝင် အတွဲ(၁၀၀) စာစဉ် အတွဲ(၁)အတွက် ဝတ္ထုရှည် သုံးအုပ်၊ အဲဒီ သုံးအုပ်ကို ဒီနေ့အတည်ပြုတယ်၊ အမှာစာရေးတယ်၊ ဒီစာအုပ်ကို တည်းဖြတ်မှာက ဆရာဦးအေးချို (မဟာဝိဇ္ဇာ) ဖြစ်တယ်၊ စာတည်းမှူးဖြစ်တဲ့ ဆရာမောင်ခင်မင်(ဓနုဖြူ)က စာစဉ်တစ်ခုလုံးနဲ့ပတ်သက်ပြီး အမှာစာရေးမယ်၊ ဒီစာအုပ်ကို မျက်နှာဖုံးလည်း လုပ်ပြီးပြီ၊ ရိုက်ဖို့အဆင်သင့် ရှိနေပြီ၊ အတွဲ(၁)မှာ ဂျိမ်း(စ်)လှကျော် ရေးတဲ့ မောင်ရင်မောင်မမယ်မ၊ ဝန်စာရေးဦးကြီးရေးတဲ့ ချဉ်ပေါင်ရွက်သည် မောင်မှိုင်း၊ မအေးခင်ရေးတဲ့ ချစ်ရိုးအမှန် ဒီသုံးအုပ်က အကုန်လုံး အဆင်သင့်ဖြစ်နေပြီ။



**မြန်မာဂန္ထဝင် အတွဲ(၁၀၀)**
**စာစဉ်ထုတ်ဝေနိုင်ရေးကော်မတီ**
**အတွင်းရေးမှူး မောင်ဇေယျာ**

အတွဲ(၂)မှာ ဆရာကြီးရွှေဥဒေါင်းရဲ့ ရတနာပုံ၊ ဦးလတ်ရဲ့ ရွှေပြည်စိုး၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရဲ့ မှာတော်ပုံ အဲဒီဝတ္ထုတွေပါမယ်၊ ဝတ္ထုရှည် စာစဉ်သုံးတွဲအထိ စီစဉ်နေပါပြီ၊ ဝတ္ထုရှည်က လျာထားတာ ၈၁ အုပ်ရှိတယ်၊ ဝတ္ထုရှည်ကို ထပ်ဖြည့်ဖို့ အစီအစဉ်ရှိတယ်၊ ဝတ္ထုရှည်ပြီးရင် ကဗျာ၊ ဝတ္ထုတို၊ ပြဇာတ်၊ အက်ဆေးတို့ကို ကော်မတီတွေဖွဲ့ပြီး ဆောင်ရွက်နေဆဲ၊ ဆောင်ရွက်နေပါတယ်၊ ဝတ္ထုရှည်ကို လေ့လာမယ်ဆိုရင် ဝတ္ထုရှည်လောကမှာ ခေတ်အဆက်ဆက် ဂန္ထဝင်မြောက်တဲ့ဝတ္ထုတွေ ဒါတွေက မတိမ်ကောနိုင်ဘူး၊ ရသပိုင်းရော၊ သုတပိုင်းရော ဒါတွေက ဂန္ထဝင်မြောက်တဲ့ ဝတ္ထုတွေကို အလေးပေးပြီး ရွေးချယ်ပေးထားတာပါ။

ခေတ်အဆက်ဆက်က ပညာရှင်တွေရေးခဲ့တဲ့ ဝတ္ထုရှည်စာတမ်းတွေကို ဖတ်တယ်၊ ဖတ်ပြီး ဘယ်ဝတ္ထုတွေက ဂန္ထဝင်မြောက်သလဲ သတ်မှတ်ထားတာရှိတယ်၊ စာဖတ်ပရိသတ်အားလုံးကိုမျှပြီး ဘယ်အချိန်ပဲဖတ်ဖတ် မရိုးနိုင်တဲ့ဝတ္ထုရှည်မျိုး၊ အဲဒီလို အရည်အချင်းမျိုးနဲ့ပြည့်တဲ့ ဝတ္ထုရှည်တွေကို အားလုံးရဲ့ သုံးသပ်ချက်နဲ့ ရွေးချယ်ခဲ့တယ်၊ ဝတ္ထုရှည်က အနည်းဆုံး ၁၆ တွဲ၊ ၁၇ တွဲအထိ ထွက်ရမှာပါ၊ ဖြစ်နိုင်မယ်ဆိုရင် တစ်လကို နှစ်အုပ်နှုန်းထွက်ဖို့ လျာထားတယ်၊ စာမျက်နှာ ၅၀၀ နဲ့ ၆၀၀ ကြားမှာ ထွက်ရမယ်၊ ပြီးရင် ဒီဝတ္ထုနဲ့ပတ်သက်ပြီး သုံးသပ်ချက်၊ လေ့လာချက်၊ နိဒါန်းရှည်တို့ ရေးရမယ်၊ ပညာရှင်အားတော့ နည်းနည်းလိုမယ်၊ အတွဲ(၁)နဲ့ (၂) အတွက် အဆင်သင့်ဖြစ်နေပါတယ်၊ ဒီနှစ်ထဲမှာ ဝတ္ထုရှည်က စဉ်ဆက်မပြတ် ထွက်သွားမှာပါ”ဟု ပြောသည်။

မူပိုင်ခွင့်အနေဖြင့် ယင်းဂန္ထဝင်ဝတ္ထုရှည်များကို ရေးခဲ့သည့် ပုဂ္ဂိုလ်များ သက်ရှိထင်ရှားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ၎င်းတို့၏မိသားစုဝင်များကို စာမူခ ၁၅ ရာခိုင်နှုန်း၊ စာတည်းအဖွဲ့နှင့် ရွေးချယ်ရေးအဖွဲ့ကို ငါးရာခိုင်နှုန်း ချီးမြှင့်သွားရန် သတ်မှတ်ထားကြောင်း သိရသည်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ- ဇော်မင်းလတ်**

# ပြုံယမ်းနျူကလီးယားလက်နက် အပြီးတိုင်စွန့်လွှတ်နိုင်ရေး အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးမည်

**ဆိုးလ် မေ ၂၈**

မြောက်ကိုရီးယား၏ နျူကလီးယားလက်နက် စွန့်လွှတ်နိုင်ရေးကိစ္စရပ်များကို အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးပွဲတွင် နှစ်နိုင်ငံခေါင်းဆောင်များက အဓိကထားဆွေးနွေးကြမည်ဖြစ်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် မေ ၂၇ ရက်က ပန်မန်ဂျုံ စစ်မဲ့ဇုန်တွင် သမိုင်းတွင်စေသည့် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသည် သုံးကြိမ်မြောက် ကိုရီးယားနှစ်နိုင်ငံထိပ်သီးအစည်းအဝေးဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ခေါင်းဆောင်နှစ်ဦးက ကိုရီးယားကျွန်းဆွယ်ဒေသတွင်း နျူကလီးယားလက်နက် ကင်းစင်ပပျောက်စေရေးအတွက် ရည်ရွယ်သည့် ပန်မန်ဂျုံ ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

သို့သော် ယင်းကြေညာချက်တွင် ပြုံယမ်းအနေဖြင့် နျူကလီးယားလက်နက်ကို မည်သည့်အချိန်တွင် ဘယ်ပုံဘယ်နည်းဖြင့် စွန့်လွှတ်မလဲဆိုသည့်အချက်အလက်များ မပါရှိသေးပေ။

နှစ်နိုင်ငံခေါင်းဆောင်များက ကိုရီးယားစစ်ပွဲအပြီးတိုင် အဆုံးသတ်ရေးအတွက်ကိုသာ သဘောတူညီခဲ့ကြသည်။ ယခုနှစ်သည် ကိုရီးယားစစ်ပွဲဖြစ်ပွားခဲ့ပြီးနောက် ၆၅ နှစ်ပြည့်သည့်နှစ် ဖြစ်သည်။

ပြုံယမ်းနျူကလီးယားအရေး အပြီးတိုင်အဆုံးသတ်ရေးအတွက် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ သုံးပွင့်ဆိုင် (သို့မဟုတ်) တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ၊ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ လေးပွင့်ဆိုင် ဆွေးနွေးနိုင်ရန် ခေါင်းဆောင်နှစ်ဦးက ကြိုးပမ်းကြမည်ဖြစ်သည်။

ကိုရီးယားနှစ်နိုင်ငံ ခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့သည့် ကြေညာချက်တွင် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရန်နှင့် ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရန် ခိုင်မာသည့် အချက်အလက်များ ပါဝင်ကြောင်း သိရသည်။

နှစ်နိုင်ငံဆက်ဆံရေးအရာရှိရုံးကို မြောက်ကိုရီးယားအနောက်တောင်ဘက်ရှိ ကေဆောင်မြို့တွင် ဖွင့်လှစ်ထားရှိမည်ဖြစ်သည်။

ကိုရီးယားစစ်ပွဲအတွင်း ကွဲကွာသွားသော မိသားစုများ ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် နှစ်နိုင်ငံကြက်ခြေနီအဖွဲ့ဝင် တာဝန်ရှိသူများက ဆွေးနွေးသွားမည်ဖြစ်သည်။

မေလတွင် သမ္မတမွန်းဂျယ်အင်းက အမေရိကန်နိုင်ငံသို့ သွားရောက်ကာ ပန်မန်ဂျုံစစ်မဲ့ဇုန်တွင် ကျင်းပခဲ့သည့် ကိုရီးယားနှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲနှင့်ပတ်သက်ပြီး သမ္မတထရန့်အား ဆွေးနွေးပြောကြားမည်ဖြစ်သည်။

သမ္မတထရန့်နှင့် သမ္မတမွန်းတို့သည် အမေရိကန်-မြောက်ကိုရီးယားထိပ်သီးအစည်းအဝေးပွဲနှင့်ပတ်သက်ပြီး အမြင်ချင်းဖလှယ်နိုင်ဖွယ်ရှိကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်လာစေရန် ပေါင်းကူးပေးမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က လေကြောင်းမှစီးနင်းတိုက်ခိုက် ဟူသီသူပုန်တပ်မှူးနှစ်ဦးထက်မနည်း အပါအဝင် ဒါဇင်များစွာသေဆုံး

**ရီယာ့ဒ် မေ ၂၈**

ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သည့် စစ်ဘက်ညွန့်ပေါင်းတပ်ဖွဲ့က ယီမင်နိုင်ငံ မြို့တော်ဆာနားတွင် မေ ၂၇ ရက် ညနေပိုင်းက လေကြောင်းမှ စီးနင်းတိုက်ခိုက်မှု တစ်ရပ်ပြုလုပ်ခဲ့ရာ ဟူသီသူပုန်အဖွဲ့မှ တပ်မှူးနှစ်ဦးထက်မနည်းအပါအဝင် သူပုန်ဦးရေဒါဇင်များစွာ သေဆုံးခဲ့ကြောင်း ဆော်ဒီရုပ်မြင်သံကြားဌာနမှ မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆော်ဒီအစိုးရပိုင် အယ်လ်အက်ခ်ဘာရီးယားရုပ်မြင်သံကြားလိုင်းမှ ထုတ်လွှင့်သည့် သတင်းတွင် မေ ၂၇ ရက် ညနေပိုင်းက ပြုလုပ်ခဲ့သည့် ညွန့်ပေါင်းအဖွဲ့၏ လေကြောင်းစီးနင်းတိုက်ခိုက်မှုကြောင့် ဟူသီသူပုန်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၅၀ ကျော်သေဆုံးပြီး အထက်တန်းသူပုန်တပ်မှူးနှစ်ဦး ပါဝင်ကြောင်းဖော်ပြပြီး အခြားသတင်းအသေးစိတ်ကို ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

ယီမင်နိုင်ငံ မြို့တော်ဆာနားရှိ ဟူသီသူပုန်တို့၏ ပြည်ထဲရေးဝန်ကြီးဌာန အဆောက်အအုံအား လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ ဟူသီသူပုန် ၃၈ ဦးသေဆုံးကြောင်း အဆိုပါရုပ်မြင်သံကြားသတင်း၌ ဖော်ပြသည်။

မြို့တော်ဆာနားအား ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းလေတပ်မှ စီးနင်းတိုက်ခိုက်ကြောင်း ဟူသီသူပုန်အဖွဲ့က အတည်ပြုပြောကြားသော်လည်း အသေးစိတ်ထုတ်ပြန်မှုပြုလုပ်ခဲ့ခြင်းမရှိပေ။



လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက ဆော်ဒီအာရေဗျ ဦးဆောင်သည့် ညွန့်ပေါင်းလေတပ်ဖွဲ့က စီးနင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားခဲ့သော ဟူသီသူပုန်အဖွဲ့၏ နိုင်ငံရေးဆိုင်ရာ အကြီးအကဲ ဆာလာအယ်လ်ဆာမတ်၏ ဈာပနအခမ်းအနား ကျင်းပပြီး နာရီအနည်းငယ်အကြာတွင် ညွန့်ပေါင်းလေတပ်က စီးနင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးသစ်အဖြစ် မိုက်မွန်ပီယိုအား ခန့်အပ်အပြီး ၎င်းအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံ မြို့တော်သို့ လာရောက်၍ ယီမင်နိုင်ငံတွင် ဖြစ်ပွားနေသည့်လက်နက်ကိုင်တိုက်ခိုက်မှုများ အပါအဝင် အခြားအရေးအရာများအား တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် စီစဉ်ထားစဉ်အတွင်း ယင်းသို့ လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံမှ အားပေးထောက်ခံသည့် ဟူသီသူပုန်များသည် ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များ၏ စစ်ရေးအရ တိုက်ခိုက်မှုအတွင်း ပိတ်မိနေသည်။ နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် ယီမင်အစိုးရအဖွဲ့ အာဏာပြန်လည်ရရှိရေးအတွက် ၂၀၁၅ ခုနှစ် ကတည်းက စ၍ ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က ဟူသီသူပုန်တို့အား တိုက်ခိုက်ခဲ့သည်။

ဟူသီသူပုန်များက ထိန်းချုပ်ထားသည့် ယီမင်နိုင်ငံမြို့တော်ဆာနားအပါအဝင် နိုင်ငံမြောက်ဘက်ပိုင်း နယ်မြေဒေသများသည် ဆော်ဒီအာရေဗျနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။

ယီမင်နိုင်ငံတွင်း၌ ဖြစ်ပွားသည့် လက်နက်ကိုင်တိုက်ခိုက်မှုများအတွင်းသို့ ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က စစ်ရေးအရ ပါဝင်ပတ်သက်လာစဉ်ကတည်းက လက်ရှိအချိန်အထိ လူပေါင်း ၁၀၀၀၀ နီးပါး သေဆုံးခဲ့ရပြီးဖြစ်သည်။

ယီမင်နိုင်ငံသည် လက်ရှိအခြေအနေတွင် ငတ်မွတ်ခေါင်းပါးမှုဘေး၏ ချောက်ကမ်းပါးစွန်းသို့ ရောက်ရှိနေသည်။

လွန်ခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက ဆော်ဒီအာရေဗျ ဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က ယီမင်နိုင်ငံရှိ ပင်လယ်ဆိပ်ကမ်းအား အလုံးစုံဝန်းရံပိတ်ဆို့မှုပြုလုပ်ခဲ့ပြီးနောက် ဟူသီသူပုန်များက ဆော်ဒီအာရေဗျနိုင်ငံအား နယ်ခြားဖြတ်ကျော်၍ ဒုံးကျည်ပစ်ခတ်မှုများပြုလုပ်ကာ လက်တုံ့ပြန်ခဲ့သည်။

**အေအက်ဖ်ပီ**

# အာဖဂန်နစ္စတန်တောင်ပိုင်းတွင် စစ်ဘက်အခြေစိုက်စခန်းတစ်ခုအား အသေခံပုံးဖောက်ခွဲတိုက်ခိုက်၊ ခြောက်ဦးသေဆုံး

**လက်ရှ်ကာဂါး မေ ၂၈**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ဟဲလ်မန်းပြည်နယ် နတ်အလီခရိုင်ရှိ စစ်ဘက်အခြေစိုက်စခန်းတစ်ခုတွင် မေ ၂၈ ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ သေဆုံးသူများထဲတွင် အသေခံဗုံးခွဲတိုက်ခိုက်သူလည်းပါဝင်ကြောင်း ပြည်နယ်အစိုးရအဖွဲ့ပြောရေးဆိုခွင့်ရှိသူ အိုမာဇဝက်က ပြောကြားသည်။

နတ်အလီခရိုင်အတွင်းရှိ စစ်ဘက်အခြေစိုက်စခန်းသို့ မေ ၂၈ ရက် နံနက်ပိုင်းက အကြမ်းဖက်သမားတစ်ဦးမောင်းနှင်လာသည့် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးဝင်ရောက်လာပြီး ယာဉ်မောင်းနှင်သည့် အကြမ်းဖက်သမားက အသေခံဖောက်ခွဲမှုကြောင့် ၎င်းအပါအဝင် လူခြောက်ဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးသွားသူများမှာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားလေးဦးတို့ဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းအသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့် ပတ်သက်၍ အသေးစိတ်ပြောကြားခဲ့ခြင်းမရှိသော်လည်း စုံစမ်းစစ်ဆေးမှုစတင်လုပ်ဆောင်နေကြောင်း ၎င်းကပြောကြားသည်။

ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးထိခိုက်ရသူဦးရေမှာ ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူပြောကြားသည့် အရေအတွက်ထက် ပိုမိုများပြားကြောင်း အတည်မပြုနိုင်သည့်သတင်းများ ထွက်ပေါ်ခဲ့သည်။

**ဆင်ဟွာ**



# ပြင်ဦးလွင်မြို့ အနီးစခန်းရှိ ပြည်လုံးချမ်းသာဆုတောင်းပြည့် မဟာဓာတုစေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူ



**နေပြည်တော် ဧပြီ ၂၈**

ပြင်ဦးလွင်မြို့ အနီးစခန်းဓာတ်တော်ကျောင်းတိုက် အတွင်းရှိ ပြည်လုံးချမ်းသာ ဆုတောင်းပြည့် မဟာဓာတု စေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒာ ဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင် တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

အခမ်းအနားတွင် တောင်စလင်းကျောင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယကဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များက မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များအား လည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရတနာစိန်ဖူးတော်အား လည်းကောင်း၊ အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် အလှူရှင်များက ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား လည်းကောင်း အသီးသီးပင့်ဆောင်၍ စေတီတော်ကြီး အား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ထို့နောက် မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော် များနှင့် ဗုဒ္ဓရုပ်ပွားတော်များအား စေတီတော်ကြီး၏ ဂန္ဓကုဋိ တိုက်တော်အတွင်း ထည့်သွင်းပူဇော်ကြသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ် နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ် သို့ ပင့်ဆောင်တင်လှူပူဇော်ကြပြီး ရွှေထီးတော်တင်လှူ ပူဇော်မှု အောင်မြင်ခြင်းအထိမ်းအမှတ် ရတနာ ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော် သံဃာတော် များနှင့် သီလရှင်ဆရာကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ


**ရန်ကုန် ဧပြီ ၂၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လုပ်ငန်း ဆောင်ရွက်မှုများကို ပြန်လည် သုံးသပ်ခြင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်တွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်း စဉ်များနှင့်ပတ်သက်၍ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပန်းဆိုးတန်း လမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး က အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကို ခေတ်မီပြီး ပြည်သူ လူထု အထူးသဖြင့် တောင်သူ လယ်သမားများအတွက် အကောင်း ဆုံး ဝန်ဆောင်မှုပေးနိုင်သည့် ဘဏ်တစ်ခုဖြစ်စေရေး ပြုပြင် ပြောင်းလဲ ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် အဆင့်မြင့် သင်တန်းများကိုလည်း ဖွင့်လှစ်ခဲ့ ကြောင်း၊ နှစ်စဉ် ချေးငွေလုပ်ငန်း တွင် ယခုနှစ်မှစ၍ တောင်သူ တစ်ဦးချင်းသို့ ပုံစံ(၇)မူရင်းပေး၍ ကိုယ်တိုင်အာမခံသည့် စနစ်ဖြင့် လွယ်ကူလျင်မြန်စွာ ရာသီချိန်အမီ ထုတ်ချေးနိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးရေး ချေးငွေ လုပ်ငန်းအနေဖြင့် ဂျပန် အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ နှစ်ဆင့်သွားချေးငွေကို အရှိန်အဟုန်မြှင့် ထုတ်ချေးပေးလျက် ရှိပြီး မြန်မာ့စီးပွားရေးဘဏ်၏ နှစ်ဆင့်သွား ချေးငွေကိုလည်း ထုတ်ချေးနိုင်ရေး စီစဉ်ဆောင်ရွက် လျက်ရှိကြောင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ကို Digital စနစ်သို့ အဆင့်မြှင့်တင်ရာတွင် လိုအပ်ချက် ဖြစ်သည့် Banking Software System ကိုလည်း စတင်စမ်းသပ် ဆောင်ရွက်နေပြီ ဖြစ်ကြောင်းနှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အား စိုက်ပျိုးမွေးမြူရေးကဏ္ဍ၏ Supply Chain တစ်ခုလုံးကို ငွေကြေး ထောက်ပံ့ပေးနိုင်သော ဘဏ်တစ်ခု ဖြစ်အောင် ရည်မှန်းချက်ထား ဆောင်ရွက်နေကြောင်း၊ ဝန်ထမ်း အားလုံးအနေဖြင့် ဘက်စုံပြုပြင် ပြောင်းလဲရေး လုပ်ငန်းစဉ် တစ်လျှောက် ကြိုးပမ်းဆောင်ရွက် ကြရန်နှင့် စိတ်ဓာတ်နှင့် ယုံကြည်ချက်၊ ခံယူချက်များ ပြောင်းလဲလိုက်ပါ ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ဦးဆောင် ညွှန်ကြားရေးမှူး ဦးမင်းသူနှင့် ရုံးချုပ်ဌာနများမှ တာဝန်ခံများ၊ တိုင်းဒေသကြီး၊ ပြည်နယ်မန်နေဂျာ များက လုပ်ငန်းဆိုင်ရာများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေး တင်ပြကြသည်။

အဆိုပါ အစည်းအဝေးသို့ စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြား ရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြား ရေးမှူးများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုး ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာ၊ ဒုတိယ အထွေထွေမန်နေဂျာများ၊ လက်ထောက် အထွေထွေမန်နေဂျာများ၊ ရုံးချုပ် မန်နေဂျာများ၊ တိုင်းဒေသကြီး၊ ပြည်နယ်မန်နေဂျာများ၊ မြို့နယ် မန်နေဂျာများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Igor Morgulov တို့ တွေ့ဆုံစဉ်။

## ပြည်ထောင်စုဝန်ကြီးမှ

ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယနိုင်ငံခြားရေးဝန်ကြီး တို့က နှစ်နိုင်ငံအကြားဆက်ဆံရေးတွင် ခင်မင်ရင်းနှီးမှုနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုတို့ကို သံတမန် ဆက်သွယ်မှု တည်ထောင်သည့်အချိန်မှစ၍ရှိခဲ့သဖြင့် အားရကျေနပ်မိကြောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစည်းအဝေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ပြည်သူများအကြား ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲကျော်မြတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

**သတင်းစဉ်**



# တောင်ညိုချောင်းကူး ဇေယျသုခတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နတ်တလင်း ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်း မြို့နယ် ဇီးပင်ကွေ့ကျေးရွာအုပ်စု စက္ခုံကျေးရွာ တောင်ညိုချောင်းကူး ဇေယျသုခတံတား ဖွင့်ပွဲအခမ်းအနား ကို ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် စက္ခုံ ဓမ္မသုခကျောင်း ဆရာတော် ဦးပညာ ဒီပ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး၊ တံတားဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဆရာတော် ဦးပညာဒီပ က ဩဝါဒစကားမိန့်ကြားပြီး ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေး က ဂုဏ်ပြုစကား ပြောကြားသည်။ ယင်းနောက် ကော်မတီဝင် ဦးဝင်းထွဋ်က ငွေစာရင်းရှင်းတမ်း ဖတ်ကြားပြီး လုပ်အားဒါနဆောင်ရွက်ပေးကြသော အဖွဲ့ခေါင်းဆောင် ဦးဇော်ဦးအား ကော်မတီဥက္ကဋ္ဌက ဂုဏ်ပြု မှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်း များ ပေးအပ်ကာ ဒေသခံပြည်သူ ဦးလှလေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တောင်ညိုချောင်းကူး တံတားသည် အရှည် ပေ ၁၅၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၃ ပေရှိပြီး သံပေါင် ကွန်ကရစ်တံတားဖြစ်၍ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေမှ ငွေကျပ် ၂၅ သိန်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ငွေကျပ် သိန်း ၁၀၀၊ ဆရာတော် ဦးပညာဒီပက ငွေကျပ် ၇၅ သိန်း၊ ပြည်သူထည့်ဝင်ငွေ ကျပ် ၆၅ သိန်း စုစုပေါင်း ငွေကျပ် ၂၆၅ သိန်းကုန်ကျကြောင်း သိရသည်။ တံတားပြီးစီးသွားပြီဖြစ်၍ ကျောင်းသား ကျောင်းသူများ ဘေးကင်းစွာ ကျောင်းတက်နိုင်ခြင်း၊ တောင်သူများ လုပ်ငန်းခွင်ကို စိတ်ချမ်းသာစွာ လုပ်ဆောင်နိုင်ခြင်းနှင့် ကျန်းမာရေး ကအစ အချိန်တိုအတွင်း သွားလာ နိုင်မည်ဖြစ်ကြောင်း သိရသည်။ ဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။ **ဝ၇၁**

# ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ လန်ချန်း-မဲခေါင် ဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်နေမှုများ

ဥမ္မာကျော်(ရန်ကုန်တက္ကသိုလ်)

အာရှတိုက်ရှိမြစ်ကြီးများအနက် လူသန်းပေါင်းများစွာ အသက်မွေးဝမ်းကျောင်းမှုအတွက် မှီခိုအားထားနေရသော မြစ်ကြီးများတွင် မဲခေါင်မြစ်သည် အရေးကြီးသော မြစ်ကြီးတစ်စင်းအဖြစ် လူသိများလှပါသည်။ မဲခေါင်မြစ်သည် တိဘက်ဒေသ Yushu ကုန်းပြင်မြင့်တွင် မြစ်ဖျားခံလျက် လန်ချန်းမြစ်အမည်ဖြင့် မြောက်မှတောင်သို့ စီးဆင်းရာတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ်ကို ဖြတ်သန်းပြီး အင်ဒိုချိုင်းနားကျွန်းဆွယ်နိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့ကိုဖြတ်သန်းလျက် တောင်တရုတ်ပင်လယ်အတွင်းသို့စီးဆင်းသော ကမ္ဘာ့ ၁၂ စင်းမြောက် အရှည်ဆုံးမြစ်နှင့် အာရှတိုက်တွင် ခုနစ်စင်းမြောက် အရှည်ဆုံးသော မြစ်ကြီးတစ်စင်းလည်း ဖြစ်သည်။ လန်ချန်း-မဲခေါင်မြစ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်အကျဆုံးသော နယ်နိမိတ်တစ်လျှောက်တွင် ၂၁၇ မိုင်ခန့်သာ ဖြတ်သန်းစီးဆင်းနေသော်လည်း ကျန်နိုင်ငံများအတွက် မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ကဲ့သို့ပင် တန်ဖိုးထားအလေးပေးရသော ပင်မမြစ်ကြီးတစ်စင်းဖြစ်ပါသည်။ လန်ချန်း-မဲခေါင်မြစ်နှင့်ပတ်သက်သည့် သမိုင်းအစဉ်အလာများ၊ ဒဏ္ဍာရီများ၊ ယဉ်ကျေးမှု၊ စာပေနှင့် ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများ အများအပြား ပတ်သက်ဆက်နွယ်နေသည်ကိုလည်း တွေ့ရှိရပါသည်။

### နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိ

လန်ချန်း-မဲခေါင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို မြစ်ကြောင်းတစ်လျှောက် နိုင်ငံများက နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံစုံပါဝင်၍သော်လည်းကောင်း ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ လန်ချန်း-မဲခေါင် ဒေသမြစ်ကြောင်းတစ်လျှောက် ရေရှည်တည်တံ့စေရန်၊ ရေအရင်းအမြစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်စေရန်အတွက် သုတေသနပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများနှင့် သိပ္ပံပညာရှင်များက နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi တက္ကသိုလ်၊ Fudan တက္ကသိုလ်နှင့် Shanghai International Cultural Association တို့ပူးပေါင်း၍ Youth Innovation Competition on Lantsang-Mekong Region's Governance and Development (YICMG) ကို လူငယ်မျိုးဆက်သစ်များအတွက် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များထားရှိနိုင်ရန်နှင့် ကမ္ဘာ့စင်မြင့်တွင် စွမ်းဆောင်ရည်ရှိသော လူငယ်များအဖြစ် ပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူ လူငယ်များ၏ စွန့်ဦးတီထွင်မှုကို ဖော်ထုတ်ပေးနိုင်သည့် အစီအစဉ်တစ်ခု ဖြစ်ပါသည်။

### အခြေခံကောင်းများ တည်ဆောက်

၂၀၁၅ ခုနှစ် ဇူလိုင်လတွင် Lantsang-Mekong International Summer Camp for College Students ကို Qinghai Province ရှိ လန်ချန်းမြစ်ဖျားခံရာ Yushu တွင်စတင်ကျင်းပခဲ့ပြီး လန်ချန်း-မဲခေါင်ဒေသမှ အစိုးရအရာရှိများ၊ ပညာရှင်များနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်တက်ရောက်ခဲ့ပါသည်။ ဒေသတွင်း ယဉ်ကျေးမှုဖလှယ်ရေးနှင့် လူမှုအသိုင်းအဝိုင်းအတွင်း အပြန်အလှန်ဆက်သွယ်နိုင်မှုသည် နောင်လာမည့်နှစ်များတွင်ကျင်းပမည့် (YICMG) အစီအစဉ်များအတွက် အခြေခံကောင်းများ တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ မဲခေါင်ဒေသတွင်း နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများသည် ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် တရုတ်နိုင်ငံ Guangxi Province ရှိ Nanning ဒေသတွင် ပထမအကြိမ် (YICMG 2016) ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပါသည်။ ပြိုင်ပွဲတွင် "Sustainable Development of Water and Water Environment" နှင့် "Climate Change and Cooperation against Disaster" ဦးတည်ချက်များချမှတ်၍ မဲခေါင်မြစ်ဝှမ်း နိုင်ငံ ခြောက်နိုင်ငံမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက International Expert Team ၏အကြံပြုချက်နှင့် အကူအညီများဖြင့် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ခဲ့ကြပါသည်။ ပထမအကြိမ် YICMG 2016 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ရန်ကုန်တက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒဌာနမှ မမျိုးသီရိချို၊ မသက်နွယ်စိုးနှင့် မမေဇော်ဝင်းတို့သည် Most Innovation Team ဆုကို ရရှိခဲ့ကြပါသည်။

### သိပ္ပံနည်းကျ စွန့်ဦးတီထွင်

YICMG သည် မဲခေါင်ဒေသ ခြောက်နိုင်ငံ၏ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများပါဝင်ပြီး သိပ္ပံနည်းကျ စွန့်ဦးတီထွင်မှုနှင့် အတွေးအခေါ်အယူအဆဆိုင်ရာ ဆန်းသစ်တီထွင်မှုအတွက် ယှဉ်ပြိုင်ရသည့် အစီအစဉ်လည်း ဖြစ်ပါသည်။ YICMG ကို ဦးဆောင်ကြသည့် အဖွဲ့အစည်းများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာနအပြင် လန်ချန်း-မဲခေါင်မြစ်ကြောင်းစီးဆင်းရာဖြစ်သည့် ရှန်ဟိုင်း မြူနီစီပယ်အစိုးရ၊ Qinghai ပြည်နယ်နှင့် Guangzi Zhuang Autonomous ဒေသအစိုးရများက ပူးပေါင်းညှိနှိုင်းမှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ နှစ်ရက်တာ ကွင်းဆင်းလေ့လာမှုအစီအစဉ်အရလည်း မဲခေါင်ဒေသတွင်း နိုင်ငံခြောက်နိုင်ငံမှ ကျောင်းသား ကျောင်းသူများသည် မဲခေါင်မြစ်ဖျားခံရာ တိဘက်ကုန်းမြင့်ဒေသတွင် အတူကွင်းဆင်းလေ့လာခွင့်ရရှိပြီး အပြည်ပြည်ဆိုင်ရာ ချစ်ကြည်ရင်းနှီးမှုခြေရာ (footprint) ကို ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများလည်း အတူတကွ ခြေချနိုင်ခဲ့ကြပါသည်။

### ယဉ်ကျေးမှုသံခင်းတမန်ခင်း

YICMG အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများသည် အိမ်နီးချင်းနိုင်ငံများ၏ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများနှင့်အတူ ရေအရင်းအမြစ်၊ ခရီးသွားလာရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ သုတေသန Projects များကို အဆင့်မြင့်ပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ တစ်နည်းအားဖြင့် YICMG သည် လန်ချန်း-မဲခေါင်ဒေသနိုင်ငံများရှိ လူငယ်များအကြား ယဉ်ကျေးမှုသံခင်းတမန်ခင်း ဆောင်ကြဉ်းနိုင်သည့် အစီအစဉ်တစ်ခုလည်းဖြစ်လာသည်ကို တွေ့ရှိရပါသည်။ ယဉ်ကျေးမှုဖလှယ်ရေးမှ လန်ချန်း-မဲခေါင်ဒေသခွဲအတွင်း မိမိတို့နိုင်ငံအသီးသီးအတွက်လည်း စီမံအုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Governance and Development ) တို့အတွက်လည်း ဆောင်ရွက်နိုင်မည့်လမ်းကြောင်းတစ်ခု ဖြစ်လာပါသည်။

### အားရစွာတွေ့မြင်ရ

ဤသို့ဖြင့် YICMG သည် ရန်ကုန်တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ တီထွင်ကြံဆလိုစိတ်၊ ပူးပေါင်းဆောင်ရွက်လိုစိတ်များကို တွန်းအားပေးလျက်ရှိပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် စိတ်အားထက်သန်စွာ ကြိုးစားအားထုတ်ခဲ့ကြပါသည်။ ဒုတိယအကြိမ်ဖြစ်သော YICMG 2017 တွင် Project တင်သွင်းသောအဖွဲ့များ ပိုမိုများပြားလာသည်ကို အားရစွာတွေ့မြင်ရပါသည်။ ထိုပြိုင်ပွဲ၏ခေါင်းစဉ်မှာ "Mitigation of Carbon Dioxide with Effective Adsorbent and Emergency Management for Climate Change and Disaster Protection" ဖြစ်ပြီး ရန်ကုန်တက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒဘာသာရပ် ဒုတိယနှစ် ဂုဏ်ထူးတန်းမှ မသက်နွယ်စိုး၊ မအိမ့်မွန်သန့်နှင့် မမေဇော်ဝင်းတို့သည် အရေးပေါ်အခြေအနေတွင် ပြောင်းဖူးရိုးဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ကို လျှော့နည်းကျဆင်းသွားစေသည့် စွန့်ဦးတီထွင်မှုဖြင့် The Best Project Incubation Award ဆုကိုလည်းကောင်း၊ ကုန်ထုတ်ဓာတုဗေဒဌာနမှ ဒုတိယနှစ် ဂုဏ်ထူးတန်းကျောင်းသား မောင်မင်းသွေးထက်နှင့် နိုင်ငံတကာ ဆက်ဆံရေးပညာမှ ဒုတိယနှစ် ဂုဏ်ထူးတန်းကျောင်းသူ မသော်တာလွင်တို့သည် အုန်းဆန်ဖတ်ကိုအသုံးပြု၍ ရေကိုသန့်စင်နိုင်သည့် စွန့်ဦးတီထွင်သုတေသနဖြင့် The Best Multi-National Team Award ဆုကိုလည်းကောင်း ရရှိခဲ့ကြပါသည်။

### ဖော်ထုတ်အဖြေရှာ

တတိယအကြိမ် YICMG 2018 ကို ကျင်းပနိုင်ရန် YICMG ကျင်းပရေးကော်မတီသည် ၂၀၁၇ ခုနှစ် ဧပြီလကတည်းကပင် ပြိုင်ပွဲနှင့် ပတ်သက်သည့် ညွှန်ကြားချက်များ၊ ဦးတည်ချက်များကို ထုတ်ပြန်ကြေညာပေးပြီး တစ်အုပ်စုလျှင် ကျောင်းသား ကျောင်းသူ သုံးဦးစီပါဝင်သည့် အဖွဲ့များဖွဲ့လျက် တက္ကသိုလ်များ၊ သံရုံးများနှင့် ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများ၏ ပံ့ပိုးအကြံပြုချက်ဖြင့် မိမိတို့နိုင်ငံအသီးသီးတွင် ရင်ဆိုင်နေရသည့် Governance ပြဿနာများ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပြဿနာများကို ဖော်ထုတ်၍ သုတေသနပြုစေခြင်း၊ အကြံပြုစေခြင်းနှင့် စွန့်ဦးတီထွင်သည့် အစီအစဉ်များဖြင့် ဖော်ထုတ်အဖြေရှာစေခဲ့ပါသည်။ ပြိုင်ပွဲအတွက် နိုင်ငံတကာ ကျွမ်းကျင်သူများကော်မတီသည် စံနှုန်းများသတ်မှတ်ပေးပြီး ဆန်ခါတင်အဖွဲ့ ၂၀ ကို ရွေးချယ်ခဲ့ကြပါသည်။

### ကွင်းဆင်းသုတေသနပြုလုပ်

တတိယအကြိမ် YICMG 2018 ကို မဲခေါင်မြစ်ဝှမ်းဒေသဖြစ်သော လာအိုနိုင်ငံတွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၆ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါသည်။ YICMG 2018 ပြိုင်ပွဲ၏ခေါင်းစဉ်မှာ "The Development of Tourism and Other Green Industries" ဖြစ်ပါသည်။ ထိုပြိုင်ပွဲတွင် လန်ချန်း-မဲခေါင်ဒေသ ခြောက်နိုင်ငံမှ ဒေသခံပြည်သူတို့ ရင်ဆိုင်နေရသည့်ပြဿနာများကို ကျောင်းသင်ရိုးနှင့်တွဲဖက်လျက် ကွင်းဆင်းသုတေသနပြုလုပ်ခြင်းဖြင့် လူမှုပတ်ဝန်းကျင်အလေ့အထများကို လေ့လာစေပြီး ခြောက်နိုင်ငံမှ ကျောင်းသား ကျောင်းသူများကို နိုင်ငံစုံပါဝင်သည့် ကျောင်းသားအုပ်စုဖွဲ့၍ အကြံပြုတင်ပြစေခြင်းဖြင့် နိုင်ငံတကာပြဿနာများကို ဝိုင်းဝန်းပူးပေါင်းအဖြေရှာသည့် အလေ့အကျင့်ကောင်းကိုလည်း ရရှိစေပါသည်။ တတိယအကြိမ် YICMG 2018 ပြိုင်ပွဲတွင် ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာ တတိယနှစ် ဂုဏ်ထူးတန်းမှ မမေမြတ်နိုး၊ ကုန်ထုတ်ဓာတုဗေဒဌာနမှ မမေမြတ်နိုး (Rachael) နှင့် မမေသူစိုးတို့ တင်သွင်းယှဉ်ပြိုင်ခဲ့သည့် Implementation of an Eco-Friendly Hotel Project သည် The Most Valuable Issue Award ဆုကိုရရှိခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ် ကုန်ထုတ်ဓာတုဗေဒဌာနမှ မမေမြတ်နိုး (Rachael) သည် The Best Multi-national Team Award ဆုကိုလည်း ထပ်မံရရှိခဲ့ပါသည်။

YICMG ပြိုင်ပွဲ၏ရွေးချယ်မှုများတွင် ပထမအဆင့်အဖြစ် နိုင်ငံအလိုက် တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများက Project Proposal များကို တင်သွင်းကြရပါသည်။ တင်သွင်းလာသည့် Project များအနက် အကောင်းဆုံးသော Project Proposal များကို YICMG ကျင်းပရေးကော်မတီက အပြီးသတ်ရွေးချယ်ပါသည်။ ရွေးချယ်ခံရသည့် နိုင်ငံအလိုက်အသင်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် ပြိုင်ပွဲသို့ဖိတ်ခေါ်၍ ထပ်မံယှဉ်ပြိုင်ကြရပါသည်။ ဒုတိယအဆင့်ပြိုင်ဆိုင်မှုအတွက် နိုင်ငံအလိုက်အဖွဲ့များအဖြစ်မှ International Team များအဖြစ် လန်ချန်း-မဲခေါင်ဒေသနိုင်ငံစုံမှ ကျောင်းသား ကျောင်းသူများပါဝင်သည့် အုပ်စုများအဖြစ် ပြောင်းလဲဖွဲ့စည်းစေခဲ့ပါသည်။ ထို့နောက် ပထမအဆင့်တွင် ပြိုင်ဆိုင်ခဲ့ကြသည့် ဆုရ Project များကိုမဲနှိုက်၍ မိမိတို့မဲကျရာ Project များကို Team Work များအဖြစ် ပူးပေါင်းအဖြေရှာသည့်နည်းဖြင့် ပြိုင်ဆိုင်ကြရပါသည်။ International Expert Team ကလည်း နိုင်ငံစုံကျောင်းသားကျောင်းသူအဖွဲ့များကို အကြံပြုချက်နှင့် အကူအညီများ ပံ့ပိုးပေးကြပါသည်။ ဒုတိယအဆင့်ပြိုင်ဆိုင်မှုအပြီးတွင် နိုင်ငံစုံကျောင်းသား ကျောင်းသူများ၏ လက်တွေ့ရရှိသည့်ရလဒ်နှင့် ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်သည့် သုတေသန Project နှင့်ပတ်သက်သည့် မေးခွန်းများ၊ စစ်ဆေးမှုများကို ဖြေကြားနိုင်သည့် အရည်အချင်းအပေါ် မူတည်၍ The Best International Team Award နှင့် The Best Project for Incubation တို့ကို ရွေးချယ်ချီးမြှင့်ပါသည်။

### ပိုမိုအဓိပ္ပာယ်လေးနက်

YICMG ၏ အစီအစဉ်များထဲမှ တစ်ခုဖြစ်သော YICMG Training Camp for Innovation and Entrepreneurship သည် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲကျင်းပရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သည့် စခန်းသွင်းလေ့ကျင့်ပျိုးထောင်ပေးသည့် သင်တန်းအစီအစဉ်တစ်ခုဖြစ်ပါသည်။ သင်တန်းအစီအစဉ်သည် ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ထက် ပိုမိုအဓိပ္ပာယ်လေးနက်သည့် ယဉ်ကျေးမှုဆိုင်ရာ အရင်းအမြစ်များကို လက်တွေ့ချိတ်ဆက်ထားရှိရေး ဖြစ်ပါသည်။ စခန်းသွင်းလေ့ကျင့်ပေးသည့် သင်တန်း၏ရည်ရွယ်ချက်များတွင် လန်ချန်း-မဲခေါင်ဒေသ ခြောက်နိုင်ငံမှ ကျောင်းသား ကျောင်းသူများ သိရှိလိုက်နာရမည့် စွန့်ဦးတီထွင်မှုဆိုင်ရာ ညွှန်ကြားချက်များ (Innovative Instruction) နှင့် အကြံဉာဏ်အသစ်ဖြင့် ပျိုးထောင်ထားသည့် Project Incubation Service ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပါသည်။ ထိုသို့လေ့ကျင့်ပျိုးထောင်ရာမှ အကောင်းဆုံးပေါ်ထွက်လာသည့်အဖွဲ့များကို အကြံဉာဏ်များမှတစ်ဆင့် စီးပွားရေးလုပ်ငန်းအသွင်သို့ ကူးပြောင်းဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံစုံကျောင်းသားကျောင်းသူအဖွဲ့များကို အနီးကပ်ကြီးကြပ်ညွှန်ကြားကြသည့် Mentor များက ဝိုင်းဝန်းအကူအညီပေးကြပါသည်။ ထိုသို့ စခန်းသွင်း၍ နိုင်ငံစုံပူးပေါင်းအဖြေရှာကြရာတွင် နည်းလမ်းအသစ်များ၊ အကြံဉာဏ်အသစ်များရရှိစေရန်အတွက် "Ignite Talk"၊ "Open Course on Innovation and Entrepreneurship" နှင့် "Mekong Cafe" စသည့် အစီအစဉ်အမျိုးမျိုးဖြင့် ဆောင်ရွက်ကြပါသည်။

### ရင်ပေါင်တန်းကြိုးပမ်းနေ

မြန်မာနိုင်ငံကို ကိုယ်စားပြုလျက် YICMG တွင် ၂၀၁၆ ခုနှစ်မှစတင်၍ ပါဝင်ယှဉ်ပြိုင်ကြသည့် ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများသည် ပြိုင်ပွဲတိုင်းတွင် နှစ်စဉ်ဆုများရရှိခဲ့သည့်အပြင် စာသင်ခန်းအတွင်းမှ သင်ခန်းစာများကိုသာမက လက်တွေ့နယ်ပယ်တွင်လည်း ဒေသဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အိမ်နီးချင်းနိုင်ငံများမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် ဒေသခံပြည်သူများနှင့် လက်တွေ့ကျကျ ကွင်းဆင်းလေ့လာပြီးနောက် အသင့်တော်ဆုံးဖြစ်မည့် နည်းလမ်းများနှင့် အကြံပြုချက်များကိုဖော်ဆောင်ပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး လန်ချန်း-မဲခေါင်ဒေသစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ပါဝင်ယှဉ်ပြိုင်လျက် နိုင်ငံနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့တတ်ကျွမ်းသည့် ဘာသာရပ်နယ်ပယ်အသီးသီးမှ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကြိုးပမ်းနေကြကြောင်း တင်ပြလိုက်ရပါသည်။ ။

# လက်ရှိအစိုးရတာဝန်ယူတာ သိပ်မကြာသေးပေမယ့် အောင်မြင်မှုတော်တော်များများ ရခဲ့တယ်လို့ ကျွန်တော်ယူဆ

သတင်းအဖွဲ့

မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Nikolay Listopadov အား သတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။

**မေး။ ။ မြန်မာနှစ်သစ် ၁၃၈၀ ပြည့်နှစ်ကို မကြာမီကမှ ကူးပြောင်းရောက်ရှိတဲ့ မြန်မာနိုင်ငံအတွက် သံအမတ်ကြီးရဲ့ နှစ်သစ်ကူးဆုမွန်တောင်းစကားလေး ပြောပေးစေလိုပါတယ်။**

ဖြေ။ ။ ကျွန်တော်သိပ်ကို ဝမ်းသာမိပါတယ်။ မကြာခင်က သင်္ကြန်ပွဲကို ပျော်ပျော်ရွှင်ရွှင် ဆင်နွှဲခဲ့ကြတယ်ဆိုတော့ ဝမ်းသာတယ်။ ကျွန်တော်ကိုယ်တိုင်လည်း သိပ်ပျော်ပါတယ်။ သင်္ကြန်ပွဲတော်ကို ပျော်ပျော်ရွှင်ရွှင် ဂုဏ်ပြုပါတယ်။ မြန်မာတွေအားလုံး နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ကျွန်တော်က ဆုမွန်ကောင်းများ တောင်းပါတယ်။

သင်္ကြန်ပွဲတော်ဟာ ကောင်းမွန်တဲ့၊ ပျော်ရွှင်စရာကောင်းတဲ့ ပွဲတော်မျိုးဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး သီချင်းတွေလည်း တော်တော်များများ ရှိပါတယ်။ ပါရမီမပါလို့ သီချင်းသိပ်မဆိုတတ်ဘူး။ ဒါပေမယ့် သင်္ကြန်ပွဲအတွက် ရေးစပ်တဲ့ မြန်မာကဗျာတွေကို ကျွန်တော်သိတယ်။ "လတန်ခူးပေမို့၊ အလှထူးပါဘိ၊ မြမြဖူးရယ်တဲ့ ခိုင်ရွှေဝါ၊ တကယ်တမ်းသာဖြင့် ဘယ်ပန်းသော် စံမတူဘု" ဆိုတဲ့ မြန်မာကဗျာနဲ့ ကျွန်တော်ကြိုဆိုချင်ပါတယ်။ ဒီနှစ်သစ်အချိန်အခါသမယမှာ အားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ထပ်ပြီးမေတ္တာပို့သပါတယ်။

**မေး။ ။ အစိုးရသစ်ရဲ့ နှစ်နှစ်တာကာလအတွင်းမှာ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်တွေနဲ့ အောင်မြင်မှုတွေအပေါ် ရယ်၊ နောက် ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ မြန်မာအစိုးရရဲ့ လုပ်ကိုင်ဆောင်ရွက်မှုတွေအပေါ်မှာ သံအမတ်ကြီးအနေနဲ့ ဘယ်လိုအမြင်မျိုးရှိသလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ လက်ရှိအစိုးရက တာဝန်ယူတာ နှစ်နှစ်ပြည့်ပြီ။ အဲဒါသိပ်မကြာသေးပေမယ့် အောင်မြင်မှုတော်တော်များများ ရခဲ့တယ်လို့ ကျွန်တော်က ယူဆမိပါတယ်။ အထူးသဖြင့် လူမှုရေးနဲ့ စီးပွားရေးနယ်ပယ်မှာ ဖွံ့ဖြိုးတိုးတက်မှုတွေ တော်တော်များများရှိတာကို ကျွန်တော်တွေ့ခဲ့ပါတယ်။ နောက်တစ်ခုက ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုလည်း အင်မတန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးမရရင် ဖွံ့ဖြိုးတိုးတက်မှုလည်း မရနိုင်ဘူးလို့ ကျွန်တော်ယူဆမိပါတယ်။ ငြိမ်းချမ်းရေးကိုရရှိဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နှစ်ကြိမ်ကျင်းပနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဆိုရင် အခုလည်း တတိယအကြိမ်ကျင်းပဖို့ ရှိပါတယ်။ အဲဒါက အင်မတန်အရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။

ရခိုင်ပြဿနာဟာ အင်မတန် ရှုပ်ထွေးတဲ့ပြဿနာဖြစ်ပါတယ်။ ထိလွယ်ရှလွယ်တဲ့ ပြဿနာမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့ ချက်ချင်းဖြေရှင်းလို့ မရပါဘူး။ အချိန်ယူရပါတယ်။ ကျွန်တော် အဲဒီပြဿနာနဲ့ပတ်သက်ပြီး ဘာအယူအဆရှိသလဲဆိုရင် အခုလက်ရှိ ပြည်ထောင်စုအစိုးရ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်တဲ့အစိုးရက ရခိုင်ပြဿနာကို မြန်မြန်ဖြေရှင်းဖို့ ကြိုးစားနေပါတယ်။ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းဖို့ ကြိုးစားပါတယ်။ ဒါကြောင့်မို့ ပြဿနာကို မကြာခင် ဖြေရှင်းနိုင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

**မေး။ ။ ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ နှစ်နိုင်ငံကြားမှာရှိတဲ့ ချစ်ကြည်ရေး အခွန့်ရှည်ပြီးတော့ တည်တံ့သွားစေဖို့အတွက် သံအမတ်ကြီးအနေနဲ့ ဘယ်လိုမျိုး ဆောင်ရွက်မှုတွေ လုပ်ဆောင်သွားဖို့ ရှိပါသလဲ။**

ဖြေ။ ။ ကျွန်တော်ကတော့ ရုရှား- မြန်မာ နှစ်နိုင်ငံဆက်ဆံရေးအကြောင်းပြောရရင် ဒီနှစ်ဆိုရင် နှစ်နိုင်ငံဆက်ဆံရေးအတွက် အင်မတန်အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင်တော့ ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေး ထူထောင်တာဆိုရင် နှစ်ပေါင်း (၇၀) ပြည့်ပြီ။ ၁၉၄၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှာ ကျွန်တော်တို့ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ထူထောင်ခဲ့ပါတယ်။ ကျွန်တော်တို့ဆက်ဆံရေးဆိုရင် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးမျိုးဖြစ်ပါတယ်။ ဒါကြောင့်မို့ ရရှိထားတဲ့ အခြေခံအပေါ်မှာ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးကို နယ်ပယ်အသီးသီးက ဆတက်ထမ်းပိုး တိုးမြှင့်စေဖို့ ကြိုးစားနေပါတယ်။

အရင်တုန်းကဆိုရင် ကျွန်တော်တို့ ကောင်းကောင်းပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆိုဗီယက် ရုရှားအကူအညီနဲ့ မြန်မာနိုင်ငံမှာ အရေးကြီးတဲ့ စီမံကိန်းတွေကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်၊ ရန်ကုန်မြို့မှာဆိုရင် အင်းလျားကန်၊ အင်းလျားလိတ်ဟိုတယ်၊ ဖြစ်ပါတယ်။ နောက် စက်မှုတက္ကသိုလ်ဖြစ်ပါတယ်။ တောင်ကြီးမြို့မှာ စဝ်စံထွန်းဆေးရုံကြီးကို ဆောက်ခဲ့ပါတယ်။ ကြက်မောက်တောင်ဆည်ကို တည်ဆောက်နိုင်ခဲ့ပါတယ်။ အခုလည်း ကျွန်တော်တို့ စဝ်စံထွန်းဆေးရုံကြီးကို အဆင့်မြှင့်အောင် ရုရှားနိုင်ငံဘက်က အကူအညီပေးဖို့ရှိပါတယ်။ အဲဒါလည်း အင်မတန်အရေးကြီးပါတယ်လို့ ယူဆပါတယ်။

**မေး။ ။ ရုရှားနိုင်ငံကနေပြီးတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်လုပ်ကိုင်နေကြတဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက် မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အခက်အခဲ တစ်စုံတစ်ရာ ရှိပါသလား။**

ဖြေ။ ။ အဲဒီရင်းနှီးမြှုပ်နှံမှုဆိုတာဟာ အင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ရုရှားသံရုံးကနေ ရုရှားစီးပွားရေးသမားတွေ၊ ကုမ္ပဏီတွေက မြန်မာနိုင်ငံကို ရောက်လာကြပြီး မြန်မာရင်းနှီးမြှုပ်နှံမှု ပြုလုပ်ဖို့ မြန်မြန်ဆန်ဆန် ကြိုးစားပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံအစိုးရရဲ့ စီးပွားရေးနဲ့ ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်ဆိုတာ ရှိပါတယ်။

လွန်ခဲ့တဲ့နှစ် စက်တင်ဘာလမှာ မော်စကိုမှာ ကျွန်တော်တို့ နှစ်နိုင်ငံ ပူးတွဲကော်မရှင်ရဲ့ ဒုတိယအစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အခုမြန်မာနိုင်ငံမှာ တတိယအစည်းအဝေးကျင်းပဖို့ရှိပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်ကြောင့် ရုရှားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုမြန်ဆန်စွာ မြန်မာနိုင်ငံက ဆွဲဆောင်နိုင်ခဲ့တယ်လို့ ပြောချင်ပါတယ်။

> **"ရခိုင်ပြဿနာဟာဆိုရင် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး ကိစ္စဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ တခြားနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်မှု မလုပ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တခြားနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်မှုလုပ်ရင် ကောင်းတဲ့ရလဒ်တွေ ရနိုင်မှာမဟုတ်ဘူးလို့ ထင်ပါတယ်။ မြန်မာနိုင်ငံအစိုးရ၊ မြန်မာပြည်သူပြည်သားတွေကသာ မြန်မာနိုင်ငံက ရင်ဆိုင်နေရတဲ့ ရခိုင်အရေးပြဿနာအပါအဝင် ပြဿနာတွေကို ဘယ်လိုအကောင်းဆုံး ဖြေရှင်းနိုင်မလဲဆိုတာ ပိုသိတယ်လို့ ယူဆမိပါတယ်"**

လွန်ခဲ့တဲ့နှစ်က ရန်ကုန်မြို့မှာ ရုရှားရဲ့ ကုန်သွယ်ရေးကိုယ်စားလှယ်ရုံးဖွင့်ဖို့ စာချုပ်ချုပ်ဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုရေးရာနဲ့ဆိုင်တဲ့ ဥပဒေအသစ်ကို အတည်ပြုခဲ့ပါတယ်။ ဒါကြောင့်မို့ အခုမြန်မာနိုင်ငံရဲ့ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုကို အစပျိုးဖို့ အခြေခံပါတယ်လို့ ကျွန်တော်ယူဆမိပါတယ်။ အခက်အခဲတွေရှိနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော်နားလည်သလောက် အများအားဖြင့်ဆိုရင် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုကိုပြုလုပ်ဖို့ အလားအလာ၊ အခွင့်အလမ်းတွေ တော်တော်များများရှိပါတယ်လို့ ယူဆမိပါတယ်။

**မေး။ ။ လတ်တလော မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ရခိုင်အရေးကိစ္စနဲ့ပတ်သက်ပြီး နိုင်ငံတကာအသိုက်အဝန်းနဲ့ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ လုပ်ဆောင်ချက်တွေအပေါ် သံအမတ်ကြီးရဲ့အမြင်ကိုလည်း သိပါရစေ။**

ဖြေ။ ။ ကျွန်တော်ကတော့ ဘာပြောချင်သလဲဆိုရင် ရခိုင်ပြဿနာဟာဆိုရင် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စဖြစ်ပါတယ်။ ရုရှားနိုင်ငံဟာ တခြားနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်မှု မလုပ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တခြားနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်မှုလုပ်ရင် ကောင်းတဲ့ရလဒ်တွေ ရနိုင်မှာ မဟုတ်ဘူးလို့ ထင်ပါတယ်။ မြန်မာနိုင်ငံအစိုးရ၊ မြန်မာပြည်သူပြည်သားတွေကသာ မြန်မာနိုင်ငံက ရင်ဆိုင်နေရတဲ့ ရခိုင်အရေးပြဿနာအပါအဝင် ပြဿနာတွေကို ဘယ်လိုအကောင်းဆုံး ဖြေရှင်းနိုင်မလဲဆိုတာ ပိုသိတယ်လို့ ယူဆမိပါတယ်။

ဒါကြောင့်မို့ နိုင်ငံတကာအသိုင်းအဝိုင်းက ဒီပြဿနာကို ဖြေရှင်းဖို့ အကူအညီပေးနိုင်တယ်။ ဒါပေမယ့် အပြုသဘောဆောင်တဲ့ အကူအညီပဲပေးရမယ်။ အပြစ်တင်တာ၊ ရှုတ်ချတာ၊ အရေးယူတာဆိုရင် ကျွန်တော်တို့က လက်မခံဘူး။ အပြုသဘောဆောင်တာ မဟုတ်ဘူးလို့ ယူဆမိပါတယ်။ ရခိုင်ပြဿနာကို မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ် ပူးတွဲပြီး ဖြေရှင်းဖို့ ကြိုးစားရပါမယ်။ ဒါကြောင့် ရုရှားနိုင်ငံက မြန်မာနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေအနေနဲ့ အဲဒီပြဿနာကို မြန်မြန်ဖြေရှင်းဖို့ အားပေးပါတယ်လို့ ပြောချင်ပါတယ်။

**မေး။ ။ ရခိုင်အရေးကိစ္စနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူပိတ်ဆို့မှုတွေလည်း ရှိနေပါတယ်။ အဲဒီဟာတွေက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ကူးပြောင်းနေတဲ့ အချိန်ကာလမှာ မြန်မာနိုင်ငံရဲ့ စီးပွားရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေဖြစ်စေနိုင်သလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ အရေးယူမှု၊ ပိတ်ဆို့မှု၊ ဒဏ်ခတ်မှုကိုလက်မခံဘူး။ အထူးသဖြင့် ကုလသမဂ္ဂရဲ့ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်မချရင် တခြားနိုင်ငံတွေအပေါ် အဲဒီအရေးယူမှု၊ ပိတ်ဆို့မှု ပြုလုပ်လို့မရဘူးလို့ ကျွန်တော်ယူဆမိပါတယ်။ ရခိုင်ပြဿနာနဲ့ပတ်သက်ပြီး အရေးယူမှု၊ ဒဏ်ခတ်မှုတို့ လုပ်ဖို့ ကျွန်တော်တို့ လက်မခံဘူး။ အပြုသဘောဆောင်တာ မဟုတ်ဘူး။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းဆဲအချိန်ကာလ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အရေးယူရင်၊ ဒဏ်ခတ်ရင်၊ ပိတ်ဆို့ရင် အရင်ဖြစ်စဉ်ကို ထိခိုက်နိုင်မယ်။ အရေးယူမှု၊ ပိတ်ဆို့မှုကြောင့် သာမန်လူတွေ ဒုက္ခတွေ အများကြီး ရောက်နိုင်တယ်လို့ ယူဆမိပါတယ်။ ဒါကြောင့် ရခိုင်နဲ့ အခြားပြဿနာတွေကို ငြိမ်းချမ်းစွာ နိုင်ငံရေးနည်းလမ်းအရပဲ ဖြေရှင်းဖို့လိုပါတယ်။ ရုရှားနိုင်ငံကလည်း အဲဒီပြဿနာတွေကို ဖြေရှင်းဖို့ကြိုးစားပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ရုရှားနိုင်ငံဟာ ဘာသာစုံ၊ လူမျိုးစုံနေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံလိုပါပဲ။ ဒါကြောင့် ဒါမျိုးပြဿနာတွေကို ဘယ်လိုရှုပ်ထွေးသလဲ ကောင်းကောင်းနားလည်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဗုဒ္ဓဘာသာဝင်တွေလည်း ရှိပါတယ်။ မူဆလင်တွေလည်း ရှိပါတယ်။ အဲဒီပြဿနာကို များများဖြေရှင်းဖို့ အရေးကြီးပါတယ်။ မြန်မာနိုင်ငံအစိုးရက အဲဒီပြဿနာဖြေရှင်းဖို့ အများကြီး ကြိုးစားနေတာကို တွေ့ရပါတယ်။

**မေး။ ။ မြန်မာနိုင်ငံအစိုးရရဲ့ နောက်လာမယ့် သက်တမ်းမှာရော အစိုးရအနေနဲ့ ဘယ်လိုမျိုးဆက်လက်လုပ်ဆောင်သွားဖို့ အကြံပြုချင်ပါသလဲ။**

ဖြေ။ ။ ကျွန်တော်အကြံမပြုချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ပြောတာထက် မြန်မာနိုင်ငံအစိုးရ၊ မြန်မာပြည်သူ ပြည်သားများက ပိုသိပါတယ်။ ဘာပြောင်းရမလဲ၊ ဘာလုပ်ရမလဲ။ အဲဒါနဲ့ပတ်သက်ပြီး ကျွန်တော်ဘာပြောနိုင်သလဲဆိုရင် ငြိမ်းချမ်းရေး အရေးကြီးပါတယ်။ ဒါကြောင့် လက်ရှိအစိုးရကလည်း ငြိမ်းချမ်းရေးရရှိဖို့ကို များစွာကြိုးစားရပါမယ်။ စီးပွားရေး၊ လူမှုရေးနယ်ပယ်မှာ များစွာကြိုးစားရပါမယ်။ သာမန်လူတွေရဲ့ လူနေမှုအဆင့်အတန်းမြင့်စေဖို့လည်း အင်မတန်အရေးကြီးပါတယ်လို့ ယူဆမိပါတယ်။

ရခိုင်နဲ့ပတ်သက်တဲ့ ရှုပ်ထွေးတဲ့ ပြဿနာတွေကို ဖြေရှင်းဖို့လည်း အစိုးရက ဆတက်ထမ်းပိုး ကြိုးစားမယ်လို့ မျှော်လင့်ပါတယ်။ ဒါပေမယ့် ကျွန်တော်က မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်ပြီး အကောင်းမြင်ဝါဒီဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်တဲ့၊ ငြိမ်းချမ်းတဲ့ နိုင်ငံတစ်နိုင်ငံ မုချဖြစ်ပါမယ်လို့ ခိုင်ခိုင်မာမာ ယုံကြည်ပါတယ်။ ကျွန်တော်တို့ ရုရှားနိုင်ငံကလည်း မြန်မာနိုင်ငံကို ချစ်ကြည်ရင်းနှီးတဲ့၊ တည်ငြိမ်တဲ့၊ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်ဖို့ ဆန္ဒရှိပါတယ်။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရရှိဖို့ဆန္ဒ များစွာရှိပါတယ်။ ကျွန်တော်က ဒီလောက်ပဲ ပြောချင်ပါတယ်။

ကျေးဇူးတင်ပါတယ် သံအမတ်ကြီး။


ရုရှားနိုင်ငံသံအမတ်ကြီး
H.E. Mr. Nikolay Listopadov

## ရှမ်းယူနိုက်တက်အသင်း နိုင်ငံခြားသားနည်းပြချုပ်သစ် ခန့်အပ်

**နေပြည်တော် ဧပြီ ၂၈**

မြန်မာနေရှင်နယ်လိဂ်ကလပ် ရှမ်းယူနိုက်တက်အသင်းသည် ရောဝတီနှင့် ရန်ကုန်အသင်းကို ကိုင်တွယ်ဖူးသည့် နည်းပြချုပ် မာဂျန်အား နည်းပြသစ်အဖြစ် ခန့်အပ်လိုက်ပြီဖြစ်သည်။

ပြည်ပပြိုင်ပွဲများတွင် ရလဒ်မကောင်းခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းပြိုင်ပွဲနှစ်ခုတွင် ချန်ပီယံဆုကာကွယ်နိုင်ရန် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ အတွေ့အကြုံရှိသည့် ရောဝတီနှင့် ရန်ကုန်အသင်းနည်းပြချုပ်ဟောင်း မက်ဆီဒိုးနီးယားနိုင်ငံသား မာဂျန်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် မာဂျန်ကို ဧပြီ ၂၈ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ပြီး စာချုပ်သက်တမ်းမှာ ယခုရာသီကုန်အထိ ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် အမှတ်ပေးပြိုင်ပွဲနှင့် ရှုံးထွက်ပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းစနစ်ဒါရိုက်တာ ဦးဆန်းဝင်း ရာသီမစမီကွယ်လွန်ခြင်း၊ ရာသီအစတွင် မျှော်လင့်ထားသည့် ရလဒ်မျိုးမရသောကြောင့် နည်းပြချုပ် ဦးစိုးမြတ်မင်း နုတ်ထွက်သွားခြင်းတို့ကြောင့် နည်းပြလက်မဲ့ဖြစ်ခဲ့ပြီး လက်ထောက်နည်းပြဦးအောင်ကျော်ထွန်းကို ယာယီနည်းပြချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့သော်လည်း ရလဒ်ကောင်းမရသောကြောင့် မာဂျန်အား ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ မာဂျန်သည် ရောဝတီအသင်းသို့ ကြံ့ခိုင်ရေးနည်းပြအဖြစ် စတင်ရောက်ရှိခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် နည်းပြချုပ်ဖြစ်လာကာ ရောဝတီအသင်းအား နှစ်ကြိမ်ကိုင်တွယ်ခဲ့သည်။ မာဂျန်သည် ရောဝတီအသင်းကို ၂၀၁၂ နှင့် ၂၀၁၅ ခုနှစ်တွင် ရှုံးထွက်ချန်ပီယံဆုရအောင် စွမ်းဆောင်ပေးခဲ့ပြီး ရန်ကုန်အသင်းအား ၂၀၁၆ ရာသီတွင် ကိုင်တွယ်ခဲ့သော်လည်း ရလဒ်မကောင်းသောကြောင့် ရာသီမကုန်မီမှာပင် လမ်းခွဲခဲ့ရသည်။ မာဂျန်သည် မော်လ်ဒိုက်ကလပ် မာဇီယာအသင်းကို နောက်ဆုံးကိုင်တွယ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် MNL အမှတ်ပေးပွဲအဖြစ် ဧပြီ ၂၉ ရက်တွင် မြဝတီအသင်းနှင့် ကစားရမည်ဖြစ်ပြီး မာဂျန်သည် နည်းပြချုပ်အဖြစ် တာဝန်ယူဦးမည်မဟုတ်ကြောင်း သိရသည်။ ယခုရာသီတွင် ပြိုင်ပွဲဝင်အသင်းအားလုံး ပြည်တွင်းနည်းပြချုပ်များဖြင့်သာ ယှဉ်ပြိုင်ခဲ့သော်လည်း ရှမ်းယူနိုက်တက်အသင်းက နိုင်ငံခြားသားနည်းပြချုပ် ပထမဆုံး တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ရှိုင်းထက်ဇော်



## သီးသန့် အစည်းအဝေး

**(၃၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၏ သီးသန့် အစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်စဉ်။**

*ဓာတ်ပုံ - ASEAN 2018 Organizing Committee*

✱ ရှေ့ဖုံးမှ

(၃၂)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စင်ကာပူနိုင်ငံ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

### ရင်းရင်းနှီးနှီးကြိုဆို

ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ကိုယ်စားလှယ်များအား အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်သည်။

(၃၂)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို စင်ကာပူ ကျောင်းသား ကျောင်းသူလေးများ၏ အာဆီယံအထိမ်းအမှတ်သီချင်း စုပေါင်းသီဆိုမှုဖြင့် စတင်ဖွင့်လှစ်ပေးသည်။

### အဖွင့်အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းတို့သည် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ကိုယ်စားလှယ်များသည် ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် အာဆီယံအဆင့်မြင့်မြို့တော်များ သရုပ်ပြရှင်းလင်းပွဲ (ASEAN Smart Cities Showcase)သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

### သီးသန့်အစည်းအဝေး

ထို့နောက် (၃၂)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေး၏ သီးသန့်အစည်းအဝေးကို ရှန်ဂရီလာဟိုတယ်၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဘရူနိုင်းဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ၊ အင်ဒိုနီးရှားသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို၊ ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေး၊ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖု၊ ကမ္ဘောဒီးယား ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုဝန်ကြီးချုပ် မစ္စတာထောင်လွန်း ဆီဆုလစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာနှင့် မလေးရှား နိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ မူဆာဟီတန်တို့ တက်ရောက်ကြသည်။


ထို့နောက် နိုင်ငံတော်သမ္မတသည် စင်ကာပူနိုင်ငံဝန်ကြီးချုပ်က အာဆီယံ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထို့ပြင် နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဘရူနိုင်းဘုရင်တို့နှင့် ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ ဗီယက်နမ်ဝန်ကြီးချုပ်နှင့် မွန်းလွဲပိုင်းတွင် လည်းကောင်း ရှန်ဂရီလာဟိုတယ်၌ သီးခြားစီတွေ့ဆုံခဲ့သည်။


### ထားဝယ်ရေနက်ဆိပ်ကမ်း

ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေးကိစ္စ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် မူးယစ်ဆေးဝါး ကူးသန်းရောင်းဝယ်မှုနှင့် တရားမဝင် ကုန်စည်ပို့ဆောင်မှုများကို ပူးတွဲနှိမ်နင်းရေးကိစ္စ၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းအား ဆောလျင်စွာ အကောင်အထည်ဖော်ရေး နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာ-ထိုင်း ဒုတိယမြောက် ချစ်ကြည်ရေးတံတားဖွင့်လှစ်နိုင်ရေးကိစ္စ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ ထိုင်းနိုင်ငံအနေဖြင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်ရေးနှင့် စီးပွားရေးနှင့် လူမှုရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးအပ်ရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကြိုးပမ်းမှုတွင် ပါဝင်အထောက်အကူပြုရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့သည်။

စာမျက်နှာ ၉ သို့ ○



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာတို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့ တွေ့ဆုံဆွေးနွေးစဉ်။



## ကြိုဆို နှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား နိုင်ငံတော်သမ္မတ၏ ဇနီး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတများ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

○ စာမျက်နှာ ၈ မှ

### သင်တန်းများထောက်ပံ့ပေးရေး

ဘရူနိုင်းဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်ခိုင်မာလာစေရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်သွားရောက်နိုင်ရေးကိစ္စ၊ ဘရူနိုင်းနိုင်ငံမှ မြန်မာနိုင်ငံအတွက် ပညာသင်ဆုများ၊ လေ့လာရေးခရီးစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ ဆက်လက်ထောက်ပံ့ပေးရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်နိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဘရူနိုင်းဘုရင်က နိုင်ငံတော်သမ္မတအား နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ဘရူနိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

### ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး

ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား နိုင်ငံ့ခေါင်းဆောင်ကြီးများဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗီယက်နမ်သမ္မတ ဟိုချီမင်းတို့ လက်ထက်ကပင် စတင်တည်ထောင်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာလာအောင် ဆောင်ရွက်ရန်ကိစ္စ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ တိုးမြှင့်ပြီးဖြစ်ပါ၍ နှစ်နိုင်ငံအကြား နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရည်မှန်းချက်သို့ တိုးမြှင့်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုကဏ္ဍ၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတအား နှစ်ဖက်အဆင်ပြေသည့်အချိန်တွင် ဗီယက်နမ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြသည်။



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဘရူနိုင်းဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ တို့ တွေ့ဆုံဆွေးနွေးစဉ်။**



**စင်ကာပူနိုင်ငံဝန်ကြီးချုပ် တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အာဆီယံနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများ တက်ရောက်စဉ်။**

### ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား စင်ကာပူနိုင်ငံ Senior Minister of State in Ministry of Health and Ministry of Transport Dr. Lam Pin Min၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးငွေအောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမြတ်နှင့် ဇနီး၊ မြန်မာသံရုံးဝန်ထမ်းများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ညနေ ၅ နာရီ မိနစ် ၅၀ တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ချိုချို၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E.Ms. Vanessa Chan နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**သတင်းစဉ်**

# ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေး

**နေပြည်တော် မေ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် ယနေ့ညနေပိုင်းတွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန (ရန်ကုန်)၌ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက အာဆီယံ လူသားချင်းစာနာမှု အကူအညီပေးရေးညှိနှိုင်းမှုဗဟိုဌာန(AHA Centre)နှင့် ဆက်သွယ်ဆောင်ရွက်မှုအရ (AHA Centre)မှ Mr. YosMalole၊ Singapore Civil Defence Force မှ ကျွမ်းကျင်ပညာရှင်များဖြစ်ကြသော Mr. Mohamed Firoz၊ Mr. Kenneth Mak တို့နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ထားရှိမှုများ၊ တွေ့ကြုံရသောအခက်အခဲများကို ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များတွင် နည်းပညာဆိုင်ရာပံ့ပိုးမှု လိုအပ်ချက်များကို ညှိနှိုင်းခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





❖ **ကျောဖုံးမှ**

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက “မနေ့ကစပြီး ထိုင်းနိုင်ငံက နေရောက်ရှိလာတဲ့ Bio Foam ဆေးရည်ဂါလန်နှစ်ထောင်နဲ့ စတင်ပြီး ငြိမ်းသတ်နေပါတယ်၊ ကနဦးလိုအပ်ချက်ကတော့ Bio Foam ဂါလန် ၅၀၀၀ ပါ၊ ကျန်တဲ့ အရေအတွက်ကိုတော့ ဒီကနေ့ ညနေပိုင်းမှာ ထပ်မံရောက်ရှိလာမှာ ဖြစ်ပါတယ်၊ ရောက်ရှိလာတဲ့ ဆေးရည်တွေနဲ့ ဆက်လက် ငြိမ်းသတ်သွားမှာဖြစ်ပါတယ်၊ အခုလိုငြိမ်းသတ်တဲ့ အခါမှာလည်း ထိုင်းနိုင်ငံက ပညာရှင်တွေ လာရောက်လေ့လာပြီး အကြံဉာဏ်တွေပေးကြမှာဖြစ်ပါတယ်၊ သူတို့ရဲ့ အကြံဉာဏ်တွေကိုလည်း ရယူပြီး ဆက်လက် ငြိမ်းသတ်သွားမှာဖြစ်ပါတယ်” ဟု ပြောသည်။

ဆက်လက်၍ ၎င်းက “အခုလောင်နေတဲ့မီးက အပေါ်မှာ လောင်နေတာမျိုး မဟုတ်ပါဘူး၊ အမှိုက်ပုံ အောက်ခြေကနေစပြီး မီသိန်းဓာတ်ငွေ့ထွက်ပြီး လောင်ကျွမ်းနေတာပါ၊ အောက်ခြေက စလောင်ပြီး အပေါ်ကိုမီးခိုးတွေတက်နေတာဖြစ်တဲ့အတွက်ကြောင့် Bio Foam ဆေးရည်ကို အမှိုက်ပုံအတွင်းထဲအထိ ဝင်သွားအောင် ဆေးထိုးသလိုမျိုး ထိုးသွင်းမှုတွေ လုပ်ဆောင်သွားရမယ်လို့သိရပါတယ်၊ ၂၀၁၄ ခုနှစ်တုန်းက ထိုင်းနိုင်ငံမှာ လောင်တုန်းကလည်း အဲဒီလိုမျိုး လုပ်ဆောင်ပြီး ငြိမ်းသတ်ရတယ်လို့ သိရတယ်၊ အဲဒီတုန်းကလည်း လက်ရှိကျွန်တော်တို့ဆီမှာ လောင်နေတဲ့ အကျယ်အဝန်း လောက်ရှိခဲ့ပါတယ်၊ ခုနစ်ရက်ကျော်လောက် ငြိမ်းသတ်ခဲ့ရတယ်လို့သိရတယ်၊ အခုလာရောက်လေ့လာနေတဲ့ ပညာရှင်တွေကလည်း အဲဒီတုန်းက ငြိမ်းသတ်ရာမှာ ပါဝင်ဆောင်ရွက်ခဲ့တဲ့သူတွေပါ၊ အတွေ့အကြုံရှိတဲ့ ပညာရှင်တွေပဲဖြစ်ပါတယ်၊ သူတို့အနေနဲ့ နောက်ထပ်ရောက်လာမယ့် ပညာရှင်တွေနဲ့ ပူးပေါင်းလေ့လာပြီး အကြံဉာဏ်တွေပေးကြမှာဖြစ်ပါတယ်”ဟု ပြောသည်။

အဆိုပါ ထိန်ပင်အမှိုက်ပုံမီးလောင်မှုသည် မေ ၂၁ ရက်မွန်းလွဲပိုင်းမှ စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိပြီး မေ ၂၇ နံနက် ၉ နာရီခန့်မှ စတင်ကာ အပြီးသတ် မီးငြိမ်းသတ်နိုင်ရန် Bio Foam (အမြှုပ်ဆေးရည်) ကို အသုံးပြုပြီး ငြိမ်းသတ်လျက်ရှိသည်။

ထိုသို့ ငြိမ်းသတ်ရာတွင် ပိုမိုထိရောက်မြန်ဆန်မှုရှိစေရန် မီးငြိမ်းသတ်မှုနှင့်သက်ဆိုင်သည့် ထိုင်းနိုင်ငံမှ ပညာရှင်များက ယနေ့မွန်းလွဲပိုင်းမှ စတင်ကာ မီးလောင်မှုဖြစ်ပွားရာသို့ လာရောက် လေ့လာလျက်ရှိပြီး အပြီးသတ် မီးငြိမ်းသတ်နေမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အကြံပြုချက်များနှင့် ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ အရေးပေါ်နှင့် မီးသတ်ဌာနမှ အဆင့်မြင့်ပညာရှင် (၂၀၁၄ ခုနှစ် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ အမှိုက်ပုံကြီးမီးလောင်မှု မီးငြိမ်းသတ်ရာတွင် ခေါင်းဆောင်တစ်ဦးအနေဖြင့်ပါဝင်ခဲ့သူ) Mr. Natthun Lanogthong က “မြန်မာနိုင်ငံဘက်က အကူအညီတောင်းတဲ့အတွက် လာခဲ့တာပါ၊ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံက အိမ်နီးချင်းမိတ်ဆွေတွေဖြစ်တဲ့အတွက်ကြောင့် အခုလိုလာရောက် ကူညီပေးတာဖြစ်ပါတယ်၊ လက်ရှိမှာတော့ မြေပြင်အခြေအနေကို လေ့လာနေတုန်းပါ၊ လတ်တလောတွေ့ရှိချက်အနေနဲ့ကတော့ လုပ်ငန်းနဲ့သက်ဆိုင်တဲ့ တစ်ကိုယ်ရေဆက်စပ်ပစ္စည်းတွေ လိုအပ်နေတာကိုတွေ့ရပါတယ်၊ ကျန်တဲ့ အပိုင်းတွေကိုတော့ လေ့လာနေတုန်းပါ”ဟု သူ၏လေ့လာတွေ့ရှိမှုအပေါ် ပြောကြားသည်။

ယခုအခါ မီးလောင်မှု၏ ၉၀ ရာခိုင်နှုန်းကို ငြိမ်းနိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများထွက်ရှိနေသေးသည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိသည့် အပြင် သက်ဆိုင်ရာအနေဖြင့် ပြည်ပမှ ပညာရှင်များ၏ အကြံပြုချက်များဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်မှုအနေဖြင့် ယနေ့မွန်းလွဲပိုင်းတွင် မီးလောင်မှုအနီးရှိ ကွပ်ကဲရေးရုံး၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနမှ အရာရှိကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ မီးငြိမ်းသတ်မှုနှင့်ပတ်သက်သည့် ထိုင်းနိုင်ငံမှ ပညာရှင်များက အပြီးသတ် မီးငြိမ်းသတ်နေမှုကို ပိုမိုထိရောက်စေရန်နှင့် အမြန်ဆုံးဆောင်ရွက်သွားနိုင်ရန်တို့အတွက် ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

မီးလောင်မှုနှင့် ပတ်သက်၍ ရွှေပြည်သာမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက “မီးတောက်တော့ သိပ်မရှိတော့ပါဘူး၊ အတွင်းမှာ လှိုက်ပြီး လောင်နေတာကြောင့် ငြိမ်းသတ်တဲ့ အခါမှာတော့ အခက်အခဲရှိပါတယ်၊ လေတိုက်ရင် မီးခိုးတွေ ထွက်လာတာကြောင့် ငြိမ်းရပိုခက်ပါတယ်၊ အမှိုက်ပုံအတွင်းထဲအထိ ပိုက်နဲ့ ထိုးရတာကြောင့် တစ်နေရာကနေ တစ်နေရာကို ရောက်အောင် တော်တော်လုပ်ရပါတယ်၊ အချိန်ပေးပြီး ငြိမ်းသတ်ဖို့တော့ လိုပါတယ်”ဟု ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မီးခိုးဒဏ်ကို အများဆုံးခံစားနေရသည့် ရပ်ကွက်များအတွင်းနှင့် မီးလောင်မှုအနီးတို့တွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အရပ်ဘက် အဖွဲ့အစည်းများကလည်း ကျန်းမာရေး စောင့်ရှောက်မှုများပေးလျက်ရှိပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့် ဆေးဝါးများ လာရောက်လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။

အမှိုက်ပုံသည် ဧက ၃၀၀ ခန့်ရှိပြီး ယင်းတို့အနက် ဧက ၁၀၀ ခန့် လောင်ကျွမ်းခြင်းဖြစ်ရာ အပြီးသတ်ငြိမ်းသတ်မှုကို Bio Foam (အမြှုပ်ဆေးရည်) ဖြင့် ဆက်လက်ငြိမ်းသတ်လျက်ရှိသည့်အပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ပြည်ပမှ မီးငြိမ်းသတ်မှုနှင့် သက်ဆိုင်သည့် ပညာရှင်များ၏ အကြံပြုချက်များနှင့် အကူအညီများကို ရယူကာ အပြီးသတ်မီးငြိမ်းသတ်နေမှု ပိုမိုထိရောက်မြန်ဆန်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**



# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုအပေါ် ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်

**နေပြည်တော်  မေ  ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကျန်းမာရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အမှိုက်ပုံ မီးစတင်လောင်ကျွမ်းသည်မှ မီးခိုးမွန်ခြင်းနှင့် ဆက်စပ်ရောဂါများဖြင့် လှိုင်သာယာ ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် မေ ၂၇ ရက်အထိ တက်ရောက်၍ ဆေးဝါးကုသမှုခံယူသူ ၂၆ ဦးနှင့် ၂၈ ရက်တွင် တစ်ဦး စုစုပေါင်း ၂၇ ဦးနှင့် မေ ၂၇ ရက်အထိ ပြင်ပလူနာအဖြစ် ဆေးကုသမှုခံယူသူ ၂၁ ဦးနှင့် ၂၈ ရက်တွင် ခြောက်ဦး စုစုပေါင်း ၂၇ ဦး ရှိခဲ့သည်။ မေ ၂၈ ရက်တွင် လှိုင်သာယာ ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူသော လူနာများ၏ သွေးတွင်းရှိ Carboxyhaemoglobin ပမာဏကို စစ်ဆေးကြည့်ခဲ့ရာ ပုံမှန်ပမာဏ အတွင်းသာရှိကြောင်း တွေ့ရပြီး ဆေးရုံတက်ရောက်ကုသမှုခံယူသူများမှာ ရောဂါသက်သာ ကောင်းမွန်သဖြင့် မေ ၂၇ ရက်အထိ စုစုပေါင်းလူနာ ၁၂ ဦးကို ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုပေးခဲ့သည့် လူနာတစ်ဦးနှင့် ကျန်ရှိသောအတွင်းလူနာ ၁၄ ဦးတို့၏ ကျန်းမာရေးအခြေအနေမှာလည်း သက်သာကောင်းမွန်လျက်ရှိကြောင်း သိရသည်။



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူများနှင့် ကွင်းဆင်းအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ပရဟိတအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေး၍ လုပ်ငန်းကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့များကလည်း လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည့် ယာယီဆေးခန်းများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကြီးကြပ်အားဖြည့်ဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲသည် လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကို လှိုင်သာယာမြို့နယ် (၆)ရပ်ကွက်နှင့် (၂၀)ရပ်ကွက်တို့၌ ဆောင်ရွက်ခဲ့ပြီး မေ ၂၇ ရက်တွင် ကံလှကျေးရွာနှင့် ရွှေလင်ပန်းကျေးရွာတို့သို့ ရွှေ့ပြောင်း၍ ဆက်လက်တိုင်းတာ ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် မီးခိုးမွန်ခြင်းနှင့် ဆက်စပ်ရောဂါများ ဖြစ်ပွားမှုများကို အနီးကပ်စောင့်ကြပ်ကြည့်ရှု၍ အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နှီးနွှယ်ဌာနဆိုင်ရာများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် လုပ်ငန်းလမ်းညွှန်မှာကြား

**ပဲခူး  မေ  ၂၈**

ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးနိုင်၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေနှင့် ပဲခူးတိုင်းဒေသကြီး တရားရေးဝန်ထမ်းများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးခန်းမ၌ ပြုလုပ်သည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးက နိုင်ငံတော်သမ္မတ၏ အခြေပြုမိန့်ခွန်းတွင် ပါရှိသော တရားစီရင်ရေးမဏ္ဍိုင်နှင့်စပ်လျဉ်း၍ ပြုပြင်ရမည့်ကိစ္စရပ်များ၊ တရားရုံးအဆင့်ဆင့်၏ တာဝန်ယူရမည့်ကိစ္စရပ်များ၊ တရားစီရင်ရေးနှင့် တရားရုံးလုပ်ငန်းများ၊ နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးမှု မရှိစေရေး၊ သက်သေခံပစ္စည်းများ စီမံခန့်ခွဲရေး၊ မှုခင်းဆောင်ရွက်ရာတွင် မကြန့်ကြာစေရေးနှင့် သက်ဆိုင်ရာတရားသူကြီးများက တစ်ဦးချင်းအလိုက် စီစဉ်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။

ပဲခူးတိုင်းဒေသကြီး တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများကို အဆင့်ဆင့် ဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ကြရန် ၂၀၁၈-၂၀၂၂ တရားစီရင်ရေး မဟာဗျူဟာ အောင်မြင်ရေးကို ဝိုင်းဝန်းဆောင်ရွက်သွားရန် ထည့်သွင်းမှာကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးမြို့နယ် ၂၈ မြို့နယ်မှ တရားရေးဝန်ထမ်းများ စုံလင်စွာ တက်ရောက်ကြကြောင်း သိရသည်။

**၁၄၂**

## တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန်  မေ  ၂၈**

တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေးအတွက် အထူးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ယနေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေက လွတ်လပ်၍ တရားမျှတသည့် တရားစီရင်ရေးစနစ်ဖြစ်ပေါ်စေရေး၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ် ပေါ်ထွန်းရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် ပွင့်လင်းမြင်သာစွာ ဆင့်ကဲဆင့်ကဲ အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရေး ကိစ္စရပ်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်တရားသူကြီးများ၊ တွဲဖက်ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများ၊ တွဲဖက်မြို့နယ်တရားသူကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**ကြေးမုံ**



## ပုဇွန်တောင်မြို့နယ် Community Centre သို့ မြို့နယ်စာရေးဆရာအသင်းက မိတ္တူကူးစက်တစ်လုံး လှူဒါန်း

**ရန်ကုန်  မေ  ၂၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရုံး၏ Community Centre (လူထုအခြေပြုဗဟိုဌာန) လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး မြို့နယ်စာရေးဆရာအသင်းက မိတ္တူကူးစက် လှူဒါန်းပွဲကို ယနေ့တွင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲ အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးညီညီအောင်က မိတ္တူကူးစက် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းက Brother MFC-L2700 အမျိုးအစား မိတ္တူကူးစက်တစ်လုံး ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရ သည်။ **မြို့နယ်(ပြန်/ဆက်)**

## မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုက်(CO) ဓာတ်ငွေ့အန္တရာယ်ကျန်းမာရေး သတိပေးနှိုးဆော်ချက်

**မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သော သာမန်ကျန်းမာရေးပြဿနာများ**

၁။ ချောင်းဆိုးခြင်း၊
၂။ လည်ချောင်းယားယံခြင်း၊
၃။ မျက်စိစပ်ခြင်းနှင့် မျက်ရည်ယိုခြင်း၊
၄။ နှာစေးခြင်း၊
၅။ ခေါင်းကိုက်ခြင်း။

**မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သော ပြင်းထန်ကျန်းမာရေးပြဿနာများ**

၁။ အသက်ရှူမြန်ခြင်း၊
၂။ ရင်ဘတ်အောင့်ခြင်း၊
၃။ နှလုံးရောဂါ၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် ရင်ကျပ်ပန်းနာရောဂါ ပိုမိုဆိုးရွားစေခြင်း၊
၄။ အသက်ရှူကျပ်ခြင်း၊
၅။ ချောင်းဆိုးခြင်း၊
၆။ ပန်းနာရင်ကျပ်ထလျှင်မြည်သော ရှဲရှဲသံများထွက်ခြင်း။

**ကာဗွန်မိုနောက်ဆိုက် (CO) ဓာတ်ငွေ့ကြောင့်ဖြစ်နိုင်သော ကျန်းမာရေးပြဿနာများ**

၁။ ခေါင်းကိုက်ခြင်း၊
၂။ ဇက်ကြောတက်ခြင်း၊
၃။ အားနည်းခြင်း၊
၄။ အန်ခြင်း၊
၅။ ရင်ဘတ်အောင့်ခြင်း၊
၆။ စိတ်ရှုပ်ထွေးခြင်း။

(ကာဗွန်မိုနောက်ဆိုက် ဓာတ်ငွေ့အမြောက်အမြား ရှူမိပါက အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်)

**ထိခိုက်ခံစားလွယ်သော အုပ်စုများ**

၁။ နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါအခံရှိသူများ၊
၂။ သက်ကြီးရွယ်အိုများ၊
၃။ ကလေးသူငယ်များ၊
၄။ ကိုယ်ဝန်ဆောင်မိခင်များ။

(ထိခိုက်ခံစားလွယ်သောအုပ်စုများတွင် ပြင်းထန်သော ရောဂါလက္ခဏာများ ဖြစ်ပေါ်နိုင်ပါသည်။ မီးခိုးငွေ့ပမာဏ ထူထပ်လွန်းပါက ကျန်းမာသောလူများတွင်ပင် ပြင်းထန်သောရောဂါလက္ခဏာများ ခံစားရနိုင်ပါသည်)

**မီးခိုးငွေ့နှင့် ကာဗွန်မိုနောက်ဆိုက်(CO) ဓာတ်ငွေ့အန္တရာယ်အတွက် ကျန်းမာရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ**

၁။ အိမ်တွင်းလေထုညစ်ညမ်းမှု ဖြစ်စေနိုင်သော ဖယောင်းတိုင်မီးထွန်းခြင်း၊ ခြင်ဆေးခွေထွန်းခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ထင်းမီးသွေးမီးဖို ဖိုခြင်းများ မပြုလုပ်ပါနှင့်။
၂။ မီးခိုးငွေ့ရှိသော ပတ်ဝန်းကျင်သို့ ရိုးရိုးနှာခေါင်း စည်းအပြင် ပိုမိုကောင်းမွန်သည့် N95 နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်၍ သွားလျှင်ပင် အပြည့်အဝကာကွယ်မှုမရရှိနိုင်ပါ။
၃။ ကျန်းမာရေးဆိုင်ရာ နှိုးဆော်ချက်များနှင့် ကျန်းမာရေးသတင်းများအား ဂရုပြုရယူ လိုက်နာဆောင်ရွက်ပါ။
၄။ လည်ချောင်းစပ်ခြင်းနှင့် ချောင်းဆိုးခြင်းများ ဖြစ်ပေါ်ပါက ရေများများ သောက်ပါ။
၅။ ထိခိုက်ခံစားလွယ်သော အုပ်စုများဖြစ်သည့် နှလုံး၊ အသက်ရှူလမ်းကြောင်းနှင့် အဆုတ်ရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များတွင် အထက်ဖော်ပြပါ လက္ခဏာများဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ပြသကုသမှုခံယူပါ။
၆။ မီးခိုးလျော့ပါးသည့် နေရာများတွင် ပြင်ပမှ မီးခိုးများ မဝင်ရောက်စေရန် ပြတင်းပေါက်များ၊ တံခါးများ ပိတ်ထားပြီး မိမိအိမ်အတွင်း၌သာနေရန်နှင့် အပြင်သို့သွားလာခြင်း တတ်နိုင်သလောက် လျှော့ချပါ။
၇။ မိမိအိမ်၊ ပတ်ဝန်းကျင်တွင် မီးခိုးအလွန် ထူထပ်လာပါက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆက်သွယ်၍ မီးခိုး လွတ်ကင်းရာ နေရာဒေသများသို့ ခေတ္တရွှေ့ပြောင်းခိုလှုံနေထိုင်ပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**



## နောက်ဆုံးအကြိမ်တွေ့ဆုံမှုတွင် မော်ရင်ဟိုဘက်မှ တွန်းထိုးမှုမျိုးမလုပ်ဆောင်ရန် ဝင်းဂါးတောင်းဆို

တနင်္ဂနွေနေ့ မန်ယူ၏အိမ်ကွင်း အိုးထရက်ဖို့ဒ်တွင် နည်းပြ ဝင်းဂါးက မိမိအနေဖြင့် အာဆင်နယ်နည်းပြအဖြစ် မော်ရင်ဟိုနှင့် နောက်ဆုံးတွေ့ဆုံမည်ဖြစ်ရာ မော်ရင်ဟိုဘက်မှ ယခင်ကလို တွန်းထိုးမှုမျိုး မလုပ်ဆောင်ရန် ပန်ကြားလိုက်သည်။

ဝင်းဂါးက “ကျွန်တော်တို့ နောက်ဆုံးတွေ့ဆုံမှုမှာ တွန်းထိုးတာတွေ မလုပ်ပါနဲ့၊ ဘာလို့လဲဆိုရင် ကျွန်တော်က ငြိမ်းငြိမ်းချမ်းချမ်းနဲ့ သွားချင်လို့ပါ၊ မော်ရင်ဟိုက နည်းပြကောင်းတစ်ဦးပါ၊ ကျွန်တော်က မော်ရင်ဟိုနဲ့ အခြားသူတွေအားလုံးကို ဂုဏ်ဘိုင်လို့ နှုတ်ဆက်ချင်ပါတယ်၊ ပြင်သစ်လိုဆိုရင်တော့ အော်ရီဘွာ(ပြန်တွေ့ကြတာပေါ့) လို့ နှုတ်ဆက်ရမှာပါ”ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုနှင့် ဝင်းဂါးတို့မှာ ဆယ်စုနှစ် တစ်ခုကျော်ကြာ ပြိုင်ဘက်များအဖြစ် တွေ့ဆုံခဲ့ကြပြီး မော်ရင်ဟိုက ဝင်းဂါး၏ အာဆင်နယ်တွင် နှစ်ပေါင်းများစွာကြာအောင် တည်မြဲသည့် အနေအထားအပေါ် မကြာခဏဆိုသလို ဝေဖန်ခဲ့သူဖြစ်သလို ကွင်းတွင်းတွေ့ဆုံမှုတွင် တစ်ဦးနှင့်တစ်ဦး တွန်းထိုးမှုအထိပင် ဖြစ်ခဲ့သည်။ သို့သော် ဝင်းဂါးက မော်ရင်ဟိုကို လေးစားသော်လည်း မိတ်ဆွေဖြစ်နိုင်မည်လားဆိုသည်ကို သူမသိရှိကြောင်း ဆိုခဲ့သလို အိုးထရက်ဖို့ဒ်ကွင်းတွင် အာဆင်နယ်အသင်းကို မည်သို့ကြိုဆိုမည် ဆိုသည်ကိုလည်း မသိရှိကြောင်း ဆိုခဲ့သည်။

မော်ရင်ဟိုက မန်ယူပရိသတ်များက ဝင်းဂါး၏ နောက်ဆုံးအကြိမ် အိုးထရက်ဖို့ဒ်ကွင်းသို့ လာရောက်မှုကို ကောင်းကောင်းကြိုဆိုမည်ဟု မျှော်လင့်ကြောင်း ဆိုခဲ့သော်လည်း ဝင်းဂါးကို ကိုယ်ထိလက်ရောက် ကျူးလွန်မိခဲ့သည့်အတွက် နောင်တရသလားဟူသော မေးခွန်းအတွက် “နောင်တရသလား ဟုတ်လား၊ ကျွန်တော်တို့ကြားမှာ အနုတ်လက္ခဏာဆောင်တဲ့ အပိုင်းတွေရှိခဲ့ပေမယ့် ဒါကို ကျွန်တော်က လုပ်ဆောင်ခဲ့သလို သူလည်းပဲ လုပ်ခဲ့တာပါပဲ”ဟု တုံ့ပြန်ဖြေကြားသွားခဲ့သည်။

ထို့ပြင် မော်ရင်ဟိုက သူနှင့်ဝင်းဂါးတို့မှာ ပြိုင်ဘက်အဖြစ် နှစ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ကြဖူးသလို မန်ယူနည်းပြဟောင်း ဖာဂူဆန်နှင့်ဝင်းဂါးတို့မှာလည်း နှစ်ပေါင်းများစွာ ပြိုင်ဘက်များဖြစ်ခဲ့သည့်အတွက် မန်ယူပရိသတ်များအတွက် ဝင်းဂါးမှာ ပြိုင်ဘက်ကောင်းဖြစ်ကြောင်းလည်း သုံးနှုန်းခဲ့သည်။

**မေလှဲ့သင်း**

## ဘောလုံးပွဲကို ဘောလုံးပွဲအဖြစ်သာကြည့်ရှုအားပေးရန် လီဗာပူးပရိသတ်များကို ယာဂန်ကလော့ပ်တိုက်တွန်း



လီဗာပူးပရိသတ်များအနေဖြင့် ရောမတွင် ယှဉ်ပြိုင်မည့် ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်တွင် ကွင်းအတွင်းသာ ကြည့်ရှုအားပေးကြစေလိုကြောင်း လီဗာပူးနည်းပြ ယာဂန်ကလော့ပ်က တိုက်တွန်းပြောကြားလိုက်သည်။ လီဗာပူးက ရိုးမားအသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည့် ပွဲစဉ်မစတင်မီ လီဗာပူးပရိသတ် ဆီယန်ကော့စ်နှင့် ရိုးမားပရိသတ်များ ခိုက်ရန်ဖြစ်ပွားခဲ့သေးသည်။ ရိုးမားအသင်းနှင့် ဒုတိယအကျော့ပွဲစဉ်တွင် လီဗာပူးပရိသတ် ငါးထောင်နီးပါး လိုက်ပါအားပေးမည်ဖြစ်ရာ ယာဂန်ကလော့ပ်ကကွင်းအတွင်း စနစ်တကျ အားပေးရန် တိုက်တွန်းပြောကြားလိုက်ခြင်းဖြစ်သည်။

ကလော့ပ်က “ရိုးမားက ကျွန်တော်တို့ကို အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်သွားမယ်ဆိုလည်း ဒါက သူတို့နဲ့ ထိုက်တန်တာပါပဲ၊ ကျွန်တော်တို့က သူတို့ကို ကျော်ဖြတ်သွားမယ်ဆိုလည်း ဒါက ကျွန်တော်တို့နဲ့ ထိုက်တန်လို့ပါ၊ ဒါက ဘောလုံးပွဲတစ်ပွဲပဲဖြစ်ပြီး ဒါကိုနားမလည်တဲ့ သူတွေကိုလည်း ကျွန်တော် နားမလည်နိုင်ပါဘူး”ဟု ပြောကြားခဲ့သည်။

**မေလှဲ့သင်း**

## လေဗာကူဆင်ဂိုးသမား ဘန်လီနိုအား ခေါ်ယူရန် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အပြိုင် အာဆင်နယ်ကြိုးပမ်းမည်

အာဆင်နယ်အသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း လေဗာကူဆင်အသင်းမှ ဂိုးသမား ဘန်လီနိုအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး အဆိုပါကစားသမားကို စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းကလည်း စိတ်ဝင်စားနေကြောင်း သိရသည်။

ထို့ကြောင့် အာဆင်နယ်အသင်းမှာ ဂိုးသမားဘန်လီနိုကို ခေါ်ယူနိုင်ရေးအတွက် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် အပြိုင်ကြိုးပမ်းနေရကြောင်း သိရသည်။ ဂျာမနီမြေမှလာသော သတင်းများအရ ဂိုးသမားလီနိုမှာ ယခုနွေရာသီဈေးကွက်အတွင်း ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်းလည်း သိရသည်။ အာဆင်နယ်အသင်းအနေဖြင့် ဂိုးသမားဘန်လီနိုအား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေးပေါင် ၁၇ ဒသမ ၅ သန်းကုန်ကျမည်ဖြစ်သည်။

လေဗာကူဆင် ဂိုးသမားဘန်လီနိုအား ခေါ်ယူရန်အတွက် အာဆင်နယ်အသင်းသည် အက်သလက်တီကိုမက်ဒရစ်အသင်းအပြင် အီတလီစီးရီးအေကလပ် နာပိုလီအသင်းနှင့်လည်း အပြိုင်ကြိုးပမ်းနေရကြောင်း သိရသည်။

အာဆင်နယ်အသင်း၊ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် နာပိုလီအသင်းတို့က ခေါ်ယူရန်ပြင်ဆင်နေကြသော်လည်း လေဗာကူဆင်အသင်း အားကစားဒါရိုက်တာ ရူဒီဗော်လာကမူ ဂိုးသမားလီနိုနှင့် လေဗာကူဆင်အသင်းတို့၏ ဆက်ဆံရေးမှာ ကောင်းမွန်လျက်ရှိကြောင်းနှင့် အဆိုပါဂိုးသမားကို လေဗာကူဆင်အသင်းတွင် ဆက်ရှိရေးကြိုးပမ်းသွားမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

**နိုင်လင်းကြည်**



## ဘောလုံးလောကသတင်းတိုများ

**၁။ နည်းပြကွန်တီဆက်ရှိရန်မသေချာသော်လည်း ကစားသမားခေါ်ယူမှုနှင့်ပတ်သက်ပြီး ဖိအားပေးရန် ချယ်လ်ဆီးတာဝန်ရှိသူများအား အသင်းပိုင်ရှင်အမိန့်ထုတ်**

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်သည် အသင်း၏ လက်ရှိနည်းပြကွန်တီမှာ အသင်းတွင်ဆက်ရှိရန် မသေချာဖြစ်နေသော်လည်း နွေရာသီ အပြောင်းအရွှေ့ဈေးကွက်အတွင်း ကစားသမားခေါ်ယူမှုအစီအစဉ်များနှင့် ပတ်သက်ပြီး ကွန်တီအားဖိအားပေးရန် အသင်းတာဝန်ရှိသူများအား အမိန့်ထုတ်လိုက်ကြောင်း သိရသည်။

**၂။ စပါးအသင်းက နွေရာသီဈေးကွက်အတွင်း ကစားသမားလေးဦးအထိ ရောင်းချမည်**

ပရီမီယာလိဂ်ကလပ် စပါးအသင်းသည် ယခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင်း ကစားသမားလေးဦးအထိ ရောင်းချသွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။ စပါးအသင်းရောင်းချသွားမည့် ကစားသမားများမှာ ဒန်နီရို့စ်၊ အယ်လ်ဒါဝီးလ်၊ ဗစ်တာဝမ်ယာမာနှင့် ဒမ်ဘီလီတို့ဖြစ်ပြီး အဆိုပါကစားသမားများကို ရောင်းချမည်ဆိုပါက အသင်း၏ဘဏ္ဍာငွေကြေးမှာ ပေါင်သန်း ၁၇၀ အထိ ရရှိမည်ဖြစ်ကြောင်းလည်း သိရသည်။

**၃။ ဆာလက်နှင့် ဆာနေးအား ရီးယဲလ်မက်ဒရစ်အသင်း စိတ်ဝင်စားနေ**

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသည် နွေရာသီဈေးကွက်အတွင်း ထိပ်တန်းအဆင့်ရှိကစားသမားများကို ခေါ်ယူရန်ရှိနေကြောင်း သိရသည်။ နည်းပြဇီဒန်း၏ ရီးယဲလ်မက်ဒရစ်အသင်းသည် လီဗာပူးအသင်းတွင် ခြေစွမ်းပြကစားနေသည့် အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလက်နှင့် မန်စီးတီးအသင်း၏ တိုက်စစ်ပိုင်းတွင် အားထားရသည့်ကစားသမားတစ်ဦးဖြစ်သည့် တိုက်စစ်မှူး လီရွိုင်းဆာနေးတို့ကို ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိပြီး ဆာနေးကိုမူ ပြောင်းရွှေ့ကြေးပေါင် သန်း ၇၀ အထိပေးခေါ်ယူရန် စီစဉ်လျက်ရှိကြောင်း မန်ချက်စတာညနေခင်းသတင်းတစ်ရပ်က ဖော်ပြထားကြောင်း သိရသည်။

**နိုင်လင်းကြည်**

## နည်းပြအဖြစ်သာ ဆက်လက်ရပ်တည်လိုသောကြောင့် အထွေထွေမန်နေဂျာအဖြစ် ပီအက်စ်ဂျီက ကမ်းလှမ်းလာမှုကို အာစင်ဝင်းဂါး ငြင်းဆိုသွားမည်ဖြစ်

အာဆင်နယ်အသင်းမှ ထွက်ခွာရန် သတင်းထွက်ပေါ်နေသည့် နည်းပြအာစင်ဝင်းဂါးသည် နည်းပြအလုပ်ကိုသာ ဆက်လက်လုပ်ကိုင်လိုသောကြောင့် အထွေထွေမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ရန် ပီအက်စ်ဂျီအသင်းက ကမ်းလှမ်းလာမှုကို ငြင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းက အသင်း၏ အထွေထွေမန်နေဂျာအဖြစ် ကမ်းလှမ်းလာမှုမှာ နည်းပြအာစင်ဝင်းဂါး အာဆင်နယ်အသင်းမှ ထွက်ခွာတော့မည်ဆိုသည့် သတင်းများ ထွက်ပေါ်လာပြီးနောက် ချက်ချင်းဆိုသလို ကမ်းလှမ်းမည်ဆိုသည့် သတင်းထွက်လာခြင်းဖြစ်သည်။

နည်းပြအာစင်ဝင်းဂါးအနေဖြင့် နည်းပြအလုပ်ကိုဆက်လုပ်ရန်အတွက် ငွေကြေးပုံအောကာ သုံးစွဲနိုင်စွမ်းရှိသည့် တရုတ်စူပါလိဂ်ကလပ်သို့ ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိပြီး အသက်အရွယ်ကြီးပြီဖြစ်သော်လည်း လုံးဝအနားယူရန်မရှိသေးကြောင်း ပြောကြားခဲ့သည်။

**နိုင်လင်းကြည်**

# ကဆုန်လပြည့် သွန်းသည့်ညောင်ရေ

မနသဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

"မြန်မာတွေဟာ တန်ခူးလအတာသင်္ကြန်ပွဲကို အတော်ကြီးအလေးထားကျင်းပကြပေမယ့် ကဆုန်လ ကဆုန်ညောင်ရေသွန်းပွဲတော်ကိုတော့ စတိလောက်ပဲကျင်းပကြတယ်နော်၊ အဲဒါဘာကြောင့်လဲ"

လုပ်ငန်းကိစ္စအတွက် ပြည်ပနိုင်ငံတစ်ခုမှ ရောက်ရှိနေသော နိုင်ငံခြားသားပညာရှင်ကြီးအား မြေလတ်ဒေသသို့ ပို့ဆောင်ပေးစဉ်ကဖြစ်၏။ ကဆုန်လပြည့်နေ့နှင့် ကြုံကြိုက်သဖြင့် ဒေသခံတို့ ကျင်းပနေသော ကဆုန်ညောင်ရေသွန်းပွဲတော်ကို ရှုစားရင်းဧည့်သည်ပညာရှင်ကြီးက အထက်ပါအတိုင်း မေးခွန်းထုတ်လိုက်ခြင်းဖြစ်၏။

"မြန်မာပြည်မှာ တစ်နှစ်တာလုံး လအလိုက်ကျင်းပတဲ့ ရာသီပွဲတော်တွေ ရှိနေပါတယ်။ ပွဲတော်အမျိုးအစားအလိုက် ရက်တိုတာနဲ့ရက်ရှည်တာ ကွဲပြားမှုရှိပေမယ့် ဘယ်လဘယ်ရာသီပွဲတော်ကို ဦးစားပေး ကျင်းပတာမျိုး၊ စတိသဘောကျင်းပတာမျိုးရယ်လို့ မရှိပါဘူး။ ရာသီပွဲတော် အမျိုးအစားတွေရဲ့ သဘောသဘာဝချင်း အနည်းနဲ့အများ ကွဲပြားခြားနားမှုတွေတော့ ရှိတာပေါ့လေ။ တန်ခူးလမှာ ကျင်းပတဲ့ နှစ်ကူးအတာသင်္ကြန်ပွဲတော်ကတော့ ဘုရားတွေကို ရေသပ္ပာယ်တယ်။ လူအချင်းချင်း ရေပက်ကစားကြတယ်။ စတုဒိသာ ကျွေးမွေးပွဲတွေ၊ ဇိဝိတဒါနအလှူတွေလုပ်ကြတယ်။ ပွဲတော်ရက်ကလည်း လေးရက်ကနေ ငါးရက်အထိ ရှည်ကြာတတ်တာမို့ နေ့စဉ်လိုလူတွေ လှုပ်လှုပ်ရှားရှား စည်စည်ကားကား မြင်နေကြရတယ်။ အဲ. . . ကဆုန်ညောင်ရေသွန်းပွဲတော်ကိုတော့ ကဆုန်လပြည့်နေ့တစ်ရက်တည်းမှာသာ ကျင်းပတာကြောင့် ရက်ကတိုတယ်။ အချိန်ကလည်း တိုတယ်။ ဗောဓိညောင်ပင်ကို ရေသွန်းဖို့အတွက်သာ အဓိကထားကျင်းပပြုလုပ်တာမို့ လူအချင်းချင်း ရေပက်ကစားတဲ့ သင်္ကြန်ပွဲတော်လိုတော့ မစည်ကားမမြိုင်ဆိုင်လှဘူးပေါ့ခင်ဗျာ"

ဧည့်သည်ပညာရှင်ကြီးသည် မြို့ဦးစေတီတော်အနီးမှ ဗောဓိညောင်ပင်ကြီးကို ငေးကြည့်နေ၏။

"ညောင်ပင်ကို ရေသွန်းကြတာဟာ အဲဒီညောင်ပင်ကို ကိုးကွယ်ကြတာကြောင့်လား"

**ဗောဓိညောင်ပင်**

"သစ်ပင်ကြီးတွေမှာ စောင့်ရှောက်တဲ့နတ်ရှိတယ်လို့ ယုံကြည်ကြသူတွေဟာ မြန်မာပြည်မှာသာမက ကမ္ဘာမှာလည်းရှိနေပါတယ်။ မြန်မာတွေကတော့ အဲဒီနတ်ကို ရုက္ခစိုးလို့ခေါ်ကြတယ်။ အင်္ဂလိပ်လိုတော့ (Dryat) ပေါ့ခင်ဗျာ။ ရုက္ခစိုးနတ်ဟာ လူတွေကိုဒုက္ခမပေးဘဲ ကူညီစောင့်ရှောက်တယ်။ ကောင်းကျိုးပြုတယ်လို့ လူတွေကယုံကြည်ကြတယ်။ ဗုဒ္ဓလက်ထက်တော်ကာလကတည်းက ရုက္ခစိုးနတ်ယုံကြည်မှုနဲ့ ပတ်သက်တဲ့ အထောက်အထားတွေရှိခဲ့တယ်။ သာဓကအားဖြင့် ဥရုဝေလတောနားမှာရှိတဲ့ သေနာနိဂုံးရွာက သုဇာတာဆိုတဲ့ အမျိုးသမီးဟာ အပျိုဘဝတုန်းက ညောင်ပင်ကြီးဆီသွားပြီး သူဌေးသားကိုရဖို့နဲ့ သားဦးရတနာရဖို့ ဆုပန်ခဲ့တယ်။ အဲဒီဆုတောင်းအတိုင်းပြည့်တာကြောင့် ညောင်ပင်စောင့်နတ်ကြီးမတယ်ထင်ပြီး နှစ်စဉ်ပူဇော်ပသခဲ့တယ်။ ဗုဒ္ဓအလောင်းတော်ဟာ အသက် ၃၅ နှစ်ပြည့်တဲ့ ကဆုန်လပြည့်နေ့ နံနက်စောစော အဲဒီညောင်ပင်ကြီးအောက်ကို ရောက်နေတဲ့အချိန် သုဇာတာက သူ့ရဲ့ကျေးဇူးရှင်နတ်မင်းကြီးလို့ထင်ပြီး တစ်သိန်းတန်ရွှေခွက်နဲ့ ယနာနို့ဆွမ်းကို ကပ်လှူခဲ့တယ်။ ဗုဒ္ဓအလောင်းဟာ နေရဥ္စရာမြစ်ကမ်းမှာ အဲဒီဆွမ်းကို ဘုန်းပေးပြီး ယနေ့ဘုရားဖြစ်မယ်မှန်လျှင် ရေညာဆန်စေသားလို့ ဓိဋ္ဌာန်ပြီး ရွှေခွက်ကို မျှောလိုက်တဲ့အခါ ရေညာကို ဆန်တက်သွားတယ်လို့ ဗုဒ္ဓဝင်အရ သိရှိခဲ့ရပါတယ်"

"ညောင်ပင်စောင့်နတ် (ရုက္ခစိုး)နဲ့ပတ်သက်တဲ့ ယုံကြည်ကိုးကွယ်မှုတွေ ရှိခဲ့ပေမယ့် မျက်မှောက်ခေတ်တိုင်အောင်ရှိနေသေးပေမယ့် ကဆုန်ညောင်ရေသွန်းပွဲတော်က ရုက္ခစိုးနတ်ကိုးကွယ်မှုနဲ့ ပတ်သက်တာ မဟုတ်ကြောင်း သိထားဖို့လိုပါတယ်။ အခုခင်ဗျားမြင်နေရတဲ့ ညောင်ပင်ဟာလည်း ရိုးရိုးညောင်ပင်မဟုတ်ဘဲ ဗောဓိညောင်ပင်ဖြစ်ပါတယ်"

"ညောင်ပင်အမျိုးအစားတွေ အများကြီးရှိတဲ့အထဲမှာ ဗောဓိညောင်ပင်ဆိုတာကို ဘာဖြစ်လို့ခင်ဗျားတို့မြန်မာတွေက သိပ်ပြီးအလေးထားကြရတာလဲ"

ဗောဓိဆိုတာ ပါဠိစကားဖြစ်ပြီး သိမြင်ခြင်းစိတ်အာရုံဖြင့် ပိုင်းခြားသိမြင်ခြင်းရယ်လို့ အနက်အဓိပ္ပာယ် သက်ရောက်ပါတယ်။ ဂေါတမမြတ်စွာဘုရားဟာ ဗောဓိညောင်ပင်အောက်မှာ ပွင့်တော်မူခဲ့တယ်။ ဘုရားပွင့်တော်မူခဲ့တဲ့ ဗောဓိညောင်ပင်ကို မဟာဗောဓိညောင်ပင်ရယ်လို့ သမုတ်ခဲ့ကြောင်း သိရှိရပါတယ်။ ဗုဒ္ဓရဲ့ထင်ရှားတဲ့ သာဝကတစ်ဦးဖြစ်တဲ့ ရှင်အာနန္ဒာမထေရ်မြတ်အမှူးပြုပြီး ဗောဓိညောင်ပင်ကို အလေးအမြတ်ထား စိုက်ပျိုးခဲ့ကြောင်း ပိဋကတ်ကျမ်းဂန်အရ မှတ်သားခဲ့ဖူးပါတယ်။ အာသောကဘုရင်ကြီးရဲ့ သမီးတော် ဘိက္ခုနီသံဃသုမိတ္တာအမှူးပြုတဲ့ သာသနာပြုအဖွဲ့ဟာ ဗုဒ္ဓဂယာက မဟာဗောဓိညောင်ပင်ရဲ့တောင်ဘက် ကိုင်းခွဲတစ်ခုကို ယူပြီး သီရိလင်္ကာကို သွားရောက်ခဲ့တဲ့အကြောင်း၊ သီရိလင်္ကာ ဘုရင်မင်းမြတ်က အဲဒီဗောဓိညောင်ပင်ကိုင်းကို အနုရာဓမြို့တော်မှာ အခမ်းအနားနဲ့ စိုက်ပျိုးတော်မူခဲ့တဲ့အကြောင်း အဲဒီဗောဓိညောင်ပင် ကြီးထွားလာတဲ့အခါ ဒက္ခိဏသာခါ (တောင်ဘက်မှအကိုင်း) ဗောဓိပင်ရယ်လို့ ခေါ်ဝေါ် သမုတ်ခဲ့ကြပါတယ်။

မဟာဗောဓိညောင်ပင်ကို ပရိဘောဂစေတီအမျိုးအစားအဖြစ် ထည့်သွင်းသတ်မှတ်ပါတယ်။ ဒါကြောင့်လည်း မဟာဗောဓိညောင်ပင်ကို မြင့်မြတ်တဲ့သစ်ပင်အဖြစ် အလေးအမြတ်ပြုခဲ့ကြတာဖြစ်ပါတယ်။ မဟာဗောဓိညောင်ပင်ကို ရေသွန်းလောင်းတာဟာ ပရိဘောဂစေတီကို ရေသပ္ပာယ်တဲ့သဘော၊ တစ်နည်းအားဖြင့် ဗုဒ္ဓမြတ်စွာကို ရည်စူးပြီး ပူဇော်တဲ့သဘောကို ဆောင်ပါတယ်။ မြန်မာပြည်အရပ်ရပ်က ဘုရားကျောင်းကန်တွေမှာ စိုက်ပျိုးထားတဲ့ ဗောဓိညောင်ပင်တွေဟာ သမိုင်းစဉ်ခေတ်အဆက်ဆက် ဗုဒ္ဓဂယာနဲ့ သီရိလင်္ကာကနေ မျိုးစေ့တွေ၊ ပင်ပျိုတွေကို ရယူစိုက်ပျိုးထားကြတဲ့အပင်တွေဖြစ်ပါတယ်။ မြန်မာ့သမိုင်းမှာ အစောဆုံး ဗောဓိညောင်ပင်စိုက်ပျိုးသူကတော့ အေဒီ ၁၀၄၄ ခုနှစ်မှာ နန်းတက်တဲ့ အနော်ရထာမင်းမြတ်ဖြစ်ပါတယ်။ မင်းဆရာတော် မထေရ်မြတ် ရှင်အရဟံနဲ့အတူ ပင်းယမြို့ကို သွားရောက်ပြီး ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားခြင်းအထိမ်းအမှတ်နဲ့ စိုက်ပျိုးတော်မူခဲ့တာဖြစ်ပါတယ်။ အခုဆိုရင် နှစ်ပေါင်း ၁၀၀၀ နီးပါးသက်တမ်းရှိလာပြီဖြစ်တဲ့ အဲဒီ ဗောဓိညောင်ပင်ကြီးဟာ ဧရာမကိုင်းခွဲကြီးတွေ ဖြာထွက်ပြီး အံ့သြလောက်စရာ ကြီးထွားကြီးမားနေပါပြီ။

ပုဂံခေတ် အေဒီ ၁၁၇၃ ခုနှစ်မှာ နန်းတက်တဲ့ နရပတိစည်သူမင်းလက်ထက်မှာ ဆရာတော် အရှင်ကဿပမဟာထေရ်ဟာ သီရိလင်္ကာကိုကြွသွားပြီး အပြန်ခရီးမှာ မဟာဗောဓိညောင်မျိုးစေ့ရယ်၊ မဟာစေတီနဲ့ လောကပသာဒပြာသာဒ်တော်ပုံစံ ပုံဆွဲတွေကို ယူဆောင်လာပြီး ဘုရင့်ကိုပေးအပ်တော်မူတယ်။ နရပတိစည်သူမင်းက အဲဒီမဟာဗောဓိညောင်ပင်မျိုးစေ့ကို အခမ်းအနားနဲ့ စိုက်ပျိုးပြီး ရေသွန်းတော်မူခဲ့တယ်။ ပင်းယခေတ် ဥဇနာဘုရင်က အေဒီ ၁၃၄၀ပြည့်နှစ်မှာ မဟာဗောဓိညောင်ပင်ကို စိုက်ပျိုးခဲ့ပြီး အင်းဝခေတ် နရပတိနဲ့ မဟာသီဟသူရဘုရင်တို့က အေဒီ ၁၄၄၂ နဲ့ ၁၄၆၈ ခုနှစ်မှာ သီရိလင်္ကာက ရရှိခဲ့တဲ့ မဟာဗောဓိညောင်ပင်ပျိုတွေကို စိုက်ပျိုးတော်မူခဲ့ကြတယ်။ ဓမ္မစေတီမင်း လက်ထက်မှာလည်း သီရိလင်္ကာက ရရှိခဲ့တဲ့ မဟာဗောဓိညောင်ပင်မျိုးစေ့တွေကို ရွှေတိဂုံစေတီတော်ရဲ့ အနောက်မြောက်ဘက်မှာ စိုက်ပျိုးစေခဲ့တယ်။ အခုဗောဓိကုန်းလို့တွင်နေတဲ့ နေရာပါ။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား(ဗဒုံမင်း) လက်ထက်မှာ ပညာရှင်အဖွဲ့တစ်ဖွဲ့ကို အိန္ဒိယပြည်စေလွှတ်ပြီး ဗုဒ္ဓဂယာမှာရှိတဲ့ မဟာဗောဓိညောင်ပင်ကို လေ့လာစေခဲ့တယ်။ သူတို့ရဲ့ အပြန်ခရီးမှာ မဟာဗောဓိညောင်ပင်တော်မြတ်နဲ့ ပတ်သက်တဲ့ အသေးစိတ်အကြောင်းအချက်တွေ ပုံဆွဲမှတ်တမ်းတွေအပြင် လက်ဆောင်ရရှိခဲ့တဲ့ မဟာဗောဓိညောင်ပင်ပျိုနှစ်ပင်ကိုလည်း ယူဆောင်ခဲ့ကြတယ်။ အဲဒီအပင်တွေကို ဘိုးတော်ဘုရားကိုယ်တိုင် မင်းကွန်းဘုရားကြီးရဲ့



ပရိဝုဏ်အတွင်းမှာ အခမ်းအနားနဲ့ စိုက်ပျိုးတော်မူခဲ့တယ်။ သူ့အရိုက်အရာကို ဆက်ခံတဲ့ ဘကြီးတော် (စစ်ကိုင်းမင်း) လက်ထက်မှာ ဗုဒ္ဓဂယာကရရှိတဲ့ မဟာဗောဓိညောင်ပင်ပျိုတွေကို နန်းတော်ရဲ့ အနောက်တောင်ဘက်မှာ အခမ်းအနားနဲ့ စိုက်ပျိုးတော်မူခဲ့တယ်။ ရတနာပုံခေတ် မင်းတုန်းမင်းတရားကြီးလက်ထက် (အေဒီ ၁၈၆၀)မှာ သီရိလင်္ကာက ဘုန်းတော်ကြီးတွေ ပေးပို့လိုက်လို့ရရှိတဲ့ မဟာဗောဓိညောင်ပင်ပျိုတွေကို မန္တလေးနန်းတော်တောင်ဘက်(ယခုဗောဓိကုန်း) မှာစိုက်ပျိုးတော်မူခဲ့တယ်။ ကျောက်တော်ကြီးဘုရားရဲ့ ထောင့်လေးထောင့်မှာရှိနေတဲ့ မဟာဗောဓိညောင်ပင်တွေဟာလည်း မင်းတုန်းမင်းလက်ထက် ဗုဒ္ဓဂယာကရရှိပြီး စိုက်ပျိုးထားတဲ့ အပင်တွေပဲဖြစ်ပါတယ်"

**ထင်ရှားကျော်ကြား**

"မြန်မာပြည်မှာ ဗောဓိညောင်ပင်စိုက်ပျိုးတဲ့ ဓလေ့က မျက်မှောက်ခေတ်အထိ ဆက်လက်ရှင်သန်နေဆဲဖြစ်ပါတယ်။ ရွှေတိဂုံစေတီတော် အနောက်မြောက်ထောင့်မှာရှိနေတဲ့ ဗောဓိညောင်ပင်ကို မြန်မာနိုင်ငံလွတ်လပ်ရေးရရှိတဲ့ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်မှာ စိုက်ပျိုးခဲ့တာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နားမှာ ဗောဓိပင်ပျို ၁၀၀၀ စိုက်ပျိုးခဲ့တာကြောင့် အဲဒီနေရာဟာ ဗောဓိတစ်ထောင်အရပ်ဆိုပြီး ဒီကနေ့အမည်တွင် ထင်ရှားကျော်ကြားလျက်ရှိပါတယ်"

"မြန်မာပြည်ရဲ့ ဗောဓိညောင်ပင်သမိုင်းနဲ့ ပတ်သက်ပြီး အခုလို ပြည့်ပြည့်စုံစုံ ပြောပြပေးတဲ့အတွက် သိပ်ပြီး ကျေးဇူးတင်ပါတယ်။ အရေးကြီးတာတစ်ခုပဲ ကျန်ပါတော့တယ်။ ကဆုန်ညောင်ရေသွန်းတာနဲ့ ဗောဓိညောင်ပင်နဲ့ ဘယ်လိုဆက်စပ်နေသလဲဆိုတာ သိချင်ပါတယ်"

ထိုအမေးအတွက် အဖြေက မခက်ပါ။ "ကဆုန်လပြည့်နေ့ဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် အရေးကြီးလှတဲ့ နေ့ထူးနေ့မြတ်ကြီး ဖြစ်ပါတယ်။ ဗုဒ္ဓရှင်တော်မြတ်ရဲ့ ဖြစ်စဉ်တော်တွေထဲမှာ အရေးပါလှတဲ့ ဖြစ်စဉ်တော်ကြီးလေးရပ်စလုံးဟာ ကဆုန်လပြည့်နေ့မှာပဲ ဖြစ်ပေါ်ခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ ပထမဖြစ်စဉ်တော်ကတော့ ဒီပင်္ကရာမြတ်စွာဘုရားက အလောင်းတော်သုမေဓာရှင်ရသေ့ကို ဗျာဒိတ်ပေးခဲ့တာ ကဆုန်လပြည့်နေ့ဖြစ်ပါတယ်။ ဒုတိယဖြစ်စဉ်တော်ကတော့ မယ်တော် မာယာဒေဝီက အလောင်းတော်သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူတာဟာလည်း ကဆုန်လပြည့်နေ့မှာပဲ ဖြစ်ပါတယ်။ တတိယဖြစ်စဉ်တော်ကတော့ ဒုက္ကရစရိယာ ခြောက်နှစ်လွန်မြောက်ပြီးနောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့မှာ ဂေါတမဗုဒ္ဓမြတ်စွာဘုရားအဖြစ် ပွင့်တော်မူတာ ဖြစ်ပါတယ်။ စတုတ္ထဖြစ်စဉ်တော်ကတော့ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့မှာ ဗုဒ္ဓမြတ်စွာဟာ ပရိနိဗ္ဗာန် စံတော်မူခဲ့ပါတယ်။ ဗုဒ္ဓရဲ့ အရေးကြီးလှတဲ့ ဖြစ်စဉ်တော်ကြီးလေးရပ်စလုံးဟာ ကဆုန်လပြည့်နေ့မှာပဲ ဖြစ်ပေါ်ခဲ့ရတာမို့ ကဆုန်လပြည့်နေ့ကို ဗုဒ္ဓဘာသာဝင်တွေ ဘာဖြစ်လို့ အလေးထားကြသလဲဆိုတာ ရှင်းနေပါပြီ"

"ပုဂံခေတ်ကစပြီး သမိုင်းစဉ် ခေတ်အဆက်ဆက် မဟာဗောဓိညောင်ပင်တွေကို မြန်မာပြည်အရပ်ရပ်မှာ စိုက်ပျိုးတဲ့အခါ ဦးဆောင်ဦးရွက်ပြုတဲ့ ဘုရင်တွေကိုယ်တိုင် စိုက်ပျိုးတဲ့နေ့မှာ အခမ်းအနားနဲ့ ရေသွန်းတော်မူခဲ့ကြတဲ့အကြောင်း၊ ပုဂံခေတ်အေဒီ ၁၂၀၁ ခုနှစ်မှာ ရေးထိုးခဲ့တဲ့ သင်္ဂြိုးညောင်အုပ်ကျောက်စာ၊ အေဒီ ၁၂၉၁ ခုနှစ်မှာ ရေးထိုးခဲ့တဲ့ စောလှဝင်းဘုရားကျောက်စာနဲ့ ပင်းယခေတ် ကာချင်းတစ်ပုဒ်ထဲမှာ ဖော်ပြထားတာကို လေ့လာ တွေ့ရှိခဲ့ပါတယ်"

"တန်ခူးရေကုန် ကဆုန်ရေခန်းဆိုတဲ့ မြန်မာ့ဆိုရိုးစကားနဲ့အညီ ရေခန်းခြောက်တယ်လို့ သတ်မှတ်ခဲ့ကြတဲ့ ကဆုန်လရောက်တဲ့အခါတိုင်း ကဆုန်လပြည့်နေ့မှာ မိမိတို့အလေးအမြတ်ထားတဲ့ပရိဘောဂစေတီဝင်အဖြစ် သတ်မှတ်ထားတဲ့ မဟာဗောဓိညောင်ပင်တွေကို အများပြည်သူစုပေါင်းပြီး အခမ်းအနားနဲ့ ညောင်ရေသွန်းလောင်းခဲ့ကြတဲ့ အစဉ်အလာဟာ မြန်မာ့ရိုးရာ ကဆုန်ညောင်ရေသွန်းပွဲတော် ဖြစ်တယ်ဆိုတဲ့အကြောင်း ဧည့်သည်တော်ကြီး နားလည်နိုင်လောက်ပါပြီ"

ထိုစဉ်အခိုက် ရေအိုးကိုယ်စီရွက်လာကြသည့် လှပျိုဖြူလေးများက ဗောဓိညောင်ပင်အား အလှည့်ကျ ညီညာစွာ ရေသွန်းလောင်းကြသည်ကိုလည်းကောင်း၊ သူတို့နောက်ပါးမှ ကာလသားများ၏ မြူးထူးမြိုင်ဆိုင်စွာ တီးမှုတ် ကခုန်နေသည့် ဒိုးပတ်ဝိုင်းနှင့် ဦးရွှေရိုးအကကိုလည်းကောင်း စိတ်ဝင်စားစွာငေးကြည့်နေသည့် ဧည့်သည်က-

"ညောင်ရေသွန်းလောင်းနေတဲ့ အမျိုးသမီးလေးတွေက ယိမ်းသမလေးတွေ ကျနေတာပဲ၊ အရွယ်ရော၊ အရပ်အမောင်းရော ညီကြတယ်၊ လှုပ်ရှားပုံတွေကလည်း သိပ်ပြီး အသက်ဝင်တယ်၊ သနပ်ခါးကလွဲပြီး ဘာမှမလိမ်းမခြယ်ထားကြပေမယ့် သူတို့ရဲ့မျက်နှာလေးတွေက ဝင်းဝင်းပပလှနေကြတယ်၊ ဒိုးပတ်ဝိုင်းကလည်း မြူးလိုက်မြိုင်လိုက်တာဗျို့၊ ကျွန်တော်သာ ကတတ်ရင် ဝင်ပြီးကလိုက်ချင်တယ်"ဟု အားရပါးရ ပြောလိုက်လေရာ သူကနှစ်နှစ်ခြိုက်ခြိုက် ဂုဏ်ယူစွာပြုံးလိုက်မိရ၏။

ဧည့်သည်နှင့်သူသည် စတုဒိသာ ကျွေးမွေးသူများက တိုက်ကျွေးသော ရွှေရင်အေးကို တစိမ့်စိမ့်သောက်ရင်း အရသာခံနေကြစဉ်-

"အခုသောက်နေရတဲ့ အစားအစာကလည်း နာမည်နဲ့ သိပ်ပြီးလိုက်တယ်နော်၊ ရင်ထဲကို အေးမြသွားတာပဲ၊ ကျွန်တော် မြန်မာပြည်က ပြန်သွားပြီးရင်တော့ နှစ်စဉ် မေလရောက်တဲ့အခါတိုင်း မြန်မာ့ရိုးရာ ကဆုန်ညောင်ရေသွန်းပွဲကို လွမ်းဆွတ်သတိရနေမိမှာသေချာတယ်"

ဧည့်သည်တော်၏စကားများကို နားထောင်ရင်းသူသည် ကုန်းဘောင်ခေတ်စာဆိုတော်ကြီး လက်ဝဲသုန္ဒရ၏ မဲဇာတောင်ခြေပိုဒ်စုံရတုမှ-

"ပွဲခါညောင်ရေ သွန်းမြဲပေတည်း၊ ရှိသေသဒ္ဓါထုံးစဉ်လာဖြင့် မဲဇာရပ်သူ တောင်းဆုယူသည်"ဟူသော စာသားများကို လည်းကောင်း၊

စာတော်ဖတ်ဦးကြော့၏ တော်ကဆုန်လေးချိုးသဖြန်မှ-

"ပူမိသည် မှော်ရဂုံက တော်ကဆုန် ညောင်ရေသွန်းချိန်မို့ ဖော်မစုံအောင် မြေကွန်ဆီသို့ လွမ်းလိုက်လှသေး"ဟူသော အဖွဲ့အနွဲ့တို့ကိုလည်းကောင်း သတိရပြီး တိုးတိုးလေး ရွတ်ဆိုနေမိလေသည်။ ။













# ငြိမ်းချမ်းရေး အညွန့်အဖူး လွန့်လူး ကွန့်မြူးချိန်

ကို ရင် ဩ

မဟာအင်အားကြီး ဆိုရှယ်လစ်စီးပွားရေးစနစ် ထူထောင်ရာဝယ် နိုင်ငံတော်၏ လက်နက်အင်အားလည်း ကြီးမားစေ၊ စီးပွားရေးအင်အားလည်း ခိုင်မာစေ ရှိနေသင့်သည်၊ လက်နက်စွမ်းပကားနှင့် စီးပွားစွမ်းအားတို့ ပြည့်စုံရေးအတွက် တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးပမ်းသင့်သည်ဟု မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က အခါခပ်သိမ်း မချွတ်မယွင်း တိုက်တွန်းလာခဲ့ပြီးသော် ဧပြီ ၂၀ ရက်တွင် ဆိုင်းမဆင့် ဗုံမပါ ရုတ်ခြည်းကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ရာ သူ၏ အရွေ့ကို ကမ္ဘာက အံ့အားသင့်ခဲ့ကြရသည်။

မြောက်ကိုရီးယား ခေါင်းဆောင်၏ လက်သုံးတော်မူဝါဒအား အနှစ်သာရ အဓိပ္ပာယ်ကို ထုတ်ဆောင်ရမည်ဆိုပါလျှင် နိုင်ငံတော်ကာကွယ်ရေး အလို့ငှာ အဏုမြူလက်နက်ပိုင်ဆိုင်ရေးအတွက် ကြိုးပမ်းနေစဉ်မှာပင် နိုင်ငံတော် ဖွံ့ဖြိုးရေးအလို့ငှာ စီးပွားရေးတည်ဆောက်မှုကို ပြိုင်တူပြုလုပ်ရေးဖြစ်သည်။

အဏုမြူလက်နက် ပိုင်ဆိုင်မှုနှင့် စီးပွားရေးအင်အားကြီးထွားမှုတို့ အတူဒွန်တွဲဖြစ်ပေါ်ရန် ခေါင်းဆောင်ကြီး ကင်ဂျုံအန်က 'ဗျောင်ဂျင်'ဟု သိရှိကြသော မူဝါဒကို နိုင်ငံတော်၏ မဟာဗျူဟာလမ်းစဉ်အဖြစ် အပီအပြင် ချမှတ်ခဲ့ပြီးလျှင် ယင်းမူဝါဒ၏ အနှစ်သာရကို အစိုးရ၏ ဝါဒဖြန့်ချိရေး လမ်းညွှန်ချက်မူဘောင်တွင် လည်းကောင်း၊ အာဏာရ 'အလုပ်သမားများပါတီ'၏ ပဋိညာဉ်စာတမ်းတွင် လည်းကောင်း အတိအလင်း ထည့်သွင်းဖော်ပြခဲ့သည်ဟု ကျွန်ုပ်မှတ်သားရ၏။

မြောက်ကိုရီးယားနိုင်ငံသည် တာဝေးပစ်ဒုံးကျည်များနှင့် အဏုမြူဗုံးများ ထုတ်လုပ်နိုင်ရေးအတွက် နောက်ထပ် စမ်းသပ်မှုများ ပြုလုပ်တော့မည်မဟုတ်၊ တစ်ခုတည်းသော အဏုမြူစမ်းသပ်ရေးစခန်းကိုလည်း ပိတ်ပစ်တော့မည်ဖြစ်ကြောင်း ခေါင်းဆောင်ကြီး ကင်က မကြာမီက ကမ္ဘာသို့ ကြေညာလိုက်ရာ ငြိမ်းချမ်းရေး၏ ပြယုဂ်ကို ထင်ထင်ရှားရှား ပြသခြင်းလောဟု စေ့ငုစရာဖြစ်ရလေသည်။

အဏုမြူစမ်းသပ်မှုများ အတွင်တွင် ပြုလုပ်ခဲ့ရာမှ အဏုမြူစမ်းသပ်မှုများမှ ကျောခိုင်းကာ စီးပွားရေးဘက်သို့ ဦးလည်မသုန်လှည့်ရန် မြောက်ကိုရီးယားဘက်မှ အချက်ပြလိုက်ခြင်းသည် ကြုံတောင့်ကြုံခဲ့ ယင်းထိပ်သီးဆွေးနွေးပွဲ၏ ထူးခြားသော လက္ခဏာတစ်ရပ်အဖြစ် တွေ့မြင်ကြရကုန်၏။

ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲကိုသာမက ဇွန်လထက် နောက်မကျဘဲ မြောက်ကိုရီးယား-အမေရိကန်ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ရန်အတွက်လည်း စီစဉ်ထားချိန် ဖြစ်ပေရာ ခေါင်းဆောင်ကြီးကင်၏ ကြေညာချက်က တစ်မူထူးခြားလှသည်။

မြောက်ကိုရီးယားသည် အမေရိကန်ကို တိုက်ချင်းပစ် အဏုမြူလက်နက်ဖြင့် ပစ်ခွင်းနိုင်သည့် စွမ်းပကားပိုင်ဆိုင်ထားပြီးချိန်ရောက်မှသာ ထိပ်သီးဆွေးနွေးပွဲကို ကျင်းပရန် စီစဉ်ခြင်းဖြစ်ပေရာ ဆိုဗီယက်ခေတ်က ကျင့်သုံးခဲ့သည့် နည်းဗျူဟာမျိုးကို ခေါင်းဆောင်ကြီးကင် ကျင့်သုံးခြင်းလောဟု တောင်ကိုရီးယားမူဝါဒ ရေးဆွဲသူများက စောဒကတက် မေးမြန်းခဲ့ကြသည်။

မြောက်ကိုရီးယားသည် အဏုမြူလက်နက်များကို စွန့်လွှတ်ရန် အမှန်တကယ်လိုလားခြင်း ရှိ မရှိ မေးခွန်းထုတ်ရမည်ဟုလည်း ဆိုသည်။

အဏုမြူလက်နက် ဖျက်သိမ်းရေးနှင့် မြောက်ကိုရီးယားအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများ အဆုံးသတ်ရေးတို့မှာ ကင်နှင့် ထရန့်တို့၏ ထိပ်သီးဆွေးနွေးပွဲအတွက် အဓိက ဆွေးနွေးစရာများ ဖြစ်လိမ့်မည်ဟု မျှော်လင့်ရ၏။

သို့ရာတွင် ကိုရီးယားကျွန်းဆွယ်အား အဏုမြူလက်နက် ကင်းမဲ့ဇုန်အဖြစ် ထူထောင်ရေးနှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက်အကြား အဓိပ္ပာယ်ဖွင့်ဆိုပုံချင်း အကြီးအကျယ် ကွဲလွဲမှုရှိနိုင်သည်ဟု ကိုရီးယားသမိုင်းနှင့် ပြည်သူ့ရေးရာမူဝါဒ ကျွမ်းကျင်သူပညာရှင် ဂျင်းလီက သုံးသပ်သည်။

### အထူးပင်ရှုပ်ထွေးနိုင်

ဧပြီ ၂၇ ရက် ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲနှင့် ယင်းဆွေးနွေးပွဲအပြီး မကြာမီ ကျင်းပရန် စီစဉ်ထားသော အမေရိကန်- မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲတို့မှာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အထူးအရေးပါသော ဆွေးနွေးပွဲများ ဖြစ်လိမ့်မည်ဖြစ်သော်လည်း အဏုမြူကင်းမဲ့ဇုန် ထူထောင်ရေးမှာ အထူးပင် ရှုပ်ထွေးလှသော အကြောင်းအရာဖြစ်ကြောင်း နယူးဇီလန်နိုင်ငံ အုတ်ကလန်မြို့ရှိ မာဆေးတက္ကသိုလ်၏ နိုင်ငံရေးသုတေသီလည်းဖြစ်၊ ကိုရီးယားလူမျိုး တစ်ဦးလည်းဖြစ်သူ ဒေါက်တာရှိုင်းချိုင်က သုံးသပ်သည်။

ကိုရီးယားကျွန်းဆွယ် နှစ်ပိုင်းကွဲနေရခြင်းသည် လူ့ပယောဂကြောင့် ဖြစ်ရသည်၊ မိမိတို့ ကျူးလွန်ခဲ့သော အမှားများကို ပြန်လည်အထုံးဖြေရန် မိမိတို့ကိုယ်တိုင် လုပ်ဆောင်ရန်သာရှိသည်ဟု ဒေါက်တာချိုင်က ဆိုသည်။

ယခင်ကျင်းပခဲ့သော ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲမှာ အောင်မြင်မှုမရရှိဟု ပြန်လည်သုံးသပ်နိုင်သည်။ တောင်ကိုရီးယားသမ္မတ ကင်ဒေးဂျုံက ၎င်း၏ "နေရောင်ခြည်ဖြာ မူဝါဒ"နှင့်အညီ ယင်းထိပ်သီးဆွေးနွေးပွဲဖြစ်ပေါ်ခဲ့သည်။ ယင်းထိပ်သီးဆွေးနွေးပွဲ၌ အမြော်အမြင်ကြီးမားစွာ ဆွေးနွေးခဲ့ကြခြင်းထက် နှစ်နိုင်ငံအကြား စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော်ရေး ကိစ္စကိုသာ အလေးအနက်ထားခဲ့ကြသည်။ နယ်စပ်ဒေသ၌ ကေဆောင်းစက်မှုဇုန် ထူထောင်ရေး၊ နှစ်နိုင်ငံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ကိုလိုနီလက်သစ်ဆက်ဆံရေးတို့၏ အကျိုးသက်ရောက်မှုများမှ တားဆီးရေးစသည့် အကြောင်းခြင်းရာများကို ထိုစဉ်က အလေးအနက်ပြု ဆွေးနွေးခဲ့ကြသည်ကို တွေ့ရသည်။

သို့ရာတွင် ဧပြီ ၂၇ ရက် ထိပ်သီးဆွေးနွေးပွဲအတွက် မျှော်လင့်ချက် ရောင်ခြည်များ ပြန်လည်နိုးထလာသည်ကို တွေ့ရပြန်သည်။

၁၉၅၃ ခုနှစ်တွင် ကိုရီးယားစစ်ပွဲကို အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ဖြင့် အဆုံးသတ်ခဲ့ပြီးချိန် နောက်ပိုင်း တတိယအကြိမ် ထိပ်သီးချင်း ဆွေးနွေးခြင်းဖြစ်ပေရာ ငုပ်လျှိုးနေသော ငြိမ်းချမ်းရေးကို ရှာဖွေတူးဆွကြတော့မည့် အခါသမယတစ်ရပ်အဖြစ် ငံ့လင့်စောင့်ကြည့်နေကြသည်။

၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲများ ကျင်းပခဲ့စဉ်က အားလုံးက မျှော်လင့်ချက်ကြီးကြီးထားခဲ့ကြ၏။ သမိုင်းဝင်အောင်မြင်မှုများအဖြစ်လည်း ဝှဲချီးထိုက်ခဲ့ကြ၏။ သို့တစေ နှစ်ဖက်သဘောတူညီမှုချက်များ ရရှိခဲ့ကြသည့်တိုင်အောင် မြောက်ကိုရီးယားက 'နဂါးမှန်းသိအောင် အမောက်ထောင်ပြ' ဘိသကဲ့သို့ ကမ္ဘာကို အဏုမြူအစီအစဉ်နှင့် ဒုံးကျည် အစီအစဉ်တို့ကိုပြသကာ ဟန်ရေးဝါရေးများနေခဲ့၏။

မြောက်ကိုရီးယား၏ လက်နက်ဘုန်းတော်မှာ ရှင်ဘုရင်၏ သန်လျက်တော်အလား ထက်မြက်လှပြီးလျှင် ခုတ်ဟန်ရွယ်လေသော် ဂျပန်မှသည် အမေရိကန်ပြည်အထိ ကမ္ဘာတစ်လွှား စနောင့်စနင်း ဖြစ်ခဲ့ကြရသည်ကို သတင်းစာမျက်နှာများတွင် ဖော်ပြခဲ့သည်။

သို့ဖြစ်စေကာမူ ဤတစ်ကြိမ် ထိပ်သီးဆွေးနွေးပွဲမှာ အသွင်သဏ္ဌာန်အရရော၊ အခြေအနေနှင့် အချိန်အခါတို့အရပါ ယခင်နှင့်မတူ တစ်မူထူးခြားလှသည်ဟု ဇာချဲ့ဖွဲ့ဆိုရမလို ဖြစ်နေသည်။ အကြောင်းမူကား ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲအပြီး မကြာမတင်မှာပင် အမေရိကန်နှင့် မြောက်ကိုရီးယားတို့၏ ထိပ်သီးဆွေးနွေးပွဲကို ရှေ့ဆင့်နောက်ဆင့် ကျင်းပရန် စီစဉ်ထားခြင်းကြောင့် ဖြစ်သည်။

မေလ သို့မဟုတ် ဇွန်လအတွင်း သမ္မတ ထရန့်နှင့် ကင်ဂျုံအန်တို့ တွေ့ဆုံဆွေးနွေးကြရန် ရှိခြင်းမှာ ငြိမ်းချမ်းရေး ထံတျာသံ "မိုးလုံး ကျွက်ကျွက်ညံ့မည့်" ပုံအသွင်ရှိနေပေရကား 'ချိန်တော့မိုး၊ ထိုးတော့မြေကြီး' ဟူဘိသို့ တကယ်လက်တွေ့တွင် အဖျားရှူးခြင်း မဖြစ်ကြပါစေနှင့်ဟူ၍ ဝိုင်းဝန်းဆုတောင်းသံများ ကြားသိခဲ့ရပြန်သည်။

ယခုတစ်ကြိမ် ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲ၌ တောင်ကိုရီးယား သမ္မတ မွန်းဂျယ်အင်း အမှားမခံသင့်ဟု နိုင်ငံရေးသုခမိန်တို့က တင်ကူးသတိပေးခဲ့ကြသည်ကို ကျွန်ုပ်လေ့လာတွေ့ရှိ၏။ အဏုမြူကင်းမဲ့ဇုန် ထူထောင်ရေးဆိုင်ရာ အခြေခံမူများကို အသေးစိတ်ချပြနိုင်ခြင်း မရှိမီ စီးပွားရေးအရ၊ လူသားချင်းစာနာမှုအရ အကူအညီပေးရန် ယခင်ထိပ်သီးဆွေးနွေးပွဲများနည်းတူ လက်ကမ်းပေးခဲ့ပုံမျိုး ထပ်မံမလုပ်ဆောင်သင့်ဟု နိုင်ငံရေးလေ့လာသူများက မွန်းအားအကြံပြုခဲ့ကြ၏။ သမ္မတမွန်း ခမျာ 'မင်းသားဖြစ်မှ သံဆန်း ပေါ်သည့်ကိန်း' မဆိုက်ဖို့ သတိနှင့်ယှဉ်ကာ ဆွေးနွေးပွဲဝင်ရမည်ဟု ချင့်တွက်ရ၏။

နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့ရှိ ဝိတိုရိယတက္ကသိုလ်မှ နိုင်ငံရေးပညာရှင် ဒေါက်တာပက်ထရစ်ဖလမ်းကမူ ကိုရီးယားကျွန်းဆွယ်ထိပ်သီးဆွေးနွေးပွဲကျင်းပနိုင်မှုကို အကြောင်းပြု၍ သမ္မတမွန်း၏ နိုင်ငံရေး ရပ်တည်ချက်ခိုင်မာလာနိုင်သည်ဟု သုံးသပ်သည်။

ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲသည် အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဟု ဆိုနိုင်သော်လည်း မကြာမီကျင်းပမည့် မြောက်ကိုရီးယားနှင့် အမေရိကန်တို့၏ ထိပ်သီးဆွေးနွေးပွဲနှင့် နှိုင်းယှဉ်လျှင် အရေးပါမှု ပိုမိုလျော့နည်းနေသည်ဟု နယူးဇီလန်နိုင်ငံ ဝယ်လင်တန်မြို့ရှိ ဝိတိုရိယတက္ကသိုလ်မှ ဒေါက်တာဗန်ဂျက်ဆန်က ပြောကြားသည်။

ထရန့်နှင့် ကင်ထိပ်သီးဆွေးနွေးပွဲတွင် အဏုမြူအစီအစဉ်နှင့်ပတ်သက်၍ မြောက်ကိုရီးယားဘက်မှ မည်သို့မည်ပုံ သဘောထားရပ်တည်ချက် ချပြမည်ကို အဓိကစောင့်ကြည့်စရာဖြစ်ရသည်။

ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက်ကင်းမဲ့ဇုန် ထူထောင်နိုင်ရေးအတွက် မြောက်ကိုရီးယားဘက်မှ အဏုမြူအစီအစဉ် အဆုံးသတ်ပေးရန် အမေရိကန် တောင်းဆိုလာပါက မြောက်ကိုရီးယားနိုင်ငံကလည်း ကိုရီးယားကျွန်းဆွယ်နှင့် အာရှအရှေ့မြောက်ဒေသတို့အပေါ် အမေရိကန်က အဏုမြူထီးကြီးဖြင့် ကာမိုးပေးထားမှု အဆုံးသတ်ပေးရန် တောင်းဆိုလာမည်ဟု မျှော်လင့်ရလေသည်။

### ငြိမ်းချမ်းရေးကွန့်မြူးချိန်

ကိုရီးယား နှစ်နိုင်ငံကို ပိုင်းခြားထားသည့် စစ်မဲ့ဇုန်၌ ဦးဦးဖျားဖျား ထူးထူးခြားခြား တွေ့ဆုံကြသူ မြောက်ကိုရီးယား ခေါင်းဆောင်ကြီး ကင်ဂျုံအန်နှင့် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းတို့၏ ဧပြီ ၂၇ ရက် ထိပ်သီးဆွေးနွေးပွဲသည် ကိုရီးယားကျွန်းဆွယ်ရှိ အချင်းခပ်သိမ်း ပြည်သူများအတွက် မင်္ဂလာအပေါင်း ခညောင်းသော အခါသမယအဖြစ် ရှုမြင်ရပြီးလျှင် ငြိမ်းချမ်းရေး အညွန့်အဖူး လွန့်လူး ကွန့်မြူးချိန်ရောက်ပြီဟု ဆိုနိုင်ပေလိမ့်မည်။

စစ်မဲ့ဇုန်အတွင်း တည်ရှိသော ပန်မွန်ဂျုံကျေးရွာရှိ ငြိမ်းချမ်းရေးဂေဟာ၌ ခေါင်းဆောင်နှစ်ဦး တွေ့ဆုံခဲ့ကြရာတွင် ကိုရီးယားစစ်ပွဲ တရားဝင် အဆုံးသတ်ရန် ကတိကဝတ်ပြုကာ သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်းမှာ သမိုင်းကဏ္ဍသစ် ဖွင့်လှစ်လိုက်ခြင်းဖြစ်ပြီး ကိုရီးယားကျွန်းဆွယ်အား အဏုမြူလက်နက်ကင်းမဲ့ဇုန်အဖြစ် ထူထောင်ရေး ရည်မှန်းချက်အတွက် ဆက်လက်လုပ်ဆောင်ကြရန် သဘောတူညီခဲ့ကြလေသည်။

သမ္မတမွန်းသည် ယခုနှစ် နှောင်းပိုင်း ပြုံယမ်းသို့ သွားရောက်ရန်လည်းကောင်း၊ ကေဆောင်းစက်မှုဇုန်တွင် ပူးတွဲဆက်သွယ်ရေးရုံး တစ်ရုံးထူထောင်ရန်လည်းကောင်း၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ညီညွတ်ရေးတို့ကို ဦးတည်လျက် ပူးပေါင်းဆောင်ရွက်မှုများ၊ အပြန်အလှန်ဖလှယ်မှုများ၊ အပြန်အလှန် တွေ့ထိဆက်ဆံမှုများ ပြုလုပ်သွားကြရန်လည်းကောင်း၊ ဇွန်လ ၁၅ ရက်တွင် အထူးအစည်းအဝေး ပြုလုပ်သွားရန်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ ယခုနှစ်အတွင်း ကျင်းပမည့် အာရှအားကစားပြိုင်ပွဲကဲ့သို့ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နှစ်နိုင်ငံပူးတွဲအားကစားအဖွဲ့ ဖွဲ့စည်း၍ ပါဝင်ဆင်နွှဲရန်လည်းကောင်း၊ ကွဲကွာနေသော ကိုရီးယားမိသားစုဝင်များ ပြန်လည်ပေါင်းစည်းမှုအစီအစဉ်ကို ဩဂုတ် ၁၅ ရက်တွင် ပြုလုပ်သွားရန် လည်းကောင်း၊ နယ်စပ်ဒေသ၌ ဝါဒဖြန့် ထုတ်လွှင့်မှုများ အဆုံးသတ်ကြရန်လည်းကောင်း၊ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများအကြား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားကြရန်လည်းကောင်း ထိပ်သီးဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြပေရာ "ငြိမ်းချမ်းရေး အညွန့်အဖူး လွန့်လူး ကွန့်မြူးချိန်"ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။


ဓာတ်ပုံ– Korea Summit Press Pool/ Reuters

*Ref:*
*North and south korea leaders hold historic summit (CNN)*




■ ဆွေဇင်နေမင်း

လတ်တလောရုံတင်ဇာတ်ကားများစွာအနက် "ရောင်ပြန်" ရုပ်ရှင်ကို ရွေးကြည့်ဖြစ်ခဲ့သည်။

ရောင်ပြန်ရုပ်ရှင်သည် သုဒြာရုပ်ရှင်ထုတ်လုပ်ရေး၏ ပွဲဦးထွက်ဇာတ်ကားဖြစ်ပြီး နာမည်ကြီးမင်းသမီး လေးဦးက ခေါင်းဆောင်ပါဝင်ထားခြင်းကြောင့် ရုံမတင်မီရက်များ ကတည်းက ပရိသတ်စိတ်ဝင်စားမှုကို ဖမ်းယူနိုင်ခဲ့သည်။ ရုံတင်ပြီးနောက်ပိုင်းရက်များတွင်လည်း လူမှုကွန်ရက်စာမျက်နှာများတွင် လူပြောများလာသော ရုပ်ရှင်တစ်ခု ဖြစ်လာခဲ့သည်။ ရောင်ပြန်ကို ချစ်ခင်အားပေးကြသော ပရိသတ်များစွာ ရှိသကဲ့သို့ လူမှုကွန်ရက်စာမျက်နှာထက်တွင် ဝေဖန်နေသူ ရုပ်ရှင်ချစ်ပရိသတ်များလည်း ရှိနေသည်။ ပရိသတ်များ၏ အမြင်အမျိုးမျိုး ကွဲပြားမှုများအရ ရောင်ပြန်ရုပ်ရှင်အပေါ် ကြိုက်နှစ်သက်မှု ကွဲပြားနေခြင်းသာ ဖြစ်သည်။

ရောင်ပြန်ကို ကြည့်ရှုပြီးသူ ရုပ်ရှင်ချစ်ပရိသတ်တစ်ဦး အနေဖြင့် ဤစာကို ဆက်ရေးရမည်ဆိုလျှင် ရောင်ပြန် ရုပ်ရှင်သည် ရုပ်၊ သံ အရည်အသွေးကောင်း ရုပ်ရှင်တစ်ခု ဖြစ်ကြောင်း ဦးစွာပထမ ဆိုချင်သည်။ သုဒြာရုပ်ရှင် ထုတ်လုပ်ရေးမှ အမျိုးသမီးအက်ရှင်ဇာတ်ကားကောင်း တစ်ခုကို ပရိသတ်ထံသို့ တင်ပြလိုသော စေတနာရည်ရွယ် ချက်ဖြင့် ရောင်ပြန်ကို ရိုက်ကူးတင်ဆက်ခဲ့ခြင်း ဖြစ်မည် ဟု ခန့်မှန်းသုံးသပ်မိသည်။ ရိုက်ကွင်းတည်နေရာကောင်း များ၊ အမျိုးသမီးသရုပ်ဆောင်ကောင်းများ၊ လူကြမ်းသရုပ် ဆောင်ကောင်းများနှင့် ရဟတ်ယာဉ်များကိုပါ ထည့်သွင်း ရိုက်ကူးပြီး "ရောင်ပြန်"ကို အသက်သွင်းခဲ့သည်။ မယ်ခိုင်၏ ဇာတ်လမ်းကို ဇာတ်ညွှန်းရေးဆရာ ငါးဦးက ပါဝင်ရေးသားထားပြီး ဒါရိုက်တာ လူမင်းက ပုံဖော်ရိုက်ကူး ထားခြင်းဖြစ်သည်။ ထို့ပြင် "ရောင်ပြန်" ရုပ်ရှင်သည် ဖက်ရှင်နှင့် အက်ရှင် (Fashion and Action) အသားပေး ရုပ်ရှင်ဖြစ်သည်ဟု ဆိုသည်နှင့်အညီ အဓိကဇာတ်ဆောင် အမျိုးသမီးလေးဦး၏ ဝတ်စားဆင်ယင်မှုဖက်ရှင် အမျိုးမျိုး ကို ဇာတ်ဝင်ခန်းတိုင်းတွင် အပြိုင်အဆိုင် တွေ့မြင်ကြ ရသည်။

ထို့နောက် သရုပ်ဆောင်များအကြောင်း ဆက်လက် ပြောကြည့်ရလျှင် အမျိုးသမီးဇာတ်ဆောင် လေးဦးအနက် ဇာတ်လမ်း၊ ဇာတ်ကောင်စရိုက်နှင့် အံဝင်ခွင်ကျဖြစ်မှု အရှိဆုံးသရုပ်ဆောင်မှာ ထွန်းအိန္ဒြာဗိုဟု ဆိုရပေမည်။ ဤဇာတ်လမ်းထဲတွင် သရုပ်ဆောင် ထွန်းအိန္ဒြာဗိုသည် ဒေါ်မေနက္ခတ်အဖြစ် သရုပ်ဆောင်ထားပြီး ထူးခြားသော ဇာတ်ကောင်စရိုက်ပုံစံဖြင့် တစ်မူကွဲပြားစွာ တွေ့မြင်ရ သည်။ ဝါရင့်သရုပ်ဆောင်ပီသစွာ အပိုအလိုမရှိ အံဝင်ခွင်ကျဖြစ်သော သရုပ်ဆောင်မှုအတတ်ပညာကို ချပြခဲ့ပြီး ဇာတ်ကောင်စရိုက်ကို အကောင်းဆုံးပုံဖော်နိုင်ခဲ့ သည်။ ဒေါ်မေနက္ခတ် ဇာတ်ကောင်နေရာမှ ဇာတ်လမ်းကို အကောင်းဆုံးပံ့ပိုးပေးနိုင်ခဲ့ပြီး ရုပ်ရှင်၏ ဇာတ်ရှိန်ကို ဆွဲတင်ကာ ပရိသတ်အာရုံကို ဖမ်းယူနိုင်သော သရုပ်ဆောင်ကောင်းတစ်ဦးဟု ဆိုရပေမည်။

အသိအမှတ်ပြုစရာအကြောင်းများကို ရေးသား ဖော်ပြပြီးသည့်အခါ ရုပ်ရှင်ချစ်ပရိသတ်တစ်ဦးအနေဖြင့် သုံးသပ်ဝေဖန်မှု အနည်းငယ်ပြုလုပ်လိုပါသည်။ "ရောင်ပြန်" ရုပ်ရှင်သည် အမျိုးသမီးဇာတ်ဆောင်များကို အားပြုရိုက်ကူးထားသော အက်ရှင်ဇာတ်ကားဟု ဆိုသော် လည်း အက်ရှင်ဇာတ်ဝင်ခန်းများနှင့်ပတ်သက်၍ ပရိသတ် များထံသို့ ခံစားမှုရသ အပြည့်အဝမပေးနိုင်သည်ကို တွေ့ရှိရသည်။ ဤသို့ဖြစ်ရခြင်း အကြောင်းအရင်းခံမှာ ပါဝင်သရုပ်ဆောင်သူ အမျိုးသမီးဇာတ်ဆောင်များနှင့် ဇာတ်လမ်း၏ ဇာတ်ကောင်စရိုက် ကိုက်ညီမှုမရှိခြင်း ကြောင့်ဖြစ်သည်ဟု သုံးသပ်မြင်မိသည်။ မေနိုင်း၊ ကိုကိုး နှင့် အရိပ် ဟူသော ဇာတ်ကောင်များနေရာတွင် အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီ ဝတ်မှုန်ရွှေရည် နှင့် ပက်ထရစ်ရှာတို့က ပါဝင်သရုပ်ဆောင်ပေးထားပြီး ဇာတ်လမ်းအရ ကိုယ်ခံပညာအားကောင်းသော အမျိုးသမီး ဇာတ်ကောင်များအဖြစ် ပုံဖော်ရန် အထူးလိုအပ် ပါသည်။

သို့သော် ကိုယ်ခံပညာရပ်တွင် အားနည်းမှုရှိနေသော အမျိုးသမီးဇာတ်ဆောင် သုံးဦး၏ မပီပြင်သော အက်ရှင် ဇာတ်ဝင်ခန်းများကြောင့် ရုပ်ရှင်၏ရသကို လျော့ကျသွား စေခဲ့သည်။ အထူးသဖြင့် ကိုယ်ခံပညာတတ်ကျွမ်းသူတို့၏ ကိုယ်နေဟန်ထားပုံစံများ မရှိခြင်း၊ ပြေးလွှားဟန်များနှင့် လှုပ်ရှားမှုပုံစံများတွင် သက်ဝင်လှုပ်ရှားမှု အားနည်းခြင်း စသည်တို့က ပရိသတ်၏အာရုံကို ဖမ်းစားနိုင်မှု ယုတ်လျော့ခဲ့ရသည်။ အမျိုးသမီးဇာတ်ကောင်များ၏ သူရဲကောင်းဟန်များနှင့် တိုက်ခိုက်ပုံများကို ရှင်းလင်းစွာ မြင်တွေ့ခွင့်ရရန် ပရိသတ်များက မျှော်လင့်မိသော်လည်း တစ်ကွက်ကောင်းရိုက်ချက်များ၊ အနေးပြကွက်များကိုသာ ဇာတ်လမ်းတောက်လျှောက် ကြည့်ရှုခံစားကြရသည်။

ဤနေရာတွင် ကိုယ်ခံပညာတတ်ကျွမ်းသော ဇာတ်ဆောင်အမျိုးသမီးများကိုသာ ထည့်သွင်းအသုံးပြုနိုင် မည်ဆိုပါက ဇာတ်လမ်း၏ရည်ရွယ်ချက်ကို ပိုမိုပံ့ပိုးမှု ပေးနိုင်မည်ဟု ထင်မြင်မိသည်။

အထူးသဖြင့် နောက်ဆုံးဇာတ်ဝင်ခန်းများထဲမှ တစ်ခန်းဖြစ်သည့် သရုပ်ဆောင် ညီညီမင်းထက်နှင့် အမျိုးသမီးဇာတ်ဆောင် နှစ်ဦး၏ အပြန်အလှန်သတ်ပုတ် ခန်းများသည် ပိုမိုအသက်ဝင်လာရန် ရှိနေပြီး ဇာတ်လမ်း၏ ဇာတ်ရှိန်ကိုလည်း အမြင့်ဆုံးသို့ တွန်းတင်ပေးနိုင်မည်ဟု ရုပ်ရှင်ကြည့်နေရင်း တွေးတောမိပြန်သည်။

ထို့ပြင် အက်ရှင်ဇာတ်ဝင်ခန်းများတွင် လွတ်လပ် ပေါ့ပါးမှုမရှိသော ဝတ်စားဆင်ယင်မှုပုံစံများ၊ မိတ်ကပ် ပြင်ဆင်ခြယ်သမှုလွန်ကဲခြင်းများနှင့် ဖိနပ်အမြင့်များ အသုံးပြုထားသည်ကို တွေ့မြင်ရသည်။ အက်ရှင်ဇာတ်ဝင် ခန်းအနေအထားနှင့် မလိုက်ဖက်သော ဖက်ရှင်ပိုင်း အလွဲ များကို ကြည့်ရှုခံစားရသည်။ ဤအချက်သည် "ရောင်ပြန်" ရုပ်ရှင်အပေါ် ပရိသတ်ဝေဖန်မှု မြင့်တက်လာစေသော အကြောင်းများထဲက အချက်တစ်ခု ဖြစ်သည်။

ဤနေရာတွင် ဆက်စပ်၍ နှိုင်းယှဉ်မှုတစ်ခု ပြုရ ပါလျှင် "ရောင်ပြန်" ရုပ်ရှင်ကြည့်နေစဉ်အတွင်း သတိရ လိုက်မိသည်က မစန္ဒာ၏ ဝတ္ထုကို ပုံဖော်ခဲ့သော "ဆဋ္ဌဂံ" ရုပ်ရှင်ဇာတ်ကား ဖြစ်သည်။ "ရောင်ပြန်" နှင့် "ဆဋ္ဌဂံ" သည် ဇာတ်လမ်းအမျိုးအစားနှင့် တင်ပြပုံ မတူညီသော် လည်း အမျိုးသမီးဇာတ်ဆောင်များကို အခြေပြုရိုက်ကူး ထားပုံချင်း တူညီနေသည်။ "ဆဋ္ဌဂံ" ရုပ်ရှင်ဇာတ်ကားသည် ဇာတ်ကောင်စရိုက်များနှင့် လိုက်ဖက်သော ဇာတ်ဆောင် နေရာချထားမှုဖြစ်ပြီး "ရောင်ပြန်" ဇာတ်ကားသည် ဇာတ်ကောင်စရိုက်များနှင့် လိုက်ဖက်မှုအားနည်းသော ဇာတ်ဆောင်နေရာချထားမှုဖြစ်နေကြောင်း နှိုင်းယှဉ် တွေးတောမိခဲ့သည်။ ထို့ကြောင့် ဇာတ်ဆောင်များ၏ လုပ်ဆောင်နိုင်စွမ်းနှင့်အညီ ဇာတ်ကောင်နေရာချထားမှု သည် မည်မျှအရေးပါကြောင်း ရုပ်ရှင်ကြည့်နေရင်း သိရှိ ရပြန်သည်။

နိဂုံးချုပ်ရေးသားရပါလျှင် "ရောင်ပြန်" ရုပ်ရှင်သည် ဖက်ရှင်နှင့် အက်ရှင်ဟု တင်ပြထားသော်လည်း ဖက်ရှင်ပိုင်း တွင်သာ အားသာမှုရှိနေပြီး အက်ရှင်ပိုင်းတွင် လိုအပ်ချက် များစွာရှိနေသည်ဟု သုံးသပ်မြင်မိသည်။ ဤသို့ဖြစ်ရခြင်း အကြောင်းမှာ ဒါရိုက်တာ လူမင်း၏ ဖန်တီးမှုတွင် လိုအပ် ချက်များရှိနေခြင်း၊ အမျိုးသမီးဇာတ်ဆောင်များ၏ ဖက်ရှင် ပိုင်းလွန်ကဲနေခြင်းနှင့် မြန်မာ့ရုပ်ရှင်ဈေးကွက်တွင် အက်ရှင်မင်းသမီး ရှားပါးမှုပြဿနာရှိခြင်းဟု အကြမ်းဖျင်း ဆိုရမည် ဖြစ်သည်။

မည်သို့ပင်ဆိုစေ "ရောင်ပြန်"ရုပ်ရှင်သည် နာမည်ကြီး အမျိုးသမီးဇာတ်ဆောင် လေးဦး၏ ပုံရိပ်များဖြင့် ချီတက် လာပြီး ရုပ်ရှင်ချစ်ပရိသတ်များ၏ အကဲဖြတ်မှုကို ခံယူကာ ပိတ်ကားပေါ်တွင် နေရာယူနိုင်ခဲ့လေပြီ။

"သုဒြာ"ရုပ်ရှင်ထုတ်လုပ်ရေးအနေဖြင့် ယခုထက်မက သာလွန်ကောင်းမွန်သော ရုပ်ရှင်ဇာတ်ကားကောင်းများ နှင့် အက်ရှင်ဇာတ်ကားကောင်းများကို ဖန်တီးနိုင်ပါစေ ကြောင်း ဆန္ဒပြုရင်း ဖန်တီးပုံဖော်သူတို့၏ စေတနာကို ဖြင့် အသိအမှတ်ပြုရပေလိမ့်မည်။ ။



"အမျိုးသမီးအက်ရှင်ဇာတ်ကားကောင်း တစ်ခုကို ပရိသတ်ထံသို့ တင်ပြလိုသော စေတနာရည်ရွယ်ချက်ဖြင့် ရောင်ပြန်ကို ရိုက်ကူးတင်ဆက်ခဲ့ခြင်း ဖြစ်မည်ဟု ခန့်မှန်းသုံးသပ်မိသည်။ ရိုက်ကွင်း တည်နေရာကောင်းများ၊ အမျိုးသမီး သရုပ်ဆောင်ကောင်းများ၊ လူကြမ်းသရုပ် ဆောင်ကောင်းများနှင့် ရဟတ်ယာဉ်များ ကိုပါ ထည့်သွင်းရိုက်ကူးပြီး "ရောင်ပြန်" ကို အသက်သွင်းခဲ့သည်။"



# ရုပ်ပျို တိုင်းရင်းဆေးအား

# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ISO 9001 : 2015

အင်္ဂလန်နိုင်ငံအခြေစိုက် United Registran of System ( UK ) မှ ပေးအပ်သော ISO 9001 : 2008 အား ၂၀၁၄ ခုနှစ်တွင် ရရှိခဲ့ပြီး New Version ISO 9001 : 2015 Certificate အား ရုပ်ပျို ကုမ္ပဏီလီမိတက် အနေဖြင့် Research & Development အတွက် လည်းကောင်း Manufacturing အတွက်လည်းကောင်း Distribution အတွက် လည်းကောင်း မြန်မာ့တိုင်းရင်းဆေးလောကအတွက် ထိုက်ထိုက်တန်တန်ရရှိခဲ့ခြင်းအပေါ် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း . . .

ဆေးအရောင်းကိုယ်စားလှယ်ကြီးများ

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်



(အမြန်ရောင်းမည်)

ပေ (၂၀×၆၀) ဂရန်မြေ 1 BN 3 BR [illegible]

(၅၀၀) သိန်း။

ဖုန်း-၀၉ [illegible]

ကောင်းမြတ်

ယာဉ်မောင်းသင်တန်း

[illegible]

09 973748149, 09 445296758

ပျောက်ဆုံးကြောင်း

[illegible] AC-00360715 [illegible]

ဖုန်း-၀၉ [illegible]


## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ (၁/န)၊ ရိပ်သာတိုးချဲ့ရပ်ကွက်၊ အမှတ်(၃၈၇)၊ လက်ငုတ်အမည်ပေါက် ဦးထွန်းဝင်း(N/OKA-၀၃၅၀၈၈)ထံမှ ဒေါ်လှလှဟန် ဝယ်ယူပြီး ဒေါ်လှလှဟန်ထံမှ ကျွန်တော် ဦးတင်သဏ်းဝင်း[၁၂/အလန(နိုင်)၀၃၈၈၀၅] ကိုင်ဆောင်သူမှ နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်အပြီးအပိုင်စာချုပ်ဖြင့် တရားဝင်ဝယ်ယူထားသော ခြံမြေဖြစ်ပါသည်။ ၎င်းခြံမြေနှင့်ပတ်သက်၍ နာမည်ပြောင်းထားခြင်း မရှိပါ။ ကန့်ကွက်လိုသူများရှိပါကလည်း ကြေညာသည့်နေ့မှစ၍ (၂)ပတ်အတွင်း အထောက်အထားအပြည့်အစုံမှုရင်းဖြင့် အောက်ပါဖုန်းနံပါတ်မှတစ်ဆင့် ကန့်ကွက် နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးတင်သဏ်းဝင်း**

**ဖုန်း-၀၉-၇၇၉၂၂၀၃၂၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀/သတိုးမင်းစော)၊ ဦးပိုင်အမှတ်(၉၃ ^က^)၊ ဧရိယာ(၀. ၁၀၆) ဧကကို ဒေါ်နွယ်နွယ်ဝင်း(ဘ)ဦးဝင်းမောင် [၉/တကန(နိုင်)၁၂၈၃၅၀] မှအရောင်းအဝယ်စာချုပ်၊ တပ်ကုန်းမြို့နယ် တရားရုံး၏ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်၊ အောင်ဇေယျရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၆/H)၊ မြေကွက်အမှတ်-(၆၅-A)၊ ဧရိယာ(၀. ၂၅၁-ဧက)အကျယ်ရှိ ရောင်းချသူ ဒေါ်ကျင်ချိန်အမည်ပေါက်မြေပိုင်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၅၅-C)ဟုခေါ်တွင်သည့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ကျင်ချိန် [၁၃/တကန(နိုင်)၁၂၅၂၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ထို့အတွက် အထက်ဖော်ပြပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသည့်စာချုပ်စာတမ်း စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်လျှောက်ထားနိုင်ပါသည်။

အကယ်၍ သတ်မှတ်ကာလပြည့်မြောက်သည့်ရက်ရာက်ရှိသည့်တိုင် ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါက အထက်ဖော်ပြပါ မြေနှင့် အဆောက်အဦအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးအောင်ဇော်မျိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၃၃)**

**အမှတ်-၅၀(မြေညီထပ်)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**Ph:09-5184231, 09-8614512, 01-242715**

## သက်ဆိုင်သူများနှင့် အများသိစေရန်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ သုခလမ်း၊ အမှတ်-၁၃ တွင်နေထိုင်သူ ဒေါ်ချမ်းမြေ့ကြည်သာ [၁၂/တမန(နိုင်)၁၀၂၅၄၉] ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ချမ်းမြေ့ကြည်သာသည် ၎င်း၏မိတ်ဆွေအပေါင်းအသင်းများအကြားတွင် ကောင်းသောဂုဏ် သတင်းဖြင့် ရပ်တည်နေထိုင်လျက်ရှိပါသည်။ ထို့ပြင်၎င်းသည် ၎င်း၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကိုသိက္ခာရှိစွာ၊ ကတိသစ္စာတည်ကြည်စွာဖြင့် မိတ်ဝတ်မပျက်လုပ်ကိုင်လျက်ရှိပါသည်။ အချို့သောရင်းနှီးယုံကြည်သူများ၏ ငွေကြေးကိစ္စရပ်များတွင်လည်း ကောင်းစွာစီမံခန့်ခွဲပေးခြင်း၊ ဥပဒေနှင့်အညီ အကျိုးအမြတ်ရရှိနိုင်မည့် လုပ်ငန်းရပ်များတွင်ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် အကြံဉာဏ်များပြုပေးခြင်းတို့ကိုလည်း စိတ်ကောင်း စေတနာထားလျက် ကူညီဆောင်ရွက်ပေးနေကြောင်း သိရပါသည်။

သို့သော်အချို့သော လူပုဂ္ဂိုလ်များ၊ မိတ်ဆွေတု မိတ်ဆွေယောင်များက ကျွန်ုပ်တို့၏မိတ်ဆွေနှင့်စပ်လျဉ်းသည့် အကြောင်းအရာ အချို့အား အခြေအမြစ်မရှိ ခိုင်လုံခြင်းမရရှိသည့် တစ်ဆင့်ကြားစကားများကို ယုံကြည်နေပြီး ၎င်းတို့ကတစ်ဆင့်အခြားသူများ ဆက်လက်ရေးသားဖြန့်ဝေ၊ ပြောကြားနေကြောင်း သိရပါသည်။ ထိုသို့ရေးသားပြောကြားရာတွင်လည်း အင်တာနက်(အွန်လိုင်း)စနစ်သုံး လူမှုကွန်ရက်စာမျက်နှာ (Facebook) တို့တွင် ဖော်ပြရေးသားပြောဆိုနေကြောင်း သိရပါသည်။

သို့ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေကို ထိခိုက်နစ်နာစေမည့်၊ ဂုဏ်အသရေပျက်စေမည့်၊ စိတ်ပြိုငြင်စေမည့်၊ စိတ်သောကရောက်စေမည့်၊ စိတ်ရော ကိုယ်ပါ အနှောင့်အယှက်ဖြစ်စေမည့် မမှန်သတင်း၊ မမှန်စကားများကို ရေးသားဖော်ပြဖြန့်ချိခြင်း၊ ပြောဆိုခြင်းများ ဆက်လက်မပြုလုပ်ပါရန် လေးစားစွာ အသိပေးသတိပေးအပ်ပါသည်။ မိတ်ဆွေတု၊ မိတ်ဆွေယောင်များနှင့် အချို့သောလူပုဂ္ဂိုလ်များမှ ထိုသို့ဆက်လက်ပြုလုပ်နေမည်ဆိုပါလျှင် တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အတ္တပရနှစ်ဖြာအကျိုးရည်ညွှန်း၍ အများသိစေရန် အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ကျော်ထိုက်** | **ဦးသန့်ဇင်ဦး** |
| **LL.B, D.B.L, D.I.R** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၆၈)** | **အထက်တန်းရှေ့နေ (စဉ်-၄၅၈၈၇)** |

**Justice and Independent Track Law Firm (The track of Justice and Independence) အမှတ်-၃၃/၄၉၊ အခန်း-၃၆ (ပထမထပ်)၊ ရှိုင်းကွန်ဒို (Strand Condo Office)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

၀၉-၅၀၇၀၅၆၄၊ ၀၉-၄၂၅၀၃၉၅၂၂

ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

## Pingu's English International Kindergarten

Globally recognised International Kindergarten from UK, present in 26 countries with IGS schools

**International Kindergarten Programme**
- Curriculum developed in collaboration with Kingston University London.
- Kingston University London recognised as Worldwide Early Years specialists.
- Age: 2 years to 6 years



**English Language Programme**
- English 4 skills, based on UK curriculum
- Age: 1 year 8 months to 10 years

Call us now: 099 7575 1817 . 099 7999 0788

Address: 26A, Kanbawza Yeik Thar Road (Chin Kyaung Road), Bahan Township, Yangon.


၁၉၇၀ ခုနှစ်၊ ဇေယျ(၁)သင်တန်း၊ ဖောင်ကြီး သင်တန်းဆင်းများ မိတ်ဆုံပွဲ

တို့တစ်တွေ တွေ့ဆုံခဲ့တာ (၈-၅-၂၀၁၈)ရက် (၄၈)နှစ်ပြည့်မယ်၊ ဒါကြောင့် ၆-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၀း၀၀နာရီ မြကျွန်းသာပန်းခြံအတွင်း (SEDONA HOTEL) ရှေ့ Sabai@DMZ ထိုင်းစားသောက်ဆိုင် မှာ ဆုံကြမယ်၊ မပျက်မကွက်လာဖို့ ဖိတ်ပါတယ်။

ဆက်သွယ်ရန်ဖုန်း -
- ကိုစောဦး ၀၉-၅၀၄၇၀၉၇
- ကိုမြင့်စိုး ၀၉-၄၂၀၀၀၃၀၄
- ကိုတင့်စိန်ထူး ၀၉-၃၁၀၇၁၈၈၉
- ကိုသိန်းညွှန့် ၀၉-၇၃၀၇၇၅၃၇
- မဝင်းစိန် ၀၉-၅၁၈၁၇၂၆
- မခာတုကလျာ ၀၉-၄၂၀၀၉၈၁၄၆


## ZMA Private High School

TOWARDS THE ENLIGHTENMENT

အဆင့်မြင့်ကိုယ်ပိုင်အထက်တန်းကျောင်း



09-451202121
09-964202121
09-793471278
09-965917986

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။

ဒသမတန်း ဒုတိယ အတန်းခွဲ များ ဖွင့်လှစ်မည်။

Sharp Study Guide Group

International School , IGCSE

Ph: 09-43000600
09-420108991

ရောင်းခြည်ထိပ်

10',14',15' 

Ph:09-450454771
09-450454772
09-450454773

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

## YANGON INTERNATIONAL LIFESTYLE FURNITURE FAIR

17th

၂၀၁၈-ဧပြီလ (၂၆) ရက်နေ့ မှ (၃၀) ရက်နေ့ အထိ (၅)ရက်တိုင်တိုင် ကျင်းပသွားပါမည်

နှစ်သစ်ကူး အထူး ပရိုဆောဂပြပွဲကြီး

LUCKY DRAW

Platinum Sponsored by

Casabella

တပ်မတော်ခန်းမ

Gold Sponsored by

SWEETY HOME · INHOUSE · NEW WORLD MART



Organized by : Thousand Islands Business Group



Victoria Hospital

HVC

ဥရောပမှ နှလုံးနှင့် သွေးကြော အထူးကုဆရာဝန်ကြီး

**Dr. Pavlin Pavlov**

MD, Fellowship in Interventional Cardiology (Bulgaria)

ဗိတိုရိယဆေးရုံ၊ နှလုံး နှင့် သွေးကြောပြင်ပလူနာဌာန၌ ပြင်ပလူနာများကို ကြည့်ရှုပေးမည်အပြင်

- နှလုံးသွေးကြော ဓါတ်မှန်ရိုက်ခြင်း (Angiogram)
- နှလုံးသွေးကြောထောက်တိုင် (Stent) ထည့်၍ နှလုံးသွေးကြောချဲ့ကုသခြင်း (Angioplasty)
- နှလုံးနှိုးဆွစက် (Pacemaker) တပ်ဆင်ခြင်း



BOOKING - HUNT LINE : +95 1 9666141, HOT LINES : +95 9 783666 141~4, EXT - 7080 (OR) 2



သိန်းသန်းဆက်

အိမ်ခြံမြေ/အိမ်ငှားလုပ်ငန်း

မြို့တွင်း/နယ်ဝေး

09-440390558
09-784109116


## လမ်းမတန်းနေရာကောင်းရောင်းမည်

သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်းမပေါ် ပေ(၆၀×၆၀) 2BN ရေ၊ မီး၊ ကြိုးဖုန်း မြေပိုင်မြေ၊ ပိုင်ရှင်အမည်ပေါက်။

ဆက်သွယ်ရန်-၀၉-၇၃၀၀၅၈၃၆

## တောမဲ့မြေသား ရေတိုက်စား၏

သီလဝါစက်မှုဇုန်နှင့် သီလဝါဆိပ်ကမ်းအနီး စက်မှုမြေဧက-၁၅၀(ကမ်းနားဘေးကပ်လျက်) ရောင်းရန်ရှိသည်။

Jetty လုပ်ရန်နှင့် အကြီးစားစက်မှုလုပ်ငန်းလုပ်ရန် သင့်တော်သည်။ # 15,000 KVA Transformer ခွင့်ပြုမိန့်ကျထားပြီး။

ဆက်သွယ်ရန် ဖုန်း ၀၉-၂၅၃၁၂၀၂၀၁

## နှစ်သစ်ဦးမှာ ရွှင်လန်းချမ်းမြေ့ကြပါစေ

နတ်ရေကန်စင်တာ ဓာတ်ပုံပြတိုက်မှ နှစ်သစ်ဦးလက်ဆောင်အဖြစ် ရုပ်ရှင် ဦးဇင်ဝိုင်း၊ ဂီတဦးတင်ဦးလေးတို့မှ တစ်ဆင့်(၂၄)လက္ခအရွယ် ဓာတ်ပုံကြီး (၇၀)ခန့်ကို မေတ္တာလက်ဆောင်ပို့ပေးထားပြီး ယခုနှစ်သင်္ကြန်တစ်ခါတုန်းက နတ်ရေကန်၏ ဖက်ရှင်မယ် တင်မိုးလွင်၊ ရွှေပိုးအိမ်၊ နန်းဆုရတီစိုး၊ သွန်းဆက်၊ ခိုင်နှင်းဝေ၊ စင်ဝင့်ဝါ၊ ချစ်သုဝေ၊ စိုးပြည့်သဇင်၊ ပိုးကြာဖြူ ပယင်းခင်း၊ နီနီခင်ဇော်၊ အိမ့်ချော၊ ပက်ထင်ရှား၊ မေယန်းစိုး ယွန်းယွန်း၊ ချေမ့်ရတီ၊ ဂရေယာန်၊ အာအာနည်၊ ဝေဆဲထက်၊ ဟိန်းဝေယံတို့၏ ဓာတ်ပုံများကို ရုံးချိန်အတွင်း နတ်ရေကန်စင်တာ (ဖုန်း – ၀၁၅၃၃၅၃၃၈၆) သို့ဆက်သွယ်၍ မေတ္တာလက်ဆောင်အဖြစ် တောင်းယူနိုင်ပါသည်။

ဦးတင်မောင်ဝေ၊ နတ်ရေကန် မြန်မာပြည်။



**ပညာတံခွန်** (၁၀တန်း စာသင်စာကျက်ဝိုင်း နှင့် အဆောင်)

- မိဘများအားဆင်းရဲ မြေမှုန်အတွက် ဘော်ဒါမဝင်ခင်လာ၍ ကြည့်ရှုနိုင်သည်။
- (၉)တန်းတွင်အခြေခံမကျသူများ စာမကျက်နိုင်သူများအား တစ်လအတွင်း ဆိုင်ကြဖြစ်စေမည်။
- သင်ကြားမှုကို အပြည့်အဝ ရောင်းချ ဆန်းမည်။
- ဖုန်း - ၀၉-၄၂၀၂၂၇၅၆၆၃

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပုဂံညောင်ဦးဒေသရှိ လေဆိပ်အနီး စက်မှုစီးပွား (ဂရန်မြေ) (Hotel ဆောက်လုပ်နိုင်သော) မြေ ၄. ၉၈က (သို့) တစ်ဝက်ခွဲ၍ ထိုက်သင့်သော ဈေးနှုန်းဖြင့်ရောင်းမည်။

ဆက်သွယ်ရန်- ၀၉-၄၂၁၀၆၅၈၈







## လုံးချင်းအိမ် (အမြန်ရောင်းမည်)

လုံးချင်းအိမ် 2-RC, ပေ(၄၀×၆၀)၊ အသင့်ပြင်ဆင်ပြီး၊ ဂရန်အမည်ပေါက် မြောက်ဒဂုံ၊ (၃၂)ရပ်ကွက်၊ VIP တိုးချဲ့အနီး ဘေလီတံတားအဆင်း အကျော်နား၊ သိန်း(၂၄၀၀) ညှိနှိုင်းနိုင်ပါသည်။

Ph:09-5112198, 09-253224121

**အောင်မင်္ဂလာ**
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

**ထိပ်ပိုင်တန်း**
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ(၀. ၂၃၆)ဧက၊ မြေကွက်အမှတ်(ဥ-၅၄၀၈)၊ ဦးကျော်မင်းထွန်း [၁၀/မလမ(နိုင်)၀၉၆၉၁၄]၊ အဖအမည်ဦးကျင်မင်း အမည်ပေါက်နှစ်(၃၀)မြေငှား ဂရန်စာချုပ်မြေကွက်ကို ဦးမောင်မောင် [၅/တမန(နိုင်)၀၀၆၀၈၅]၊ အဖအမည်ဦးစိန်ဖေမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၄၃/၂၀၁၈(၁-၂-၂၀၁၈) တင်ပြ၍ ဦးလင်းမောင်မောင်[၅/တမန(နိုင်)၀၃၅၅၁၀] အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ ဥတ္တရသီရိမြောက်ရပ်၊ မြေကွက်အမှတ်(ဥ-၆၂၀၇)၊ မြေဧရိယာ(၀. ၁၄၆)ဧက၊ ဦးစိုးရီ(ဘ) ဦးကြင်စိန် [၁၂/မရက(နိုင်)၁၀၆၄၄၇]၊ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်မေဇင်ထွန်း (ဘ)ဦးချစ်ရွှေ [၈/မဘန(နိုင်)၀၇၃၇၁၇]နှင့် ဦးချစ်ရွှေ(ဘ)ဦးကံညွန့် [၈/ပခက(နိုင်) ၁၀၀၂၄၆]တို့မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး၊ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီမြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**တက်နေဝန်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေဧရိယာ(၀. ၁၄၆)ဧက၊ မြေကွက်အမှတ် (ဥ-၆၂၃၂)၊ ဦးကျော်မြင့်[၁၄/ပသန(နိုင်)၀၃၄၃၅၃]၊ အဖအမည်ဦးကုလား၊ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်စန်းစန်းမိုး[၉/တသန(နိုင်)၁၁၁၇၄၀] အဖအမည် ဦးစိန်မောင်မှမြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန သို့ ကြော်ငြာစာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ တည်ဆောက်ခြင်းပါဝင်လှူဒါန်းနိုင်**

| | | |
|---|---|---|
| - မင်္ဂလာ သီတဂူရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးရုံ အလျားပေ (၁၆၀) အနံပေ (၅၈) သုံးထပ်ဆောင် တစ်ထပ်လျှင် | ကျပ်သိန်း | ၁၀၀၀ |
| - လူနာစမ်းသပ်ခန်း တစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀ |
| - ခွဲစိတ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀၀ |
| - အိမ်သာ ရေချိုးခန်း တစ်ခန်းလျှင် | ကျပ် | ၈၀၀၀၀ |
| - ဆရာဝန်နားနေဆောင် | ကျပ် | ၅၀၀၀၀၀ |
| - ဝရံတာတစ်ခန်းလျှင် | ကျပ် | ၁၀၀၀၀၀ |
| - ပေ (၂၀x၅၀) တစ်ခန်းလျှင် | ကျပ် | ၅၀၀၀၀၀ |
| - အမိုးနှင့်မျက်နှာကျက်တစ်ကွက်လျှင် | ကျပ် | ၁၅၀၀၀၀ |
| - လူနာကုတင်တစ်လုံးလျှင် | ကျပ် | ၁၅၀၀၀ |

ဌာန- ရွှေပြည်ဟိန်းကျောင်း၊ ပြည်လမ်း ILBC အနီး ဖုန်း - ၀၉-၅၁၀၂၉၉ ၀၀-၅၁၀၉၃၃
သီတဂူရွှေပြည်ဟိန်းကျောင်း ပြည်လမ်း မင်္ဂလာ ဖုန်း - ၀၉-၄၃၀၉၆၃၀
ချွန်းကိုးကမ္ဘာ Ashin Khemasirilinkara Account No: 00750100701690301 သို့ လှူဒါန်းနိုင်ပါသည်။

## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး၏
## တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်(ဧပြီလမှစက်တင်ဘာလ)အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးတွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်း နိုင်ငံသားပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) အမှတ်(၁) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးတွင်အရှည် ၄၀၀၀ ပေအား သံကူကွန်ကရစ်ဖြင့် ကျောက်တုံးစီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း

(ခ) အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံးတွင် အရှည် ၈၂၀၀ ပေ၊ အကျယ် ၁၆ပေ၊ ၁၀လက်မထု၊ ၁ ပေ ၆ လက်မ အကျယ် ရေမြောင်း ၂ဖက်နှင့် ကတ်တုံးအပါအဝင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း

၂။ အဆိုပါလုပ်ငန်းအတွက် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ တင်ဒါအဆိုပြုလွှာကို ၂၅-၄-၂၀၁၈ရက်မှစတင်ဝယ်ယူနိုင်ပြီး ၂၄-၅-၂၀၁၈ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း ပေးပို့တင်သွင်းရန်၊ တင်ဒါ စည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို အမှတ် (၂၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်၊ Profile များကိုပါ တင်ပြရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဖုန်း-၀၉၄၃၀၇၉၂၆၈
(ခ) ဖုန်း-၀၉၄၃၀၇၉၂၇၅
(ဂ) ဖုန်း-၀၉၉၇၀၈၀၁၉၄၆
(ဃ) ဖုန်း-၀၉၄၉၈၇၃၄၄၇

**တင်ဒါခေါ်ယူရေးကော်မတီ**

Asia Dragon (အာရှနဂါး)
ဈေးချိုသော • ငွေချေ
ကျိုး/ကြံ - 
09 300 300 30 , 09 300 300 40

AA
09-43158300, 09-254051326
09-782793551

သီဟလင်း
အိမ်ခြေ / အိမ်ငှားလုပ်ငန်း
(10",14",16",18",22")
ပြုပြင် / နယ်ပေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

## အောင်ဗောဓိမြေဗဇင်းတောရဓမ္မရိပ်သာ (သန်လျင်)
## (၂၆) ကြိမ်မြောက် တရားစခန်းဖွင့်လှစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ပျဉ်ထောင်ကျောင်းကျေးရွာ၊ အောင်ဗောဓိမြေဗဇင်း တောရဓမ္မရိပ်သာကြီး၏ (၂၆)ကြိမ်မြောက် (၄၅)ရက်တရားစခန်းကို ၂၀-၅-၂၀၁၈ (နယုန်လဆန်း ၆ ရက်)မှ ၁-၇-၂၀၁၈ရက်(ပထမဝါဆိုလပြည့်ကျော် ၄ရက်)ထိ ကန္နီနည်းဥပနိဿယအတိုင်း မောင်းထောင်မြေဗဇင်းတောရဆရာတော်ကြီး၏ တပည့် အရှင်ဣန္ဒိဗလဘုတလင်ဆရာတော်နှင့်အရှင်ကုမာရအောင်မင်္ဂလာ တို့မှ ဦးဆောင်ပြသမည်ဖြစ်ရာတရားစခန်းဝင်လိုသူရဟန်း၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီးယောဂီများသည် အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ဆွမ်းစရိတ်ပေးသွင်းရန်မလိုပါ။

**ဆက်သွယ်ရန်ဖုန်း ၀၉-၇၉၅၆၂၆၀၆၁၊ ၀၉-၇၇၅၁၆၆၅၀၊ ၀၉-၇၉၄၃၈၀၁၉**

## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲဝတ်ပစ္စည်း(၁၉)မျိုးကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၃၀-၄-၂၀၁၈ရက်မှ ၂၉-၅-၂၀၁၈ ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်မှာ ၃၀-၅-၂၀၁၈ရက်၁၀း၀၀နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများတစ်စောင်လျှင် ၁၀၀၀၀ိ/-ကျပ်(တစ်သောင်းကျပ်)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရဲလေ့ကျင့်ရေးဌာနကြီး၊ နေပြည်တော်၊ ရုံးအမှတ် (၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၂၁၄၈၊ ၀၆၇-၃၄၁၂၆၀၄သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

**UEC**
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG - Grade 10
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP

၂၀၁၈ - ၁၉ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ Air-con တစ်အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။
DAY CAMP - (၄)တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။
မူလတန်း၊ အလယ်တန်း - English 4 - skills၊ Kids invent သော Extracurricular Activities များပါဝင်သည်။
▪ Limited Class size
▪ Air-con

Ph: 09 7800 20647, 09 7938 93725, 09 7938 93726, 09 7910 10526



SHWE PYI NANN

ရွှေပြည့်နန်းရဲ့ သနပ်ခါး Body Lotion ထွက်ပါပြီ

ကမ္ဘာပေါ်မှာ တစ်နိုင်ငံတည်းသာရှိနိုင်တဲ့ မြန်မာတို့ရဲ့ ဒေသထွက် သဘာဝရတနာ သနပ်ခါးမှာပါဝင်သော အရွမ်းအာနိသင်တွေဖြစ်ကြတဲ့ -

(၁) အသားအရေ အရွယ်တင်နုပျိုစေသော ဗီတာမင်အီးထက်(၁၀)ဆပိုမိုများတဲ့ Antioxidant ဓာတ်

(၂) ခန္ဓာကိုယ်အနံ့ဆိုးတွေကို တားဆီးပေးနိုင်တဲ့ (Coumarin) ကူမရင်းဓာတ်


(၃) ပြင်းထန်တဲ့နေရောင်ခြည်ကြောင့် ဖြစ်ပေါ်စေနိုင်သော အရေပြားကင်ဆာကို ကာကွယ်ပေးတဲ့ (Marmesin) မာမီစင်ဓာတ်တို့ အပြင် အသားအရေအတွက် မရှိမဖြစ်လိုအပ်တဲ့ Vitamin E ကိုဖြည့်စွက်ပေါင်းစပ်ပြီး ခေတ်မီ နည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ ရွှေပြည့်နန်းရဲ့ သနပ်ခါး Body Lotion ကို အချိန်ရာသီမရွေး ရေချိုးပြီးတိုင်း လိမ်းပေးပါ....

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်း၊ တောင်ပိုင်း၊ သုခလမ်း၊
သဗ္ဗညုပုထိုးတော်ကြီး ဓမ္မသကသီလရှင်စာသင်တိုက် မယ်နုအုဌ်ကျောင်းပေါ်တွင်
(မေလ ၁ရက်မှ မေလ ၁၀ရက်အထိ)
ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း
စစ်ကိုင်းတောင်ရိုး သိရီသုမနချောင် မိုးကုတ်ဝိပဿနာ မင်္ဂလဓမ္မရိပ်သာ၊ ရှင်သီဝလိတောရရိပ်သာ၊
မဟာဥရုဝေလ ဝက်ပါတောရ၊ မြစ်သားမြို့နယ် သုမနကျောက်ဂူတောရကျောင်းတိုက်ကြီးများ၏
ဦးစီးပဓာန မဟာနာယကဖြစ်တော်မူသော

**ဘဒ္ဒန္တသုမန**

နိုင်ငံတော်ကမ္မဋ္ဌာနာစရိယအရှင်သူမြတ်မှ
နေ့မီးငြိမ်း၊ မိုးကုတ်ဝိပဿနာ အလုပ်ပေး(၁၀)ရက် အထူးတရားစခန်းပွဲကြီးကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါ၍
တရားတော်များ နာကြားအားထုတ်နိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**တရားပွဲဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့၊ ရန်ကုန်မြို့**



ဆရာ့အောင်း (WISDOM VILLAGE)
* New SAT 'I' (English)
* IELTS / IGCSE (English) / TOEFL
Ph: 01-516680, 09-5115486

**ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန**
**တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (Open Tender)**

၁။ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် လွိုင်လင်ခရိုင် မိုးလုံ လေလုံအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်း ပေ(၂၂၀×၁၀၀)အတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံ - (၂-၅-၂၀၁၈)
ရောင်းချမည့်ရက်/အချိန် - နံနက်(၀၉း၃၀)နာရီမှ ညနေ(၁၆း၃၀)နာရီ
တင်ဒါပိတ်မည့်ရက်/အချိန် - (၂၅-၅-၂၀၁၈) ညနေ(၁၆း၃၀)နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - (၂၈-၅-၂၀၁၈) နံနက် ၁၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန-၀၈၁-၂၁၂၁၀၆၅**

**ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန**
**တောင်ကြီးမြို့**

ရွှေမြန်မာဆေးသုတ်အဖွဲ့
Unitex - 230
Orient - 280
Premier - 350
Nippon - 400
09 441887566

" Better English For a Smarter Life"
ဦးရဲဇော်လတ်
M.A(UFL),MBA(UTCC)
APPLIED GRAMMAR & SPOKEN ENGLISH
Basic 4 Skills
Intermediate 4 Skills
Advanced 4 Skills
May 5 Open

မင်္ဂလာပါ
09-450042704
09-250085116
09-420086296

IGCSE
CAMBRIDGE
edexcel
Approved Centre
- Free study guide
- Free school fees for second year
- Guarantee to get A and A*
- Refund policy for not achieving good grades

ဆရာသန်းနိုင် (IELTS)
သင့်အနာဂတ်ပညာရေးအတွက်
ကျော်လွှားရမည့် စာမေးပွဲအတွက်
ပြင်ဆင်ထားလိုပါသလား ...
Intermediate Level ရှိထားသူများအတွက် Exam Preparation (၃) လ။ Cambridge 1-12 စာအုပ်များဖြင့် သင်မည်။
အခြေခံမရှိသူများအတွက်
Foundation (၃) လ
Ph: 09 5136158, 09 965136158

vivo
FIFA WORLD CUP RUSSIA 2018
OFFICIAL SMARTPHONE
V9 AI Selfie
Perfect Shot, Perfect View
Face Access
AI Face Beauty
AR Sticker
FullView™ Display 2.0
16MP + 5MP Dual Rear Camera & 24MP Front Camera
4GB RAM 64GB ROM Expanded Up to 256GB
PRE-ORDER*
From 29 April to 4 May 2018
SPECIAL GIFT





Pre Sale Gift Box



Pre-Order Gift

Pre-Order Terms & Conditions
www.facebook.com/vivomobileMM
www.vivo.com

လေဆိုးတွေကိုမျက်၊ လေကောင်းတွေကိုဆက်၊ အာစာကြောလေသက်
ဗိုက်အယက် လေကျဲဆေး နှင့် ဆက်

ချွဲသလိပ်ကြေပြီး ချောင်းဆိုးရင်ကျပ်ကင်းစေတဲ့ ရှားဂါးဓါတ်ပါချိုချဉ်သက်
ဆောင်းနွေမိုး
ချွဲသလိပ်ကြေမက်လင်ချဉ်လျက်ဆား

ဝ
ပညာရှာ
(၉)တန်းအထူးရွယ် ၂၀ ယောက်
(၁၀) တန်းအထူးကြပ်မတ် ၃၀ ယောက်

BBA
Bachelor of Business Administration(Hons)
EMBA . MBA . PhD
- 3 Years (9 Semesters)
- May 2018 Intake
- Malaysia Qualification Agency (MQA)
START YOUR BBA JOURNEY TODAY FROM AS LOW AS MMK 150,000!
CALL US NOW! 09953888555 / 09254045682 / 01667009
Official Offshore Campus of Asia e University, Malaysia, recognized by 34 ACD countries. www.aeu.edu.my

โรงพยาบาลสุขุมวิท
SUKUMVIT HOSPITAL
မြန်မာနှစ်သစ်ကူးအထူးအစီအစဉ်
Package Price

| Program | Price / THB |
|---|---|
| (Gastroscopy) | 13,800 |
| (Colonoscopy) | 20,600 |
| (Gastroscopy) + (Colonoscopy) | 28,500 THB |
| Fibro Scan 20% Discount | |

ငွေနန်းတော်
09 - 45555 9285
09 - 45555 9286
09 - 45555 9287

ထွက်ပါပြီ

FAME
Cholecrush®
For gallstones
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-965559860

FAME
MilkThistle
80% Silymarin 200 mg
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
Ph: 09-73142216

Ocean
SUPERCENTER
မြန်မာနှစ်ဦး အထူးလက်ဆောင်
ကျပ် (၁၀) သိန်းတန်ဈေးဝယ်ခွင့်ကတ်ကံထူးရှင်များ

| စဉ် | အမည် | မှတ်ပုံတင်နံပါတ် | နေရပ်လိပ်စာ | စဉ် | အမည် | မှတ်ပုံတင်နံပါတ် | နေရပ်လိပ်စာ |
|---|---|---|---|---|---|---|---|
| ၁ | ကိုစန်းထွန်းအောင် | ၅/ဒဂုဏ(နိုင်)၁၂၆၀၀၀ | ဒဂုံတော် | ၈ | ဒေါ်ရီရီစိန် | ၁၂/ကတတ(နိုင်)၀၁၂၅၅၂ | တောင်ဥက္ကလာ |
| ၂ | ဒေါ်ဓာတ | | ငါးသိုင်းချောင်း | ၉ | ကိုရွှေလင်းထက် | ၁၄/ပသစ(နိုင်)၀၀၂၉၁၂ | နေပြည်တော် |
| ၃ | ကိုမိုးဝင်း | | လှိုင်သာယာ | ၁၀ | ဒေါ်နှင်းရည်ဝင်း | ၇/ညလပ(နိုင်)၁၁၂၈၇၀ | နေပြည်တော် |
| ၄ | ဒေါ်မြတ်မွန် | ၁၂/လသန(နိုင်)၀၉၀၀၅၂ | လှိုင်သာယာ | ၁၁ | ဒေါ်အေးအေးငြိမ်း | ၉/မရတ(နိုင်)၀၀၂၄၉၂ | မန္တလေး |
| ၅ | ကိုဖြိုးဟန်ဝင်း | ၁၂/ဗဟန(နိုင်)၀၆၀၇၄၅ | ရန်ကင်း | ၁၂ | မသီတာနိုင်ဝင်းထက် | ၅/စကန(နိုင်)၁၈၅၆၈၆ | မန္တလေး |
| ၆ | မဝေလှိုင်ဦး | ၁၀/ဘသန(နိုင်)၀၅၃၀၀၃ | သထုံ | ၁၃ | ဒေါ်သီတာနိုင် | | အင်းစိန် |
| ၇ | ဒေါ်သူဇာလှိုင် | ၁၃/တကန(နိုင်)၀၀၄၆၀၅ | တောင်ကြီး | | | | |

ကျပ်သိန်း (၂၅၀) ကျော်တန်ဖိုးရှိ အခြားဆုတန်ဈေးဝယ်ခွင့်ကတ်များကံထူးရှင်စာရင်းကိုလည်း Ocean Supercenter Facebook တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါပြီ

ကြေးမုံ



**ဝမ်းနည်းကြေကွဲခြင်း**

**ဦးတင်အောင် (၈၃)နှစ်**

ဦးကိုကိုနိုင်-ဒေါ်စန္ဒာအောင်(လက်ထောက်ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)၏ ဖခင်ဖြစ်သူ ဦးတင်အောင် အသက်(၈၃)နှစ် သည် ၂၆-၄-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်**
**ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

**ဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

**ဦးပေါ (စွန်းလွန်းယောဂီ၊ ခတ္တိယ၊ မြောင်းတလုပ်)**

**အသက် (၁၀၀)**

ဒေါ်ခင်ခင်ကြည် (ကထိက၊ သတ္တဗေဒဌာန)၏ကျေးဇူးရှင်ဖခင်ကြီး ဦးပေါသည် ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သတ္တဗေဒဌာန**
**ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**အရှင်ဥတ္တမသာရ စာသင်တိုက်၊ ပဓာနနာယကဆရာတော်**

**ဘဒ္ဒန္တဦးဝါသဝ**

**သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၂)နှစ်**

ရန်ကုန်မြို့၊ တိုက်ကြီးမြို့နယ်၊ ပန်းပင်တန်းကျေးရွာအုပ်စု၊ သင်အင်းကျေးရွာနေ (ခမည်းတော်)(ဦးပန်)-(မယ်တော်)(ဒေါ်ရွှေမိန်)တို့၏ သားတော် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း (တောင်)ရပ်ကွက်၊ ကျွန်းတောလမ်း၊ အရှင်ဥတ္တမသာရ စာသင်တိုက်၌ သီတင်းသုံးတော်မူသော အရှင်သူမြတ်သည် (၁၃၈၀)ခု ကဆုန်လဆန်း (၁၀)ရက် ၂၄-၄-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်ကို (၁၃၈၀) ပြည့်၊ ကဆုန်လပြည့်ကျော်(၁)ရက် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမစျာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှတပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြားဖိတ်ကြားအပ်ပါသည်။

အရှင်ဥတ္တမသာရစာသင်တိုက်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။

**တပည့်ဒါယကာ၊ ဒါယိကာမများ**

**ဝမ်းနည်းကြေကွဲခြင်း**

**ဗိုလ်မှူးအေးကို (ရဲသီဟ-ငြိမ်း)**

**အသက် (၈၂) နှစ်**

**OTS 33**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ်(၈၆-က)နေ ဒေါ်ခင်မာမာ၏ခင်ပွန်း ဗိုလ်မှူးအေးကို(ရဲသီဟ-ငြိမ်း)သည် ၂၆-၄-၂၀၁၈ ရက် နံနက် ၈း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS 33 ကျန်စစ်သားများ**

**ဝမ်းနည်းကြေကွဲခြင်း**

**ဦးမြတ်သန်း(သထုံ) (၈၅)နှစ်**

**ဦးစီးအရာရှိ(ငြိမ်း)၊ ပြည်တွင်းအခွန်များဦးစီးဌာန**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မျိုးသူရလမ်း၊ အမှတ်(၁၂၂၆)၊ လေးလွှာ(B)နေ ရာသက်ပန် အသင်းဝင်တစ်ဦးဖြစ်သူ ဦးမြတ်သန်းသည် ၂၂-၄-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၄း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ဝန်ထမ်းဟောင်းများအသင်း၊ ပြည်တွင်းအခွန်များဦးစီးဌာန**

**ဆရာမကြီးဒေါ်ဟန်စု(ငြိမ်း)**

**အသက် (၆၇) နှစ်**

**အထက (၄)၊ အင်းစိန်**

**အထက(၂)၊ ရွှေပြည်သာ**

**အထက(၃)၊ မရမ်းကုန်း**

**အထက(၁)၊ ဘောလည်**

**အထက(၁)၊ ပုဇွန်တောင်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက် (၂) လမ်းအနောက်၊ အမှတ်(မ/၂၆)နေ (ဦးသာအေး-ဒေါ်အေးရင်)တို့၏သမီး၊ အင်းစိန်မြို့နယ်နေ (ဒေါ်သန်းသန်း)၊ (ဦးကျော်မြင့်-ဒေါ်ခင်သောင်း)၊ (ဦးအုန်းလှိုင်)-ဒေါ်ခင်မြ၊ ဒေါ်ခင်စိန်၊ (ဦးအောင်တင်)၊ (ဦးသောင်းညိမ်း)-ဒေါ်အေးစိန်၊ ဦးတင်ဝင်း-ဒေါ်ခင်မေအေးတို့၏ညီမသည် ၂၇-၄-၂၀၁၈ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်(၂)လမ်းအနောက်၊ အမှတ်(မ/၂၆)နေ ဒေါ်ခင်မြ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ**

**(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း**

**ဦးခင်စိုး(ရုံးအုပ်-ငြိမ်း)၊ ကကဇွေ**

**၂၉-၄-၂၀၁၆မှ ၂၉-၄-၂၀၁၈**

ကွယ်လွန်ခဲ့သည်မှာ ၂၉-၄-၂၁၀၈ရက်တွင် (၂)နှစ်ပြည့်ပြီဖြစ်သော်လည်းအမြဲ ထာဝရသတိရလွမ်းဆွတ်လျက်ပါ။ နေ့စဉ်လစဉ်နှစ်စဉ်ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို လက်ခံရရှိခံစားနိုင်ပါစေ။

**ကျန်ရစ်သူမိသားစုနှင့်ညီအစ်ကိုမောင်နှမဆွေမျိုးများ**

**(၁)လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း**

**မောင်ပြည့်စုံအောင်(ခ)စိုင်းပြည့်**

**၂၉-၃-၂၀၁၈**

လူတိုင်းတစ်နေ့မှာသွားရမှာပေမယ့်
စောစီးစွာထာဝရခွဲခွာသွားခဲ့သော သားငယ်လေးရေ
သားငယ်ဆုံးတာဒီနေ့(၁)လပြည့်ခဲ့ပေမယ့်
ရင်ထဲမှာတော့အမြဲတမ်းကြေကွဲတမ်းတလွမ်းဆွတ်သတိရနေဆဲပါ

မေမေ၊ မမ၊ ကိုကြီး၊ ကိုလေးတို့က သားငယ်လေးအတွက် ရည်စူး၍အစဉ်အမြဲပြုလုပ်လျှုဒါန်းခဲ့သော ကုသိုလ်ကောင်းမှုအစုစုနှင့် ယနေ့(၁)လပြည့်ပြုလုပ်သောကောင်းမှုကုသိုလ်များကို သားငယ်လေးအားအမျှ-အမျှ-အမျှပေးဝေပါတယ်။ ရောက်ရာဘုံဘဝမှ မြင်နိုင်ကြားနိုင်သိနိုင်ပြီး ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုအကြိမ်ကြိမ်ခေါ်ဆိုနိုင်ပြီးလျှင် တစ်ဆင့်ထက်တစ်ဆင့်မြင့်မြတ်သောဘုံဘဝမှ နိဗ္ဗာန်သို့တိုင်ရရှိခံစားနိုင်ပါစေ

**သားငယ်လေးရေ**

**အချိန်တိုင်းလွမ်းဆွတ်တမ်းတသတိရခြင်းများစွာဖြင့်**

| | |
|---|---|
| **သားငယ်ချစ်တဲ့မေမေ** | **- ဒေါ်ဥမ္မာခင်** |
| **ကိုကြီး** | **- အောင်ကျော်မင်း-မဆွေ** |
| **ကိုလေး** | **- ရဲမင်းအောင်-မနန်းဝေ** |
| **ချစ်မမ** | **- ထွန်းအိန္ဒြာရှင်(ခ)ရတနာချောစု** |

**အထူးကျေးဇူးတင်ရှိခြင်း**

**မောင်ပြည့်စုံအောင်**

**အသက်(၁၆)နှစ်**

**အ. ထ. က(၂)ဗဟန်း(နန်းယန်)**

၂၉-၃-၂၀၁၈(ကြာသပတေးနေ့)တွင် ရုတ်တရက်ကွယ်လွန်သွားခဲ့သော သားငယ်လေးအားဆေးရုံရောက်ချိန်မှစ၍ ကွယ်လွန်သည့်အချိန်ထိ ဂရုတစိုက်ကြိုးစားကုသပေးခဲ့ကြပါသော သဃ်န်းကျွန်းစံပြဆေးရုံကြီးအရေးပေါ်ဌာန၊ ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်မှ တာဝန်ကျဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများ၊ သွေးဌာနမှတာဝန်ရှိသူများ၊ သားသမီးချင်းကိုယ်ချင်းစာနာစိတ်ဖြင့် စိတ်ရောကိုယ်ပါ ဆေးရုံသို့ပို့ပေးပါသော(ကံဘဲ့အိမ်ရာဝင်း)မှ ဦးကျော်နိုင်၊ မနော်၊ ဦးခင်မောင်ညို၊ ဦးဖိုးထောင်၊ ဆေးရုံရောက်ချိန်မှစ၍ ကွယ်လွန်ချိန်ထိကူညီပေးပါသော ဒေါ်မာမာအေး ဌာနစုမှူးတာဝန်ခံရေ/သန့်ဌာန၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးသောင်းဝင်း ရေ/သန့်ဌာန၊ သဃ်န်းကျွန်း၊ နာရေးပြီးဆုံးချိန်ထိကူညီပေးပါသော ဦးစောစိန်အေး-ဌာနစုမှူး၊ တာဝန်ခံအင်/ယာဌာန(ရေ/သန့်) မ/ဥမြို့နယ်၊ ဦးကျော်မင်းထွန်း၊ ဦးရင်မောင်ကျော်၊ နာရေးကိစ္စအဝဝအားကူညီပေးခဲ့ပေးကြပါသော အထက(၂)ဗဟန်းမှ ကျောင်းအုပ်ဆရာကြီးနှင့်ဆရာ/ဆရာမများ၊ အတန်းပိုင်ဆရာမဒေါ်နှင်းနှင်းမော်နှင့် သားငယ်လေး၏သူငယ်ချင်းကျောင်းသား/ကျောင်းသူများ၊ ဆေးရုံသို့သတင်းမေးလာပါသော ဦးဌေးနိုင်ဌာနစုမှူးနှင့်ဝန်ထမ်းများ၊ အိမ်တိုင်ရာရောက်လူကိုယ်တိုင်သတင်းမေးလာရောက်ကြပါသော လက်ထောက်ဌာနမှူး ဒေါ်သွဲ့နိုင်ဦး၊ အရှေ့ပိုင်းခရိုင်မှူးဦးကျော်ကျော်ဦး၊ ဦးစောဝင်းမောင်(ဝင်းမှူး)တို့နှင့်မိတ်ဆွေသူငယ်ချင်းအပေါင်းအသင်းများ၊ ဖုန်း၊ လူမှုကွန်ရက်တို့မှဝမ်းနည်းကြောင်းသတင်းမေးခဲ့ကြပြီးအားပေးနှစ်သိမ့်ပေးခဲ့ကြပါသော ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေသူငယ်ချင်းများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ခဲ့ပါသော John Lwin (Stars & Models Int'L) မှ modelများနှင့်ဝန်ထမ်းများ၊ လှူဖွယ်ပစ္စည်းများလာရောက် လှူဒါန်းကြသူအားလုံးနှင့် နာရေးပြီးသည်အထိစိတ်ရောကိုယ်ပါလိုက်ပါပို့ ဆောင်၍ဝိုင်းဝန်းကူညီဖေးမပေးခဲ့ကြပါသော ဆွေမျိုးမိတ်ဆွေအားလုံးတို့နှင့် ကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဦးတက်ဖြိုး

# အသက်(၈၇)နှစ်

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေး-ဒေါ်အေးပပမိုးတို့၏ ချစ်လှစွာသောဖခင် ဦးတက်ဖြိုးသည် ၂၆-၄-၂၀၁၈(ကြာသပတေးနေ့) နံနက် ၉း၂၀ နာရီတွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုကော်မတီဝင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ**
**လုပ်ငန်းရှင်များအသင်းချုပ်(MCEA)၊ ဒါရိုက်တာအဖွဲ့**
**မြန်မာဆောက်လုပ်ရေးနှင့်ဖွံ့ဖြိုးရေး**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(MCD Public Co.,Ltd)**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးစိုင်းဝန်းတို့ အသက်(၄၀)

## (ဒါရိုက်တာ၊ နောင်တုံကုမ္ပဏီလီမိတက်)

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် MCEA) ဗဟိုကော်မတီဝင် ဦးစိုင်းတစ်အောင် (မန်နေဂျင်းဒါရိုက်တာ နောင်တုံကုမ္ပဏီလီမိတက်) -ဒေါ်နန်းယုန်တို့၏သား ဦးစိုင်းဝန်းတို့သည် ၂၅-၄-၂၀၁၈ရက်၊ နံနက်(၈း၃၀)နာရီတွင် ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုကော်မတီဝင်အဖွဲ့**
**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ**
**လုပ်ငန်းရှင်များအသင်းချုပ် (MCEA)၊ ဒါရိုက်တာအဖွဲ့**
**မြန်မာဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေး**
**အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(MCD Public Co.,Ltd)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းစို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်သန်း
## အသက် (၇၁) နှစ်
**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်**
**ဆိပ်ကမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)**
**လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဝင်**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆိပ်ကမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သန်း အသက် (၇၁) နှစ်သည် ၂၇-၄-၂၀၁၈ ရက် (သောကြာနေ့) ညနေ၃း၅၅ နာရီတွင် ရွှေလမင်းဆေးရုံ(လမ်းမတော်)၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်သန်း
## အသက် (၇၁) နှစ်
**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်**
**ဆိပ်ကမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)**
**လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဝင်**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆိပ်ကမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သန်း အသက် (၇၁) နှစ်သည် ၂၇-၄-၂၀၁၈ ရက် (သောကြာနေ့) ညနေ၃း၅၅ နာရီတွင် ရွှေလမင်းဆေးရုံ(လမ်းမတော်)၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ဇနီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမောင်မောင်သန်း
## အသက် (၇၁) နှစ်
**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်**
**ဆိပ်ကမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)**
**လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဝင်**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆိပ်ကမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သန်း အသက် (၇၁) နှစ်သည် ၂၇-၄-၂၀၁၈ ရက် (သောကြာနေ့) ညနေ၃း၅၅ နာရီတွင် ရွှေလမင်းဆေးရုံ(လမ်းမတော်)၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့်**
**လွှတ်တော်ရုံးမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာတင်မောင်လွင်
**ပါမောက္ခ (သမိုင်းဌာန)၊ မြစ်ကြီးနားတက္ကသိုလ်**
## အသက် (၅၂) နှစ်

ဒေါက်တာတင်မောင်လွင် (ပါမောက္ခ၊ သမိုင်းဌာန) သည် ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ သူငယ်ချင်း ကောင်းမွန်ရာ ဘုံဘဝသို့ ရောက်ရှိပါစေ။

**ဗိုလ်ကြီးအောင်စိုးမင်း (ငြိမ်း) [စွမ်းအင်ဝန်ကြီးဌာန]**
**ကျော်ဇော (လ. ဝ. က)၊ အောင်ဇော် (CID)၊**
**တိုးတိုး (ထားဝယ်တက္ကသိုလ်)၊ ဘုန်းမြင့်ရှိန် (အနောက်ပိုင်းတက္ကသိုလ်)၊**
**စောမြင့်ဦး (ဆောက်လုပ်ရေး)၊ မီမီသက် (မကွေးတက္ကသိုလ်)၊**
**မိုးမိုးအေး (အမျိုးသားစီမံခန့်ခွဲမှုပညာဒီကရီကောလိပ်)၊ နွယ်နွယ်စိုး၊**
**ယဉ်ယဉ်မြင့်၊ မာလာထွန်း၊ ခိုင်ခိုင်စိုး၊ မိုးမိုးခင် (အနောက်ပိုင်းတက္ကသိုလ်)၊**
**လှိုင်လှိုင်ညွှန့် (YUDE)**

## အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ခင်ဆွေ (ခ) ဒေါ်ခင်ရီ
**အထက်တန်းပြဆရာမ(ငြိမ်း)၊ အ. ထ. က(၆) အလုံ**
## အသက် (၈၃) နှစ်

၂၂-၄-၂၀၁၈ ရက် (တနင်္ဂနွေနေ့) ည ၈ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားသည့်မိခင်ကြီး ဒေါ်ခင်ခင်ဆွေ (ခ) ဒေါ်ခင်ရီ၏ကျန်းမာရေးနှင့် ပတ်သက်၍ ကူညီစောင့်ရှောက်ပေးခဲ့ကြသော အာရှတော်ဝင်ဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် ဝန်ထမ်းများ၊ နာရေးသတင်း ကိုယ်တိုင် လာရောက်မေးမြန်းကြသူများနှင့် ဆက်သွယ်မေးမြန်းကြသူများ၊ သတင်းစာများတွင် ဝမ်းနည်းကြောင်း ထည့်သွင်းပေးကြသူများ၊ နာရေး လိုက်ပါ ပို့ဆောင်ပေးကြသူများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းကြသူများ၊ ဝမ်းနည်းဆုတောင်းစကားပြောကြားကြသူများ၊ ကွယ်လွန်ပြီးနောက်ပိုင်း နာရေးကိစ္စ အဝဝအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသန့်လွင်(ခ)ဂျော်နီ
## အသက် (၄၁) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်း၊ အမှတ် (၅) နေ ဦးခင်ညွှန့်-ဒေါ်တင်ကြည်တို့၏ သား၊ ဦးအောင်ကျော်ဦး- ဒေါ်စန်းစန်းရီ၊ ဦးနေဝင်း-ဒေါ်သူဇာအေး၊ ဦးကျော်မင်းဝင်း-ဒေါ်နုနုယဉ်တို့၏ ညီ/မောင်၊ မောင်အောင်ဇေမောင်-မဇင်မာနေဝင်း၊ မမေဇင်နေဝင်း၊ မောင်ကောင်းမင်းခန့်၊ မောင်မင်းဟိန်းခန့်၊ မောင်သန့်မင်းညို တို့၏ဦးလေးသည် ၂၈-၄-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၄-၅-၂၀၁၈ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း
## မိုင်မွန်နာဘီ (ခ)
## ဒေါ်ခင်ခင်အေး အသက်(၆၀)
**အလယ်တန်းပြဆရာမ၊**
**အ. ထ. က(၇)**
**မင်္ဂလာတောင်ညွန့်မြို့နယ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ အမှတ် (၃၈၂)၊ မြေညီထပ်နေ [ဦးချစ်မောင် (ရှုံပိုင်ကြီး၊ မြန်မာ့မီးရထား)-ဒေါ်ခင်မေ] တို့၏သမီးကြီး၊ ဦးမြင့်သိန်း၊ ဒေါ်ခင်သီတာအေး (GWE, CO)၊ ဦးအောင်ထူး၊ [ဒေါ်စမ်းစမ်းအေး (ခ) မနီနီ]တို့၏အစ်မ၊ မခင်ဆုရ (ဒုဿမတန်း-A)၊ မသုစန္ဒီ(သတ္တမတန်း-F၊ အထက-၂ လသာ)တို့၏အဒေါ် မိုင်မွန်နာဘီ (ခ) ဒေါ်ခင်ခင်အေးသည် ၂၆-၄-၂၀၁၈ ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင်ဇိုဟွရ်နာမားဇ်ဝတ်ပြုပြီး ရေဝေးကဗာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ညို
## အသက် (၈၃) နှစ်

မုံရွာမြို့နေ(ဦးဖိုးဘ-ဒေါ်အုန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ လမ်း(၇၀)၊ အမှတ်(၂၆)နေ [ဦးအောင်ကြည် (တပ်မတော်-ရေ၊ ငြိမ်း)]၏ဇနီး၊ ဦးအောင်ညိုဦး(တပ်မတော်-ရေ၊ ငြိမ်း)၊ ဦးစိုးစိုး(တပ်မတော်-ရေ၊ ငြိမ်း)-ဒေါ်ခင်မြဦး၊ ဦးအဇ္ဇန-(ဒေါ်အေးအေးသင်း)၊ ဒေါ်စိုးစိုးဦး၊ ဒေါ်အေးအေးနိုင်၊ ဒေါ်အေးအေးမြတ်တို့၏မိခင်၊ မောင်စိုးမင်းမင်းဦး-မအိနွယ်ထွန်း၊ မောင်ဟန်မင်းမင်းဦးတို့၏အဘွားသည် ၂၈-၄-၂၀၁၈ (စနေနေ့) ညနေ ၃း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၈ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးချစ်ဟန် (လင်းသာ သံတွဲ)
**အမက (၂) လသာ၊ ကျောင်းအုပ်ကြီး (ငြိမ်း)**
## အသက် (၇၀)

ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ငပလီမြို့၊ လင်းသာရပ်နေ (ဦးမောင်ချို-ဒေါ်မတင်) တို့၏သား၊ (ဦးဖိုးရင်-ဒေါ်မအောင်) တို့၏သားသမက်၊ ဒေါ်သိန်းညို၏ခင်ပွန်း၊ ဗိုလ်မှူးကြီးအောင်နိုင်ဦး (ငြိမ်း)-ဒေါ်မေနီနီစန်း၊ ဦးကျော်သက် (စက်ခန်းအုပ်၊ ဆပ-၁၂)-ဒေါ်သန်းသန်းစိုး (ကထိက၊ ရူပဗေဒဌာန၊ သင်္ဃန်းကျွန်း TTC)၊ ဒေါ်အေးအေးခိုင်၊ ဦးကျော်ဇင် (ရှုံမရာဇာခရီးသွားလုပ်ငန်းဥက္ကဋ္ဌ)-ဒေါ်အိအိဝင်း၊ [ဦးအေးမင်းထွန်း(သတင်းတပ်ဖွဲ့-ငြိမ်း)]-ဒေါ်အေးအေးသိန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၈-၄-၂၀၁၈ရက် နံနက် ၁နာရီတွင် အမှတ် (၈၀)၊ ငါးလွှာ၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၄-၅-၂၀၁၈ ရက် နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာတင်မောင်လွင်
**ပါမောက္ခ (သမိုင်းဌာန)၊ မြစ်ကြီးနားတက္ကသိုလ်**
## အသက် (၅၂) နှစ်

ဒေါက်တာတင်မောင်လွင် (ပါမောက္ခ၊ သမိုင်းဌာန) သည် ၂၅-၄-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစု နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သမိုင်းမိသားစု (ရန်ကုန်တက္ကသိုလ်)**

## ဦးသောင်းရွှေ (၇၄) နှစ်
**(အင်ဒိုနီးရှားသံရုံး-ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ပြည်သာယာလမ်း၊ ခြံအမှတ် (၂)နေ (ဦးချစ်-ဒေါ်လှတင်)တို့၏ သား၊ ဒေါ်မြင့်မြင့်နွယ်၏ခင်ပွန်း၊ မအေးသန္တာစိမ့်(Aya Bank)၏ ချစ်လှစွာသော ဖခင်၊ (ဦးစံညွှန့်-ဒေါ်သန်းမြင့်)တို့၏မောင်၊ ဦးထွန်းဝင်း-ဒေါ်မြကြည်၊ ဦးခိုင်ဝင်း-ဒေါ်ခင်ဆွေမြင့်၊ ဒေါ်တင်ရီ၊ ဦးဇော်မင်းသိဏ်း-ဒေါ်ခင်ဝင်းမြင့်တို့၏ ချစ်လှစွာသော အစ်ကိုကြီးသည် ၂၈-၄-၂၀၁၈ (စနေနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။] ကျန်ရစ်သူမိသားစု

## ဦးအေးကို (၇၂) နှစ်
**(ပန်းတောင်းမြို့နယ်အသင်း၊ ရန်ကုန်)**
**ဗဟိုနိုင်ငံရေးတက္ကသိုလ်**

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဂျင်းရဲကျွန်းကျေးရွာနေ (ဦးဘခင်-ဒေါ်အုန်းတင်)တို့၏သား၊ ဒေါ်တင်ထွေး၏တူ/သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးအောင်စိန်-ဒေါ်ရင်ဝင်း)တို့၏သားသမက်၊ ဒေါ်သန်းသန်းရီ၊ ဦးမှတ်-ဒေါ်ခင်အုန်းမြင့်၊ ဦးတင်ဦး-ဒေါ်ခင်သန်းစော၊ (ဦးငြိမ်းအောင်)-ဒေါ်ခင်ညိုညို၊ ဦးမြင့်ဦး-ဒေါ်စန်းစန်းမြင့်(စက်မှု-၁၊ ဆေးဝါး)၊ ဦးမျိုးညွှန့်-ဒေါ်ခင်မို့မို့တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ဈေးဘူတာလမ်း၊ အမှတ် (၁/ခ)နေ ဦးကျော်မျိုးအောင်-ဒေါ်လတ်လတ်ချို(လ/ပြ၊ အထက-၅၊ မင်္ဂလာဒုံ)၊ မဟေမာကို (NARUTO Foreign Language Center)တို့၏ဖခင်၊ ဒေါ်အေးအေးရီ၏ခင်ပွန်းသည် ၂၈-၄-၂၀၁၈ (စနေနေ့) နံနက် ၈း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၅-၂၀၁၈ (သောကြာနေ့) နံနက်တွင် မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ဈေးဘူတာလမ်း၊ အမှတ်(၁/ခ)နေ ဦးကျော်မျိုးအောင်-ဒေါ်လတ်လတ်ချိုတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသောင်းရွှေ (၇၄) နှစ်
**(အင်ဒိုနီးရှားသံရုံး-ငြိမ်း)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆) ရပ်ကွက်၊ ပြည်သာယာလမ်း၊ ခြံအမှတ် (၂)နေ (ဦးသိန်းအောင်-ဒေါ်ဂွမ်း)တို့၏ သားသမက်၊ဒေါ်မြင့်မြင့်နွယ်၏ခင်ပွန်း၊ မအေးသန္တာစိမ့်(Aya Bank)၏ ချစ်လှစွာသော ဖခင်၊ (ဦးရီဝင်း-ဒေါ်သိန်းသိန်းနွယ်)တို့၏မောင်၊ ဒေါ်တိုးတိုးမြင့်၊ ဦးခင်မောင်သိန်း-ဒေါ်ယဉ်နု၊ (ဦးမျိုးဆွေ)-ဒေါ်ယဉ်ယဉ်အောင်၊ (ဦးတင်မောင်သိန်း) - ဒေါ်ခိုင်မြတ်ကြဲတို့၏ အစ်ကို၊ တူမ ငါးယောက်၊ မြေးကိုးယောက်တို့၏အဘိုးသည်၂၈-၄-၂၀၁၈ (စနေနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော် နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊
ကျောင်းဒါယိကာမကြီး
## ဒေါ်လှမြင့် (အလုံ)
## အသက် (၆၈) နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ (ဦးလှအောင်-ဒေါ်သန်းခင်)တို့၏ သမီး၊ (ဦးထွန်းခင်-ဒေါ်ထွား)တို့၏သမီးချွေးမ၊ ရွှေပြည်သာမြို့နယ်၊ ကျောက်စိမ်းလမ်း၊ အမှတ်(၃၆၁-က)နေ ဦးတင်မြင့်ထွန်း၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းအောင်၏အစ်မ၊ ဦးတင်ဝင်း-ဒေါ်သက်သက်နှင်း (အထက-၂၊ လှိုင်သာယာ)၊ ဦးခင်နိုင်ဝင်း-(ဒေါ်ငွေငွေမြင့်)၊ (ဒေါ်ငွေငွေဝင်း)၊ ဦးသန်းဝင်း-(ဒေါ်သန်းသန်းငွေ)၊ ဒေါ်စန်းစန်းဝင်း၊ ဦးစိုးနိုင်အောင်-ဒေါ်ခင်လေးမော်(မုံရွာ စီးပွားရေးတက္ကသိုလ်)၊ ဦးညီညီလေး-ဒေါ်ဖူးဖူးငုံ(ဗဟိုဘဏ်)တို့၏အစ်မကြီး၊ တူ/တူမရှစ်ယောက်တို့၏ကြီးတော် ဒေါ်လှမြင့်သည် ၂၈-၄-၂၀၁၈ (စနေနေ့) နံနက် ၁ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရွှေပြည်သာမြို့နယ်၊ ကျူချောင်အအေးခန်းမှ ကျူချောင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျော်ဝင်း (ခ) လိုင်တူချီ
**(၁၉-လမ်း၊**
**ကျော်ကျော်စားတော်ဆက်)**
## အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၄) ရပ်ကွက်၊ (၁၉)လမ်း၊ အမှတ်(၉၂-B) နေ (ဦးလိုင်ဒူဝှက်-ဒေါ်ဟိုဖုန်ရင်)တို့၏ သား၊ (ဦးမြင့်လွင်)-ဒေါ်တင်တို့၏ သားသမက်၊ဒေါ်ဝင်းဝင်းမြင့်၏ခင်ပွန်း၊ ကိုမိုးကျော်ကျော်ဝင်း-မလဲ့ငယ်အောင်၊ မောင်ဖြိုးကျော်ကျော်ဝင်း၊ မနေခြည်ကျော်ဝင်းတို့၏ မွေးသဖခင်သည် ၂၆-၄-၂၀၁၈ (ကြာသပတေးနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၁၂း၁၅ နာရီတွင် ထိုင်းနိုင်ငံဟွာဟင်းမြို့၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးကွမ်းတုံသုသာန်၌ ဂူသွင်းမည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးရဲဆွေ (ပခုက္ကူ)
**ပလတ်စတစ်အိတ်လုပ်ငန်း**
## အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ် (၂၀၁) နေ (ဦးချစ်-ဒေါ်ညွန့်ကြည်) တို့၏သားကြီး၊ ဦးအောင်ဆွေထိုက်-ဒေါ်အေးစန္ဒာဆွေ (ပလတ်စတစ်လုပ်ငန်း)တို့၏ ချစ်လှစွာသောဖခင်၊ မဆုရတီထိုက် (ILBC) ၏အဘိုး၊ ဒေါ်ခင်ဝင်း(ခ)ဒေါ်ဝင်း၏ ချစ်လှစွာသော ခင်ပွန်း ဦးရဲဆွေသည် ၂၇-၄-၂၀၁၈ (သောကြာနေ့) ညနေ ၄း၄၂ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှ ကားများမွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်မြင့်
**(ကော့ကရိတ်)**
## အသက် (၆၈) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၆)လမ်း၊ အမှတ်(၆) နေ (ဦးထွန်းငွေ-ဒေါ်စောမြ)တို့၏ သမီး၊ (ဦးဖိုးချိတ်-ဒေါ်မေတင်)တို့၏ သမီးချွေးမ၊ ဦးထွန်းကြိုင်၏ချစ်လှစွာသောဇနီး၊ ကိုတင်ထွန်း-မလွင်လွင်အောင်၊ ကိုလှဝေ-မလင်းလင်းထွန်း၊ ကိုဝင်းမင်းထွန်း-မခင်ကျော့ကျော့ထွန်း၊ (ကိုနေလင်းထွန်း)-မချစ်စု၊ ကိုဟန်လင်းထွန်း-မဝင်းပပ၊ ကိုလှမျိုးကျော်-မဖွေးဖွေးထွန်းကြိုင်တို့၏မွေးသမိခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်တင်တင်မြင့်သည် ၂၈-၄-၂၀၁၈ (စနေနေ့) နံနက် ၀၀း၂၈ နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အုန်းမြင့်
## အသက် (၆၇) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း၊ အမှတ်(၁၀၇)နေ (ဦးကိုလေး-ဒေါ်သီး)တို့၏သမီး၊ ဦးမြင့်အုန်း-ဒေါ်လှအေး၊ (ဦးမြင့်ထွန်း)-ဒေါ်မန်းကြည်တို့၏ညီမ၊ (ဦးမြင့်ဟန်)-ဒေါ်အုန်းကြည်၊ ဦးမြင့်သိန်း-ဒေါ်ခင်မြဦး၊ ဦးသိန်းနိုင်-ဒေါ်ခင်ညွန့်၊ ဦးမြင့်အောင်-(ဒေါ်မြင့်မြင့်စန်း)၊ ဦးငွေအောင်-ဒေါ်ခင်ထွေး၊ ဦးကျော်ဇင်-ဒေါ်ခင်မိုးထွေးတို့၏အစ်မ၊ ကိုရဲကျော်သူ၊ ကိုဇေယျကျော်သူ၊ ကိုအောင်နိုင်ဦး-မဇင်မာဝင်း၊ကိုဝင်းလွင်ထွန်း-မရီရီဝင်းတို့၏မွေးသမိခင်၊ မလင်းလက်ကျော်၏အဘွား၊ (ဦးကျော်ငွေ)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်အုန်းမြင့်သည် ၂၇-၄-၂၀၁၈ ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၈နာရီမှ ၉နာရီအထိ နန္ဒဝန်ဥယျာဉ်ကျောင်းတိုက်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဦးဝိသုတ
## သိက္ခာတော် (၂၉) ဝါ၊ သက်တော် (၅၉) နှစ်
**ဒိုက်ဦးမြို့နယ်၊ ဆင်ကူးကျေးရွာ၊ အောင်တော်မူကျောင်းတိုက်**

ရန်ကုန်မြို့နေ (ဖခမည်းတော်ဦးလှခင်-မယ်တော်ဒေါ်လှကြည်)တို့၏ သားထွေး၊ ဒိုက်ဦးမြို့နယ်၊ ဆင်ကူးကျေးရွာ၊ အောင်တော်မူကျောင်းတိုက်၊ ဦးစီးနာယက ဆရာတော် ဦးဝိသုတသည် (၁၃၇၉ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်) ၁၆-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၆း၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဒါယကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စုနှင့်တူ/တူမများ

## ဦးတင်အောင်
**ကကဥ(ငြိမ်း)၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စစ်ဥပဒေချုပ်ရုံး**
## အသက် (၈၆) နှစ်

မွန်ပြည်နယ်၊ သထုံမြို့နေ (ဦးထွန်းဦး-ဒေါ်ကျင်မေ)တို့၏မြေး၊ [ဦးငွေဇင် (လမ်းဝန်ထောက်၊ လမ်းဌာန၊ မွန်ပြည်နယ်)-ဒေါ်ကြည်ကြည်]တို့၏သားကြီး၊ [ဒေါ်ခင်မူ-ဦးခင်မောင်တင့်(အင်ဂျင်နီယာ)]၊ ဦးဘုန်းမြင့်-ဒေါ်အေးသန်းတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ (၃၃)လမ်း၊ အမှတ်(၁၉၁)နေ ဒေါ်ထားထားရီ(အထက-၆၊ ဗိုလ်တထောင်-ငြိမ်း)၏ခင်ပွန်း၊ မသီရိအောင်၊ ကိုဉာဏ်စိုးအောင်တို့၏ဖခင်၊ တူ/တူမခြောက် ယောက်တို့၏ ဘကြီး၊ မြေး သုံးယောက်တို့၏အဘိုးသည် ၂၁-၄-၂၀၁၈ (စနေနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဆရာ Cyprian (ခ)ဦးစိန်အောင် (ကျောင်းဆရာ)
**အထက(၁) တာမွေ၊ အထက (၂) တ/ဥ**
**St. Francis Boy School**
## အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ သမိန်ဗရမ်းလမ်းတို၊ အမှတ် (၉)နေ (ဦးမြထူး-ဒေါ်ဖွားရင်) တို့၏သား၊ (ဦးမျိုးညွှန့်-ဒေါ်သန်းမေ) တို့၏သားသမက်၊ ဒေါ်ယဉ်ယဉ်မြင့်၏ခင်ပွန်း၊ ဦးသိန်းနိုင်-မကေရီဦး၊ (မသီရိအောင်)၊ ကိုကျော်ကျော်လွင်-မအေးဝေဝေသွင်၊ (ကိုသန်းထွဋ်)၊ မနွယ်နွယ်အောင် တို့၏မွေးသဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂၈-၄-၂၀၁၈ (စနေနေ့) နံနက် ၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်၍ မွန်းလွဲ ၁ နာရီတွင် ဝတ်ပြုဆုတောင်းပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်စောလှိုင် (ခ) တမ်စွမ်ကျို့ (သန်လျင်မြို့)
## အသက် (၈၂) နှစ်

ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ အမှတ် (၁၁)၊ ကောင်စီလမ်းနေ (ဦးမောင်စိန်-ဒေါ်ဝါတီ)တို့၏သမီး၊ [ဦးတင်မြင့် (ခ) ဦးဟုန်မော်]၏ဇနီး၊ ဦးသစ်လွင်-ဒေါ်အလိမ့်၊ (ဦးနိုင်အေး)-ဒေါ်ငွေငွေဝင်း၊ ဦးအောင်လွင်-ဒေါ်သန်းသန်းအေး၊ ဦးမျိုးမြင့်-ဒေါ်လှလှရီ၊ ဦးလေးလွင်-ဒေါ်ပပမြိုင်တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၄-၂၀၁၈ (စနေနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ သန်လျင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးသောင်းရွှေ (အင်ဒိုနီးရှားသံရုံး)
## အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ပြည်သာယာလမ်း၊ ခြံအမှတ်(၂)နေ (ဦးသိန်းအောင်-ဒေါ်ဂွမ်း)တို့၏သားသမက်၊ (ဦးချစ်-ဒေါ်လှတင်) တို့၏သား၊ ဒေါ်မြင့်မြင့်နွယ်၏ခင်ပွန်း၊ မအေးသန္တာစိမ့်(Aya Bank)၏ ချစ်လှစွာသော ဖခင်ဦးသောင်းရွှေသည် ၂၈-၄-၂၀၁၈ (စနေနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးရဲဆွေ (ပခုက္ကူ)
**ပလတ်စတစ်အိတ်လုပ်ငန်း**
## အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ် (၂၀၁) နေ (ဦးချစ်-ဒေါ်ညွန့်ကြည်) တို့၏သားကြီး၊ ဦးရဲညွန့်-(ဒေါ်လှလှသန်း)၊ ဦးမျိုးညွန့်-ဒေါ်နွဲ့နွဲ့မူ၊ (ဦးမျိုးချစ်)-ဒေါ်ခင်ပို၊ ဦးမျိုးတင့်-ဒေါ်ဖြူဖြူမြင့်၊ (ဦးကျော်ညွန့်ဦး)-ဒေါ်ခင်နှင်းကြည်၊ ဦးသောင်းမြိုင်-ဒေါ်ခင်ဆွေချစ်၊ ဦးမြလွင်-ဒေါ်ခင်ဆွေညွန့်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ကြည်ကြည်ချစ်၊ ဦးဇော်ဝမ်း- ဒေါ်မိုးချယ်ရီတို့၏ အစ်ကိုကြီး၊ ဒေါ်ခင်ဝင်း(ခ)ဒေါ်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဆွေထိုက်-ဒေါ်အေးစန္ဒာဆွေတို့၏ဖခင်၊ မဆုရတီထိုက်(ILBC) ၏ အဘိုးသည် ၂၇-၄-၂၀၁၈ (သောကြာနေ့) ညနေ ၄း၄၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၄-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## စောဘွိုင်းဒို (Saw Boy Doh)
## အသက် (၅၄) နှစ်

ထားဝယ်မြို့၊ ရှမ္မလည်ဆွဲရပ်၊ ဆေးရုံလမ်း၊ အမှတ် (၂၇၁)၊ တိုက် (၅)၊ ခြောက်လွှာ (အေ)၊ အာသောကလမ်း၊ တာမွေမြို့နယ်နေ စောသဲဒေ- နော်ဒီးနာတို့၏ သားကြီး၊ စောအီယံဖိုးကေ-နော်ထရေးလာဇံတို့၏သားသမက်၊ (စောလားဒို)၊ နော်ဖော့ကူသေး-ဦးပီစီ၊ နော်လားစေး-ဦးထွန်းငွေ၊ စောအယ်ဒို-နော်စင်သီယာရင်မျိုးမင်း၊ နော်ဗွိုင်းအိုလက်ဖိုးကေ-စောဝင်းမောင်၊ စောမဲလ်ဗင်ဖိုးကေ-နော်ဂျူလီ၊ စောရောဘတ်ဖိုးကေ-နော်စေးစေး၊ နော်မာရီယာဖိုးကေ-ဦးကျော်နိုင်တို့၏ အစ်ကိုကြီး/ညီမောင်၊ နော်ဖြိုးချယ်ရီဘွိုင်း၏ ချစ်ဖခင်၊ နော်ခရစ္စတင်းဖိုးကေ၏ ချစ်ခင်ပွန်း စောဘွိုင်းဒိုသည် ၂၇-၄-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃၀-၄-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်အအေးတိုက်ခန်းမ၌ ဆုတောင်းဝတ်ပြုပြီး ကရင်ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရုရှားနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးတို့ တွေ့ဆုံ

## မြန်မာနိုင်ငံ၏ တိုးတက်မှုအခြေအနေ၊ ရခိုင်ပြည်နယ်အခြေအနေတို့နှင့် ပတ်သက်၍ အတွင်းရေးမှူးအား အသိပေးပြောကြား

**နေပြည်တော် မေ ၂၈**

ရုရှားနိုင်ငံ ဆိုချီမြို့၌ မေ ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် လုံခြုံရေးကိစ္စရပ်များဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၉)ကြိမ်မြောက် နိုင်ငံတကာအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ရုရှားနိုင်ငံ မော်စကိုမြို့၌ရှိစဉ် ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolai Patrushev နှင့် မေ ၂၇ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် မော်စကိုမြို့ရှိ ၎င်း၏ရုံးခန်း၌တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူးတို့က အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးကိစ္စတို့ကို ဆွေးနွေးကြသည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ တိုးတက်မှုအခြေအနေများနှင့် ရခိုင်ပြည်နယ် အခြေအနေတို့နှင့်ပတ်သက်၍လည်း အတွင်းရေးမှူးအား အသိပေးပြောကြားခဲ့သည်။

ဆက်လက်၍ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Igor Morgulov နှင့်လည်း မော်စကိုမြို့ရှိ ၎င်း၏ရုံးခန်း၌ တွေ့ဆုံခဲ့သည်။

**စာမျက်နှာ ၅ ကော်လံ ၃ သို့**



**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ရုရှားလုံခြုံရေးကောင်စီ အတွင်းရေးမှူး H.E. Mr. Nikolai Patrushev တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

# ထိန်ပင်အမှိုက်ပုံမီး ငြိမ်းသတ်ရာတွင် ပြည်ပ ပညာရှင်များ၏ အကြံပြုချက်များဖြင့်လည်း ဆောင်ရွက်သွားမည်

ရန်ကုန် မေ ၂၈

**ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို အပြီးသတ်ငြိမ်းသတ်ရာတွင် ပိုမိုမြန်ဆန်ထိရောက်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်ပမှပညာရှင်များ၏ အကူအညီနှင့် အကြံပြုချက်များဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

စာမျက်နှာ ၁၀ ကော်လံ ၁ သို့



## နာဂစ် (၁၀)နှစ်ပြည့် အသိပညာပေး အစီအစဉ်များ ပြုလုပ်မည်

**နေပြည်တော် မေ ၂၈**

နာဂစ်မုန်တိုင်း ကျရောက်ခဲ့သည့် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြည်သူလူထု အသိပညာပေး အစီအစဉ်များကို **နာဂစ်လွန်ပြန်လည် ထူထောင်ရေးမှသည် ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသည့် ပြည်သူလူထု ဖြစ်ပေါ်လာစေရေးဆီသို့** ခေါင်းစဉ်ဖြင့် မေ ၂ ရက် နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၂၉၊ ၂၀၁၈ (တနင်္ဂနွေနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

## ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဆောင်ရွက်ခဲ့သည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

● မဟန်နီ



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်

“မန္တလေးတိုင်းဒေသကြီးက ခရိုင်၊ မြို့နယ်၊ ကျေးရွာမှာရှိတဲ့ တိုက်နယ်ဆေးရုံတွေမှာ အဆောင်တွေတိုးချဲ့တယ်၊ ဝန်ထမ်းအိမ်ရာတွေ ဆောက်ပေးတယ်၊ တိုက်နယ်ဆေးရုံတွေ တည်ဆောက်ပေးတယ်၊ ဒီနှစ်နှစ်အတွင်းမှာ ကျေးလက်ကျန်းမာရေးဌာနခွဲငါးခုကို တိုက်နယ်ဆေးရုံအဆင့် မြှင့်တင်ပေးတယ်၊ ကျေးလက်ကျန်းမာရေးဌာနခွဲတွေကို တည်ဆောက်ပေးရုံတင်မကဘဲ ဆေးဝါးတွေဖြည့်တင်းပေးတယ်”

**မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**

### တိုးချဲ့တည်ဆောက်ခဲ့

ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း ကျန်းမာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ရာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများကို တိုက်နယ်ဆေးရုံများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့သည့်အပြင် ဆေးရုံများလည်း တိုးချဲ့တည်ဆောက်ခဲ့ကြောင်း သိရသည်။

“မန္တလေးတိုင်းဒေသကြီးက ခရိုင်၊ မြို့နယ်၊ ကျေးရွာမှာရှိတဲ့ တိုက်နယ်ဆေးရုံတွေမှာ အဆောင်တွေတိုးချဲ့တယ်၊ ဝန်ထမ်းအိမ်ရာတွေ ဆောက်ပေးတယ်၊ တိုက်နယ်ဆေးရုံတွေ တည်ဆောက်ပေးတယ်၊ ဒီနှစ်နှစ်အတွင်းမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ငါးခုကို တိုက်နယ်ဆေးရုံအဆင့် မြှင့်တင်ပေးတယ်၊ ကျေးလက်ကျန်းမာရေးဌာနခွဲတွေကို တည်ဆောက်ပေးရုံတင်မကဘဲ ဆေးဝါးတွေ ဖြည့်တင်းပေးတယ်”ဟု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။

### အသုံးပြုခဲ့

ကျန်းမာရေးကဏ္ဍ ဆေးဝါးဖြည့်တင်းခြင်းအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျပ်သန်းပေါင်း ၁၇၇ ဒသမ ၆၈ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ်သန်း ၂၃၀ ကို အသုံးပြုခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

“၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ကျပ်သန်းပေါင်း ၁၇၇ ဒသမ ၆၈ သန်းနဲ့ ဆေးဝါး ၁၁၃ မျိုးကို ဖြည့်တင်းပေးတယ်၊ အလားတူ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ကျပ်သန်း ၂၃၀ ဖိုးကို ဖြန့်ပေးခဲ့တယ်၊ ကျွန်တော်တို့ ကာကွယ်ရေးလုပ်ငန်း သုံးခုလုပ်ရတယ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ၉၃ ရာခိုင်နှုန်း သံချဆေးတိုက်ကျွေးနိုင်တယ်၊ ၂၀၁၇-၂၀၁၈ ခုနှစ်မှာလည်း ဒီရာခိုင်နှုန်းလောက် တိုက်ကျွေးမယ်၊ ဂျပန်ဦးနှောက်အမြှေးရောင် ကာကွယ်ဆေးကို ကျောင်းအခြေပြုထိုးပေးတယ်၊ ၉၀ ရာခိုင်နှုန်းကျော် ထိုးနှံပေးခဲ့တယ်၊ ရပ်ကွက်အခြေပြုကိုလည်း ၉၅ ရာခိုင်နှုန်းလောက် လုပ်နိုင်ခဲ့တယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ဆင်ခြေထောက်ရောဂါပိုး ကျန်သေးတယ်၊ အဲဒီအတွက်လည်း နှစ်နှစ်တာမှာ ၉၆ ဒသမ ၂၈ ရာခိုင်နှုန်းလောက် လုပ်နိုင်တယ်”ဟု ကျန်းမာရေးကဏ္ဍဆောင်ရွက်မှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားသည်။

### တိုးချဲ့တည်ဆောက်


တိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်ခြင်းအပါအဝင် ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ စာစစ်ဌာနအသစ်များ တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### အလွန်အရေးကြီး

“ပညာရေးကဏ္ဍက အလွန်အရေးကြီးတယ်၊ နှစ်နှစ်တာကာလအတွင်းမှာ ပြည်ထောင်စုရန်ပုံငွေကနေ ၁၅ ဒသမ ၆၉၈ ဘီလီယံနဲ့ ကျောင်းဆောင်အသစ် ဆောက်ခဲ့တယ်၊ ၅၇၃ ကျောင်း အသစ်ဆောက်နိုင်ခဲ့တယ်၊ အလှူရှင်တွေက ၃ ဒသမ ၅၄ ဘီလီယံလောက်နဲ့ ကျောင်းဆောင်သစ်တွေ ဆောက်ပေးတယ်၊ နှစ်နှစ်အတွင်းမှာ ၇၄ ခု ဆောက်ပေးနိုင်ခဲ့တယ်၊ အဲဒီကြားထဲမှာ ကျောင်းအဆင့်တိုးခြင်းတွေကိုလည်း ဆောင်ရွက်ခဲ့တယ်၊ ကျောင်းပေါင်း ၇၀ လောက်ကို

အထူးကဏ္ဍ [ ခ ] သို့ »»»







မန္တလေးမြို့တွင် လမ်းများအဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

အဆင့်တိုးပေးနိုင်ခဲ့တယ်၊ စာစစ်ဌာနတွေလည်း တိုးပေးတယ်၊ နှစ်နှစ်အတွင်း ၂၈ မြို့နယ်မှာ စာစစ်ဌာန ၂၀ ခု တိုးပေးနိုင်ခဲ့တယ်။

"ကျောင်းပြင်ပပညာရေးနဲ့ ပတ်သက်ပြီး တော့လည်း ဆောင်ရွက်ခဲ့ပါတယ်၊ စာသင် ခန်းထဲရောက်ရမယ့် ကလေးလေးတွေ အလုပ်လုပ်နေရတယ်၊ ဒါကြောင့် နှစ်နှစ်တာ အတွင်း မန္တလေးတိုင်းဒေသကြီး မြို့နယ်ခုနစ် မြို့နယ်မှာ စေတနာ့ဝန်ထမ်း ဆရာ ဆရာမ ၆၀ ကျော်လောက်နဲ့ ပထမနှစ်မှာ ကလေး ၆၀၀ ကျော်လောက်ကို သင်ပေးနိုင်တယ်၊ နောက်နှစ်မှာ ၄၀၀ ကျော်လောက်ကို သင်ပေး နိုင်တယ်၊ ထူးခြားတာက တိုင်းရင်းသားစာပေနဲ့ ဘာသာစကားကို သင်ခိုင်းတယ်၊ အစိုးရ ကျောင်းတွေမှာ ညအိပ်ညနေ နေခိုင်းပြီးတော့ ရန်ပုံငွေနဲ့ ငါးတန်းခြောက်တန်းအထိ သင်ပေး တာရှိတယ်၊ ရှမ်းဘာသာနဲ့ လီဆူးဘာသာပါ" ဟု ဝန်ကြီးချုပ်က ပြောသည်။

## ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိ

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်မှုရရှိစေရန် ပြည်တွင်း ပြည်ပ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပြီး တိုင်း ဒေသကြီးအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၁ ဒသမ ၈၈၂ ဘီလီယံ နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၂၈၂၉ ဒသမ ၆၇ ဘီလီယံရှိကြောင်း သိရသည်။

## အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်

"နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ရင် မန္တလေးမှာ နိုင်ငံပေါင်း ၁၂ နိုင်ငံက ရင်းနှီး မြှုပ်နှံတာရှိပါတယ်၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၂ ဘီလီယံလောက် ရင်းနှီးမြှုပ်နှံထား တယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံတာက လုပ်ငန်း ၃၀ ရှိတယ်၊ အဲဒါတော့ မြန်မာကျပ်ငွေနဲ့ ၂၈၂၉ ဒသမ ၆၇ ဘီလီယံရင်းနှီးမြှုပ်နှံထားတဲ့ အတွက် ဒါဟာ အားရစရာကောင်းပါတယ်၊ တိုင်းဒေသကြီးမှာ ရင်းနှီးမြှုပ်နှံမှုလုပ်လို့ရပြီ၊ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီဆိုပြီး ဖွဲ့စည်းထားပါပြီ၊ One Stop Service ပုံစံ ကျွန်တော်တို့ လုပ်လိုက်တယ်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ချင်တဲ့သူတွေအတွက် အစည်း အဝေးထိုင်ပြီး တစ်ပြိုင်တည်းခွင့်ပြုပေးလိုက် တယ်၊ ရင်းနှီးမြှုပ်နှံမှုလက်မှတ်လည်း တစ်ခါ တည်း ထုတ်ပေးလိုက်တယ်၊ အဲဒါက အားသာ ချက်ပဲ၊ နိုင်ငံခြားသားကော နိုင်ငံသားပါ ရင်းနှီးမြှုပ်နှံမှုရှိမှ အလုပ်အကိုင်အခွင့်အလမ်း တွေ ဖန်တီးပေးနိုင်မယ်"ဟု ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ရင်းနှီး မြှုပ်နှံမှုတိုးတက်ရရှိအောင် ဆောင်ရွက်သွား မည့် အခြေအနေအပေါ် "မန္တလေးတိုင်းဒေသ ကြီးမှာ ရင်းနှီးမြှုပ်နှံမှုဟာ အလားအလာ ကောင်းတွေ အများကြီးရှိပါတယ်၊ ဒါကြောင့်မို့ လျှပ်စစ်ဓာတ်အား ပိုထုတ်နိုင်အောင် ကြိုးစား နေတယ်၊ လျှပ်စစ်ဓာတ်အားထုတ်ပြီး မြေပေး နိုင်ရင် ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်လာမှာ ပါ၊ တိုင်းဒေသကြီးအတွက် ကောင်းသလို နိုင်ငံတော်အတွက်လည်း ကောင်းပါတယ်၊ ဒေသခံတွေအတွက် အလုပ်အကိုင် ဖန်တီးပေး နိုင်မှာပါ"ဟု ပြောကြားသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးအတွက် ငါးနှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက် နေပြီး နိုင်ငံ့ဝန်ထမ်းများအတွက် ရည်ရွယ် သည့် အောင်မြေမန္တလာအိမ်ရာစီမံကိန်းကို လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

"ငါးနှစ်မှာ မန္တလေးတိုင်းဒေသကြီး အတွက် အိမ်ရာ ၂၀၀၀ စီမံကိန်းရှိတယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှာက ဝန်ထမ်း ပေါင်း ၆၅၀၀၀ ကျော်လောက်ရှိတယ်၊ ဒီထဲက ၃ ဒသမ ၂၈ ရာခိုင်နှုန်းလောက်ပဲ အိမ်ရာရ တယ်၊ တစ်ရာမှာ သုံးယောက်ပဲရတယ်ဆိုတော့

အထူးကဏ္ဍ [ ဂ ] သို့ »»»



မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဘူမိန္ဒြကျေးရွာတွင် လျှပ်စစ်မီးလင်းရေးဆောင်ရွက်နေစဉ်။



မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်နှင့် နဘူးအိုင်ကြား နိုင်ငံတကာအဆင့်မီ စက်မှုမြို့တော်(အပေါ်ပုံ)နှင့် အဆင့်မီသင်္ဘောဆိပ်ကမ်း(အောက်ပုံ)ကို တည်ဆောက်နေစဉ်။



တိုင်းဒေသကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိပြီး တိုင်းဒေသကြီးအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈၂ ဘီလီယံနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ကျပ် ၂၈၂၉ ဒသမ ၆၇ ဘီလီယံရှိ

»»» အထူးကဏ္ဍ [ ခ ] မှ

ဘယ်လိုမှမပြည့်စုံဘူး၊ အရင်အစိုးရလက်ထက်က ၁၈၄၆ ခန်းလောက်ရှိတယ်၊ ကျွန်တော်တို့ နှစ်နှစ်တာကာလအတွင်းမှာ ၉၃၆ ခန်းလုပ်နိုင်တယ်၊ ငါးဆယ်ရာခိုင်နှုန်းလောက် နှစ်နှစ်အတွင်းမှာ လုပ်နိုင်တယ်၊ ဒါကလည်း ကျေနပ်စရာမကောင်းသေးဘူး၊ ဒီထက်ပိုပြီး လုပ်ပေးသင့်တယ်၊ အောင်မြေမန္တလာအိမ်ရာစီမံကိန်း ကျွန်တော်တို့လုပ်နေတာရှိပါတယ်၊ အဲဒီမှာ အခန်းပေါင်း ၂၄၀ ပါတဲ့ အိမ်ရာတွေ အကောင်အထည်ဖော်နေတယ်၊ ဒီအိမ်ရာတွေကတော့ နိုင်ငံ့ဝန်ထမ်းတွေအတွက် ဖြစ်ပါတယ်၊ အရင်တုန်းကဆောက်ခဲ့တဲ့ မြရည်နန္ဒာအိမ်ရာရှိတယ်၊ အခန်းပေါင်း ၈၀၀ ရှိတယ်၊ ဒါကို ဝန်ထမ်းတွေကို မဲနှိုက်ပေးတယ်၊ ၃၀ ရာခိုင်နှုန်းကို လက်ငင်းသွင်းပြီး ကျန်တာကိုတော့ ဘဏ်နဲ့ ဆက်ပြီးပေးရတာပေါ့၊ ဒါကလည်း ဝန်ထမ်းတွေအတွက် တော်တော်အဆင်ပြေပါတယ်” ဟု ဝန်ကြီးချုပ်က ပြောသည်။



ပြန်လည်စွန့်လွှတ်သည့် မြေယာများကို မူလတောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်လက်မှတ် ပြန်လည်လွှဲပြောင်းပေးအပ်သည့်အခမ်းအနား ကျင်းပစဉ်။

**မီးရရှိအောင်ဆောင်ရွက်ခဲ့**

ကျေးလက်နှင့်မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်လျက်ရှိရာ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာပေါင်း ၄၀၀၀ ကျော်မှ ၂၀၀၀ ကျော် မီးရရှိအောင်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

“ဒီနှစ်နှစ်အတွင်းမှာ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ကျေးရွာပေါင်း ၄၈၀၇ ရွာရှိတယ်၊ မီးလင်းပြီးတဲ့ရွာပေါင်းက ၂၁၁၇ ရွာရှိတယ်၊ မီးလင်းရန် ကျန်တဲ့ကျေးရွာပေါင်းက ၂၆၉၀ ကျန်တယ်၊ တစ်နည်းအားဖြင့် ၄၅ ဒသမ ၄ ရာခိုင်နှုန်း မီးလင်းပြီးဖြစ်တယ်၊ နှစ်နှစ်အတွင်းမှာ ကျေးရွာမီးလင်းရေးအတွက် ၁၈ ဘီလီယံလောက် သုံးတယ်၊ နှစ်နှစ်အတွင်းမှာ ၆၆ ကေဗွီခွဲရုံ ခြောက်ရုံဆောက်နိုင်တယ်၊ ၃၃ ကေဗွီခွဲရုံ ၁၃ ရုံဆောက်နိုင်ခဲ့ပြီး ၁၁ ရုံကို အဆင့်တိုးမြှင့်နိုင်ခဲ့တယ်၊ ဘာပဲပြောပြော မီးလင်းရေးကဏ္ဍကတော့ အားရတယ်။

**ကျေးလက်ကော မြို့ပြပါ ဖွံ့ဖြိုးဖို့လိုအပ်**

“ကျေးလက်ကော မြို့ပြပါ ဖွံ့ဖြိုးဖို့လိုအပ်ပါတယ်၊ မြို့ပေါ်မှာလည်း လမ်းတွေ၊ မီးတွေကောင်းအောင် ဆောင်ရွက်တယ်၊ တခြားမြို့က လာတဲ့သူတွေက မန္တလေးကို သဘောကျကြတယ်”ဟု ဝန်ကြီးချုပ်က ပြောသည်။

ကွန်ကရစ်လမ်း ၇ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၁၉၆ မိုင်ကျော်၊ ကွန်ကရစ်တံတား ၁၀၉ စင်းနှင့် ရေကျော် ၂၂၅ စင်းကို ငွေကျပ် ၁၃ ဒသမ ၈၉ ဘီလီယံ အသုံးပြုကာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

“အခု ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ဧရာဝတီမြစ်ကမ်းပြိုတာတွေရှိတယ်၊ နှစ်နှစ်အတွင်းမှာ မြင်းခြံက တစ်ရွာနဲ့ ညောင်ဦးက တစ်ရွာကို ပြောင်းရွှေ့ပေးခဲ့ရတယ်၊ ကုန်ကျစရိတ် သိန်းထောင်ချီကုန်ကျပါတယ်၊ စိုက်ပျိုးဧက ၃၁၅၂၅ ဧကအတွက် ရေကြီးရေလျှံမှုမဖြစ်အောင် ရေနုတ်မြောင်း ၃၃ ခုကို ၂ ဒသမ ၅ ဘီလီယံ ကုန်ကျခံပြီး ဖော်ပေးခဲ့ပါတယ်၊ ဒါတွေကို ဆောင်ရွက်ပေးခဲ့လို့ ကျေးရွာတွေမှာ စိုက်ပျိုးမြေတွေ ရေကြီးရေလျှံတာကနေ ကာကွယ်နိုင်တယ်လို့ ပြောစမှတ်ပြုကြတယ်။

**သဘာဝအရင်းအမြစ်ပေါ**

“အစိုးရဆိုတာ ပြည်သူလူထုကို အခြေပြုပြီး ဆောင်ရွက်ရတာပါ၊ ကျွန်တော်တို့ ပိုင်းဖြတ်ထားတာကိုက တရားဥပဒေစိုးမိုးရေးနဲ့ နိုင်ငံသားတွေရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးပါ၊ ဒါကလည်း အစိုးရချည်း လုပ်လို့မရဘူး၊ ပြည်သူပါမှလည်း ရမှာပါ၊ ကျွန်တော်တို့နိုင်ငံဟာ သဘာဝအရင်းအမြစ် ပေါတယ်၊ တိုင်းပြည်ဖွံ့ဖြိုးဖို့ အခြေခံကောင်းတွေရှိတယ်၊ ဒီနေရာကို ရောက်နေတာလည်း ပြည်သူကမဲပေးပြီး ရွေးချယ်ပေးခဲ့လို့ပါ၊ ဒါကြောင့် ပြည်သူ့အတွက် ဆောင်ရွက်ပေးနေတယ်၊ ပြည်သူလူထုကိုလည်း နားလည်ပေးစေချင်ပါတယ်”ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောသည်။



အထွေထွေရောဂါကုဆေးရုံကြီး(မန္တလေး)တွင် ကျောက်ကပ်အစားထိုးကုသခြင်း ပြုလုပ်နေစဉ်။

**ပြည်သူလူထုအားနဲ့ ဆောင်ရွက်တတ်ဖို့ အင်မတန်အရေးကြီး**

တိုင်းဒေသကြီးအဖွဲ့၏ ဆောင်ရွက်မှုအပေါ် ယုံကြည်ရာအသိပညာပြန့်ပွားရေးအသင်းမှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာတေဇာဆန်းက “ပြည်သူ့အားနဲ့တက်လာတဲ့ အစိုးရဖြစ်တဲ့အတွက် ပြည်သူလူထုအားနဲ့ ဆောင်ရွက်တတ်ဖို့ အင်မတန်အရေးကြီးပါတယ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကအစ အားလုံးပါဝင်ဖို့လိုပါတယ်၊ ဒါကြောင့် ပြည်သူ့အားကို ဒီထက်မက ပါဝင်နိုင်အောင် ဆောင်ရွက်သင့်တယ်လို့ ထင်ပါတယ်”ဟု အကြံပြုပြောသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် သိမ်းဆည်းလယ်ယာမြေများနှင့် ပတ်သက်၍လည်းကောင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍လည်းကောင်း အားဖြည့်ဆောင်ရွက်လိုကြောင်း သိရသည်။

**မူလပိုင်ရှင်ထံ ပြန်လည်အပ်နှံ**

တိုင်းဒေသကြီးအစိုးရအနေဖြင့် ၎င်းတို့တာဝန်ယူသည့်နှစ်နှစ်တာအတွင်း သိမ်းဆည်းလယ်ယာမြေ ဧက ၃၀၀၀ ကျော်ကို မူလပိုင်ရှင်ထံ ပြန်လည်အပ်နှံနိုင်အောင် ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က “ကျွန်တော်တို့ အားမရတာက သိမ်းဆည်းခံမြေပြဿနာတွေပါ၊ တောင်သူတွေက ဆန္ဒပြနေတာ တွေ့ရပါတယ်၊ တောင်းနေတာ တွေ့ရတယ်၊

အထူးကဏ္ဍ [ ဃ ] သို့ »»»



မန္တလေးမြို့တွင် ကျင်းပသည့် မြန်မာ့စွန့်ဦးတီထွင်ပွဲတော်၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ကြည့်ရှုအားပေးစဉ်။

> မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ကျေးရွာပေါင်း ၄၈၀၇ ရွာရှိတယ်၊ မီးလင်းပြီးတဲ့ရွာပေါင်းက ၂၁၁၇ ရွာရှိတယ်၊ မီးလင်းရန်ကျန်တဲ့ ကျေးရွာပေါင်းက ၂၆၉၀ ကျန်တယ်၊ တစ်နည်းအားဖြင့် ၄၅ ဒသမ ၄ ရာခိုင်နှုန်း မီးလင်းပြီးဖြစ်တယ်၊ နှစ်နှစ်အတွင်းမှာ ကျေးရွာမီးလင်းရေးအတွက် ၁၈ ဘီလီယံလောက် သုံးတယ်၊ နှစ်နှစ်အတွင်းမှာ ၆၆ ကေဗွီခွဲရုံ ခြောက်ရုံဆောက်နိုင်တယ်၊ ၃၃ ကေဗွီခွဲရုံ ၁၃ ရုံဆောက်နိုင်ခဲ့ပြီး ၁၁ ရုံကို အဆင့်တိုးမြှင့်နိုင်ခဲ့တယ်

»»» အထူးကဏ္ဍ [ ၈ ] မှ

တတ်နိုင်သမျှ ဆောင်ရွက်ပေးတယ်၊ နှစ်နှစ်အတွင်းမှာ မြေဧက ၃၀၀၀ ကျော်ကို သက်ဆိုင်တဲ့ တောင်သူတွေဆီကို ပြန်လည်ပေးအပ်နိုင်တယ်၊ လောလောဆယ်ပြန်ပေးနိုင်ဖို့ ၁၄၀၀၀၀ ကျော်လောက် ကျွန်တော်တို့လက်ထဲမှာရှိပါတယ်၊ စိစစ်ရတာလည်း ကြာပါတယ်၊ ပိုင်ရှင်မဟုတ်ရင် ပြဿနာရှိနိုင်ပါတယ်၊ ပိုင်ရှင်အစစ်အမှန်ထံ ပေးအပ်နိုင်ဖို့ ဆောင်ရွက်ရပါတယ်။

**ဒီထက်ပိုလုပ်ပေးချင်**

"အခုဆိုရင် တံတားဦးနားက လေယာဉ်ကွင်းဆောက်တုန်းက သိမ်းထားတဲ့ မြေဧက ၄၀၀၀ ကျော်လောက် ပြန်ရထားတာရှိတယ်၊ ဒါတွေကို မူလပိုင်ရှင်ထံ ပြန်ပေးဖို့ အခုစီစဉ်နေပါတယ်၊ ပြင်ဦးလွင်မှာလည်း ဧက ၂၉၀ လောက် ရှိပါတယ်၊ ပေးစရာ တစ်သောင်းကျော်ကျော်လောက် ကျန်ပါတယ်၊ တတ်နိုင်သမျှ ပေးချင်ပါတယ်၊ ငါးနှစ်အတွင်းမှာ ဘယ်လောက်ပေးနိုင်တယ်ဆိုတာ အမြဲတမ်း ဆန်းစစ်နေပါတယ်၊ ကြိုးစားဆောင်ရွက်နေတယ်၊ အားရလားဆိုရင်တော့ အားတော့မရပါဘူး၊ ဒီထက်ပိုလုပ်ပေးချင်ပေမယ့် ကျွန်တော်တို့မှာလည်း အခက်အခဲတွေရှိပါတယ်"ဟု ပြောသည်။

**မူးယစ်ဆေးဝါး ကာကွယ်တားဆီး**

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အားဖြည့်ဆောင်ရွက်လိုသည့် မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်း "နောက်တစ်ခုက မန္တလေးကို ဝေဖန်ကြတာက မူးယစ်ဆေးဝါး ပေါတယ်၊ မန္တလေးက အချက်အချာဖြစ်နေတယ်၊ အဝင်အထွက်များတယ်၊ စီမံချက်တွေနဲ့လည်း ဖမ်းဆီးနေတယ်၊ အများကြီးလည်း ဖမ်းမိတယ်၊ မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ဘယ်လောက်ဖမ်းဖမ်း နည်းမျိုးစုံနဲ့ ဝင်နေတော့ ကျွန်တော်တို့ကို အားနည်းတယ်လို့ ထင်တယ်၊ မဟုတ်ပါဘူး၊ ကျွန်တော်တို့ဂိတ်တွေကနေလည်း ဖမ်းပါတယ်၊ သတင်းပေးရင်လည်း ဖမ်းပါတယ်၊ မူးယစ်တပ်ဖွဲ့တွေက သတင်းတွေရမှလည်း ဖမ်းနိုင်မှာပါ၊ အခုက သတင်းပေးတဲ့သူ နည်းသွားတယ်၊ မပေးရဲကြဘူး၊ ဒါကြောင့် ဖမ်းတာကို တပ်ဖွဲ့တွေက ကိုယ်တိုင်ကြိုးပမ်းပြီး ဖမ်းရတယ်၊ မိတာကတော့ အပတ်စဉ်မိနေတယ်၊ နှစ်စဉ် ဇွန်လဆို ဖမ်းဆီးထားတာတွေကို ဖျက်ဆီးပါတယ်၊ ဘယ်လိုဖမ်းဖမ်း၊ ဘယ်လိုဖျက်ဆီးဖျက်ဆီး ရှိနေသေးတယ်၊ ဒါက ဝေဖန်စရာရှိတယ်၊ အားလုံးသော ဌာနဆိုင်ရာတွေ ကြိုးစားနေပါတယ်။

"နောက်တစ်ခုက မန္တလေးက ဆိုင်ကယ်စီးတဲ့သူ များတယ်၊ ယာဉ်တိုက်မှုများနေလို့ ဝေဖန်ကြတာလည်း ရှိပါတယ်၊ တိုင်းဒေသကြီးတစ်ခုလုံးပြောတာပါ၊ ဒါကိုလည်း ဆောင်ရွက်မှာပါ၊ ဒါပေမယ့် အစိုးရချည်းပဲတော့ မရပါဘူး၊ ပြည်သူလူထုကလည်း ပါဝင်ရမှာပါ၊ ကျွန်တော်တို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေနဲ့ ပတ်သက်ပြီး အသိပညာပေးတယ်၊ ဒါပေမယ့် Report ထွက်လာရင် ယာဉ်တိုက်မှုတွေက နည်းနည်းရှိနေသေးတယ်၊ ဒါကြောင့်လည်း ဒါကို အားမရသေးဘူး။

**လုံခြုံရေးဆောင်ရွက်နေ**

"နောက်တစ်ခု မန္တလေးမြို့ကြီး မလုံခြုံတော့ဘူးလို့ ပြောနေကြတယ်၊ လှည့်ကင်းတွေ၊ ပတ်ကင်းတွေ၊ ဝပ်ကင်းတွေနဲ့ဆောင်ရွက်နေပါတယ်၊ ချောင်ကျတဲ့နေရာ၊ လုယက်မှုများတဲ့နေရာတွေမှာ အင်အား ၄၀၀ လောက်နဲ့ အမြဲတမ်းဆောင်ရွက်နေပါတယ်၊ ဒါပေမယ့် လုယက်တဲ့လူငယ်တွေရဲ့ပုံသဏ္ဌာန်က လူငယ်တွေ ဖြစ်နေတယ်၊ မူးယစ်သုံးတာတွေလည်း ပါမှာပေါ့၊ လောင်းကစားတွေလည်း ပါမှာပေါ့၊ ကြုံသလို လုနေတယ်၊ လုံခြုံရေး ဆောင်ရွက်နေပေမယ့် ရှိတော့ရှိနေသေးတယ်၊ ပြည်သူလူထုက ဒီအသိကို မြှင့်တင်ရင် အဆင်ပြေနိုင်ပါတယ်။ လုံးဝမလုံခြုံတာတော့ မဟုတ်ပါဘူး။ အားရလားမေးရင်တော့ အားရစရာ မရှိသေးဘူး"ဟု ပြောကြားခဲ့သည်။

"ဒီမိုကရေစီမှာ အရေးကြီးတာက ပြည်သူပါဝင်ဆောင်ရွက်မှုပါ၊ ကိုယ်ရွေးချယ်တဲ့ အစိုးရနဲ့အတူ ပူးပေါင်းပါဝင်ရမယ်၊ မန္တလေးမှာဆိုရင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာတာတွေရှိပါတယ်၊ တိုင်းဒေသကြီးအစိုးရကလည်း မီးပွိုင့်ကအစ လုပ်ပေးတာပဲ၊ မလိုက်နာတဲ့သူတွေ ရှိနေသေးတဲ့အတွက် စည်းကမ်းလိုက်နာစေချင်ပါတယ်"ဟု မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံဌာနမှ ဒေါက်တာဇော်စိုးက အကြံပြုသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မန္တလေးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်မည့် စီမံကိန်းများစွာရှိကြောင်းသိရပြီး အဆိုပါစီမံကိန်းများတွင် မြို့သစ်စီမံကိန်းများ၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးစီမံကိန်းများလည်း ပါဝင်ကြောင်း သိရသည်။

**အလားအလာကောင်းတွေရှိ**

"မန္တလေးတိုင်းဒေသကြီးအနေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းတွေရှိပါတယ်။ မြို့သာစက်မှုလုပ်ငန်းပါ၊ နိုင်ငံခြားကလည်း ရင်းနှီးမြှုပ်နှံမှုလာတဲ့အတွက် အလားအလာကောင်းတွေ ရှိပါတယ်။ နောက်တစ်ခုက ရတနာပုံမြို့သစ်စီမံကိန်း၊ ပြင်ဦးလွင်မှာလုပ်မယ့် စီမံကိန်းလည်း လုပ်ဖို့ရှိပါတယ်။ ဆိပ်ကမ်းတွေ တည်ဆောက်ဖို့ စင်ကာပူနဲ့ ဆွေးနွေးထားတာ ရှိပါတယ်။ မန္တလေးဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပါ့မယ်။ ဧရာဝတီမြစ်ပေါ်မှာ ကုန်စည်စီးဆင်းမှု အများကြီးရှိပါတယ်။ စနစ်ကျတဲ့ ဆိပ်ကမ်း မရှိသေးပါဘူး။ အဲဒီအတွက် ကျွန်တော်တို့ ဆိပ်ကမ်းရော၊ ဆိပ်ကမ်းပတ်ဝန်းကျင်မှာပါ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားမှာပါ။ အမရပူရ ဖွံ့ဖြိုးရေးစီမံကိန်းလည်း ရှိပါတယ်။ စလည်း စနေပါပြီ။ ပလိပ်မှာ ကုန်းတွင်းဆိပ်ကမ်းလို (Dry Port) ကိုလည်း ဆောင်ရွက်သွားမှာပါ။ မန္တလေးမြို့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းတွေ ပေးနိုင်အောင်ပါ။

"စီမံကိန်းတွေ လုပ်ချင်ပေမယ့် မြေနေရာ အခက်အခဲတော့ ရှိပါတယ်၊ မြို့ရေပေးရေး စီမံကိန်းတွေ၊ မိလ္လာစနစ်တွေ၊ ပြင်သစ်နဲ့ ရေဆိုးရေညစ် စွန့်ပစ်မှုတွေနဲ့ ပတ်သက်တာတွေ ဆောင်ရွက်နေပါတယ်၊ အမှိုက်စွန့်ပစ်တာကိုလည်း လူထုအခြေပြုဆောင်ရွက်နိုင်အောင် ဆောင်ရွက်နေတယ်"ဟု ဝန်ကြီးချုပ်က ရှင်းပြသည်။

ပြည်သူက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့အစိုးရဖြစ်သည့်အားလျော်စွာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များတွင် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်လိုသည့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျန်ရှိနေသည့် သုံးနှစ်တာကာလအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။



မန္တလေးမြို့တွင် တန်ဖိုးနည်းအိမ်ရာတည်ဆောက်ထားမှုကို တွေ့ရစဉ်။



ပြည်တွင်း ပြည်ပဧည့်သည်များဖြင့် စည်ကားများပြားလျက်ရှိသော ကျောက်ဆည်မြို့မှ ဆင်အကအလှပြိုင်ပွဲကို တွေ့ရစဉ်။



မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ်၌ မြို့ဂုဏ်ဆောင်နာရီစင် ဖွင့်ပွဲကျင်းပစဉ်။

# ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို တစ်ပြိုင်တည်းဆောင်ရွက်နေသည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့

● ရှင်မင်း

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မှုရရှိမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှ ဒေသအေးချမ်းသာယာမည်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်တည်း အလေးပေးဆောင်ရွက်လျက်ရှိသည်။**

"ကျွန်တော်တို့ ပြည်နယ်အစိုးရအနေနဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဆိုတဲ့ ခေါင်းစဉ်နှစ်ခုကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေပါတယ်။ တည်ငြိမ်အေးချမ်းမှုကို ဆောင်ရွက်တဲ့အခါ အားလုံးသိတဲ့အတိုင်း ၂၀၁၂ ခုနှစ်က ရခိုင်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ပဋိပက္ခတွေကြောင့် မတည်မငြိမ် ဖြစ်ခဲ့တယ်။ ဒါကို တည်ငြိမ်အောင် ကြိုးစားဆောင်ရွက်ခဲ့ရတယ်။ ဒါကြောင့် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်ရတာဖြစ်ပါတယ်။

**ဖွံ့ဖြိုးတိုးတက်မှုကို အဓိကဦးစားပေး**

"ကျွန်တော်တို့ ရခိုင်ပြည်နယ်က ပဋိပက္ခတွေ၊ သွားလာရေးခက်ခဲမှု၊ နယ်မြေဒေသအခြေအနေတွေကြောင့်မို့ ဖွံ့ဖြိုးမှုက မြန်မာနိုင်ငံမှာ ဒုတိယအနိမ့်ဆုံးအဖြစ် ရောက်ခဲ့တယ်။ ဒါကြောင့်မို့ ဖွံ့ဖြိုးတိုးတက်မှုကို အဓိကဦးစားပေးတစ်ခုအနေနဲ့ ဆောင်ရွက်တယ်။ ဒါကြောင့် ကျွန်တော်တို့ အစိုးရအဖွဲ့ တာဝန်စတင်ထမ်းဆောင်ကတည်းက တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိက ဦးစားပေးဆောင်ရွက်တာဖြစ်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောကြားသည်။

မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာသွားသူများအား စနစ်တကျ ပြန်လည်လက်ခံရေးလုပ်ငန်းများကို ဒုတိယ (၁)နှစ်တာအတွင်း ဆောင်ရွက်ခဲ့ပြီး မောင်တောဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း- UEHRD သည် ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**အကြံပေးကော်မရှင်အဖွဲ့ ဖွဲ့စည်း**

"ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး ဆောင်ရွက်နေတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ပြည်တွင်းနဲ့သာမက ပြည်ပနဲ့ပါ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ကိုလည်း ဖွဲ့စည်းပြီးတော့ ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့်မို့ အကြမ်းဖက်ဖြစ်စဉ်နဲ့ပတ်သက်တဲ့ အချက်အလက်အမှန်တွေကိုလည်း ဖော်ထုတ်ပေးနိုင်ပါတယ်။ ပဋိပက္ခဖြစ်စဉ်တွေအပေါ်မှာ ပြန်လည်ပြီးတော့ လက်ခံရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်နေရာချထားရေး လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်။ နောက်တစ်ခုက UEHRD ကိုလည်း ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောသည်။

**မောင်တောဒေသ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာသွားသူများအား စနစ်တကျ ပြန်လည်လက်ခံရေးလုပ်ငန်းများကို ဒုတိယ (၁)နှစ်တာအတွင်း ဆောင်ရွက်ခဲ့ပြီး မောင်တောဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း- UEHRD သည် ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု။

**သယံဇာတပေါကြွယ်**

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ကမ်းရိုးတန်း ပြည်နယ်တစ်ခုဖြစ်ပြီး ခရိုင် ငါးခရိုင်၊ မြို့နယ် ၁၇ မြို့နယ်၊ မြို့ကိုးမြို့ဖြင့် ဖွဲ့စည်းထားကာ ဧရိယာ စတုရန်းမိုင်ပေါင်း ၁၄၂၀၀ ဒသမ ၀၈ မိုင်ကျယ်ဝန်းသည်။ ရခိုင်ပြည်နယ်သည် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်၊ သဘာဝသယံဇာတပေါကြွယ်ဝပြီး လှပသည့် ပင်လယ်ကမ်းခြေများကို ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်သည်။

သို့သော် ပြည်နယ်အတွင်း မောင်တောဒေသ ဖြစ်စဉ်များကြောင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေးတစ်ခုတည်းကို ဦးတည်၍မရဘဲ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ယှဉ်တွဲဆောင်ရွက်နေရသည်။

**ပူးပေါင်းမှု အားနည်းနေ**

"ပြည်နယ်အစိုးရအနေနဲ့ ဖြေရှင်းဆောင်ရွက်နေတဲ့ ကိစ္စတွေများတယ်။ ဖွံ့ဖြိုးတိုးတက်ရေးကိုချည်း ဦးစားပေးလုပ်လို့ မရဘူး။ ပြည်တွင်းပြည်ပက ဧည့်သည်တွေကလည်း ကျွန်တော်တို့ ပြည်နယ်ကို လာနေတဲ့အတွက်လည်း ပြည်နယ်အစိုးအနေနဲ့ လိုက်လံပြသနေရတယ်။ ထင်သလောက် ခရီးမပေါက်ဘူး။ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဒေသခံတိုင်းရင်းသားတွေနဲ့ ပူးပေါင်းမှု အားနည်းနေသေးတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်"ဟု ဒေသခံ ဦးကိုကိုလေးက ၎င်း၏အမြင်ကို ပြောသည်။

အလားတူ စာရေးဆရာမ ခိုင်နှင်းစံက "ပြည်နယ်အစိုးရအနေနဲ့ အခု ဘူးသီးတောင်၊ မောင်တောကို ဦးစားပေးနေရတယ်။ တခြားနေရာတွေက တည်ငြိမ်အေးချမ်းတယ်။ အဲဒီနေရာတွေမှာ ဖွံ့ဖြိုးတိုးတက်အောင်

အထူးကဏ္ဍ [ စ ] သို့ »»»



စစ်တွေမြို့ ရွှေပြည်သာရပ်ကွက်၌ တည်ဆောက်ထားသည့် တန်ဖိုးနည်းအိမ်ရာများကို တွေ့ရစဉ်။



စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောလမ်းနှင့် တံတားငါးစင်းဖွင့်ပွဲ ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ၄ ] မှ

ဆောင်ရွက်နေတယ်။ ဖွံ့ဖြိုးတိုးတက်လာမယ်လို့လည်း ခံယူတယ်။ ဒါပေမယ့် ဒီခေတ်က အားလုံးအလုပ်လုပ်မှ စီးပွားရေးအဆင်ပြေတဲ့ ခေတ်ဖြစ်တဲ့အတွက် ပြည်နယ်ထဲက လူငယ်အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ဆောင်ပေးစေချင်တယ်။ ဆယ်တန်းအောင်သည် ဖြစ်စေ၊ မအောင်သည် ဖြစ်စေ၊ ဘွဲ့ရရ၊ မရရ ထိုက်တန်တဲ့ အလုပ်လေးတွေနဲ့ အဆင်ပြေစေချင်တယ်"ဟု အကြံပြုသည်။

**နောက်ကျကျန်ခဲ့**

"အကြမ်းဖက်မှု ဖြစ်စဉ်တွေကြောင့် မတည်ငြိမ်မှုတွေ ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တယ်။ ဒီအတွက် IDP Camp တွေ ဖြစ်ပေါ်လာတယ်။ ဒါတွေက ရခိုင်ပြည်နယ်အတွက် ကြီးလေးတဲ့ တာဝန်တွေပါ။ စိန်ခေါ်မှုတွေ အများကြီးပါ။ သဘာဝဘေးအန္တရာယ်တွေကြောင့်၊ အကြမ်းဖက်ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ရင်ဆိုင်ရတဲ့အခါ ဖွံ့ဖြိုးတိုးတက်ရေးကို တာထွက်တာနဲ့ စပြီး မလုပ်နိုင်ဘူး။ တခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေက ဖွံ့ဖြိုးတိုးတက်ရေးကို သွားနေပေမယ့် ကျွန်တော်တို့မှာ တည်ငြိမ်ရေးကိုလည်း ဆောင်ရွက်နေရတဲ့အတွက် ဖွံ့ဖြိုးတိုးတက်ရေးကလည်း အတိုင်းအတာတစ်ခုအထိ နောက်ကျကျန်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ရခိုင်ပြည်နယ်တိုးတက်ဖို့အတွက် တတ်အားသမျှ ကြိုးစားဆောင်ရွက်သွားမှာပါ"ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၎င်းတို့ တာဝန်ယူဆောင်ရွက်သည့် နှစ်နှစ်တာကာလအတွင်း မြေပုံမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ မာန်အောင်မြို့နယ်၊ အမ်းမြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါက်တောမြို့နယ်၊ ကျောက်ဖြူမြို့နယ်နှင့် ရမ်းဗြဲမြို့နယ်များတွင် သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်ရန် Cyclone Shelter ၁၄ လုံးကို အသစ်တည်ဆောက်ပေးနိုင်ခဲ့သည်။

**ဘတ်ဂျက်အသုံးစရိတ်**

"ရခိုင်ပြည်နယ်ရဲ့ ဘတ်ဂျက်အသုံးစရိတ်အနေနဲ့ သာမန်နဲ့ ငွေလုံးငွေရင်း အသုံးစရိတ်ကို ပြောမယ်ဆိုရင် ၂၀၁၅-၂၀၁၆ မှာ ၁၄၄ ဒသမ ၆ ဘီလီယံကျော် သုံးစွဲနိုင်ပါတယ်။ ၂၀၁၆-၂၀၁၇ မှာ ၁၅၆ ဒသမ ၃၅ ဘီလီယံ တိုးတက်သုံးစွဲလာနိုင်ပါတယ်။ ၂၀၁၇-၂၀၁၈ မှာ ၁၉၃ ဒသမ ၀၉၀ ဘီလီယံအထိ ထပ်မံတိုးတက်သုံးစွဲလာနိုင်ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

**ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်း**

ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်တိုးတက်ရေးအတွက် ဘတ်ဂျက်တိုးမြှင့်သုံးစွဲကာ ကျန်းမာရေး၊ ပညာရေး၊ လျှပ်စစ်မီးရရှိရေး စသဖြင့် ကဏ္ဍတိုင်း ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်အတွင်း ပညာရေးကဏ္ဍဆောင်ရွက်မှုအပေါ် "ပညာရေးကဏ္ဍမှာဆိုရင် စစ်တွေတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တွေကို ဖွင့်လှစ်သင်ကြားပေးနေပါတယ်။ တောင်ကုတ်မှာဆိုရင် ကောလိပ်ကို ဒီဂရီကောလိပ်အဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**ကျောင်းတွေ ထပ်မံတည်ဆောက်**

"အခြေခံပညာအဆင့်မှာလည်း ကျောင်းတွေ ထပ်မံတည်ဆောက်တယ်၊ ပြုပြင်ပြင်ဆင်မွမ်းမံတယ်။ အထက်တန်းကျောင်း ၂၁ ကျောင်း၊ အလယ်တန်းကျောင်း ၇၂ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၄ ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

အထူးကဏ္ဍ [ ဆ ] သို့ »»»

ရခိုင်ပြည်နယ်အတွက် ကြီးလေးတဲ့ တာဝန်တွေပါ။ စိန်ခေါ်မှုတွေ အများကြီးပါ။ သဘာဝဘေးအန္တရာယ်တွေကြောင့်၊ အကြမ်းဖက်ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ရင်ဆိုင်ရတဲ့အခါ ဖွံ့ဖြိုးတိုးတက်ရေးကို တာထွက်တာနဲ့ စပြီး မလုပ်နိုင်ဘူး။ တခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေက ဖွံ့ဖြိုးတိုးတက်ရေးကိုသွားနေပေမယ့် ကျွန်တော်တို့မှာ တည်ငြိမ်ရေးကိုလည်း ဆောင်ရွက်နေရတဲ့အတွက် ဖွံ့ဖြိုးတိုးတက်ရေးကလည်း အတိုင်းအတာတစ်ခုအထိ နောက်ကျကျန်ခဲ့တယ်လို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ရခိုင်ပြည်နယ်တိုးတက်ဖို့အတွက် တတ်အားသမျှ ကြိုးစားဆောင်ရွက်သွားမှာပါ



ရခိုင်ပြည်နယ် မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

"ကျန်းမာရေးကဏ္ဍအနေနဲ့ စစ်တွေမြို့နယ် ပြည်သူ့ဆေးရုံမှာ ခုတင် (၂၀၀) ဆံ့ ဆေးရုံကနေ ခုတင် (၅၀၀) ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့တယ်။ ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံကို ခုတင် (၁၀၀) ဆံ့ကနေ (၂၀၀) ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့တယ်။ ပြည်နယ်အတွင်းက (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံ ခြောက်ရုံကို ခုတင် (၅၀) ဆံ့ ဆေးရုံတွေအဖြစ် တိုးမြှင့်နိုင်ခဲ့ပါတယ်။

**ဆေးရုံ ၁၁ ရုံ အသစ်ဖွင့်**

"ဒ့ါအပြင် (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၁ ရုံကိုလည်း အသစ်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ မြောင်းဘွေ တိုက်နယ်ဆေးရုံကိုလည်း အင်ဒိုနီးရှားနိုင်ငံရဲ့ လှူဒါန်းထောက်ပံ့မှုနဲ့ နိုင်ငံတကာအဆင့်မီ တည်ဆောက်ဖွင့်လှစ်ခဲ့ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ သားဖွားဆရာမ ၁၃၆ ဦးကို ခန့်ထားပေးနိုင်ခဲ့ပါတယ်"ဟု ဆက်လက်ပြောကြားသည်။

**လမ်းပန်းဆက်သွယ်မှု**

ပြည်နယ်ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ပြည်ထောင်စုနှင့် ပြည်နယ်ခွင့်ပြုရန်ငွေ ကျပ် ၆၁၂၂၂ ဒသမ ၉၂၅ သန်းဖြင့် ကွန်ကရစ်လမ်း ၄၉/၄ မိုင်၊ အမာခံလမ်း ၄/၁ မိုင်၊ ကျောက်စီမြေထိန်းနံရံ ပေ ၂၂၅၆၀၊ ပေ ၁၈၀ အထက် တံတား ၁၂ စင်း၊ ပေ ၁၈၀ အောက် တံတား ၁၆၆ စင်းကို ဆောင်ရွက်ခဲ့သည်။

ရခိုင်ပြည်နယ် စစ်တွေမြို့မှ မောင်တောမြို့သို့ ကားဖြင့် တိုက်ရိုက်သွားလာနိုင်ရန် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းနှင့် လမ်းပေါ်ရှိ ပေ ၁၈၀ အထက် တံတား ငါးစင်းကို ၁-၄-၂၀၁၈ ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့သည်။



ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပုံစံထုတ်ပေးထားသည့် လူ ၅၀၀ ဆံ့ ဘက်စုံသုံး မုန်တိုင်းဒဏ်ခံအဆောက်အအုံကို တွေ့ရစဉ်။



ကျန်းမာရေးနှင့် ကုသရေးအတွက် စစ်တွေပြည်သူ့ဆေးရုံကြီးတွင် လေးထပ်ဆောင် ထပ်မံတိုးချဲ့တည်ဆောက်နေစဉ်။

**လမ်းအဆင့်မြှင့်တင်**

ပြည်နယ်အစိုးရအနေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရပြီး မေယုတောင်ကျော်လမ်းများဖြစ်သည့် ကျောက်ပန္ဒူ-အင်းဒင်-စေတီပြင်လမ်းနှင့် ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်းများကိုလည်း ဖောက်လုပ်လျက်ရှိသည်။

မေယုတောင်တန်း အရှေ့ဘက်ရှိ ဘူးသီးတောင်-အငူမော်လမ်းနှင့် မေယုတောင်တန်း အနောက်ဘက်ရှိ မောင်တော-အလယ်သံကျော်-အငူမော်လမ်းများကို ဖောက်လုပ်လျက်ရှိပြီး အဆိုပါလမ်းများ ပြီးစီးသွားပါက ပြည်နယ်အတွင်း အကောင်အထည်ဖော်နေသည့် ကညင်ချောင်း စီးပွားရေးဇုန်ကို အထောက်အပံ့ပေးနိုင်တော့မည်ဖြစ်သည်။

**လျှပ်စစ်ဓာတ်အား**

ပြည်နယ်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အား တိုးတက်ကောင်းမွန်ရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ၂၀၁၈ ခုနှစ် ဇွန်လတွင် ဘူးသီးတောင်မြို့နှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မောင်တောမြို့ကို ၂၄ နာရီ လျှပ်စစ်ဓာတ်အားပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

**ဓာတ်အားပို့လွှတ်နိုင်**

"လျှပ်စစ်ဓာတ်အားရရှိရေးကဏ္ဍမှာ မအီဓာတ်အားခွဲစက်ရုံကို ၁၂-၂-၂၀၁၇ နေ့မှာ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါတယ်။ မင်းပြားဓာတ်အားခွဲစက်ရုံကို ၁၉-၂-၂၀၁၇ ရက်နေ့မှာ ဖွင့်လှစ်နိုင်ခဲ့တယ်။ ဂွမြို့နယ် ဓာတ်အားခွဲရုံကို ၃-၆-၂၀၁၇ ရက်နေ့မှာ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါတယ်။ ပေါက်တောမြို့နယ် ဓာတ်အားခွဲရုံကို ၂-၁၀-၂၀၁၇ ရက်နေ့မှာ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါတယ်။ မြေပုံမြို့နယ် ဓာတ်အားခွဲရုံကို ၁-၁၀-၂၀၁၇ ရက်နေ့မှာ ဓာတ်အား ပို့လွှတ်နိုင်ခဲ့ပါတယ်။ တပ်တောင် ဓာတ်အားခွဲရုံကို ၁-၁၂-၂၀၁၇ ရက်နေ့မှာ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါတယ်။ ကမ်းဒေါင့်ကြီး ဓာတ်အားခွဲရုံကို ၁-၁၂-၂၀၁၇ ရက်နေ့မှာ ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါတယ်။ အခုနောက်ဆုံး ၂၆-၃-၂၀၁၈ ရက်နေ့မှာ ရသေ့တောင် ဓာတ်အားခွဲရုံကို ဖွင့်လှစ်ထားတယ်။ ဆက်လက်ပြီး မောင်တောဒေသကို ဓာတ်အားပေးနိုင်ဖို့ ဆောင်ရွက်နေတယ်။ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးနိုင်အောင်လို့ပါ။ ဘူးသီးတောင်မြို့နယ် ဓာတ်အားခွဲရုံ တည်ဆောက်

အထူးကဏ္ဍ [ ၉ ] သို့ »»»

မေယုတောင်တန်း အရှေ့ဘက်ရှိ ဘူးသီးတောင်-အငူမော်လမ်းနှင့် မေယုတောင်တန်း အနောက်ဘက်ရှိ မောင်တော-အလယ်သံကျော် - အငူမော်လမ်းများကို ဖောက်လုပ်လျက်ရှိပြီး အဆိုပါလမ်းများ ပြီးစီးသွားပါက ပြည်နယ်အတွင်း အကောင်အထည် ဖော်နေသည့် ကညင်ချောင်းစီးပွားရေးဇုန်ကို အထောက်အပံ့ပေးနိုင်တော့မည်



မောင်တောမြို့ ကိုင်းကြီး(မြို့) ကျေးရွာရှိ စာသင်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

>>>> အထူးကဏ္ဍ [ ဆ ] မှ


မောင်တောမြို့ပေါ်သို့ လက်ရှိလျှပ်စစ်မီးပေးလျက်ရှိသော ဒီဇယ်ဂျင်နရေတာကို တွေ့ရစဉ်။

တဲ့ လုပ်ငန်းကတော့ ၁၈ ဒသမ ၉၆ ရာခိုင်နှုန်းပြီးနေပါပြီ။ မောင်တောမှာဆို ဓာတ်အားခွဲရုံ တည်ဆောက်မှုက ၃ ဒသမ ၁၁ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် ဇွန်လကုန်မှာ ဘူးသီးတောင်၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာမှာ မောင်တောကို ၂၄ နာရီ လျှပ်စစ်မီး ဖြန့်ဝေနိုင်တော့မှာ ဖြစ်ပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

**မူးယစ်ဆေးဝါး**

“ပြည်နယ်အစိုးရအနေနဲ့ အလေးထားဆောင်ရွက်နေတဲ့ လုပ်ငန်းတစ်ခုလည်း ရှိပါတယ်၊ ဒါက မူးယစ်ဆေးဝါးနဲ့ ပတ်သက်တာဖြစ်ပါတယ်၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ကြိုးပမ်းပြီးဖမ်းဆီးဆောင်ရွက်ခဲ့တဲ့အတွက် WY ဆေးပြား ၃၅ သန်းကျော် သိမ်းဆည်းရမိပါတယ်၊ ဒီဖြစ်စဉ်တွေအတွက် တရားခံ ၃၉၉ ဦးကိုလည်း ဖမ်းဆီးရမိပါတယ်၊ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ ကျွန်တော်တို့ ပြည်နယ်မှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီး လျော့ပါးကင်းစင်အောင်လည်း အစိုးရအဖွဲ့အနေနဲ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ဆက်လက်ပြောကြားသည်။

**မြစိမ်းရောင်စီမံကိန်း**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်းကို ပြည်နယ်အတွင်း အကောင်အထည်ဖော်လျက်ရှိသည်။

“စိုက်ပျိုးရေးကဏ္ဍအနေနဲ့ စပါးစိုက်ပျိုးဖို့ ဧကပေါင်း ၂၀၀၁၂ ဧကကို ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့တယ်၊ မြေလွတ်မြေလပ် လုပ်ပိုင်ခွင့်ကိုလည်း တောင်သူ ၂၂၂ ဦးကို ၁၃၄၁ ဧကအထိ ခွင့်ပြုပေးခဲ့ပါတယ်၊ ကျေးရွာမြေငှားဂရန်တွေ ရရှိဖို့ကို ၄၈၁ ဧက၊ ကျေးရွာပေါင်း ၁၇ ရွာကို တိုင်းတာပေးနိုင်ခဲ့ပါတယ်၊ မြို့ ငါးမြို့ကို အကွက်ပေါင်း ၇၂ ကွက်အထိ ရိုက်ပြီးတော့ ဧကပေါင်း ၃၂၇၇ ဧက တိုင်းတာပေးနိုင်ခဲ့ပါတယ်”ဟု ဝန်ကြီးချုပ်က ဆိုသည်။

ပြည်နယ်အစိုးရအနေဖြင့် သိမ်းဆည်း လယ်ယာမြေများနှင့်ပတ်သက်သည့် အမှုတွဲ ၁၀၆ တွဲကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**လယ်ယာမြေ**

“လယ်ယာမြေနဲ့ အခြားမြေ သိမ်းဆည်းခံရမှုနဲ့ပတ်သက်ရင် ဗဟိုကို ပေးပို့ထားတဲ့ အမှုတွဲပေါင်းက ၂၇၆ တွဲ ရှိပါတယ်၊ ဒီထဲက ၁၀၆ တွဲကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပြီးတော့ ကျန်တဲ့ ၁၄၆ တွဲကို ဆက်လက်ဖြေရှင်းဆောင်ရွက်ဆဲ ဖြစ်ပါတယ်၊ ဒီထဲက ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ အသုံးပြုဖို့ မရှိတော့တဲ့ စွန့်လွှတ်မြေတွေကို ပြန်လည်အပ်နှံတဲ့နေရာမှာ တပ်ရင်းတပ်ဖွဲ့ ၂၈ ခုကနေ ဧက ၂၄၅၄ ဧကကို ဗဟိုကော်မတီကို ပြန်လည်လွှဲပြီးဖြစ်ပါတယ်”ဟု ဝန်ကြီးချုပ်က ပြောသည်။

> **စိုက်ပျိုးရေးကဏ္ဍအနေနဲ့ စပါးစိုက်ပျိုးဖို့ ဧကပေါင်း ၂၀၀၁၂ ဧကကို ဖော်ထုတ်စိုက်ပျိုးနိုင်ခဲ့တယ်၊ မြေလွတ်မြေလပ် လုပ်ပိုင်ခွင့်ကိုလည်း တောင်သူ ၂၂၂ ဦးကို ၁၃၄၁ ဧကအထိ ခွင့်ပြုပေးခဲ့ပါတယ်၊ ကျေးရွာမြေငှားဂရန်တွေ ရရှိဖို့ကို ၄၈၁ ဧက၊ ကျေးရွာပေါင်း ၁၇ ရွာကို တိုင်းတာပေးနိုင်ခဲ့ပါတယ်၊**

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ကာ နှစ်နှစ်တာကာလကို ဖြတ်ကျော်ခဲ့ပြီး တာဝန်ထမ်းဆောင်ရန် ကျန်ရှိနေသေးသည့် သုံးနှစ်တာကာလတွင်လည်း ပြည်နယ်အတွက် အကောင်းဆုံး ပုံဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။


ကညင်ချောင်းဆိပ်ကမ်း၌ ဆောက်လုပ်ရေးပစ္စည်းများနှင့် ဆန်များတင်ဆောင်လာသည့်သင်္ဘော ဆိုက်ကပ်ထားစဉ်။


စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးအတွက် မောင်တောမြို့နယ် ကိုင်းကြီးကျေးရွာအနီး တစ်ဖက်ပိတ်ဆည် တည်ဆောက်စဉ်။


စစ်တွေမြို့နယ် သိန်းတန်ကျေးရွာတွင် စီမံကိန်းချေးငွေဖြင့် ပန်းစိုက်ပျိုးရေးလုပ်ငန်း ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။


ဂွမြို့နယ် ကွင်းကြီးတောင်နားကျေးရွာ အလကကျောင်းတွင် ရေစုကန်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဧပြီ ၂၉၊ ၂၀၁၈ (တနင်္ဂနွေနေ့)

ဝတ္ထုတို

# သော့ဘယ်နချောင်း ပိုင်ထားပြီလဲ

## စိုးပြည့်စုံ(လင်းရိပ်ညို)

"ကိုစိုး ပြန်လာပြီလား၊ အတော်ပဲ အငယ်ကောင်ကို သွားထိန်းပါဦးတော်၊ ခုနကတည်းက တကျည်ကျည်နဲ့ ငိုနေတာ၊ ကျုပ်လည်း ဖိုးကဲကို ထမင်းကျွေးနေရတာနဲ့ မအားလို့တော်ရေ"

"အော်အေးအေး၊ သားလေးရေ ဖိုးသဲလာပါဦးကွာ ဖေဖေကြီးဆီကို၊ ဘာဖြစ်လို့ငိုလဲဟင် ပြောပါဦး"

ချွေးတလုံးလုံးနှင့် မောကြီးပန်းကြီး ပြန်လာသော ကိုစိုးတစ်ယောက် စလွယ်သိုင်းထားသည့် လွယ်အိတ်ပြဲစုတ်စုတ်လေးကို သံမှာချိတ်ရင်း တစ်နှစ်သာသာရှိသေးသည့် အငယ်ဆုံးဖိုးသဲလေးကို ကောက်ချီလိုက်သည်။ ကလေးက ကိုယ်ငွေ့နည်းနည်းတော့ရှိနေ၏။

"ရှင်မရေ ကလေးက ကိုယ်နည်းနည်းပူချင်နေတယ်ဟေ့ ဆေးလေး ဘာလေးတိုက်ဦး"

ဖိုးသဲရဲ့အထက်က အသက်နှစ်နှစ်ကျော်ပြီဖြစ်သော ဖိုးကဲကို ကိုစိုး၏ရှင်မ မစာက ထမင်းတစ်လုတ်ခွံ့ရင်း ဆေးကကုန်နေပြီရှင့် ဟဲ့ ဟို မိန္နင်း မိန္နင်း ဘယ်ရောက်နေလဲ၊ ဒီကလေးမဟာလေ အကြီးဆုံးဖြစ်ပြီး တစ်ခုခုဆို ဘာမှအားကိုးမရဘူး။ ဘယ်တွေရောက်နေပြန်ပြီလဲ မသိဘူး။ အလကားသုံးစားမရတဲ့ဟာမ။

ငါးစိမ်းသည်ပီပီ နှုတ်က ပင်ကိုအခံကြမ်းရသည့်အထဲ ဒေါသပါထွက်လာလျှင် ကိုစိုးရော ကလေးတွေပါ စိတ်ဆင်းရဲရမည်စိုးသောကြောင့် "ကဲပါ ရှင်မရယ်၊ ကိုစိုးပဲ သွားဝယ်လိုက်မယ်၊ လမ်းထိပ်က မကြူတို့ဆီမှာ ကလေးအဖျားပျောက်ဆေးရည်လို့ပြောရင် ရတယ်မှတ်လား"

အင်္ဂလိပ်ဆေးနာမည်ကို စာမတတ်သောကိုစိုး အသံမထွက်တတ်ပါ။ ထို့ကြောင့် မျက်နှာငယ်ခဲ့ရပေါင်းလည်း များခဲ့ပြီး အကျင့်တစ်ခုလို ဖြစ်နေခဲ့ပါပြီ။

"ဟုတ်တယ် ရော့ မျို ကျက်သရေတုံးလေးရဲ့"

ဖိုးကဲက ပေတေတေလုပ်နေတော့ အပြောခံရပြီ။

"မိန္နင်းတွေ့ရင်လည်း လွှတ်လိုက်ဦး၊ အိမ်ကို ကြွတော်မူပါဦးလို့"

"အေးအေး"

ကိုစိုးတစ်ယောက် မိသားစုငါးယောက်အတွက် နေထိုင်ရန် ကျဉ်းလွန်းသည့် အိမ်အိုလေးကို ကျောခိုင်းလာခဲ့သည်။

ကိုစိုးတို့အိမ်ပုလေး၏ မလှမ်းမကမ်းတွင်ဆိုက်ကားဂိတ်ရှိသည်။ အခုတော့ညနေစောင်းပြီဖြစ်၍ ဆိုက်ကားသမားများလည်း အိမ်ပြန်ရန်ပြင်ဆင်နေကြ၏။ ကိုစိုးကတိုက်ကရိုက်ဖြတ်သွားသည်ကိုတွေ့သော ဆိုက်ကားသမား ကိုမျိုးက လှမ်းနှုတ်ဆက်သည်။

"ဗျို့ ကိုစိုး ဘယ်သွားမလို့လဲ၊ အိမ်ကိုရောက်ပြီးခါမှ ကလေးဖျားနေလို့ ကိုမျိုးရေ ဆေးသွားဝယ်မလို့"

သားသမီးကိုစိတ်ပူနေရှာသော ကိုစိုး၏နောက်ကျောကိုကြည့်ရင်း သူတို့သက်ပြင်းချမိသည်။

ကိုစိုးက စိတ်ရင်းကောင်းသည်။ သူတစ်ပါးကို အမြဲကူညီတတ်သည်။ သူ့အလုပ်ကို သူအမြဲကျေပွန်အောင် လုပ်သည်။ ကိုစိုးက လူစုံတိုင်း သူ့ဘဝအကြောင်းကို ရှင်းပြလေ့ရှိသည်။ သူ့သားသမီးတွေ သူ့လိုဘဝမရောက်ရစေရန်ဟုလည်း အမြဲတမ်းထည့်ပြောလေ့ရှိ၏။ သူ့ဘဝအကြောင်းကို သိသောသူများအားလုံးက ကိုစိုး၏ လက်ရှိအခြေအနေကို ကြည့်ရင်း စိတ်မချမ်းမသာဖြစ်ရသည်။ ကိုစိုးပြောပြသည့် သူ၏ငယ်ဘဝကို ကိုမျိုးတစ်ယောက် ယနေ့တိုင် မှတ်မိပါသေးသည်။

"ကျုပ်ငယ်ငယ်က အဖေကရွေးချယ်မှုတစ်ခု လုပ်ခိုင်းတယ်ဗျ၊ အမွေပေးတဲ့သဘောလည်း ဖြစ်မှာပေါ့လေ"

ဇယ်တောက်နေသော ဆိုက်ကားသမားအချို့ ခေါင်းထောင်လာကြသည်။ နေ့လယ်ထမင်းစားနားချိန်ဖြစ်၏။ ကိုစိုးတစ်ယောက် မစာ ထည့်ပေးလိုက်သော ထမင်းချိုင့်လေးကို ဆိုက်ကားဂိတ်၌ ဖွင့်စားရင်း စကားတွေဖောင်ဖွဲ့နေပါ၏။

"ပြောပါဦး ကိုစိုးရဲ့"



ကိုစိုးသွားလေရာ အမြဲလိုက်ပို့ပေးတတ်သော ဆိုက်ကားသမား ကိုပုက ရေနွေးကြမ်းတစ်ခွက်မှုတ်သောက်ရင်း စိတ်ဝင်တစားနားထောင်နေသည်။

"သား မင်းကျောင်းတက်မလား၊ အဖေ့လိုဈေးရောင်းမလားတဲ့"

ကိုစိုးအသံက အနည်းငယ်အက်ကွဲသွားသည်။ မစာချက်ထားသော နီကြောင်ကြောင် ပဲပြားဟင်းကို ထမင်းထဲရောနယ်ရင်း ကိုစိုးကဆက်ပြောသည်။

"ကျုပ်အဖေက အတည်မေးနေမှန်း ကျွန်တော်သိတယ်၊ အဲဒီတုန်းက ကျုပ်အရွယ်က လေးငါးနှစ်ရှိပြီပေါ့ဗျာ၊ ဦးနှောက်သေးသေးလေးနဲ့ ငါဘာလုပ်ရမလဲ စဉ်းစားတာပေါ့"

"မေးပါဦးမယ် ကိုစိုးရဲ့၊ ခင်ဗျားအဖေကရော အခုခင်ဗျားလိုပဲ ဟင်းရွက်ရောင်းတာလား"

"ဟုတ်တာပေါ့ဗျာ၊ အဖေ့မှာ ဖောက်သည်အဝယ်ဒိုင်တွေလည်း ရှိတယ်၊ ပြောရရင် အဖေက အဲဒီခေတ်က ကျုပ်တို့မြို့နယ်ဈေးမှာတော့ နာမည်အကြီးဆုံး ဟင်းရွက်သည်ပဲ၊ အဖေ့ဆီကဝယ်တဲ့ ဟင်းသီးဟင်းရွက်တွေက အမြဲတမ်းလတ်ဆတ်တယ်၊ ဈေးလည်းမှန်ကန်တယ်၊ အဲဒါကြောင့်ပဲ" ကိုစိုးကစကားကို အရှိန်ရပ်လိုက်သည်။ မိမိဖခင်၏ ဂုဏ်ကိုဝင့်ကြွားစွာ ထုတ်ဖော်ပြောကြားနေသော ကိုစိုး၏ မျက်နှာ အဘယ်ကြောင့် ဝမ်းနည်းရိပ်သန်းသွားပါသနည်း။

ကိုမျိုးတင်မကဘဲ ဇယ်တောက်နေသော ဆိုက်ကားသမားများပါ ကိုစိုး၏စကားဝိုင်းကို စိတ်ဝင်တစားနားထောင်ကြပြီ။

"အဲဒါကြောင့်ပဲ ကျုပ်အဖေ့ကိုအားကျပြီး ကျောင်းတက်ဖို့မလုပ်ဘဲ ဟင်းရွက်ရောင်းဖို့ ရွေးချယ်ခဲ့မိတယ်၊ အဲဒီတုန်းက ကျုပ်စဉ်းစားတယ်၊ ဒီဟင်းသီးဟင်းရွက်တွေ ရှိနေသရွေ့ ငါအလုပ်ရှိနေမှာပဲ၊ အလုပ်ရှိနေသရွေ့ ပိုက်ဆံကရနေမှာပဲ၊ ပိုက်ဆံရနေသရွေ့ ငါလုပ်ချင်တာ လုပ်နိုင်မှာပဲ၊ ပညာသင်တာအလကား ပိုက်ဆံဖြုန်းတာပဲ၊ ပညာမတတ်လည်း ငါမငတ်ဘူး၊ ကျုပ်သူငယ်ချင်းအချို့ အဲအချိန်က ကျောင်းတက်နေကြပြီ။

"စာအုပ်ဖိုး၊ ခဲတံဖိုးနဲ့ မိဘပိုက်ဆံကိုဖြုန်းနေတာပါဗျာ၊ ကျုပ်ကမဖြုန်းတဲ့အပြင် မိဘအတွက်ပိုက်ဆံပါ ရှာပေးမှာဆိုတော့ ဂုဏ်ယူစွာနဲ့ပဲ အဖေရေ ကျွန်တော်ဟင်းရွက်ရောင်းမယ်လို့ပဲ ပြန်ဖြေခဲ့တယ်၊ အဖေကလည်း ခေါင်းညိတ်ပြီး ကျုပ်ကိုဟင်းရွက်တွေအကြောင်း၊ ပေါက်ဈေးတွေအကြောင်း၊ ဈေးရောင်းပုံရောင်းနည်းတွေ သင်ပေးတော့တာပဲ"

ကိုစိုးက သက်ပြင်းတစ်ချက် ရှည်လျားစွာ ချလိုက်ပြီး "အဲကစပြီး ကျုပ်ရဲ့တကယ့်ဘဝ စခဲ့ရတာပေါ့ဗျာ"

ပြောရင်းစားတော့ မစာထည့်ပေးသည့် ထမင်းနည်းနည်းက ဗိုက်မဝခင် ကုန်သွားလေပြီ။ မတတ်နိုင်ပါ။ ဘဝက အဝစားရန်ခွင့်မပေးပါ။

"ဆက်ပြောပါလား"

စောစောက ဇယ်တောက်နေရာမှ ထလာသော ဆိုက်ကားသမားလေးကသိချင်စိတ်ဖြင့် ဝင်ထောက်ပေးသည်။ ကိုစိုးကဖက်ကြမ်းတစ်လိပ်ကို နီရဲနေအောင် မီးဖွာလိုက်ပြီး "လူတွေအိပ်မောကျနေတဲ့ မနက်ဝေလီဝေလင်းအချိန်မှာ ကျုပ်ဟင်းသီးဟင်းရွက်တွေသွားယူဖို့ အစောကြီးပြေးရတယ်၊ နောက်ကျသွားရင် သူများရွေးပြီးသား အကျန်တွေပဲရမှာကိုး၊ ရလာတဲ့ဟင်းရွက်တွေကို သေချာထုပ်ပိုးပြီး ကျုပ်ရောင်းမယ့်နေရာအထိ ခေါင်းပေါ်ရွက်ပြီး သယ်လာရတယ်၊ စလုပ်ခါစကတော့ လေးလွန်းတော့ လက်မောင်းတွေလည်း နာ၊ ခေါင်းတွေလည်း ကိုက်ပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်လေ ပိုက်ဆံလေးရရင်ကို ပျော်နေခဲ့တယ်၊ လောကကြီးမှာ ငွေသာလျှင် အရာရာကို ဖန်ဆင်းနိုင်တယ်လို့လည်း ယုံကြည်ထားတာကိုး၊ ဒီလိုနဲ့ ကျုပ်အဖေလည်းဆုံး၊ အမေလည်း ဆုံးပြီး ကျုပ်တစ်ယောက်တည်း တစ်ကောင်ကြွက် ကျန်ခဲ့တဲ့အချိန်မှာ ကျုပ်ဟာ အဖေ့ရဲ့ ဟင်းရွက်ရောင်းတဲ့အလုပ်ကို တော်တော်ကျွမ်းကျင်နေပြီ၊ ကျုပ်ထမင်းတော့ မငတ်ခဲ့ဘူး၊ ဒါပေမဲ့ နှစ်တွေကြာလာတဲ့အခါ ကျုပ် စကားသံတွေကြားရတယ်၊ ကျုပ်နဲ့ငယ်ငယ်က ဆော့ကစားခဲ့တဲ့ ကျောင်းကိုရွေးချယ်ခဲ့တဲ့ ကျုပ်သူငယ်ချင်းတွေက ဆရာဝန်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ၊ စစ်ဗိုလ်ကြီးတွေ ဖြစ်နေကြပြီတဲ့၊ အဲကျမှ နောင်တဆိုတာ ရတော့တယ်"

"ဘာလို့ ပိုက်ဆံနောက်ကိုလိုက်ပြီး ဈေးရောင်းမယ်ဆိုတဲ့ ရူးနှမ်းတဲ့အတွေး တွေးမိခဲ့ပါလိမ့်၊ ပြန်ပြင်လို့မရတော့တဲ့ ကျုပ်ရဲ့ မလှမပဘဝကို ကျုပ်ယူကျုံးမရတွေ ဖြစ်ခဲ့ရတယ်"

ကိုစိုးစကားကိုနားထောင်နေသူတို့လည်း ကိုစိုးအပေါ် အပြည့်အဝနားလည်လာကြသည်။

"နောက်တော့ ကျုပ်လိုငယ်ငယ်ရွယ်ရွယ်နဲ့ ဈေးရောင်းတာကို ရွေးချယ်ခဲ့တဲ့ကောင်နဲ့ ထိုက်တန်တဲ့ မစာလို ငါးစိမ်းသည်နဲ့ အိမ်ထောင်ကျခဲ့တယ်၊ သူကလည်း ကျုပ်နဲ့ရပြီးကတည်းက ဈေးထွက်မရောင်းတော့ဘဲ ကလေးပဲထိန်းနေတော့တယ်"

ကိုစိုးက မထိန်းနိုင်တော့ဘဲ မျက်ရည်တစ်ပေါက် ကျမိသွားသည်။ မိမိနှင့်ဘဝချင်း မခြားနားလှသော မစာကတော့ ကိုစိုးလို နောင်တရပုံမပေါ်။ စာမတတ်ခြင်းကြောင့်လည်း မျက်နှာငယ်ရကောင်းမှန်းလည်း သိပုံမရ။

"ဒါပေမဲ့ ကျုပ်အခုဆုံးဖြတ်ချက်တစ်ခုချထားတယ်"

ဝမ်းနည်းဖွယ်အတိတ်ကြောင့် တိတ်ဆိတ်နေသော နားထောင်သူတို့ ခေါင်းပြန်ထောင်လာကြသည်။

"ကျုပ်သားသမီးတွေကို ကျောင်းထားမယ်၊ ကျောင်းသွားဖို့လည်း ပြောမယ်၊ စာတတ်အောင်သင်ခိုင်းမယ်၊ ကျုပ်လိုငယ်ငယ်ရွယ်ရွယ်နဲ့ လုပ်ငန်းခွင်ကို ရွေးချယ်တဲ့သူတွေ မဖြစ်စေရဘူး၊ ကျုပ်လိုပင်ပန်းပြီး နောင်တရစရာကောင်းတဲ့လမ်းကို လျှောက်ရတဲ့သူတွေ မဖြစ်စေရဘူးဗျာ"

ကိုမျိုးက သူငယ်ချင်းလို၊ ညီအစ်ကိုလို ချစ်ရသည့် ကိုစိုးပခုံးကို ဖက်ရင်း "ကိုစိုးရယ် ခင်ဗျားတစ်ယောက်တည်းလို့ မထင်ပါနဲ့၊ ကျုပ်တို့အားလုံးလည်း ခင်ဗျားလိုပဲ၊ လောကဓံကို ခါးစည်းခံခဲ့ရတဲ့သူတွေချည်းပါပဲ၊ ကျုပ်ငယ်ငယ်က အမေကဆုံးမတယ်၊ သား မင်းတို့နားမှာ တံခါးပေါက်တွေ အများကြီးရှိတယ်တဲ့၊ အဲဒီတံခါးပေါက်တွေတိုင်းကို လိုက်ဖွင့်ကြည့်ပါသားရယ်၊ တစ်ခုတည်းသော တံခါးပေါက်ကတော့ သားဘဝအတွက် အဆင်အပြေဆုံးလမ်းဆီဖွင့်ပေးတဲ့ တံခါးပေါက်ဖြစ်နေမှာပါတဲ့၊ အဲလို တံခါးတွေကိုဖွင့်နိုင်ဖို့ဆိုတာ ပညာဆိုတဲ့သော့တွေလိုတယ်တဲ့၊ မင်းဆယ်တန်းအောင်ရင် မင်းမှာသော့ဆယ်ချောင်းရပြီး တံခါးပေါက်ဆယ်ချပ်ကို မင်းဖွင့်နိုင်လိမ့်မယ်၊ မင်းပညာအရည်အချင်းက တစ်တန်းပဲရှိရင် သော့တစ်ချောင်းနဲ့ မင်းအတွက် တံခါးကတစ်ချပ်ပဲရှိလိမ့်မယ်။

ရွေးချယ်စရာနည်းသွားတာပေါ့၊ အဲလို အမေ့ရဲ့ ဆုံးမစကားကို နားထောင်ခဲ့တဲ့ကျုပ်ဟာ အမေကကျောင်းဆက်ထားရဲ့သားနဲ့ လေးတန်းနဲ့ကျောင်းထွက်ပြီး ခင်ဗျားလိုပဲ လုပ်ငန်းခွင်ကို ရွေးဖို့လုပ်ခဲ့တယ်။ အမေကလည်း ကျုပ်ကျောင်းထွက်ပြီး တစ်နှစ်ကြာတော့ဆုံးသွားခဲ့တယ်။ သော့လေးချောင်းပဲပိုင်တဲ့ ကျုပ်တံခါးပေါက်လေးချပ်ပဲ ဖွင့်နိုင်တာပေါ့၊ ပထမဆုံးပန်းရန်သွားလုပ်တယ်။ ဒုတိယ ခင်ဗျားလိုပဲ ဈေးရောင်းတယ်၊ ကျုပ်က ကုန်ခြောက်လေးတွေ ရောင်းတာ၊ အရင်းအနှီးကလည်းမရှိတော့ ခြောက်တီးခြောက်ကပ်နဲ့ ပြုတ်ပါလေရောပေါ့။ နောက်တော့ စပယ်ယာလုပ်လိုက်သေးတယ်၊ အပြောအဆိုကမတတ်တော့ ခရီးသည်တွေနဲ့ အဆင်မပြေဖြစ်ပြီး မကြာပါဘူး၊ ကျုပ်အလုပ်ပြုတ်တယ်။ အခုတော့ ခင်ဗျားတို့မြင်တဲ့အတိုင်း လေးချပ်မြောက်တံခါးဖြစ်တဲ့ ဆိုက်ကားသမားဘဝနဲ့ပဲ အခြေခိုင်သွားတယ်။

"ခင်ဗျားအမေရဲ့အဆုံးအမစကားတွေက သိပ်ကောင်းတာပဲ ကိုမျိုးရယ်၊ ကျုပ်လည်း ကျုပ်သားသမီးတွေကို အဲလိုဆုံးမရမယ်"

ကိုစိုးက မျက်ရည်စများကို လက်ခုံဖြင့်သုတ်ရင်း ဝမ်းပန်းတသာ ချီးမွမ်း၏။

"ဒါပေါ့ဗျာ၊ ခင်ဗျားမှာ မျှော်လင့်ချက်လေးတွေ ရှိပါသေးတယ်"

"မှန်တယ် ကိုမျိုးရေ၊ ခင်ဗျားစကား သိပ်မှန်တယ်၊ ကဲ ကျုပ်လည်း ညနေအတွက် ဟင်းရွက်တွေသွားယူရဦးမယ်၊ မနက်ပိုင်းအတွက်ကတော့ အကုန်ရောင်းကုန်သွားပြီ၊ ဈေးနားခဏ လိုက်ပို့ဦး ကိုမျိုးရေ"

"ရယ်ဒီပါပဲ ဆရာစိုးရေ"

မျှော်လင့်ချက်ကြီးစွာ အားတက်သွားရှာသော ကိုစိုးမျက်နှာပေါ်က အပြုံးပန်းများက ဝေဆာလှသည်။

အတွေးလွန်နေရင်းနှင့်ပင် ဆေးသွားဝယ်သော ကိုစိုးက မျက်စိရှေ့မှ သုတ်သုတ်ပျာပျာဖြင့် သူ့အိမ်ဆီသို့ စိုးရိမ်တကြီး ပြေးသွားသည်ကို မြင်လိုက်ရ၏။ ဘဝနှင့်ချီသော ရွေးချယ်မှုကြီးတစ်ခု မှားယွင်းခဲ့သော်လည်း ဇွဲမလျှော့ဘဲ ရှေ့သို့သာဆက်ခဲ့သော ကိုစိုးရဲ့မျှော်လင့်ချက်စကားသံတွေက ပဲ့တင်သံတွေလို ပြန်ကြားလာပါသည်။

"ကျုပ်သားသမီးတွေကို ကျောင်းထားမယ်၊ ကျောင်းသွားဖို့လည်းပြောမယ်၊ စာတတ်အောင်သင်ခိုင်းမယ်"။ ။

မျိုးဆက်သစ်ရင်ပြင်အတွက် စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။

ဆောင်းပါး

မေမိမိုးမြင့်

# ရင်ခုန်စရာမကောင်းတော့ပါ

စာရေးသူတို့ငယ်ငယ်က စာမေးပွဲဆိုလျှင် ဒူးတုန်အောင် ကြောက်ရသည်။ ငါကျသွားလျှင် ငါသူများတွေထက် အမှတ်နည်းခဲ့လျှင် အတွေးပေါင်းမြောက်မြားစွာနှင့် စာမေးပွဲကို ရင်ဆိုင်ဖြေဆိုကြရသည်။ စိတ်ဖိစီးမှုအများဆုံး အချိန်သည်ကား စာမေးပွဲဖြေသည့်အချိန်ပင်ဖြစ်သည်။ စာမေးပွဲဖြေရက်ပြီးမှသာ သက်ပြင်းအရှည်ကြီးချကာ အနားယူနိုင်သည်။ စိတ်လက်ပေါ့ပါးရတော့သည်။ သူများ တန်းတူ တစ်နှစ်တစ်တန်း ပုံမှန်အောင်ချင်သည်။ ကျကျန် ခဲ့လျှင် ဒီမျက်နှာများ နောက်နှစ်ပြန်တွေ့နေရဦးမည် ဖြစ်၍ ရှက်သည်။ ထို့ကြောင့် စာကိုအသည်းအသန်ကျက်ရ သည်။ ဉာဏ်ရည်နှေးကွေးသောကြောင့် သူများတစ်ပုဒ် ကိုယ်တစ်ပုဒ်မရ၍ အချိန်ပိုပေး၍ ကျက်ရသည်။ ညနေ ကျောင်းဆင်း၍အိမ်ပြန်ရောက်သည်နှင့် စာကြည့်စားပွဲ၌ တန်းထိုင်ကာ ကျောင်းမှပေးသမျှစာ အကုန်ပြီးအောင် ကျက်သည်။ တွက်သည်။ ပြီးမှ ရေချိုး၊ ထမင်းစား သည်။ ညမအိပ်ခင် တစ်ခါ စာပြန်နွှေးရသေးသည်။ မနက်ဖြန် အတန်းထဲ၌ စာမေး၍မရလျှင် လူဘုံအလယ်၌ အရှက်ရဦးမည်။ အများ၏ အထင်သေးခြင်းကိုလည်း ခံရ ဦးမည်။ သို့နှင့် အိမ်၌အပြီးရအောင် ကျက်သွားရသည်။

စာမေးပွဲအစစ်ကြီး ဖြေပြီးချိန်တွင်မူ ဖြေနိုင်သူများက တပြုံးပြုံးနေနိုင်သော်လည်း မဖြေနိုင်သူများက ဖင်တကြွကြွ နှင့် အောင်စာရင်းထွက်မည့်နေ့သို့ လည်ရှည်အောင်မျှော်ရ သည်။ အောင်စာရင်းသည် နှစ်တစ်နှစ်၏ အရေးအကြီးဆုံး သော ဆုံးဖြတ်ချက်တစ်ခုပင်ဖြစ်သည် မဟုတ်လော။ အောင်စာရင်း၌ ကိုယ့်နာမည်ပါမှသာ နောက်တစ်တန်းသို့ ဆက်လက်တက်နိုင်မည်ဖြစ်၍ အောင်စာရင်းထွက်သည့် နေ့သည် ရင်အခုန်ရဆုံး နေ့တစ်နေ့ပင်ဖြစ်၏။ အောင်မည် ဟု ထင်မှတ်ထားသူ၊ ယုံကြည်ထားသူများပင် ရင်တထိတ် ထိတ်နှင့် စောင့်မျှော်ကြရ၏။ အောင်စာရင်းချိတ်သည့် နေ့တွင် သူ့ထက်ငါဦးအောင် စောစောထ၍ အလုအယက် ပြေးကြည့်ကြရသည်။ တိုးဝှေ့ကြည့်ရသည်။ အောင်စာရင်း စာမျက်နှာပေါ်၌ ကိုယ့်နာမည်ပါမှသာ ဟူးခနဲ သက်ပြင်း ချနိုင်ပြီး နောက်တစ်တန်းအတွက် စိတ်ချလက်ချ ပြင်ဆင် နိုင်တော့သည်။ နာမည်မပါသည့် သူများကလည်း နောက်တစ်နှစ်ပြန်ကြိုးစားရန် ပြင်ဆင်ကြရသည်။ အားနည်းသည့်ဘာသာကို ပိုဖိကြိုးစားရန် သုံးသပ်ကြရ သည်။ စာရေးသူတို့ကျော်ဖြတ်ခဲ့ရသော အောင်စာရင်းသည် ကား ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ အတိနှင့် နှစ်ဆန်း ၂ ရက်နေ့ပင် ဖြစ်ပါသည်။

အချိန်ကာလတွေ၊ စနစ်တွေ၊ မူတွေ တဖြည်းဖြည်း ပြောင်းလဲလာခဲ့ရာမှ အရွေ့တွေလည်း ရွေ့မှန်းမသိ ရွေ့လာ ခဲ့၏။ ထိုအထဲမှ စာမေးပွဲအရွေ့သည်လည်း တစ်ခု အပါ အဝင်ဖြစ်ခဲ့၏။

စာရေးသူတို့ငယ်ငယ်က စာဖြေခန်းသည် ကိုယ့်အတန်းတွင်းမှာပင် ဖြစ်သည်။ အတန်းပိုင်ဆရာက စောင့်ကြပ်သည်။ အိမ်သာစောင့် ဂိတ်စောင့်တွေမထား။ လွတ်လပ်ပျော်ရွှင် သေသပ်မှန်ကန်စွာ စာမေးပွဲကို စစ်ကြသည်။ ယခုအခါလောက် အလုပ်မရှုပ်ကြရ။ စိတ်မပင်ပန်းကြရ။ အိပ်ရေးမပျက်ကြရ။ ပေါ့ပါးစွာပင်။

ယခုအခါ စာမေးပွဲဖြေဆိုရာတွင် စာမေးပွဲစည်းကမ်း တွေ အထပ်ထပ်နှင့် ကြပ်မတ်ဆောင်ရွက်ကြရ၏။ မေးခွန်း ပေါက်ကြားမည်စိုး၍ ချိပ်တွေအထပ်ထပ် သံသေတ္တာတွေ အထပ်ထပ်နှင့် ထုပ်ပိုးပြီး လုံခြုံရေးအဆင့်ဆင့်၊ ဝန်ခံကတိ လက်မှတ်ပေါင်းအဆင့်ဆင့်၊ သိရှိကြောင်းလက်မှတ် အဆင့်ဆင့်နှင့် စာမေးပွဲတစ်ခုကို စစ်ဆေးကြရသည်။ ကလေးများလည်း တစ်ဘာသာချင်းအလိုက် လက်မှတ် ပေါင်းမြောက်မြားစွာ ထိုးကြရလေသည်။ ဖြေဆိုပြီးသော အဖြေလွှာများကို သေချာစိစစ်ပြီး ချက်ချင်းထုပ်ပိုးကာ ချိပ်ပိတ်၍ သိမ်းရပြန်သည်။ ညအခါ စောင့်၍ အိပ်ရ သေးသည်။ အမှားအယွင်းမရှိစေရန် ကြိုးစားလုပ်ကိုင်ရင်း စိတ်ဖိစီးမှုများနှင့် လူပင်ပန်း၊ စိတ်ပင်ပန်း ဖြစ်ကြရသည်။ အထပ်ထပ်အခါခါ စောင့်ကြပ်မှု၊ စိတ်ဖိစီးမှုများနှင့် စစ်ခဲ့ သော စာမေးပွဲ၏နောက်ကွယ်တွင် မအောင်မရှိ ငါ့တပည့် ဆိုသည့်ဆောင်ပုဒ်က အသင့်စောင့်နေသည်။ အများ ပြည်သူများကြားတွင် မဖြေသူနှင့် သေသူသာလျှင် ကျရှုံး မည်ဟု ရေပန်းစားနေပြန်၏။ သို့နှင့် မိဘများဘက်မှလည်း စည်းကမ်းတွေအထပ်ထပ်နှင့် ဘယ်သို့ဘယ်ပုံစစ်စစ် ဆရာတွေဘယ်လောက်ပြောပြော အချိန်တန်ရင် ငါတို့ သားသမီး အောင်မှာပဲဟု အတွေးဝင်ကာ ပဲရိတ်မပျက်၊ ထမင်းချက်မပျက် အေးအေးဆေးဆေးပင်။

ပူပန်မှုများနှင့် ပျာယာခတ်နေရသည်က ဆရာ ဆရာမ များပင်။ ငါတို့ကျောင်းလာတက်ရင်ပြီးရော စာမကျက်လည်းရတယ်။ အချိန်တန်ရင်အောင်မှာပဲဆိုသည့် တပည့်များနှင့် ကလေးများ၏ပညာရေးအပေါ် အာရုံစိုက်မှု နည်းလာသော မိဘများအကြား လူပင်ပန်းသည်ထက် စိတ်ပင်ပန်းမှုက ပိုဆိုးသည်။ ပြောစကားကိုနားမထောင် စာကျက်ပါဟဲ့ဆိုလို့မကျက် ချော့မရ၊ ခြောက်မရ ပေတေတေ မျက်နှာထားနှင့် ဆရာ ဆရာမတွေကို ဆက်ဆံနေပုံက ယခုဆိုရင် မူလတန်းအရွယ်ကလေးများကပင် လုပ်တတ် နေ၍ အနာဂတ်အတွက် ရင်လေးလှပါသည်။

ကျောင်းဆိုသည်မှာ သူတို့အတွက် သူငယ်ချင်းများ နှင့် ကစားပျော်ရွှင်ရာဂေဟာတစ်ခုဟုသာ သတ်မှတ်လာ ကြတော့သည်။ စာကိုအလေးထားသူ နည်းလာ၏။ ထိုကြားထဲတွင် ရုံးကိစ္စတစ်ဖက် သင်ကြားရေးတစ်ဖက်နှင့် ခေါင်းမဖော်နိုင်အောင် ဖြစ်ကြရသေးသည်။ လပိုင်းလည်း မီအောင်သင်ချင်သည်။ ကလေးတွေကလည်း ပြောမကောင်း။ ရိုက်ကလည်း မရိုက်ရဲ။ ဆုံးမရ အတော် ခက်လှသည်။ သင်ဖူးသူများ နားလည်နိုင်ပေလိမ့်မည်။ ခေတ်လူငယ်တို့၏ ရဲတင်းမှု၊ ထင်ရာစိုင်းတတ်မှု၊ လေးစားရ ကောင်းမှန်းမသိတတ်မှု၊ အသိမရှိမှုများက အနာဂတ် အတွက် မတွေးရဲစရာပင်။ ငါးပိသည်က ယင်မခြောက် ဆားသည်က ယင်ခြောက်နေရသည့်အဖြစ်။

သူတို့ဦးနှောက်ထဲတွင် စွဲနေသည်က ကျောင်းသို့လာ။ စာမေးပွဲမှန်မှန်ဖြေလျှင် အောင်မည်။ ကျန်တာဘာမှမတွေး။ စာကျက်ဖို့ပင် စိတ်မကူးတော့ပေ။

ပေါ့ပါးစွာပင် စာမေးပွဲဖြေဆို၍ တစ်နှစ်တာကုန်ဆုံး ကြသည်။ နှစ်ဆန်း ၂ ရက်နေ့ဆိုသည်မှာလည်း ယခုအခါ တွင် ရင်ခုန်စရာမရှိ။ သာမန်ရက်မျှသာ။ သူတို့ အောင်စာရင်းကား စာဖြေပြီးစဉ်ကတည်းက သိခဲ့ပြီးဖြစ်၏။ ထွက်ခဲ့ပြီးဖြစ်၏။ နောက်တစ်တန်းတက်ဖို့ပင် ပြင်ဆင်ပြီး နေပေပြီ။ ယခုခေတ်အောင်စာရင်းသည်ကား စောစော ထစရာမလို။ ရင်ခုန်စရာမလို။ လုယက်ကြည့်စရာမလို။ စိတ်ပူစရာမလိုအောင်ပင် တိတ်ဆိတ်လှသည်။ စာရေးသူတို့ ငယ်ဘဝမှ အောင်စာရင်းထွက်ချိန်နှင့် နှိုင်းယှဉ်ကြည့်မိရင်း ငယ်ဘဝသို့ တစ်ခါပြန်လွမ်းမိပါတော့သည်။ ။

ဆောင်းပါး

နောင်ရိုး(ကန့်ဘလူ)

# အောင်စာရင်းနှင့် အတွေးအမြင်

ဧပြီ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သော အခြေခံပညာကျောင်းများ၏ အောင်စာရင်းများနှင့်ပတ်သက်၍ ရုပ်သံမီဒီယာများနှင့် လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် အတော်ပင်ရေပန်းစားနေပေသည်။ အဘယ့်ကြောင့် ရေပန်းစားသည်ကို အများသူငါများလည်း သိရှိပြီးကြပေလိမ့်မည် ဖြစ်ပါသည်။ ပညာရေးလောကသားဖြစ်သော စာရေးသူအနေဖြင့် ရေပန်းစားခြင်းကို နှစ်မျိုးနှစ်စား ခွဲခြားပြလိုပေသည်။ (၁) တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့် မေးခွန်းများကို မေးခွန်းတိုက်များ၊ သံသေတ္တာများ၊ ကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ အခန်းစောင့်များနှင့် စနစ်တကျစီစဉ်ဆောင်ရွက် ခဲ့သော်လည်း အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အစိုးရစစ်ဖြစ်သည့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းများ တန်းလုံးကျွတ်၊ ကျောင်းလုံးကျွတ်၊ မြို့နယ်လုံး ကျွတ်၊ ခရိုင်လုံးကျွတ် စသည်ဖြင့် ကျောင်းသား ကျောင်းသူအားလုံး ရာနှုန်းပြည့် ကျွတ်ကျွတ်လွတ်လွတ် ရှောရှောရှူရှူ အောင်မြင်သွားခြင်း။ (၂) အောင်စာရင်း ထုတ်ပြန်ကြေညာရာ၌ အဆင့်သတ်မှတ်ချက်ဖြစ်သည့် A၊ B၊ C စသည်ဖြင့် မပါရှိခြင်းဟူ၍ ခွဲခြားသတ်မှတ် ဖော်ပြလိုပေသည်။ စင်စစ်အားဖြင့် ဤဆောင်းပါးကိုရေးသားရန် စာရေးသူ၏အတွေးအခေါ်မှာ မြင့်မားလွန်းလှ၍ မဟုတ်ပါ။

သတင်းဌာနတစ်ခုမှ "ယနေ့ အခြေခံပညာကျောင်းများ၏ (KG-ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်း)အောင်စာရင်းများ ထုတ်ပြန်ကြောင်း၊ သို့သော်လည်း အစိုးရစစ်စာမေးပွဲဖြစ်သည့် စတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲအောင်စာရင်းများတွင် ယခင်နှစ်များကဲ့သို့ A၊ B၊ C အဆင့် သတ်မှတ်ချက်များ မပါကြောင်း၊ အဆင့်များမပါ၍ အချို့မိဘများက မကြိုက် ကြောင်း၊ အချို့ကျောင်းသားများက မနှစ်သက်ကြောင်း၊ တချို့က နှစ်သက် ကြောင်း စသည်ဖြင့် ပြောဆိုတင်ဆက်လျက် ကျောင်းသားမိဘအချို့နှင့် ကျောင်းသား ကျောင်းသူအချို့ကို အင်တာဗျူးကာ ထုတ်လွှင့်ခဲ့ပေသည်။

မှန်ပါသည်။ ပထမဦးစွာ အောင်စာရင်း၌ အဆင့်သတ်မှတ်ချက်မပါခြင်း အကြောင်းကို ဆွေးနွေးတင်ပြလိုပါသည်။ အဆင့်သတ်မှတ်ချက်မပါခဲ့သော ကြောင့် အဆင့်မရှိသောပညာရေးဟု အုတ်အော်သောင်းတင်း သရော်နေကြ ပေသည်။ စင်စစ်အားဖြင့် မိမိသားသမီး၏ ပညာရေးကို ဂရုစိုက်သော၊ စိတ် ဝင်စားသော၊ အလေးထားသော ကျောင်းသားမိဘများသည် မိမိသားသမီး၏ ဉာဏ်ရည်ဉာဏ်သွေး အနိမ့်အမြင့်ကို ခန့်မှန်းနိုင်သကဲ့သို့ မိမိသားသမီး၏ ပညာရည်အဆင့်အတန်းကိုလည်း တွေးဆနိုင်ပေသည်။ ထိုမျှမကသေးပေ။ အခြေခံပညာကျောင်းများမှ ထုတ်ပြန်ပေးသော လစဉ်စာမေးပွဲဖြေဆိုမှုရလဒ်၊ ပညာရည်စစ်ဆေးတိုင်းတာမှု မှတ်တမ်းများကို ကြည့်ရှု၍လည်း သုံးသပ်နိုင် ပါသည်။ လစဉ်ပညာရည်စစ်ဆေးတိုင်းတာအကဲဖြတ်မှုမှတ်တမ်းများ၌ မိဘများ ကိုယ်တိုင်(အုပ်ထိန်းသူ)လက်မှတ်ရေးထိုးခဲ့ကြပြီး ဖြစ်ပါသည်။ နှစ်ဆုံးကာလ အောင်စာရင်းထုတ်ပြန်သည့်ရလဒ်လေးနှင့် မိမိသားသမီး၏ ပညာရည်စစ်တမ်း ကို အကဲဖြတ်သတ်မှတ်ခြင်းသည် အလွန်မိုက်မဲသော၊ သားသမီးပညာရေးကို ဂရုမစိုက်သော၊ အလေးမထားသော၊ စိတ်မဝင်စားသောပုံစံသို့ တန်းတန်း မတ်မတ်ကြီး ဦးတည်နေပေသည်။

ဆိုရပါမူ စာတော်သောကျောင်းသားများ၏ မိဘများသည် အဆင့် သတ်မှတ်ချက်ကို ဂုဏ်တစ်ခုအနေဖြင့် ဖော်ပြစေချင်ပေသည်။ ခြွင်းချက် အနေဖြင့် စာမတော်သော ကျောင်းသားအချို့၏မိဘများကလည်း မိမိသားသမီး အဆင့်ကိုသိမှသာ ကူညီပံ့ပိုးပေးနိုင်ရန်အတွက်လည်း ထည့်သွင်းပေးစေလို ကြသည်။ ဤသည်မှာ အနည်းစုမျှသာဖြစ်သည်။ အထက်၌ ဆိုခဲ့သည့်အတိုင်း ထို့အတွက်လည်း လစဉ်ပညာရည်စစ်ဆေးအကဲဖြတ်မှုမှတ်တမ်းများကို ပေးပို့ခဲ့ပြီး ဖြစ်ပေသည်။ အဆင့်သတ်မှတ်ချက် ဖော်ပြပေးစေလိုသော အချို့ ဆရာ ဆရာမများလည်း ရှိကြသည်။

ထိုဆရာ ဆရာမများသည်လည်း မိဘများကဲ့သို့ တွေးထင်ယူဆကြဟန် ရှိပေသည်။ သို့သော် တချို့ဆရာ ဆရာမများသည် သူ့ကျောင်း၊ ငါ့ကျောင်း အပြိုင်ဆင်နွှဲခဲ့သော်လည်း ပွဲအဝင်၌ နဲ့ပျောက်သလိုဖြစ်ခဲ့သောကြောင့်ဟု ထင်ပါသည်။ အမှန်တကယ်ဆိုရပါမူ မိမိကျောင်းသား၏ အဆင့်များကို ဆရာ ဆရာမများကပင် ပိုမိုခန့်မှန်းနိုင်ကြပါသည်။ တပည့်၏အကြောင်းကို ပိုသိပါ သည်။ ပြိုင်ဆိုင်လိုစိတ်ကြောင့် အဆင့်သတ်မှတ်ချက်ကို တောင့်တနေကြခြင်း ဖြစ်သည်။ ဤနေရာ၌ စာရေးသူ၏ စိတ်သည် တစ်မျိုးဖြစ်ပါသည်။ စာရေးသူ သည် ပြိုင်ဖို့အတွက် သင်ကြားမပေးချင်ပါ။ ယှဉ်နိုင်အောင်သာ သင်ကြားပေး ချင်ပါသည်။

အထက်ပါအကြောင်းအရာများကို နှိုင်းယှဉ်တွေးတောကြည့်ပါက မည်သည့်အရာကများ(မည်သူကများ) အဆင့်မရှိသောအရာ(အဆင့်မရှိသောသူ) ဟူ၍ သတ်မှတ်ရမည်မသိပေ။ အောင်စာရင်းထုတ်ပြန်မှု အဆင့်မရှိဘဲ နိမ့်ပါးနေသည့်တိုင် စာရေးသူတို့ ဆရာ ဆရာမများ၏ သင်ကြားပြသမှုနှင့် ကျောင်းသား ကျောင်းသူတို့၏ သင်ယူတတ်မြောက်မှု အဆင့်နိမ့်ပါးမသွားစေရန် မှာ အရေးအကြီးဆုံးဟု ထင်မိပါသည်။

ဒုတိယအနေဖြင့် အစိုးရစစ်ဖြစ်သည့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းများ ကျွတ်ကျွတ်လွတ်လွတ်၊ ရှောရှောရှူရှူ ချောချောမောမောနှင့် ရာနှုန်းပြည့် အောင်မြင်သွားခြင်းအကြောင်းကို တွေးထင်မိသမျှ ဆွေးနွေးပြလိုပါသည်။ အစိုးရစစ်ဖြစ်သည့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းများအားလုံး အောင်မြင်ခြင်း ကြောင့် ဆရာ ဆရာမအချို့ထံမှ စိတ်မကောင်းစရာ စိတ်ဓာတ်အချို့ကို တွေ့မြင် လိုက်ရပေသည်။ "နောက်ဆုံးတော့လည်း တတ်တတ်၊ မတတ်တတ် အကုန် အောင်တာပဲ၊ ဒီတော့ ဒို့လည်း သင်သင်၊ မသင်သင် အချိန်ကျရင် အကုန်အောင်၊ လကုန်ရင် လစာထုတ်ရုံပေါ့"ဟူသော စကားများကို တွေ့မြင်ကြားသိလာ ရသည်။ ပြောဆိုသူဘက်မှကြည့်လျှင်တော့ ပညာရေးစနစ်ကို လှောင်ပြောင် ခြင်းဟု ဆိုနိုင်ပေသည်။

သို့သော်လည်း ထိုသို့ပြောဆိုနေသည့် အချို့သော ဆရာ ဆရာမများ ကိုယ်တိုင်သည်ပင် ယခုကဲ့သို့ အကျမရှိစနစ်ဖြင့်အောင်မြင်လျက် ဆရာလောက သို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဆိုခဲ့သည့် ဆရာ ဆရာမများကို စာရေးသူအနေဖြင့် အပြစ်မမြင်ပါပေ။ အဘယ့်ကြောင့်ဆိုသော် စာရေးသူတို့ ပညာရေးလောက၌ ပညာရေး၏အဓိပ္ပာယ်ကို အနက်ဖွင့်ဆိုရာတွင် ကျယ်ပြန့် သော အဓိပ္ပာယ်နှင့် သမားရိုးကျအဓိပ္ပာယ်ဟူ၍ အမျိုးအစား နှစ်မျိုးရှိပါသည်။ ရိုးရှင်းလွယ်ကူစွာ မှတ်သားရမည်ဆိုလျှင် ကျောင်းသင်ပညာရေးနှင့် လူ့ဘောင် ဘဝ ပညာရေးဖြစ်ပါသည်။

သို့သော် ပညာရေးလောကသားများ အသိများသည့် ပညာရေးနှစ်မျိုးမှာ "ခုတစ်မျိုး၊ တော်ကြာတစ်မျိုး"ပင် ဖြစ်နေပေသည်။ မည်သို့ပင်ဆိုစေကာမူ စာရေးသူတို့ ဆရာ ဆရာမများသည် ဆရာစိတ်၊ ဆရာအတွေးဖြင့် တပည့် များစွာ၏ရှေ့ရေးကို မြော်တွေးရှေးရှုပေးနိုင်ရပေမည်။ ထိုသို့ ရှေးရှုမြော်တွေး လျက် ရာနှုန်းပြည့်အောင်မြင်ခြင်းများကို အသည်းဆတ်ဆတ်နာနေသည်ဟု ထင်ပါသည်။ သံသေတ္တာမေးခွန်းကိစ္စနှင့်ပတ်သက်၍ ဆရာ ဆရာမများ အလုပ်ရှုပ်ကြပါသည်။ စာမေးပွဲဖြေဆိုခြင်းများသည်လည်း တိကျပါသည်။ ထိုသို့တိတိကျကျလုပ်၍ အကုန်အောင်ခြင်းကို အများစု အားမလိုအားမရ ဖြစ်နေကြခြင်းဖြစ်သည်။ စာရေးသူအနေဖြင့် ဤသံသေတ္တာသည် ပြောင်းလဲ လာသည့် KG+12 စနစ်အတွက် ကြိုတင်လေ့ကျင့်ခိုင်းခြင်းဟု ထင်မြင်မိပေ သည်။ သို့မှသာလျှင် စနစ်အသစ်၌ ဆရာ ဆရာမများအားလုံး အတွေ့အကြုံ များကို ကြိုတင်ရင်ဆိုင်ဖူးစေရန်အတွက်ဟု တွေးမိပြန်သည်။ သို့မှသာလျှင် ဆန်းသစ်လာမည့်အနာဂတ်ပညာရေးစနစ်နှင့် ဆရာ ဆရာမများ အားလုံး တစ်သွေးတစ်သားတည်း အံ့ဝင်ခွင်ကျရှိလျက် စည်းချက်ညီညီ ဖော်ဆောင်နိုင် ပေလိမ့်မည်။

အရည်အချင်းမရှိသည့်ကလေးများကို အတန်းချစေချင်သည့်ကိစ္စနှင့် ပတ်သက်လာသောအခါ "ဆရာ ဆရာမတွေ ----ကလေးတွေကို စာမရဘူး၊ စာမလိုက်နိုင်ဘူး၊ ညံ့တယ်ဆိုရင် အတန်းချလို့ရပါတယ်၊ ဒါပေမယ့် ---ကိုယ်ချ ထားခဲ့တဲ့ကလေး ----နောက်နှစ် တတ်အောင်သင်ပေးပါ့မယ် ---အောင်အောင် သင်ပေးပါ့မယ်လို့ အာမခံပါ၊ တာဝန်ယူပါ၊ မတတ်လို့ တတ်အောင်သင်ပေးမှာမို့ အတန်းချတာဆို---ချပါ"ဟု ပြောဆိုခဲ့သော စာရေးသူတို့ မြို့နယ်ပညာရေးမှူး ဆရာကြီးဦးစိုးသန်းကို သတိရမိပေသည်။

ယခုလည်းထိုသို့ပင်ဖြစ်ပါသည်။ အချို့ ဆရာ ဆရာမများက ကလေးများ ကို အတန်းမချသဖြင့် ပြောဆိုနေသည့်တိုင် ချထားသည့်ကလေးအတွက် တာဝန်ယူမှု တာဝန်ခံမှုကိုတော့ လျစ်လျူရှုလျက် ဥပေက္ခာပြုထားတတ်ကြ ပေသည်။ စာနာစဉ်းစားပေးနိုင်မှု မရှိပါပေ။ အချို့ကလေးများသည် ဉာဏ်ရည် ပါရမီနိမ့်ပါးလွန်းသဖြင့် စာမလိုက်နိုင်ကြောင်းကို စာရေးသူကိုယ်တိုင်လည်း တွေ့ဖူးပေသည်။ ဤကလေးမျိုးကို မရလို့ချလျှင် ကလေးစိတ်ပျက်သွားပေမည်။ သို့သော် ကလေးသည် အတန်းတက်ရသောကြောင့် စာမတော်သော်လည်း ကျောင်းနေပျော်လျက် ထိုက်သင့်သည့် အနာဂတ်လူငယ်တစ်ယောက် ဖြစ်လာ နိုင်ပေသည်။

အဘယ့်ကြောင့်ဆိုသော် စာသင်ကျောင်းများသည် မြန်မာလူမျိုးအများစုက အကောင်းဆုံးဟုယူဆကာ ဆရာဝန်၊ အင်ဂျင်နီယာ၊ အရာရှိများကိုပင် သန့်စင် ဖွားမြင်ပေးသည့်နေရာမဟုတ်ဘဲ အများတကာအသိအမှတ်ပြုမခံရသည့် အနာဂတ်ကြယ်ပေါင်းများစွာကိုလည်း မွေးမြူရှင်သန်စေနိုင်သည့် နေရာတစ်ခု ဖြစ်သောကြောင့်ပင် ဖြစ်သည်။

သို့ဖြစ်၍ စာရေးသူအနေဖြင့် ယခုထုတ်ပြန်လိုက်သော (KG-ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း၊ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်း)အတန်းများ၏ အောင်စာရင်း(သို့မဟုတ်)အတန်း ကူးပြောင်းမှုစာရင်း(သို့မဟုတ်)အတန်းတက်စာရင်းနှင့်ပတ်သက်၍ ပညာရေး လောကသမုဒ္ဒရာအတွင်းမှ ရေပွက်တစ်မျှသာဟု တွေးထင်မိပါကြောင်းကို နိဂုံးချုပ်ရေးသားလိုက်ရပေသည်။ ။

ဝတ္ထုတို

# အနိစ္စ

နိုင်ကြည်သားနေ



(၁)

ကျွန်တော်သည် အနိစ္စဆိုသော စကားကို ကလေးဘဝအရွယ်တွင် စပြီးသတိထားမိသည်။ တစ်ခုတည်းသော ညနေခင်းတွင် အဘွားနှင့်အတူ လမ်းလျှောက်သည်။ အဘွားလက်ကိုတွဲကာ လျှောက်လာရင်း ကျွန်တော်က မြေကမူတစ်ခုကို ခလုတ်တိုက်မိသည်။ အဘွားက ယိုင်သွားသော ကျွန်တော့်ကို လှမ်းထိန်းလိုက်ရင်း "အမလေး. . . အနိစ္စ. . . ဒီကလေးနှယ် လမ်းကိုသေချာကြည့်မလျှောက်ဘူး. ." ယောင်သလိုလို သတိပေးသလိုလို ဆူသလိုလို ပြောသည်။

ကျွန်တော်က နာသွားသဖြင့် ဒေါသဖြစ်သွားကာ မြေကမူကို အပြစ်တင်ရင်း အဘွားကို မေးရသည်။

"အဘွား အနိစ္စဆိုတာ ဘာလဲ"

အဘွားက ပြန်ဖြေသည်။

"အနိစ္စဆိုတာ မမြဲတာပေါ့ကွယ်"

ညီအစ်ကိုမသိတသိအချိန် ဖြစ်နေပြီမို့ ကျွန်တော်တို့မြေးအဘွား အိမ်သို့ပြန်လာခဲ့ကြသည်။

(၂)

ကျွန်တော် သူငယ်တန်းမှ လေးတန်းအထိ ရွာ၌သာ ကျောင်းနေသည်။ စာမေးပွဲဖြေပြီးပြန်လာတိုင်း ကျွန်တော့်ကို မေမေကမေးသည်။

"သား စာမေးပွဲဖြေနိုင်ရဲ့လား"

"ဟုတ် မေမေ" ဟု အလွယ်ပြော၍ လွယ်အိတ်ကို ဘုတ်ခနဲချကာ ဘုရားဝင်းအတွင်းသို့ အပြေးအလွှား သွားဆော့မြဲပင်။

ငါးတန်းကျောင်းသားဘဝမှစကာ ကိုးတန်းကျောင်းသားဘဝထိ ဖျာပုံမှ အဒေါ့်အိမ်တွင်နေရသည်။ စာမေးပွဲဖြေချိန်တွင် မေမေကရွာမှရောက်လာသည်။ ထုံးစံအတိုင်း စာမေးပွဲဖြေပြီးပြန်လာလျှင် "သား. . ဖြေနိုင်ရဲ့လား" ကျွန်တော်ကလည်း ထုံးစံအတိုင်းဖြေမြဲသာ။

သည်လိုနှင့် ကျွန်တော် ဆယ်တန်းတွင် ရန်ကုန်၌ ဘော်ဒါနေရသည်။ ထို့ကြောင့် လပတ်စာမေးပွဲဖြေချိန်တိုင်းတွင် မေမေက လူကိုယ်တိုင်မလာတော့ဘဲ ဖုန်းဖြင့်ပုံမှန်သတင်းလှမ်းမေးသည်။ "ဟယ်လို သားလေးဖြေနိုင်ရဲ့လား" ဟု ပုံမှန်သတင်းမေးရှာ၏။ အတန်းတင်စာမေးပွဲဖြေသောအခါ မြန်မာစာနေ့တစ်ရက်ပဲ ဖုန်းဆက်ကာ "သား. . ဖြေနိုင်ရဲ့လား နောက်ဘာသာတွေ ကြိုးစားနော်" ဟူ၍ မှာ၏။ ကျွန်တော်ကထုံးစံအတိုင်း "ဖြေနိုင်ပါတယ် မေမေ" ဟုဆိုကာ စာမေးပွဲပြီးလျှင် အိမ်ပြန်ရတော့မည်ကိုတွေးကာ ပျော်နေမိသည်။

အိမ်မှာ ကျွန်တော်နေချင်သလိုနေမည်၊ စားချင်သလိုစားမည်၊ ဂိမ်းဆော့မည်၊ ဘောလုံးကန်မည် စသည်ဖြင့် ဟိုဟိုသည်သည်တွေးရင်း ကျေနပ်နေမိသည်။ သည်လိုနှင့် အင်္ဂလိပ်စာဖြေသောနေ့မှစကာ မေမေ ဖုန်းမဆက်တော့။ စာမေးပွဲပြီးမှသိရသည်က အင်္ဂလိပ်စာဖြေသောနေ့က တစ်ရွာလုံးမီးလောင်သည်။ ထို့ကြောင့် မေမေက မဆက်တော့ခြင်းဖြစ်သည်။ ကျွန်တော် အတော်ဝမ်းနည်းသွားသည်။ မရှိတော့သောအိမ်ကို နှမြောနေမိသည်။ အိမ်နှင့်ပတ်သက်သော စိတ်ကူးအားလုံး မီးထဲပါသွားသည်။ စာမေးပွဲပြီးတော့ ရွာပြန်လာခဲ့သည်။ ကျွန်တော့်၏ အိမ်နေရာရောက်တော့ ရင်ထဲဆို့သွားရသည်။ တစ်ချိန်က အိမ်တည်ထားရာနေရာမှာ မည်းနေသောပြာများနှင့် မီးလောင်ကျွမ်းထားသော သစ်သားအပိုင်းအစများ၊ အိမ်တိုင်ဟူ၍ ငုတ်တိုပင်မကျန်၊ အစစအရာရာဟာ ဟာလာဟင်းလင်းဖြစ်နေသလို ကျွန်တော့်ရင်ထဲမှာလည်း ဟာသွားသည်။

အရင်က အိမ်ရှိသောနေရာသည် ယခုအိမ်မရှိတော့ချေ။ မမြဲသောတရားကို ကျွန်တော် မျက်ဝါးထင်ထင်တွေ့နေရခြင်းဖြစ်သည်။ သြော်. . . အနိစ္စ. . အနိစ္စ. . .။

(၃)

အိမ်မီးလောင်ကာ စီးပွားရေးအဆင်မပြေသော်လည်း မေမေက ဒဂုံတက္ကသိုလ်တွင် ဘူမိဗေဒအဓိကနှင့် ကျောင်းထားရှာသည်။ သို့သော် အပျော်အပါးသာ အဓိကဖြစ်သွားသည်။ သူငယ်ချင်းအဟောင်းများနှင့် ပြန်တွေ့သလို သူငယ်ချင်းအသစ်များလည်း ထပ်ရသည်။ တစ်ရက်ရွှေပုလဲ ကန်တင်းမှာ သူငယ်ချင်းများနှင့် အာလူးဖုတ်နေတုန်း ပါးကွက်ကလေးနှင့် အမျိုးသမီးလေးတစ်ယောက်ကို ရင်ခုန်မိသည်။ ရင်ခုန်ရခြင်းမှာ သူမ၏မျက်ဝန်းလှလှလေးတွေကြောင့်ဖြစ်မည်။ ထိုအချိန်က သိပ်ကိုစွဲလမ်းမိဖူးသည်။ ထင်သည်။ ပထမဦးဆုံးနှင့် နောက်ဆုံးအချစ်ဟု ကျွန်တော့်ဘာသာကျွန်တော် သတ်မှတ်ထားသည်။ ကျွန်တော်သူ့ကို ချစ်လွန်းမကသောချစ်ခြင်းနှင့် ချစ်ရပါသည်။ သူ့ရဲ့လက်ကလေးကိုကိုင်ပြီး ပါးလေးနမ်းရသည့်အခိုက်သည် ဒီကမ္ဘာထဲတွင် နှစ်ယောက်တည်းရှိသည်ဟု ထင်ခဲ့ရသည်။

အဲသည်နှစ်ရဲ့ ဆောင်းမနက်ခင်းတစ်ခုကို ကျွန်တော်သတိရမိသည်။ ချစ်သူ၏ လက်ကိုဆွဲပြီး ကျောင်းထဲမှာ လမ်းလျှောက်ရသော ခံစားမှုသည် ကြုံဖူးသူတိုင်း သိကြမည်သာ။

"ကို၊ ဟိုမှာ ဟိုမှာ" သူလက်ညှိုးညွှန်ရာကို ကျွန်တော်ကြည့်မိသည်။ ခွေးလေးနှစ်ကောင် ကိုက်နေခြင်းဖြစ်သည်။ ကျွန်တော်က မထူးဆန်းသလိုနှင့် "ခွေးပဲကွာ မတည့်ရင် ကိုက်မှာပေါ့. . . ဒါများ"

"အာ ကိုကလည်း ခွေးကိုပြောတာမဟုတ်ဘူး. . ဟိုမှာလေ. . . သစ်ပင်အောက်မှာ အဘွားကြီး တွေ့လား" ခွေးနှစ်ကောင်ကိုက်နေသောနေရာနှင့် မလှမ်းမကမ်းတွင် စိန်ပန်းပင်ကြီးတစ်ပင်ရှိသည်။ ထိုစိန်ပန်းပင်အောက်တွင် အဘွားကြီးတစ်ယောက် နွမ်းပါးဖျော့တော့စွာထိုင်နေသည်။ ကျွန်တော်ကတွေ့ကြောင်း ခေါင်းညိတ်ပြလိုက်တော့ ချစ်သူက "အရင်က အဘွားကြီးတစ်ယောက်တည်း မဟုတ်ဘူး ကိုရဲ့. . . သူ့ယောကျ်ား အဘိုးကြီးလည်း ပါတယ်. . . အဲဒါ အဘိုးကြီးက ဟိုတစ်လောကဆုံးသွားတယ်တဲ့ သနားပါတယ် ကိုရယ် . . . နော်. . . "

"အင်း. . သနားပါတယ် မနေရရင်တော့ သေကြရတာပါပဲချစ်ရယ်. . . ဘယ်အရာမှမမြဲပါဘူး. . . "

"အံမယ်. . ကိုက သိပ်လေးနက်နေပါလား"အဘယ်သို့ပင်ဖြစ်စေ သူ့ကိုကဗျာလေးတွေနဲ့ တင်စားတတ်တဲ့ ကျွန်တော့်ကိုထားခဲ့ကာ ပိုက်ဆံတွေနှင့် သူလိုရာဖြည့်ဆည်းပေးတဲ့ နောက်တစ်ယောက်ကို သူ့ချစ်သူအဖြစ် သူ့သတ်မှတ်ခဲ့သည်။

သူ့ရဲ့ချစ်သူက သူ့ရဲ့အသွေးအသားနဲ့ . . . အိုမပြောချင်တော့ပါ။ နောက်တော့ သူ့ချစ်သူက သူ့ကိုထားခဲ့သည်ဟု ကျွန်တော်ကြားရသည်။ ကျွန်တော့်ဘက်က အသေအချာပြောနိုင်တာတစ်ခု ရှိသည်။ ဘုရားမှာ သူဝဋ်လည်ပါစေဟု ကျွန်တော် ဆုမတောင်းခဲ့ပါ။ ချစ်သူဘဝဆိုတာလည်း အနိစ္စပဲမဟုတ်ပါလား။

(၄)

ချစ်သူနှင့်ကွေကွင်းသဖြင့် အရက်ဆိုင်တွင် ကျွန်တော်ရေစုန်မျောနေခဲ့သည်။ ထိုအရက်ဆိုင်မှာပဲ သတင်းဆိုးတစ်ပုဒ်ကို ကြားခဲ့ရ၏။ ကိုအောင်တိုး အဖမ်းခံရသည့်သတင်းဖြစ်သည်။ ရပ်ကွက်ထဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ၊ ဆေးခြောက်များကို တိတ်တိတ်ပုန်း ရောင်းချသောကြောင့် ဖြစ်၏။

"အောင်တိုးနဲ့ငါ မတည့်ပေမယ့် ခုလိုအဖမ်းခံရတော့ စိတ်မကောင်းဘူးကွာ" ကျွန်တော့်၏ တစ်ဖက်ဝိုင်းတွင် ထိုင်သောက်နေသော စိုးဝေက ပြောလိုက်သည်။ စိုးဝေနှင့်အောင်တိုးသည် ဟိုတစ်လောက ရန်ဖြစ်ကြသေးသည်။ စိုးဝေနှင့်အတူသောက်နေသော မင်းထက်က "မင်းတို့နှစ်ကောင်က မတည့်ပေမယ့် ငယ်ငယ်ထဲက တစ်ရပ်ကွက်တည်းနေလာတဲ့ဟာ. . . စိတ်မကောင်းဖြစ်မှာပေါ့. . နောက်မှခင်တဲ့ငါတောင် စိတ်မကောင်းဘူး" အောင်တိုးနှင့်စိုးဝေက ငယ်ငယ်ထဲက တစ်ရပ်ကွက်တည်း နေကြသူတွေဖြစ်သည်။ သို့သော် မတွေ့လိုက်နှင့် တွေ့လိုက်လျှင်မတည့်။ ယခုတော့ အောင်တိုးမှာ ထောင်နန်းစံရပြီဖြစ်သည်။

လေးငါးရက်လောက်တော့ အောင်တိုးအကြောင်း ပြောကြဆိုကြသည်။ နောက်မပြောတော့။ တစ်ရက်မှာ ကျွန်တော်လမ်းထိပ်ထွက်ရင်း စိုးဝေနှင့် လမ်းထိပ်ဆိုက်ကားဂိတ်တွင် တွေ့သည်။ သူနေမကောင်းတဲ့အကြောင်း၊ သူဆေးရုံတက်ရတဲ့အကြောင်းပြောလို့ ကျွန်တော်က အားပေးခဲ့ရသည်။

စိုးဝေကို ရန်ကုန်ဆေးရုံကြီးအရေးပေါ်ကို ပို့လိုက်ရသည်။ အသည်းတစ်ခြမ်းမရှိတော့၊ ရှိသည့်အခြမ်းက ပြည်တွေ တည်နေသည်။ ထို့ကြောင့် အရေးပေါ်ဖောက်ထုတ်နေတုန်း ပြည်ပုပ်နှင့်အတူ အသက်ပါ ပါသွားသည်။ ကျွန်တော်အသုဘသွားပို့ရင်း ဆင်ခြင်နေမိသည်။ မရဏသတိ ပွားမိသည်။ တစ်ခါက စိုးဝေနှင့်အတူ ကျွန်တော်အသုဘတစ်ခု လိုက်ပို့ဖူးသည်။ ခုတော့ စိုးဝေကို ကျွန်တော်က ပို့ရသည်။ ကျွန်တော်ကရော ဘယ်တော့လည်း မသိပါ။

(၅)

ကျွန်တော်သည် ယခုတစ်လော ညဘက် အပြင်ထွက်ရခြင်းကို နှစ်သက်နေမိသည်။ ကျွန်တော်ထိုင်ထိုင်နေသော လမ်းဘေးဓာတ်တိုင်အောက်နှင့် မလှမ်းမကမ်းတွင် မိန်းကလေးတစ်ယောက်ရပ်နေသည်ကို ကျွန်တော်လှမ်းမြင်ရသည်။ သူလည်း မီးရောင်အောက်မှာ ထိုင်နေသော ကျွန်တော့်ကိုမြင်လိမ့်မည်။ သူမက တစ်ချက်တစ်ချက်လှမ်းလှမ်းကြည့်သည်။ ကျွန်တော်ကလည်း ထိုနည်းတူစွာ ကြည့်မိသည်။

ခိုပြာရောင်တီရှပ်နှင့် စကတ်အတိုလေးကို တွဲဖက်ဝတ်ဆင်ထားသောသူမကို ကျွန်တော်မြင်ဖူးသလိုလိုရှိသည်ဟု စိတ်ကထင်မိ၏။

ခဏကြာတော့ ကားတစ်စီးရောက်လာသည်။ ကားထဲမှလူက မှန်ကိုချကာ စကားပြောနေ၏။ ထို့နောက် သူမက ကားပေါ် လှမ်းတက်သွားလေသည်။ ကားက ကျွန်တော့်နားက ဖြတ်မောင်းတော့ အမှတ်တမဲ့ကြည့်လိုက်မိသည်။

သူမကလှည့်ကြည့်သဖြင့် မျက်ဝန်းချင်းဆုံသည်။ ထိုမျက်ဝန်းများကို တစ်ခါက ကျွန်တော်စွဲလမ်းဖူးသည်။ မိန်းမကောင်းလေးဘဝမှာမြဲမနေဘဲ ပြည့်တန်ဆာဘဝ ဘယ်လိုရောက်ခဲ့ရသနည်း။ ကျွန်တော်မတွေးချင်တော့ပါ။ သေချာသည်မှာ ငွေကြောင့် မမြဲခြင်းဖြစ်သည်။

ငွေသည် သင်္ကာရဒိဋ္ဌိ၏ အကောင်းဆုံးသော လက်နက်ဖြစ်၏။ ထိုလက်နက် ပစ်ခွင်းသဖြင့် မိန်းမကောင်းဘဝမှာ မမြဲခြင်း၊ ယောကျ်ားကောင်းဘဝမှာ မမြဲခြင်း၊ ရဟန်းကောင်းဘဝမှာ မမြဲခြင်း၊ အနုပညာသမားကောင်းဘဝမှာ မမြဲခြင်း စသော မမြဲခြင်းတွေ ဖြစ်လာရသည်။

အတွေးများစွာဖြင့် ကျွန်တော့်ရဲ့ အိမ်အပြန်လမ်းနွမ်းရပါသည်။ မှန်းဆကာ တမ်းတမိရအောင်လည်း. . . ဟင်း. . . . ကျွန်တော်သက်ပြင်းချမိသည်။

မကြာခင် အဆင့်မြင့်သော ဟိုတယ်ကြီးတစ်ခုပေါ်တွင် ကျွန်တော် သိပ်ချစ်ခဲ့ရဖူးသော မိန်းကလေးသည်လည်း အဝတ်အစားမြဲမည် မဟုတ်တော့ပါ။ သြော်. . . အနိစ္စပါတကား။ ။

## ကဆုန်လပြည့်ဆုတောင်း

လမြတ်ကဆုန်
မှတ်သုံလေမြူး မိုးသားကျူး
ပွင့်ဖူးခတ္တာ စကားဝါ။
ဗုဒ္ဓမြတ်စွာ
ဗျာဒိတ်ဆုပန် ဖွားပွင့်စံ
ကြုံပြန်ရက်မှာ လပြည့်သာ။
လပြည့်ကဆုန်
ကုံလုံမိတ္တ ရေသွန်းကြ
အမျှဝေဆာ ပို့မေတ္တာ။
အေးချမ်းပါစေ
မြန်ပြည်တစ်ဝှမ်း သစ္စာလွှမ်း
မိုးဆမ်းပမာ ပြည်သာယာ။

မေတ္တာမိုးနှင်း(ပဲခူး)

## ကဆုန်လပြည့် ဗုဒ္ဓနေ့

ပန်းသပြေနှင့် ညောင်ရေသွန်းလောင်း
ဆုခြွေတောင်းသည်
အပေါင်းဝေနေ ကျန်းခံ့စေ။
နစ်လည်းကူး၍ တန်ခူးလကုန်
ကဆုန်လပြည့် ဗုဒ္ဓနေ့မှာ
ချမ်းမြေ့ပူဇော် ကျွန်ကော်ရော်ခဲ့
ရွှင်ပျော်စိတ်ဝမ်း စိတ်ငြိမ်းချမ်းမိ။
သုတိမင်္ဂလာ မြတ်သြဘာနှင့်
မဟာကဆုန် မြတ်ကောင်းကြုံသည်
လူ့ဘုံခန်းဝါ ငြိမ်းစေသောဝ်။

လင်းလက်ဝေ(မော်ကျွန်း)

ဆောင်းပါး

# ကူညီခြင်း အတွေးစများ

မျိုးဆွေဦး(မာလဲနတ်တောင်)

စကားဝိုင်းတစ်ခုမှာ ပြောကြ၊ဆိုကြရင်းနဲ့ ဒီအတွေးကို ရခဲ့တာက ကြာပါပြီ။ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ အလှူအတန်း ရက်ရောမှုနဲ့ သူတစ်ပါးအပေါ် ကူညီမှုအကြောင်းလေးတွေ ဆွေးနွေးဖြစ်ကြတယ်။

မြန်မာလူမျိုးဆိုတာက အလှူအတန်းမှာ ရက်ရက်ရောရော လှူဒါန်းကြတဲ့ လူမျိုးဆိုတာ အထူးပြောစရာမလိုတဲ့ သူတွေပါ။ မရှိလို့ မလှူ မလှူလို့ မရှိဆိုတဲ့ ခံယူချက်နဲ့ ကိုယ်စားမယ့်အဖို့ထဲကနေ လှူကြ၊ တန်းကြတာ မျက်မြင်ကိုယ်တွေ့ဆိုတော့ ညွှန်းနေ၊ ဖွဲ့နေစရာတောင်မလိုတော့ဘူး ။ အိမ်ထောင်တစ်စုမှာ သားယောကျ်ားလေးတစ်ဦး ဖွားမြင်လာတာနဲ့ သာသနာ့ဘောင်ကို သွတ်သွင်းပေးဖို့ နေ့စဉ်စိတ်ကူးနေတတ်တာကလည်း မင်္ဂလာတစ်ပါးလို့ ခံယူထားကြတဲ့ လူမျိုးတွေပါ။ အလှူရေစက် လက်နဲ့မကွာဆိုတဲ့ စကားကိုတောင် ဖန်တီးပြီး နေ့စဉ်နဲ့အမျှ လှူဖို့၊ တန်းဖို့ကို စိတ်အားထက်သန်နေကြတာလည်း ဒီမြန်မာလူမျိုးတွေပါပဲ။

သားယောကျ်ားလေးတွေ သပိတ်၊သင်္ကန်း နိုင်နင်းပြီး သရဏဂုံသုံးပါးကို ပီပီသသရွတ်ဆိုနိုင်တဲ့အချိန် မိမိတို့တတ်နိုင်သလောက်နဲ့ ခြိမ့်ခြိမ့်သဲသဲ အလှူပွဲတွေ ဆင်နွှဲကြတာလည်း မြန်မာလူမျိုးတွေပါပဲ။ နာဂစ်လို ဘေးအန္တရာယ်တွေ၊ မြေငလျင်တွေ၊ ရခိုင်ပြည်နယ်ပဋိပက္ခကြောင့် အတိဒုက္ခရောက်နေကြသူတွေကို တစ်ခါမှ မမြင်ဖူး၊ မသိပါဘဲနဲ့ လှူကြ၊တန်းကြတာ မြန်မာလူမျိုးတွေပါ။ ပါရမီဆယ်ပါးမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ ဒါနပါရမီကို အထုံကလေးမှ နည်းနည်းပါပါစေလို့ ခံယူပြီး လှူကြ၊တန်းကြတာပဲ မဟုတ်ပါလား။ လှူကြ၊တန်းကြတာကို မြင်မိတော့ မုဒိတာပွားမိပေမယ့် လွဲနေတာလေးတွေကိုလည်း စိတ်မသက်မသာ မြင်မိပါတယ်။

လှူတာ၊ တန်းတာပဲကွာ ဘယ်နေရာများ မှားနေလို့လဲလို့ မေးစရာရှိပါတယ်။ လှူဒါန်းတာကို မမှားဘူးလို့ဆိုရပါမယ်။ မှားနေတာက အတွေးနဲ့အယူအဆလို့ ဆိုရပါမယ်။မြန်မာလူမျိုးတို့ ထုံးစံအတိုင်း ကိုယ်တိုင်ကိုယ်ကျလှူတတ်သလို တခြားအလှူခံလာရင်လည်း လှူဒါန်းပါတယ်။ ဘာကိုရည်ရွယ်ပြီး လှူကြ၊တန်းကြသလဲဆိုရင် ဗုဒ္ဓဘာသာတို့ရဲ့ အေးငြိမ်းရာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရည်မှန်းပြီး လှူဒါန်းလေ့ရှိကြပါတယ်။နိဗ္ဗာန်ဆိုတာ အနာဂတ်ရည်မှန်းချက်ဖြစ်တာမို့ အတ္တများ ပါနေမလားလို့ အခါခါစဉ်းစားဖူးပါတယ်။ဗုဒ္ဓရဲ့ လမ်းညွှန်ချက်ကို အတိအကျလိုက်နာပြီး အတ္တမပါ အဖြူသက်သက် လှူရင်တော့ နိဗ္ဗာန်အထောက်အပံ့အဖြစ်ရမယ်ဆိုတာကိုတော့ အသေအချာ ပြောရဲပါတယ်။ တချို့တွေကျတော့ ရေစက်ချလှူဒါန်းပြီးတာတောင် ငါလှူထားတဲ့ ပစ္စည်းလို့ တွယ်မက်နေတာ မြင်တော့ ကရုဏာသက်မိပါတယ်။

လူမျိုးခြားတစ်ဦး လှူဒါန်းတာ တွေ့ဖူးပါတယ်။ ဒီနေရာမှာ ဒီအရာလှူလိုက်တာနဲ့ ဘယ်လောက်အကျိုးဖြစ်ထွန်းမလဲဆိုတော့ မျက်မှောက်အကျိုးကိုပဲ သူကြည့်ပါတယ်။မျက်မှောက်မှာ သူတည်ဆောက်လိုက်တာက အကျိုးဖြစ်ထွန်းမှုရှိပြီဆိုရင် သူတို့လှူကြပါပြီ။ နိဗ္ဗာန်ဆိုတာကိုလည်း သူတို့မရည်ရွယ်ပါဘူး။ ဥပမာ စာသင်ကျောင်း လှူတယ်ဆိုရင် ဒီကျောင်းဆောက်လှူတာနဲ့ ကျောင်းသားကျောင်းသူတွေ စိတ်အေးချမ်းသာစွာ သင်ကြားနိုင်ပြီဆိုတဲ့ အတွေး၊လမ်းခင်းတယ်ဆိုရင်လည်း ရာသီမရွေး ခရီးသွားပြည်သူတွေ အေးအေးချမ်းချမ်း သွားလာနိုင်ပြီဆိုတဲ့ အတွေးပဲ သူတို့မှာရှိနေပြီး လှူဒါန်းကြတာကို တွေ့မြင်ရပါတယ်။ဒီလို အလှူမျိုးကိုတော့ နောင်ဘဝအတွက် ရည်ရွယ်မလှူလည်း အကျိုးဆက်အနေနဲ့ကတော့ ပါသွားမယ်လို့ ထင်ပါတယ်။

ဆိုလိုချက်ကို ပြရမယ်ဆိုရင် စာရေးသူတို့ မြန်မာလူမျိုးတွေဟာ မျက်မှောက်အကျိုးကို မြင်တတ်တဲ့ အလေ့နည်းကြပါတယ်။ သူတပါးအပေါ် မေတ္တာ၊ စေတနာထားတတ်တဲ့ လူမျိုးဆိုတော့ သနားအောင်ပြောတတ်တာနဲ့ လှူဒါန်းပေးကမ်းကြပါတော့တယ်။လိုအပ်တဲ့နေရာ ဖြစ်နိုင်၊ မဖြစ်နိုင် တွေးတောခြင်းမရှိတော့ပါဘူး။ကုသခြင်းထက် ကာကွယ်ခြင်းက ပိုမိုထိရောက်သည်လို့ ကျန်းမာရေးမှာ ဆောင်ပုဒ် တစ်ခုရှိပါတယ်။ဒါပေမဲ့ မြန်မာလူမျိုးတွေဟာ ဖြစ်လာမှသာ ကုသဖို့ စိတ်ဝင်စားသူများပီပီ ကာကွယ်ဖို့ဆို စိတ်မဝင်စားတတ်ကြပါဘူး။ ဒီတော့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလို နေရာမှာ၊မိမိရပ်ရွာမှာ ကြိုတင်ကာကွယ်ဖို့ ပြုလုပ်ကြတဲ့အခါ လှူဒါန်းကြဖို့ စိတ်မဝင်စားကြတာကို တွေ့မြင်နေရမှာပါ။ဒါဟာ စာရေးသူတို့လူမျိုးတွေရဲ့ မှားယွင်းနေတဲ့ အယူအဆပါပဲ။ နိုင်ငံရဲ့ အနာဂတ်ဟာ လူငယ်တွေလက်ထဲမှာရှိတယ်လို့ ဆိုကြပါတယ်။ ခေတ်မီတဲ့နိုင်ငံဖြစ်အောင် လူငယ်တွေစာဖတ်တဲ့ စာကြည့်တိုက်လိုနေရာမျိုး၊ မိမိပတ်ဝန်းကျင်က သဘာဝဘေးအန္တရာယ် ကြိုတင်စီမံဆောင်ရွက်ရာနေရာမျိုး၊ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ဆေးထိုးရာနေရာ အစရှိရာတွေမှာ ကူညီပံ့ပိုးဖို့ အားနည်းနေသေးတဲ့အကြောင်း အကြံပြု တင်ပြလိုက်ရပါတယ်ခင်ဗျား။

## ကမ္ဘာကြီးကို ကာကွယ်စို့

တို့ကမ္ဘာမြေ
မိုးဆောင်းနွေ ပူရှိန်ပြင်း။
နေ့ခင်းဝယ် သစ်ပင်ရိပ်သို့
ဖျာလိပ်နှင့်ဆင်း။
စီးသွင်သွင် မြစ်အတွင်း၌လည်း
ပစ်ခွင်းထည့် အမှိုက်ငယ်
ဆေးဘူးစုံကွယ်။
ရေပျော်တဲ့ ငါးများရယ်
သနားဖွယ် ငိုကြွေး။
ဉာဏ်ယှဉ်ကာ စိတ်အလှနှင့်
(အမျိုးတို့ရေ ----)
ထိန်းကြစို့လေး။
တို့ကမ္ဘာ ကျန်းမာရေးကိုလ
အစဉ်တွေးလို့ ကာကွယ်မယ်။
သစ်တောတွေ နစ်စဉ်ပြုန်းလို့
ပျက်သုဉ်းနေတယ်။
လက်တွဲလို့ ညီညီကွယ်
သစ်ပင်ငယ် စိုက်စို့။
မဟီမြေ စိမ်းမြမြနဲ့
လှပစေဖို့ ။ ။

စိုင်းနေဝန်း

ဆောင်းပါး

# မူးယစ်ဆေးဝါးစက်ကွင်းမှ လွတ်ကင်းကြပါစေ

မောင်သောင်း(မြန်မာ)

'မူးယစ်ဆေးဝါး'ဟူသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ရင်းနှီးနေသည့်အရာတစ်ခုဖြစ်သည်။ကျွန်တော်တို့ နိုင်ငံ၊ လူ့အဖွဲ့အစည်းနှင့်လည်း မစိမ်းတော့သည့်အရာဖြစ်သည်။ 'စစ်'ဟူသည် ကြမ်းတမ်းသောသဘောရှိသည်။ ကြောက်မက်ဖွယ်ကောင်းသည်။ ဒုက္ခအပေါင်းကိုသယ်ဆောင်လာသည်။ 'မူးယစ်ဆေးဝါး'၏ သဘောသည်ကြမ်းတမ်းမှုမရှိ၊သိမ်မွေ့၏။ ညင်သာ၏။ စွဲမက်စေနိုင်စွမ်းရှိသည်။ စင်စစ်၌စစ်ကဲ့သို့ပင် ဘေးဒုက္ခအပေါင်းကို သယ်ဆောင်လာတတ်၏။သို့ကြောင့် 'မူးယစ်ဆေးဝါး'ကို သေမင်း၏စေတမန်၊ အနိဋ္ဌာရုံတို့၏ရှေ့တော်ပြေး၊ ဒုက္ခအပေါင်းတို့၏ကင်းထောက်ဟု ဆိုကြပေသည်။ မူးယစ်ဆေးဝါးကို ကျွန်တော်တို့နိုင်ငံသည် အပြင်းအထန်ဆန့်ကျင်နေသည်။

'မူးယစ်ဆေးဝါး'ဟု ဆိုရာ၌ ဘိန်း၊ ဘင်း၊ ကစော်၊ လှော်စာ၊အရက်မှသည် ပက်သဒင်း၊ မော်ဖီးယား၊ ဟီးရိုးအင်းအထိ ပါဝင်သည်။ မူးယစ်ဆေးဝါးသည် နှစ်မျိုးရှိသည်။ တရားဝင်မူးယစ်ဆေးနှင့် တရားမဝင်မူးယစ်ဆေးတို့ဖြစ်သည်။ တရားဝင်မူးယစ်ဆေးသည် ကျွန်တော်တို့တွေ့ဖူး၊ မြင်ဖူးနေသည့် ဆေးလိပ်၊ အရက်၊ ဘီယာ၊ ကွမ်းယာ၊ ကွမ်းစားဆေးစသည်တို့ဖြစ်သည်။တရားမဝင်မူးယစ်ဆေးတွင် ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးများ၊ ဘိန်းအမျိုးမျိုး အစရှိသည်ဖြင့် ပါဝင်သည်။မူးယစ်ဆေးဝါး၏ အခြေခံသည် ဘိန်းပင် ဖြစ်ချေသည်။ခရစ်တော်မပေါ်မီ နှစ်ပေါင်းငါးထောင်ကတည်းက ဆူမားရီးယန်းလူမျိုးတို့သည် ဘိန်းအကြောင်းသိခဲ့သည်။ ဘိန်းကို ပါဠိတွင်'အဟိဖေန'၊ သက္ကတစကားတွင် 'အဖေနေ'၊ ဟိန္ဒီဘာသာအရ'အဖိန်း' ဟုခေါ်တွင်သည်။ ထိုမှတစ်ဆင့်'ဘိန်း'ဟူ၍ ဖြစ်လာသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍မူးယစ်ဆေးဝါးကို လေ့လာကြည့်လျှင်အေဒီ ၁၅၈၁ ခုနှစ်တွင် ဗင်းနစ်မြို့သားကုန်သည် ဆီဇာဖရက်ဒရစ်သည် အိန္ဒိယပြည်အနောက်ဘက်ကမ်းခြေမြို့မှ ဘိန်းများသယ်ဆောင်လာပြီး စူးမားတြားကျွန်းသို့ ရောင်းရန် သင်္ဘောဖြင့် ထွက်လာခဲ့သည်။ ရာသီဥတုပြင်းထန်၍ စူးမားတြားကျွန်းသို့မသွားရောက်နိုင်ဘဲ ပဲခူး-ဟံသာဝတီဆိပ်ကမ်းသို့ ဝင်ခဲ့သည်။ ထိုဆိပ်ကမ်းတွင် ကာလအတန်ကြာနေခဲ့ရာမှ ၎င်းတွင်ပါလာသောဘိန်းကို စတင်ရောင်းဝယ်ခဲ့ရာမှ မြန်မာနိုင်ငံသို့ ဘိန်းစတင်ရောက်ရှိခဲ့သည်ဟု မှတ်တမ်းများတွင် တွေ့ရသည်။

ဘိန်း၏အန္တရာယ်သည် လူသားမျိုးနွယ်များ အညွန့်တုံးစေသည်အထိ ကြီးမားလှသည်။ ဘိန်းစွဲသူတစ်ဦးသည် အချိန်မှန်မှန် ဘိန်းရှူရေးသာ သူ၏စိတ်တွင် ရှိတော့သည်။ ကျန်သော ကျန်းမာရေးပိုင်း၊ စိတ်ပိုင်း၊ ခန္ဓာကိုယ်ပိုင်း၊ လူမှုရေးပိုင်းများ လျော့နည်းဆုတ်ယုတ်လာသည်ကို လျစ်လျူရှုနိုင်သည်။ ဘိန်းရှူရေးအတွက် ဘာမဆိုလုပ်ဖို့ ဝန်မလေးပေ။ ထို့ကြောင့် ဘိန်းရရေးအတွက် အဘွားအရင်း၏လက်စွပ်ကို အတင်းချွတ်မရတော့သည့်အဆုံး လက်ချောင်းကို ဓားဖြင့်ခုတ်ယူသည်အထိ ဖြစ်သည်ကို ကြားဖူးသည်။ မူးယစ်စက်ကွင်းမိလျှင် နဂါးပွက်အိုင်တွင် ဆင်းမိသကဲ့သို့ လှုပ်လေမြုပ်လေသာ ဖြစ်တော့သည်။

ဘိန်း၏စွဲလမ်းမှုသည် ကြောက်မက်ဖွယ်ဖြစ်သည်။ ဤနေရာတွင် ကျွန်တော်ဖတ်ဖူးသော အကြောင်းအရာလေးတစ်ခုကို မျှဝေလိုပါသည်။ မြန်မာနိုင်ငံတွင် တကယ်ဖြစ်သွားသည့် အဖြစ်အပျက်ကလေးဖြစ်သည်။ ဆရာဝန်ကြီးတစ်ယောက်သည် ဘိန်းစွဲနေသော လူငယ်များကို ဘိန်းဖြတ်ရာတွင် အလွန်နာမည်ကြီးသည်။ သူဘိန်းဖြတ်ပေးလိုက်သော လူငယ်တိုင်းဘိန်းပြတ်သွားသဖြင့် ထိုမြို့တွင် နာမည်ကြီးနေသည်။ တစ်နေ့တွင် ထိုဆရာဝန်ကြီးက ဘိန်းအရသာကို ကိုယ်တိုင်သိလိုသည်။ ထို့ကြောင့် ဘိန်းကိုစမ်းသပ်သုံးကြည့်ရန် သူစဉ်းစားသည်။ 'ငါလိုဆရာဝန်တစ်ယောက်ကိုတော့ ဘိန်းစွဲမှာမဟုတ်လောက်ပါဘူး'ဟု သူထင်သည်။ သို့နှင့်ဘိန်းကို စမ်းသုံးကြည့်လိုက်၏။ နောက်နေ့ကစပြီး ဘိန်းကိုသူစွဲလမ်းသွားတော့သည်။ နောက်တော့ မသုံးရမနေနိုင်အောင်ဖြစ်လာပြီး ဘိန်းသမားကြီးလုံးလုံးဖြစ်သွားတော့သည်။ဆေးခန်းလည်း မဖွင့်နိုင်တော့ပေ။ စိတ္တဇဆေးရုံသို့ နှစ်ကြိမ်တက်ရောက်ခဲ့ရ၏။ ဆရာဝန်လက်မှတ် (ဆမ)လည်း အသိမ်းခံလိုက်ရ၏။ နောက်ပိုင်းတွင် ဦးနှောက်မကောင်းတော့သဖြင့် အရူးတစ်ယောက်လို လျှောက်သွားနေတော့သည်။ ဤမျှ ပညာတတ်ဆရာဝန်ကြီးတစ်ယောက်ပင် မလွန်ဆန်နိုင်သောဘိန်းကို အတုမြင်အတတ်သင်သည့် လူငယ်များနှင့် ကျန်သောမည်သူမဆိုလွန်ဆန်နိုင်ပါမည်နည်း။ ဘိန်းမသုံးစွဲသူအဖို့ မူးယစ်ဆေးနှင့် ကင်းကွာနေမည်ဖြစ်သည်။

မူးယစ်ဆေးအစဘိန်းကဟု ဆိုသကဲ့သို့ ဘိန်းအစသည်ဆေးလိပ်ပင် ဖြစ်သည်။ဆေးလိပ်သောက်သူများသည်လည်း တစ်ဖွာ၊ နှစ်ဖွာစမ်းသပ်သောက်ခြင်းမှစခဲ့သည်။ နောင်တွင် ဆေးလိပ်မသောက်မနေနိုင်သည်အထိ ဖြစ်လာသည်။ ဤသို့ဖြင့် မသိစိတ်အလိုလိုက်ကာ သောက်ရင်းနှင့် မူးယစ်ဆေးဝါး၏ သားကောင်ဖြစ်နေသည်။ ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးအတွက်အန္တရာယ်ကြီးမားလှသည်။ အဆုတ်ရောဂါ၊ နှလုံးရောဂါ၊ သွေးကြောပိတ်ရောဂါ၊ အဆုတ်ကင်ဆာရောဂါအထိ ဖြစ်နိုင်သည်။ ဆေးလိပ်သောက်ခြင်းသည်ပင် လွယ်ကူစွာ တတ်မြောက်နိုင်သော်လည်း ဖြတ်ဖို့ရာအလွန်ခက်သည်။ ထို့ကြောင့် မူးယစ်ဆေးဝါး၏အစဖြစ်သော ဆေးလိပ်ကို စမ်းသပ်၍ပင် မသောက်သင့်ပေ။ မတွေ့မီကကြဉ်၍ မမြင်ခင်ကပင် ရှောင်ကြရပေမည်။

ယနေ့ခေတ်အခါတွင် မူးယစ်ဆေး၏ လွှမ်းမိုးမှု ကျယ်ပြန့်လာသည်ကို ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ဖြစ်သည်။ လူကြီး၊ လူငယ်၊ လူလတ်က စလို့ ယောကျ်ားလေးနှင့်အပြိုင် မိန်းကလေးများပါ ဆေးလိပ်သောက်ကြသည်။ ကျွန်တော်တို့ ဆယ်တန်းကျောင်းသားဘဝအထိ ကျောင်းသားများ ဆေးလိပ်သောက်သည်ဆိုတာ မရှိသလောက်ကိုရှားသည်။ ကျောင်းသားနှင့်ဆေးလိပ်သောက်ခြင်းသည် လုံးဝကိုမအပ်စပ်ပေ။ ကျောင်းသားနှင့်ဆေးလိပ်သည်အလှမ်းဝေးသည်။ ဆေးလိပ်မသောက်ကြသဖြင့် မူးယစ်ဆေးနှင့်လည်း နီးစပ်မှုမရှိပေ။ ထိုစဉ်က ကျောင်းသားများသည် ကြိုးစားကြသည်၊ရိုးသားကြသည်၊ ဖြူစင်သန့်ရှင်းကြသည်။ ရည်မှန်းချက် ကိုယ်စီရှိ၍ စာလည်း အလွန်ကြိုးစားကြသည်။ ထို့ကြောင့် ကျောင်းသားနှင့်မူးယစ်ဆေးသည် မည်သို့မျှသက်ဆိုင်မှု၊ ရင်းနှီးမှုမရှိပေ။

ယခုနောက်ပိုင်းတွေ့လာရသည့် အထက်တန်းကျောင်းသားများသည် ကွမ်းစားသူကစား၊ ဆေးလိပ်သောက်သူကသောက်သလို နှစ်မျိုးစလုံး သုံးစွဲနေသူကလည်း သုံးစွဲနေကြသည်။ သူတို့လေးတွေသည် ကျောင်းမသွားမီ လူချင်းချိန်း၍ ဝိုင်းဖွဲ့ကွမ်းစားကြ၊ဆေးလိပ်သောက်ကြသည်။ အားလပ်ချိန် ကျောင်းဆင်းချိန်တွင်လည်း လူချင်းစုံ၍ဆေးလိပ်သောက်ကြသည်။ မိဘများပေးသော မုန့်ဖိုးသည် ဆေးလိပ်ဖိုးဖြစ်နေသည်။ ထို့ကြောင့် ဆေးလိပ်သောက်ကြသဖြင့် မူးယစ်ဆေးနှင့်လည်း သိမှန်းမသိရင်းနှီးလာကြသည်။ ထောင်နှုတ်ခမ်းပေါ် လျှောက်မှန်းမသိ လျှောက်နေကြသည်။ ရည်မှန်းချက်တို့ ဝေဝါးနေကြသည်။ မူးယစ်ဆေးဝါးများနှင့်ရင်းနှီးဖို့ရန်လမ်းစများ ပေါ်နေသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ သိချင်၊ တတ်ချင်၍စူးစမ်းမှုသည် ပျက်စီးချင်၍မဟုတ်ပါ။သို့သော် စူးစမ်းသင့်သည့်အရာရှိသလို မစူးစမ်းသင့်သည့်အရာလည်း ရှိသည်။ မူးယစ်ဆေးဝါးကတော့ လုံးဝ(လုံးဝ)ကို မစူးစမ်းသင့်ပေ။

လူတစ်ယောက်အရက်သမားဖြစ်ဖို့ အပျော်သဘောတစ်ခွက်တစ်ဖလားမှစခဲ့သလို ဘိန်းသမားတစ်ယောက်ဖြစ်ဖို့လည်း ဆေးလိပ်တစ်လိပ်ကစခဲ့သည်။ ဆေးလိပ်သောက်သူသည် ဘိန်းစွဲလွယ်မည်။ မူးယစ်ဆေးဝါးနှင့် ထိပ်တိုက်တွေ့ရမည်။ ဆေးလိပ်သောက်ခြင်းသည်ပင် မူးယစ်ဆေးသုံးစွဲမိစေဖို့ အစပထမဖြစ်သည်။ မူးယစ်စက်ကွင်းမှလွတ်ကင်းကြဖို့ မူးယစ်ဆေးဝါး၏အစဖြစ်သော ဆေးလိပ်သောက်ခြင်းကို ဦးစွာရှောင်ရှားကြဖို့လိုပေသည်။ ထို့ကြောင့်သန့်ရှင်းစင်ကြယ်သော လူ့ဘောင်အဖွဲ့အစည်းကြီးပေါ်ပေါက်လာဖို့ လူသားအားလုံး'မူးယစ်စက်ကွင်းမှ လွတ်ကင်းကြပါစေ'ဟု ဆုမွန်ကောင်းတောင်းလိုက်ရပါတော့သည်။ ။

# ကရင်ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့နှင့် သိမ်းဆည်းမြေဆိုင်ရာလုပ်ငန်းစိစစ်ရေးအဖွဲ့(၁)တို့ တွေ့ဆုံ

**ဘားအံ ဧပြီ ၂၈**

ကရင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့နှင့် သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၁)တို့သည် ဧပြီ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး သိမ်းဆည်းမြေဆိုင်ရာ လုပ်ငန်းစိစစ်ရေးအဖွဲ့(၁)မှ အဖွဲ့ဝင်ဖြစ်သော နိုင်ငံတော်သမ္မတရုံးညွှန်ကြားရေးမှူးချုပ် ဦးဗရတ်ဆင်းက မြေယာကိစ္စတိုင်ကြားစာ အမှုတွဲများ၊ မူဝါဒ၊ လုပ်ငန်းစဉ်၊ လမ်းညွှန်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြပြီး ကရင်ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံရာသို့ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင်များ၊ ပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

ကရင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ပေးပို့သည့် အမှုတွဲပေါင်း ၁၇၀ တွင် ၇၉ မှု ဆောင်ရွက်ပြီးဖြစ်ကာ အမှုတွဲပေါင်း ၉၁ မှု ဆောင်ရွက်ရန် ကျန်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# နယ်မြေလုံခြုံရေးအခြေအနေအရ အင်ဂျန်းယန်မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာမှ လူဦးရေ ၃၈၉ ဦး နေရပ်စွန့်ခွာပြောင်းရွှေ့

**မြစ်ကြီးနား ဧပြီ ၂၈**

ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ်တွင် နယ်မြေမတည်ငြိမ်မှုများကြောင့် ဒေသခံပြည်သူများ နေရပ်ဒေသကို စွန့်ခွာ၍ စက်လှေများ၊ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် တန်ဖဲကျေးရွာ ကက်သလစ်ဘုရားကျောင်းသို့ ဧပြီ ၂၆ ရက် မွန်းလွဲ ၂နာရီခွဲမှ စတင်ပြောင်းရွှေ့လာခဲ့ကြကြောင်း သိရသည်။

နေရပ်စွန့်ခွာ ပြောင်းရွှေ့လာကြသည့် ဒေသခံပြည်သူများအား ကျေးရွာတာဝန်ရှိသူများနှင့် ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ဓမ္မဆရာများက ကြိုဆို နေရာချထားပေးခြင်းများ၊ နေထိုင်ရေး၊ စားသောက်ရေးနှင့် လိုအပ်ချက်များကို စာရင်းကောက်ယူပြုစုခြင်းများ ဆောင်ရွက်ကူညီခဲ့ကြသည်။



အဆိုပါ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာကြသူများမှာ မေခ၊ မလိခ မြစ်နှစ်ခုကြား တြိဂံဒေသတွင် နေထိုင်ကြသူများဖြစ်ကြပြီး ဆွတ်မိုင်ယန်၊ ဇွတ်ဘန်ယန်၊ သံဘောင်ယန်၊ အင်ဖွဲတောင်၊ ဇနီတူယန်၊ ဘွမ်နိုင်ယန်၊ ဘုံဘဲဇွတ်၊ ဆွတ်ငိုင်ယန်၊ ပုံဘွေယန် ကျေးရွာများမှ အိမ်ထောင်စု ၆၉ စုမှ လူဦးရေ ၃၈၉ ဦး ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# အင်းစိန်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးပညာပေးဟောပြော

**ရန်ကုန် ဧပြီ ၂၈**

အကျဉ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉) ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ပညာပေးဆွေးနွေးဟောပြောပွဲကို ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီက အကျဉ်းဦးစီးဌာန STADIUM ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဦးအေးသွင်က အမှာစကားပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး ဒုတိယရဲမှူး တင့်ခိုင်က ဟောပြောဆွေးနွေးရာ ယနေ့မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆဖြစ်ပွားမှုများသည် တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလျက်ရှိကြောင်း၊ ၂၀၀၇ ခုနှစ်တွင် ယာဉ်တိုက်မှု ၁၈၁၇၃ မှုတွင် မော်တော်ဆိုင်ကယ်ကြောင့် ယာဉ်မတော်တဆဖြစ်ပွားမှုနှုန်းမှာ ၈၇၈၄ မှု (၄၉ ဒသမ ၄၄ ရာခိုင်နှုန်း) ပါဝင်ကြောင်း တွေ့ရှိရသည်။ ကာကွယ်ခြင်းသည် ကုသခြင်းထက်ပို၍ ကောင်းမွန်သည်ဟူသည့် စကားအတိုင်း ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် မိမိကိုယ်တိုင်မှအစပြု၍ ကျင့်သုံးလိုက်နာကြရန် စသည်ဖြင့် ဆွေးနွေးသည်။

ထို့နောက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး တပ်ကြပ်ကြီး ကျော်စွာဝင်းက ယာဉ်ထိန်းရဲတပ်ဖွဲ့၏ လက်အချက်ပြ အခြေခံ စနစ် ၁၄ ခုအား ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲသို့ အကျဉ်းဦးစီးဌာန၏ မိသားစုဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ မိသားစုများ၊ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မျိုးသန့်(အင်းစိန်)**

# ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်း ကျုံးနှင့် ကျုံးပတ်လမ်းဖောက်လုပ်ရန်ဆွေးနွေး

**ပဲခူး ဧပြီ ၂၈**

ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်း ကျုံးပြန်လည်တူးဖော်ပြီး ကျုံးပတ်လမ်းဖောက်လုပ်ရန် ဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ငွေက ဟံသာဝတီမြို့ဟောင်း ကျုံးပြန်လည်တူးဖော်ခြင်းသည် ပဲခူးတိုင်းဒေသကြီးအတွက် သမိုင်းမှတ်တိုင်တစ်ခုစိုက်ထူနိုင်မည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ဘုရင့်နောင်မင်းတရားကြီး၏ လက်ထက်မြို့ပြများ၊ နန်းမြို့ရိုးများ၊ ကျုံးများ မည်သို့ တည်ဆောက်ထားရှိခဲ့သည်ကို အများပြည်သူ သိရှိလေ့လာနိုင်ရန်နှင့် အရှေ့တောင်အာရှ၌ အကြီးမားဆုံး မြို့ပြနိုင်ငံတစ်ခုဖြစ်ခဲ့သည်ကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ရှေးဟောင်းကျုံးပြန်လည်တူးဖော်ခြင်း၊ မြို့တံခါးများနှင့် ကျုံးပတ်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်အား Power Point ဖြင့်လည်းကောင်း၊ ပြင်ပအင်ဂျင်နီယာပညာရှင် ဦးဇင်မျိုးလင်းနှင့် ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Sika Group မှ ရှေးဟောင်းသုတေသနထိန်းသိမ်းရေးပညာရှင်တို့က ဟံသာဝတီမြို့ဟောင်း ကျုံးပြန်လည်တူးဖော်ခြင်း၊ ကျုံးပတ်လမ်းဖောက်လုပ်ခြင်းနှင့် နိုင်ငံတကာ ဧည့်သည်များအား ပြသနိုင်ရန် မြို့ရိုးဟောင်းများ ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ညွှန်ကြားရေးမှူးတို့က ကျုံး၏ ရေဝင်/ရေထွက်ပေါက်များကို စနစ်တကျ ပြန်လည်ဖော်ထုတ်သွားရန်နှင့် လုပ်ငန်းစီမံချက် အသေးစိတ်အား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လွှတ်တော်သို့တင်ပြသွားမည်ဖြစ်ပြီး ပြည်သူများသို့ အသိပေးခြင်းကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားကာ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ အရပ်ဘက်ပညာရှင်များက လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရမည့်အခြေအနေများအပေါ် ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။ ပဲခူးမြို့၊ ဟံသာဝတီမြို့ဟောင်းကျုံးသည် အရှေ့အနောက်ကျုံးအရှည် ပေ ၇၉၂၀၊ တောင်မြောက်ကျုံးအရှည် ပေ ၆၆၀၀ ပေ၊ ကျုံးအကျယ် ပေ ၂၁၀နှင့် ကျုံးအနက် ၂၂ ဒသမ ၅ ပေတို့ရှိပြီး ကျုံးပတ်လမ်းအကျယ်အား ၂၅ ပေမှ ပေ ၃၀ အတွင်း ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ၏ လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲကျင်းပ

**မြို့သစ် ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ မြို့သစ်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ၏ လုပ်ငန်းသုံးသပ်ဆွေးနွေးပွဲနှင့် စံပြမြစိမ်းရောင်ကျေးရွာ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဧပြီ ၂၆ ရက်က ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းသူဝင်း၊ မြို့နယ် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသန်းဝင်း(ဦးစီးအရာရှိ) နှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာ ၂၁ ရွာမှ ကော်မတီဝင်များ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြပြီး တစ်ရွာချင်းစီက စီမံကိန်းနှင့် ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို တင်ပြခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

# ကျေးလက်ကွန်ပျူတာသင်တန်း သန်လျင်၌ ဖွင့်လှစ်

**ရန်ကုန် ဧပြီ ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့ပြနှင့် ကျေးလက်ကွာဟချက် ကျဉ်းမြောင်းစေရန်၊ ကျေးလက်စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်နေ လူငယ်များ နည်းပညာကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်စေရန် ရည်ရွယ်၍ ကျေးလက်ကွန်ပျူတာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဧပြီ ၂၇ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သန်လျင်မြို့နယ်အတွင်းရှိ ရုံးသပြေကန်ကျေးရွာ ဓမ္မိကာရာမ ဘုန်းတော်ကြီးကျောင်းအတွင်း၌ ကျေးလက်ကွန်ပျူတာသင်တန်း ဖွင့်လှစ်ရာ သင်တန်းသား ၄၀ တက်ရောက် သင်ကြားနေကြောင်း သိရသည်။

**အောင်ကျော်ဦး**

# ကာယ၊ ဉာဏလုပ်သားကြီးများ ကျန်းမာကြပါစေ

မောင်သောင်းဝင်း(တမန်ဟောင်း)

နိုင်ငံတစ်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံရှိ ကာယ၊ ဉာဏလုပ်သားကြီးများအပေါ်တွင် များစွာမူတည်လျက်ရှိသည်။ စင်စစ်အားဖြင့် ကာယ၊ ဉာဏလုပ်သားကြီးများသည် နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် ကာယ၊ဉာဏလုပ်သားကြီးများ ကျန်းမာပျော်ရွှင်ရေး၊ သက်သာချောင်ချိရေးတို့အတွက် တတ်အားသရွေ့ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

**ကာယ၊ဉာဏလုပ်သားကြီးများ**

ထိုအလုပ်သမားကြီးများကို အတန်းအစားနှစ်မျိုး ခွဲခြားနိုင်ပေသည်။ အတတ်ပညာတစ်ခုခုဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော(White Collar Worker) ဉာဏလုပ်သားနှင့် ခန္ဓာကိုယ်ကိုအရင်းအနှီးပြု၍ ရုန်းကန်နေကြရသော (Blue Collar Worker) ကာယလုပ်သားတို့ဖြစ်ကြသည်။ လူတိုင်းသည် ဉာဏလုပ်သားအဖြစ်သာ အသက်မွေးလိုကြသည်။ သို့သော် ဘဝပေးအခြေအနေအရ လှေထိုး၊ လှော်တိုက်၊ ကုန်ထမ်း၊ လယ်ထွန်နေရသော ကာယလုပ်သားများစွာလည်း ရှိနေသည်။ သို့သော်လူသားတို့သည် မိမိတို့၏အသက်မွေးဝမ်းကျောင်း လုပ်ငန်းအပေါ် ထားရှိသည့်စေတနာ အင်အားအပေါ်မူတည်၍ ဆင်းရဲချမ်းသာကွာဟသွားကြသည်။ မည်သို့ပင်ဆိုစေကာမူ သမ္မာအာဇီဝလုပ်ငန်းများနှင့် အသက်မွေးနေကြသည့် ထိုအလုပ်သမားကြီးများသည် လေးစားထိုက်သူများပင်ဖြစ်သည်။

**ကမ္ဘာ့အလုပ်သမားနေ့**

ထိုအလုပ်သမားကြီးများကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် မေလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့(ကမ္ဘာ့အလုပ်သမားနေ့)အဖြစ် သတ်မှတ်ထားရှိသည်။ လွန်ခဲ့သော ၁၈ ရာစုက ဝိသမလောဘသမားအလုပ်ရှင်များသည် အလုပ်သမားများကို တစ်နေ့လျှင် ၁၆ နာရီမှ နာရီ ၂၀ ခန့် ခိုင်းစေခဲ့ကြသည်။ အလုပ်သမားများသည် နေ့စဉ်နာရီပေါင်းများစွာ လုပ်ကိုင်ကြရသော်လည်း ထိုက်တန်သောလုပ်ခလစာ မရရှိခဲ့ချေ။ ထို့ကြောင့် အလုပ်သမားများ၏လူနေမှုအဆင့်အတန်းသည် နိမ့်ကျခဲ့ရသည်။ ထို့ကြောင့် အလုပ်သမားခေါင်းဆောင်များသည် အလုပ်သမားများ သက်သာချောင်ချိရေးအတွက် တောင်းဆိုခဲ့ကြသည်။

၁၈၂၀ ပြည့်နှစ်မှ ၁၈၄၀ ပြည့်လွန်ကာလများအတွင်း အလုပ်သမားခေါင်းဆောင်များသည် အလုပ်ချိန် လျှော့ချရေးအတွက် စဉ်ဆက်မပြတ်တောင်းဆိုခဲ့ကြသည်။ သို့သော် အလုပ်ရှင်များသည် အလွယ်တကူ လိုက်လျောပေးခဲ့ခြင်းမရှိချေ။ အလုပ်ချိန်လျှော့ပေါ့ရေးအတွက် တောင်းဆိုသူများကို ဖမ်းဆီးမှုများရှိခဲ့သည်။ အလုပ်သမားတို့၏ တိုက်ပွဲသည် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်နှင့် ဩစတြေးလျတိုက်သို့ပင် ပျံ့နှံ့လာခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် ချီကာဂိုမြို့၌ ပြုလုပ်သည့် ဆန္ဒပြပွဲတွင် အမေရိကန်အလုပ်သမားများအဖွဲ့က တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီသာ သတ်မှတ်ပေးရန်တောင်းဆိုခဲ့သည်။

ထိုတောင်းဆိုချက်သည် ၁၈၈၆ ခုနှစ် မေ ၁ ရက်တွင် စတင်သက်ရောက်ခဲ့သည်။ ၁၈၈၉ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် နိုင်ငံပေါင်း ၂၀ မှ ဆိုရှယ်လစ်နှင့် လေဘာပါတီ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သောညီလာခံက ချီကာဂို တောင်းဆိုချက်ကို အကြောင်းပြု၍ နှစ်စဉ်မေလ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့ (May Day) အဖြစ် သတ်မှတ်ခဲ့သည်။

**ရည်ရွယ်ချက်**

ထိုအချိန်မှစ၍ နှစ်စဉ်မေလ ၁ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း၌ အလုပ်သမားနေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အလုပ်သမားနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ ကမ္ဘာတစ်ဝန်းရှိ ကာယ၊ ဉာဏလုပ်သားကြီးများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုနိုင်ရန်၊ ထိုက်သင့်သောလုပ်ခလစာ ခံစားခွင့်ရရှိစေရန်၊ လုပ်သားကြီးများအတွက် လူမှုဖူလုံရေးဆောင်ရွက်ပေးနိုင်ရန်၊ အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန်ဆက်ဆံရေး ကောင်းမွန်စေရန်နှင့်အပြန်အလှန် အကျိုးပြုနိုင်ရန်ဆိုသော ရည်ရွယ်ခြင်းများဖြင့် ကျင်းပနေခြင်းဖြစ်သည်။

ကမ္ဘာ့အလုပ်သမားနေ့တွင် တရားဝင်ရုံးပိတ်ပေးထားသည်။ ထိုနေ့တွင် ကာယ၊ ဉာဏလုပ်သားကြီးများသည် လုပ်ငန်းခွင်ဝင်ရန်မလိုဘဲ မိသားစုများနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ကြသည်။ ဘုရား၊ ကျောင်းကန်သွားကြမည်။ ဈေးဝယ်ထွက်ကြမည်။ ပန်းခြံသွား၍ အပန်းဖြေကြမည်။ ကြည်နူးစရာပင်ဖြစ်သည်။ အလုပ်နားသော်လည်း ထိုနေ့အတွက် လုပ်ခလစာအပြည့်အဝ ရရှိကြသည်။ လက်ရှိအချိန်တွင် အလုပ်သမားများသည်ရသင့်ရထိုက်သော အခွင့်အရေးများ အပြည့်အဝရရှိနေကြပြီဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

**သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်အစိုးရသည် ပြည်တွင်းရှိအလုပ်သမားများနှင့် ပြည်ပရောက်ရွှေ့ပြောင်း အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရရှိစေရန် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေးအတွက် သက်ဆိုင်ရာ အလုပ်ရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်မှစ၍ အာဆီယံ အသိုက်အဝန်းတွင် ပူးပေါင်းပါဝင်ခဲ့ပြီဖြစ်သည်။ ထိုအချိန်မှစ၍ မြန်မာအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ခလစာခံစားခွင့်များ ပိုမိုရရှိလာပြီဖြစ်သည်။

ထို့အပြင် အမျိုးသားအဆင့် အလုပ်အကိုင်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အစိုးရ၊ အလုပ်ရှင်များနှင့် အလုပ်သမားများ ပူးပေါင်းကာ သင်တန်းကျောင်းများ ဖွင့်လှစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ပြည်ပတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက်လည်း သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေများနှင့်အညီ ရပိုင်ခွင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန် မြန်မာအလုပ်သမားများ အများဆုံးသွားရောက်လုပ်ကိုင်လျက်ရှိသည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံများတွင် အလုပ်သမား သံအရာရှိများ ခန့်အပ်ကာ ဖြေရှင်းကူညီဆောင်ရွက် ပေးလျက်ရှိသည်။

ကာယ၊ ဉာဏလုပ်သားကြီးများ၏ ကျွမ်းကျင်မှုစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့် လုပ်သားထုကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာဆွေးနွေးပွဲများနှင့် သင်တန်းများဖွင့်လှစ်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။ စင်စစ်အားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ လုပ်သားကြီးများအတွက် အားတက်ဖွယ်ရာပင်ဖြစ်သည်။

**လွတ်လပ်စွာ ဖွဲ့စည်း**

၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ နိုင်ငံတစ်ဝန်းတွင် အလုပ်သမား၊ အလုပ်ရှင်အဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းလျက်ရှိသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ် မေလ ၁ ရက်နေ့အထိ အခြေခံအလုပ်သမား အဖွဲ့အစည်းပေါင်း ၂၂၆၁ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း ၁၂၅ ဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဖွဲ့ ၁၉ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် ရှစ်ဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ တစ်ဖွဲ့တို့ကို ဖွဲ့စည်းခွင့်ပြုခဲ့ပြီးဖြစ်သည်။ ထို့အပြင် အလုပ်ရှင်အဖွဲ့အစည်းများကိုလည်း လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုထားခဲ့ရာ အခြေခံအလုပ်ရှင်အဖွဲ့အစည်း ၂၇ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း တစ်ဖွဲ့၊ အလုပ်ရှင် အဖွဲ့ချုပ်တစ်ဖွဲ့ စုစုပေါင်း ၂၄၄၃ ဖွဲ့ကို ဖွဲ့စည်းထားနိုင်ခဲ့ပြီဖြစ်သည်။

**အနည်းဆုံး လုပ်ခလစာ**

၂၀၁၈ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ပြုလုပ်သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီပဥ္စမအကြိမ် အစည်းအဝေး၌ တစ်နာရီလျှင် လုပ်ခလစာ ၆၀၀ နှုန်းဖြင့် တစ်ရက်အလုပ် ချိန် ၈ နာရီအတွက် လုပ်ခလစာ ငွေကျပ် ၄၈၀၀ သတ်မှတ်ခဲ့ပြီးဖြစ်သည်။ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား သုံးပွင့်ဆိုင်ဆွေးနွေးနိုင်မှု၏ ရလဒ်ပင်ဖြစ်သည်။ ထို့အပြင် အလုပ်သမားများကို အကာအကွယ်ပေးမည့် ဥပဒေနှင့် နည်းဥပဒေများကိုလည်း ရေးဆွဲပြဋ္ဌာန်းလျက်ရှိသည်။ မည်သို့ပင်ဆိုစေကာမူ အလုပ်သမားများသည် နိုင်ငံ၏ စွမ်းအားများဖြစ်သောကြောင့် အလုပ်သမားများအတွက် သက်သာချောင်ချိရေးလုပ်ငန်းများကို တတ်နိုင်သမျှ ဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်သည်။

**အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးသင့်**

အထူးသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ဘွဲ့ရပညာတတ် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ပါသည်။ အချို့သောလူငယ်များသည် ပြည်တွင်း၌ထိုက်သင့်သော လုပ်ခလစာမရရှိသောကြောင့်သာ ရေကြည်ရာမြက်နုရာသို့ ရွှေ့ပြောင်းလုပ်ကိုင်နေကြရခြင်းဖြစ်သည်။ အချို့သော အလုပ်သမားများသည် နည်းလမ်းပေါင်းစုံဖြင့် ပြည်ပနိုင်ငံများသို့ထွက်ခွာပြီး အလုပ်အကိုင် ရှာဖွေကြရသည်။ တရားဝင်လမ်းကြောင်းမှ သွားသောလူငယ်များသည် ထိုက်သင့်သောလုပ်ခလစာ ရရှိကြသည်။ သို့သော် တရားမဝင်သွားရောက်ကြသည့် အချို့သော အလုပ်သမားများသည် အလုပ်ရှင်များ၏ ခေါင်းပုံဖြတ်မှုကိုခံကြရသည်။ အချို့သောအမျိုးသမီးငယ်များသည် ဘဝပင်ပျက်ကြရသည်။

အနာဂတ်တွင် ပြည်ပသို့ရောက်ရှိနေသော မြန်မာအလုပ်သမားများ တိုင်းပြည်သို့ ပြန်လာနိုင်ရန်အတွက် ကြံဆဖန်တီးပေးသွားရန်လိုအပ်ပါသည်။ ထိုသို့ဖန်တီးနိုင်ရန်အတွက် အစိုးရနှင့်ပြည်တွင်းရှိ လုပ်ငန်းရှင်များ၏ ပေါင်းစပ်ကြိုးပမ်းမှုများ များစွာလိုအပ်မည်ထင်ပါသည်။ အထူးသဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရန်အတွက် တိကျသော စီးပွားရေးမူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်သွားသင့်ပေသည်။

**အမိနိုင်ငံကိုပြန်ချင်**

မြန်မာရွှေ့ပြောင်း အလုပ်သမားများသည် မတတ်၍သာ ပြည်ပသို့ ထွက်ခွာနေကြရခြင်းဖြစ်သည်။ မည်သူမျှ ရေခြားမြေခြားတွင် မိဝေးဖဝေးဘဝဖြင့် မနေလိုကြပေ။ တတ်နိုင်ပါက မိမိတိုင်းပြည်သို့သာ ပြန်လာချင်ကြသည်။ စာရေးသူသည် ထိုင်းနိုင်ငံတွင် သံတမန်တာဝန်ထမ်းဆောင်စဉ်က နှစ်ချီ၍ကြာလာသည့်အခါ မြန်မာနိုင်ငံသို့ အလည်ပြန်လာချင်သည်။ အထူးသဖြင့် ရွှေတိဂုံဘုရားကို ဖူးမြော်လိုစိတ်ပြင်းပြခဲ့သည်။ ထိုစဉ်က လစာကောင်းကောင်းဖြင့် ပြည့်ပြည့်စုံစုံနေရသော်လည်း မိခင်နိုင်ငံနှင့် ဆွေမျိုးများကို တမ်းတမိပါသည်။ ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမားများနှင့် မကြာခဏကြုံတွေ့ခဲ့ရသည်။ ထိုကလေးများသည် ဘဝပေးအခြေအနေအရသာ လာရောက်အလုပ်လုပ်နေကြရသော်လည်း အားလုံး၏ တူညီသောဆန္ဒသည် မြန်မာနိုင်ငံကို ပြန်ချင်သည်ဆိုသော အဖြေပင်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် နှစ်စဉ် မေလ ၁ ရက်နေ့သည် ကမ္ဘာ့အလုပ်သမားနေ့ကြီးဖြစ်သည်။ ထိုနေ့သည် နိုင်ငံတိုင်းအတွက် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ မည်သည့်အတွက်ကြောင့်နည်း။ ရှင်းပါသည်။ အလုပ်သမားများသည် နိုင်ငံတစ်နိုင်ငံ၏ စွမ်းအားများပင်ဖြစ်သည်။ ကာယ၊ ဉာဏလုပ်သားကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် ကျေးဇူးရှင် အလုပ်သမားကြီးများ၏ လူမှုဘဝဖူလုံရေးအာမခံချက်ရှိနေအောင် အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်ပေသည်။ ထိုအခွင့်အလမ်းများအနက် အခြေခံအကျဆုံးအချက်သည် ထိုက်သင့်သော လုပ်ခလစာရရှိအောင် ဖန်တီးပေးရန်ပင်ဖြစ်သည်။ သို့မှသာလျှင်ကုန်ထုတ်လုပ်ငန်းများတွင်အင်ပြည့်အားပြည့် ပါဝင်ထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်ကုန်ထုတ်လုပ်ငန်းများတွင် များစွာအခရာကျသော ကာယ၊ ဉာဏလုပ်သားကြီးများ ကျန်းမာကြပါစေဟုစစ်မှန်သော စေတနာဖြင့် ဆန္ဒပြုလိုက်ရပါသည်။ ။

## ကပ္ပလီပင်လယ်ထဲရှိ ကိုင်းသောင်ကျွန်းတွင် ငါးသလောက်ရှားပါးလာ

**လပွတ္တာ မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ကိုင်းသောင်ကျွန်းတွင် ရေလုပ်ငန်း လုပ်ကိုင်စားသောက်သူပေါများပြီး ယခုနှစ်တွင် ငါးသလောက်တွေရှားပါးလာတာကြောင့် ဝင်ငွေလျော့နည်းသွားပြီး စားဝတ်နေရေးပါ ကျပ်တည်းလာကြတယ်လို့ သိရပါတယ်။ ငါးသလောက်ငါးတွေ၊ ငါးမုတ်ငါးတွေဟာ တော်တော်ရှားပါးသွားပါတယ်။ ရှားပါးရတဲ့အကြောင်းအရင်းကတော့ နည်းပညာတွေကို အသုံးပြုလာတာကြောင့်လို့ ပြောပါတယ်။ ငါးဖမ်းစက်လှေအကြီးစားတွေက အထောက်အကူပြု စက်ကိရိယာတွေကိုအသုံးပြုကြတယ်။ ရေအောက်မှာ ငါးတွေကို လှမ်းမြင်နိုင်တယ်။ ငါးသလောက်လား၊ ငါးမုတ်လား၊ ဆိုတာ သိရှိရပြီး ငါးအုပ်ဘယ်လောက်များတယ်ဆိုတာ ကြိုတင်သိရကာ အတိအကျ ဖမ်းလို့ရကြတယ်လို့ပြောပါတယ်။

တစ်နိုင်တစ်ပိုင် ငါးဖမ်းပြီး အသက်မွေးဝမ်းကျောင်း ပြုလုပ်နေကြတဲ့ ပိုက်လှေတွေကတော့ ၁၅ သိန်းကျော်ပေးဝယ်ရတဲ့ ငါးဖမ်းအထောက်အကူပြု စက်ကိရိယာကို မဝယ်နိုင်ဘူး။ ဒါကြောင့်မို့ ငါးတွေဟာ တစ်နိုင်တစ်ပိုင် ဖမ်းတဲ့ဘက်တွေကို မကျော်ဖြတ်နိုင်တော့ပါဘူး။ ကံပဲပုံချပြီး ငါးဖမ်းကြရတာကြောင့် အခုနောက်ပိုင်း မရတာကများတယ်။ စားဝတ်နေရေး ကျပ်တည်းလာတာကြောင့် လူငယ်တွေတော်တော်များများ မြို့တက်ပြီး အလုပ်လုပ်ကြရတယ်လို့ သိရပါတယ်။ ကိုင်းသောင်ကျွန်းဟာ လပွတ္တာမြို့ တောင်ဘက် ကပ္ပလီပင်လယ်ထဲတွင် တည်ရှိပြီး ဧရိယာအကျယ် ၂၂ ဧကခွဲ ကမ်းနားပတ်လမ်း တစ်လမ်း၊ လမ်းကြီးအဖြစ် အင်ကြင်းလမ်းနဲ့ ပိတောက်လမ်း နှစ်လမ်း၊ လမ်းသွယ် ၁၆ လမ်း၊ အိမ်ခြေ ၇၂၀၊ အိမ်ထောင်စု ၇၃၅၊ လူဦးရေ ၃၂၀၄ ဦးနေထိုင်ကြပြီး အများစုမှာ ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြပါတယ်။

**မောင်ချစ်ဦး(ပန်းတနော်)**



# ချင်းပြည်နယ်ဝန်ကြီးချုပ် ဖလမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ဟားခါး မေ ၂၈**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်သည် ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆလိုင်းရီယာန်ဗဲလင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရာလ်နှင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၅ ရက် နံနက်ပိုင်းက ဖလမ်းမြို့နယ်အတွင်းရှိ တလပ်လွန်း-ခဲင်ကန်-ခေါ်ရွာ-ကျဲရ်မွန်ရွာချင်းဆက် လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်း၊ ပေ ၅၀ ချောင်းကူးတံတားဆောက်လုပ်မည့်နေရာနှင့် ကျေးရွာရေရရှိရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဖလမ်းမြို့နယ် သီးကျေ်ရ်ကျေးရွာနှင့် မွန်လှာကျေးရွာတို့တွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ မီးရရှိရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ငါ့သရောက်မြို့နယ်တွင် နွားစာရှားပါးသည့်အတွက် ထန်းသီးနှင့်ထန်းနို့များ ကျွေးနေရ

**ငါ့သရောက် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်အတွင်းရှိ ကျေးလက်အချို့မှ တောင်သူများသည် မိမိတို့မွေးမြူထားသည့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် နှစ်စဉ်အစာအခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။



"ကျွန်တော်တို့ ငါ့သရောက်မြို့နယ်မှာ အိမ်မွေးတိရစ္ဆာန်တွေ နွေအခါဆိုရင် မြက်အစိုမစားရပါဘူး၊ မိုးတွင်းမှာလောက်သာ မြက်အစိုစားရပြီး နွေရာသီရောက်တိုင်း တမာရွက်၊ ထနောင်းရွက်နှင့် ထန်းသီး၊ ထန်းခိုင်(ထန်းနို့)တွေ စဉ်းကျွေးရပါတယ်၊ အချို့တောင်သူတွေက မြေပဲရိုး၊ ပဲစင်းငုံမှော်တွေကို နွားစာကျီတွေနဲ့ လှောင်ထားပြီး နွေရာသီရောက်ရင် ထန်းသီး၊ ထန်းနို့တွေ စဉ်း၍ ရောကျွေးကြရပါတယ်"ဟု စက်စက်ယိုကျေးရွာနေတောင်သူ ဦးကျော်ဖြိန်းက ပြောသည်။

"ငါ့သရောက်မြို့နယ်ရှိ ကျေးရွာတွေမှာ နွေရာသီရောက်တိုင်း နွေရာသီ မြက်အစိုစားရတဲ့ အိမ်မွေးတိရစ္ဆာန်ဆိုတာ မရှိသလောက်ပါဘဲ၊ လွှတ်ကျောင်းတဲ့ နွား၊ ဆိတ်တွေလည်း မြက်အစိုစားရဖို့ဆိုတာ မရှိသလောက်ပါဘဲ၊ ထန်းပင်သည် ကျောက်ပန်းတောင်း၊ ပုဂံညောင်ဦး၊ ငါ့သရောက်ဒေသတွေမှာ နွေရာသီအတွက် အင်မတန်ကို အသုံးဝင်တဲ့ အပင်တွေဖြစ်တယ်၊ ထန်းသီးတစ်မျိုးထဲမှာ ထန်းသီးအသား၊ ထန်းသီးအဆန်၊ ထန်းသီး အဆန်အရင့်ထိအောင် ကျွဲ၊ နွားတွေ ကျွေးလို့ရပါတယ်၊ ထန်းသီးဆန် အရင့်တွေကိုခွဲပြီး အပုပ်စိမ်ကျွေးရင် ကျွဲ၊ နွား တိရစ္ဆာန်တွေ အလွန်ကြိုက်ကြတယ်" ဟု ညောင်ဦးမြို့နယ် ကတောကျေးရွာနေ တောင်သူ ဦးမင်းညိုက ပြောသည်။

**ကိုထိန်(ငါ့သရောက်)**

# နွေရာသီ သောက်သုံးရေပြတ်လပ်မှုမရှိစေရေး သောက်သုံးရေကန်သစ် တူးဖော်

**သနပ်ပင် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးလက်ရေပေးရေးလုပ်ငန်းကို အောက်သောင်ကျေးရွာတွင် မြေသားရေကန်တစ်ကန်နှင့် ညောင်ပင်စုကျေးရွာအုပ်စု ညောင်ပင်စုကျေးရွာတွင် မြေသားရေကန်တစ်ကန် တူးဖော်ပြီးစီးမှုကို မေ ၂၅ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့ဝင်များ၊ ခရိုင်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့် ဝန်ထမ်းများ သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ ကျေးလက်ရေပေးရေးလုပ်ငန်း မြေသားရေကန်တူးဖော်ပေးခြင်းဖြင့် အောက်သောင်ကျေးရွာရှိ အိမ်ခြေ ၉၀၊ လူဦးရေ ၇၄၁ ဦးနှင့် အညာစုကျေးရွာရှိ အိမ်ခြေ ၆၆ အိမ်၊ လူဦးရေ ၃၉၇ ဦးရှိ ဒေသခံပြည်သူများ၏ နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**ကျိုက်ထို မေ ၂၈**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကြီးကြပ်မှုဖြင့် သထုံခရိုင် ကျိုက်ထိုမြို့နယ် အင်ဘိုကျေးရွာအုပ်စု မဲရုံးလေးကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း ဖွင့်ပွဲကို မေ ၂၅ ရက်က ကျင်းပရာ သထုံခရိုင် ခရိုင်ဦးစီးမှူး ဦးမိုးဝင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ယင်းသင်တန်းတွင် ဆပ်ပြာရည်ပြုလုပ်နည်း၊ ခေါင်းလျှော်ရည်ပြုလုပ်နည်း၊ မျက်နှာသစ်ဆပ်ပြာပြုလုပ်နည်း၊ ဖယောင်းတိုင်ပြုလုပ်နည်း၊ ဆိုင်ကယ်ပြုပြင်ခြင်းများ သင်ကြားပို့ချခဲ့ပြီး သင်တန်းကို မေ ၂၅ ရက်မှ မေ ၁၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကာ သင်တန်းသူ သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။

**ကြေးမုံ**

# ဟင်္သာတနှင့်ပုသိမ် ခရိုင်ချင်းဆက်သွယ်သွားလာနိုင်မည့် ရှားခဲတံတားသစ်ဖွင့်

**ဟင်္သာတ မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်နှင့် ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်သို့ ဆက်သွယ်သွားလာနိုင်မည့် ရှားခဲတံတားသစ်ဖွင့်ပွဲကို မေ ၂၇ ရက် နံနက် ၁၁ နာရီက အဆိုပါ တံတားသစ်တွင် ကျင်းပခဲ့ရာ ဟင်္သာတမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကိုကိုဦးနှင့် ကျုံပျော်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီတာတို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။



ယင်းနောက် တံတားသစ်ဆောက်လုပ်ပြီးစီးမှု အထိမ်းအမှတ်ကျောက်စာတိုင်ကို လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာများနှင့် တံတားအထူးအဖွဲ့တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး တံတားသစ်ပြီးစီးမှုကို ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

အဆိုပါ တံတားသစ်မှာ အရှည် ပေ ၁၂၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၃၈ သန်းဖြင့် တံတားအထူးအဖွဲ့(၁၁)၊ တည်ဆောက်ရေးအဖွဲ့(၃) တံတားဦးစီးဌာနက တာဝန်ယူ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဟင်္သာတမှ နိဗ္ဗာန်-သောင်ကြီး-ကျုံပျော်-ရေကြည်သို့ ဆက်သွယ်သွားလာသည့် အဓိကလမ်းမကြီးတွင် ရှိသည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



# ကြာပို့ကျေးရွာ ချောင်းရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်

**တောင်သာ မေ ၂၈**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကြာပို့ကျေးရွာတွင် ချောင်းရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက မေ ၂၇ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း ဦးဆောင်သော မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များသည် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဆွေဝင်းနှင့်အတူ ဆည်မြောင်းဦးစီးဌာနဖြည့်စွက်လုပ်ငန်းများ တင်ဒါပိုလျှံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကြာပို့ကျေးရွာ ချောင်းရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **ကျော်မျိုးနိုင် (တောင်သာ)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# လမ်းဘေးဆိုင်းဘုတ်လေးတွေ သတိထားကြစေချင်...

## သန်းဖြိုးနိုင်(ကညင်ကျိုး)

ယခုအချိန်သည် ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ဒေသတွင်းရှိ အခြားသောနိုင်ငံများနှင့် လွယ်လင့်တကူ ချိတ်ဆက်သွားလာနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်ရေးအတွက် ယခင်ရှိပြီးသား ပြည်ထောင်စုလမ်းမကြီး(လမ်းဟောင်း)ကို အဆင့်မီစေရန် လေးလမ်းသွားအဖြစ် လမ်းဘေးဘယ်ညာ တိုးချဲ့ပြီး နိုင်လွန်ကတ္တရာများခင်းခြင်း၊ ယခင်နှစ်ပေါင်းရှည်ကြာစွာတည်ရှိခဲ့သည့် တံတားကျဉ်းများအား တိုးချဲ့ဆောက်လုပ်ခြင်းများ ဆောင်ရွက်နေချိန်ဖြစ်သည်။ ထိုသို့ဆောင်ရွက်လာသဖြင့် လမ်းပိုင်းအတော်များများသည်လည်း ကောင်းမွန်ကျယ်ပြန့်လာသည်ကို တွေ့ရသည်။ နိုင်လွန်ကတ္တရာခင်းထားသည့် မည်းနက်တောက်ပြောင်သောလမ်းများ၏ ပုံများကိုလည်း လူမှုကွန်ရက်စာမျက်နှာများထက်တွင် တွေ့ကြရပြီးဖြစ်မည်ထင်သည်။

**သတိပြုစရာ ဆိုင်းဘုတ်များစွာ**

ထိုကောင်းမွန်ကျယ်ပြန့်လာသည့်လမ်းများနှင့် အတူယှဉ်တွဲပါလာသည်မှာ သတိပေးဆိုင်းဘုတ်များပင်ဖြစ်သည်။ မြို့တွင်း တစ်နာရီ မိုင် ၃၀ ထက်ပိုမမောင်းရ၊ ရှေ့ကိုက် ၁၀၀ တွင် ကျောင်းရှိသည် ဖြည်းဖြည်းမောင်း၊ ရှေ့ကိုက်၂၀၀-၃၀၀ တွင် ရထားလမ်းကူးရှိသည်၊ ဘာ့ကြောင့်ရပ်ရပ် လမ်းဘေးချရပ်၊ အတက်ကားကို ဦးစားပေးပါ၊ ရှေ့တွင်ကွေ့ရှိသည် မိုင် ၅၀ ထက်ပိုမမောင်းရ၊ အရှိန်လျှော့မောင်းပါ စသည်တို့ရေးသားထားသည့် ဆိုင်းဘုတ်ငယ်လေးများကို နေရာအတော်များများတွင် စိုက်ထူထားသည်ကို တွေ့ကြရမည်ဖြစ်သည်။ ထိုသို့စိုက်ထူထားကြရခြင်းမှာလည်း အကြောင်းမဲ့ မဟုတ်ပေ။

**အိမ်၊ ဈေး၊ ကျောင်းများစွာ လမ်းမကြီးဘေးမှာ**

ရန်ကုန်-မန္တလေး ကားလမ်းအဟောင်းမှစပြီး ကျန်သည့် မြန်မာပြည်အထက်၊ အောက်ဘက်သို့ သွယ်တန်းဖောက်လုပ်ထားသည့် ပြည်ထောင်စုလမ်းမကြီးများ ဘေးဘယ်ညာတွင် ပြည်သူအများစု နေထိုင်ကြလေသည်။ ထိုလမ်းမကြီးများအနေဖြင့် မြို့ရွာအတော်များများ၏အလယ်မှ ဖြတ်သန်းသွားပြီး အချို့မြို့ရွာများမှာ လူနေထူထပ်သည်။ အနာဂတ်ကလေးငယ်များ စာပေပညာသင်ကြားရာ စာသင်ကျောင်းအချို့တော်တော်များများမှာ သွားရေးလာရေးလွယ်ကူသည့် လမ်းမကြီးဘေးတွင် တည်ရှိသည်။ ထို့အပြင် ကျေးလက်ဒေသမှထုတ်ကုန်များ လာရောက်ရောင်းဝယ်ဖောက်ကားရာ ဈေးများသည်လည်း ထိုလမ်းမကြီးဘေးတွင်သာ ကပ်လျက်တည်ရှိကြသည်က များသည်။

**ဥပဒေပါပြဋ္ဌာန်းချက် အကောင်အထည်ဖော်ပေးထားခဲ့**

သို့အတွက် အဆိုပါလမ်းမကြီးတစ်လျှောက်ဘေးတွင် နေထိုင်ကြသည့် ပြည်သူများ ဘေးကင်းစေရန်အတွက် လည်းကောင်း၊ လမ်းများကောင်းမွန်ကျယ်ပြန့်လာမှုကြောင့် ယာဉ်မောင်းသူများအနေဖြင့် ထိန်းထိန်းသိမ်းသိမ်းနှင့် သတိထားမောင်းနှင်နိုင်ရန်အတွက် လည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း လမ်းကြောင်းတစ်လျှောက်တွင် ဥပဒေနှင့်အညီ သတိပေးဆိုင်းဘုတ်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးပိုစတာများ စိုက်ထူပေးခြင်းကို တည်ဆဲဥပဒေများနှင့်အညီ ပြုလုပ်ပေးထားကြရခြင်းဖြစ်သည်။

**လမ်းမကြီးများနှင့်ပတ်သက်သည့် ဥပဒေများ ဤသို့ပြဋ္ဌာန်းထား**

လမ်းမကြီးများအသုံးပြုကြသည့် သာမန်ခရီးသွားပြည်သူများအတွက်သော်လည်းကောင်း၊ ကုန်စည်များပို့ဆောင်ကြရသည့် ယာဉ်ကြီးများကို မောင်းနှင်ကြသည့် ယာဉ်မောင်းများအတွက်သော် လည်းကောင်း ယာဉ်အန္တရာယ်ကင်းစင်ရေးအတွက် ပြဋ္ဌာန်းပေးထားသည့် ဥပဒေများရှိသည်။ ၎င်းတို့မှာ ၁၉၈၅ ခုနှစ် ပြည်သူ့လွှတ်တော်ခေတ်တွင် ဥပဒေအမှတ် ၁၃ ဖြင့် ထုတ်ပြန်ခဲ့သည့် လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေ၊ ၂၀၀၀ ပြည့်နှစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ဥပဒေအမှတ် ၈ ဖြင့် ပြဋ္ဌာန်းခဲ့သည့် လမ်းမကြီးများဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ခေတ် ၂၀၁၄ ခုနှစ် ယခင်အစိုးရလက်ထက်တွင် ဥပဒေအမှတ် ၂၄ ဖြင့် ထုတ်ပြန်ခဲ့သည့် အမြန်လမ်းမကြီးဥပဒေတို့ ဖြစ်သည်။ ထိုဥပဒေများအရဆိုလျှင် လမ်းကိုအသုံးပြုသူများအနေဖြင့် အထူးလိုက်နာရမည့် ပြဋ္ဌာန်းချက်များစွာ ပါဝင်ထားသကဲ့သို့ တာဝန်ရှိသူများဘက်မှလည်း အကောင်အထည်ဖော်ပေးရမည့် အချက်များစွာလည်း ပါဝင်ထားသည်။ ထိုသို့ပါဝင်ထားမှုနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိဌာနကလည်း အထက်ပါကဲ့သို့ ဆိုင်းဘုတ်များ စိုက်ထူပေးထားရခြင်းသာဖြစ်သည်။

**ဈေးကွက်စီးပွားရေးစနစ်အကြား ပြောင်းလဲလာခဲ့**

သို့သော်လည်း ပြောင်းလဲတိုးတက်လာသည့် နိုင်ငံရေးအခြေအနေများနှင့် တွင်ကျယ်လာသည့် ဈေးကွက်စီးပွားရေးစနစ်အရ ယခုနောက်ပိုင်းတွင် မြန်မာပြည်အထက်နှင့် အောက်၊ တောင်မှမြောက်သို့ တစ်ဖက်နိုင်ငံမှသော်လည်းကောင်း၊ နိုင်ငံအတွင်းရှိ မြို့ရွာများအချင်းချင်းသို့သော် လည်းကောင်း ကုန်စည်များ ကူးလူးပို့ဆောင်ကြရာတွင် တင်ဆောင်နိုင်မှုတန်ချိန်များသည့် ကုန်တင်ယာဉ်ကြီးများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။ ထိုသို့ အသုံးပြုလာကြသည့်အထဲတွင် သိသာထင်ရှားသည့် ကုန်တင်ယာဉ်များမှာ စက်သုံးဆီများသယ်သည့် ယာဉ်ကြီးများပင်ဖြစ်သည်။ ထိုယာဉ်ကြီးများမှာ တစ်စီးလျှင် စက်သုံးဆီ ဂါလန် ၈၀၀၀ ကျော်အထိပင် တင်ဆောင်၍သယ်ဆောင်မောင်းနှင်လာနိုင်သည်ကို မြင်တွေ့ရသည်။ ယခင်က ဂါလန် ၁၆၀၀ ဝန်းကျင်ရှိ ဆီသယ်ယာဉ်များသာရှိခဲ့ရာမှ ယခုနောက်ပိုင်းနှစ်များတွင် တစ်စတစ်စဖြင့် ပိုမိုကြီးမားသည့် ပမာဏတင်ဆောင်နိုင်သည့်ယာဉ်ကြီးများကို ပြည်ပမှ မှာယူတင်သွင်းထားကြခြင်းလည်းဖြစ်သည်။

**ကုန်တင်အစီးရေများပြား မြို့ရွာများအကြား**

ယခုနောက်ပိုင်း များပြားလာသည့် စက်သုံးဆီသုံးမော်တော်ယာဉ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များကြောင့် ထိုပမာဏ၏ များပြားစွာတင်ဆောင်ကြသည့် ဆီသယ်ယာဉ်ကြီးများမှာ ရန်ကုန်-မန္တလေးလမ်းမကြီးအဟောင်းနှင့် ကျန်လမ်းဟောင်းများတွင် နေ့စဉ်ဆိုသလို အဆက်မပြတ် သွားလာသယ်ယူပို့ဆောင်နေကြသည်ကို မြင်တွေ့လာခဲ့ရသည်။ ထိုယာဉ်ကြီးများအနေဖြင့် နေ့စဉ်သယ်ယူပို့ဆောင်ခြင်းများ ဆောင်ရွက်ကြရာတွင် အချို့နေရာများတွင် တိမ်းမှောက်ကာ စက်သုံးဆီများ ယိုဖိတ်မှုသတင်းများ၊ တိမ်းမှောက်မှုကြောင့် မီးလောင်သည့်သတင်းများကိုလည်း ရက်ခြား၊ လခြားဆိုသလို မြင်တွေ့လာကြရသည်မှာလည်း အမှန်ပင်ဖြစ်သည်။

**သတိပြုဆင်ခြင်ဖွယ် ကြီးမားသည့်မီးဘေးအန္တရာယ်**

ထိုဆီသယ်ယာဉ်ကြီးများနှင့် အခြားသောကုန်တင်ယာဉ်ကြီးများမှာ ကောင်းမွန်လာသည့်လမ်းများပေါ်တွင် အခေါက်ရေများများရရန် အချိန်လုကာ အမြန်မောင်းနှင်ကြခြင်း၊ အချင်းချင်း အပြိုင်အဆိုင်မောင်းနှင်ကြခြင်း၊ မောင်းနှင်ကြသည့်ယာဉ်မောင်းအချို့မှာ လမ်းမကြီးများဥပဒေပါပြဋ္ဌာန်းချက်များနှင့် တစ်ဦးချင်းလိုက်နာရမည့်အချက်များ၊ လမ်းဘေးတွင်စိုက်ထူထားသည့် သတိပေးဆိုင်းဘုတ်များကို သတိမပြုကြခြင်း၊ အရက်သေစာသောက်စားထားကြခြင်းများကြောင့် လမ်းမကြီးဘေးတွင်နေထိုင်ကြသည့် ပြည်သူအများစုမှာ နိစ္စဓူဝဆိုသလို ယာဉ်တိုက်ခိုက်မှုအန္တရာယ်နှင့် ဆီတင်ယာဉ်များ တိမ်းမှောက်လျှင် ကြုံတွေ့ရလာနိုင်သည့် မီးဘေးအန္တရာယ်အတွက် ကျီးလန့်စာစားသကဲ့သို့ ဖြစ်နေကြရလေသည်။

**နေပြည်တော် သာဝတ္ထိမြို့မှ ဆီသယ်ယာဉ်တိမ်းမှောက် မီးလောင်မှုအန္တရာယ် သတိပြုဆင်ခြင်ဖွယ်**

သို့အတွက် ကျောင်းသားမိဘများအနေဖြင့်လည်း မိမိတို့၏ကလေးငယ်များကို ကျောင်းသို့ပို့ကြရာတွင်လည်းကောင်း၊ ဈေးသွားခြင်း၊ ခရီးသွားခြင်းများ ပြုကြရာတွင်လည်းကောင်း ထိုယာဉ်ကြီးများအန္တရာယ်ကို အထူးဂရုပြုသတိထားကြရသည်။ ထိုသို့ သတိထားနေကြရသည့် အချိန်လည်းဖြစ်၊ နွေရာသီကာလအစတွင် အခြားသောမီးဘေးများကို သတိထားဆင်ခြင်နေရသည့်အချိန်လည်းဖြစ်သည့်ကာလ မတ် ၁၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိကျေးရွာ ရန်ကုန်-မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ်(၂၂၃)ခန့်တွင် ဆီတင်ယာဉ်ကြီးတစ်စီး အရှိန်လွန်၍တိမ်းမှောက်ရာ နေအိမ် ငါးလုံးနှင့် ဆိုင်ခန်းလေးခန်းတွဲ မီးလောင်ဆုံးရှုံးသည့်အပြင် ရပ်/ကျေး အုပ်ချုပ်ရေးမှူးရုံးလည်း မီးလောင်ဆုံးရှုံးမှု ဖြစ်ပွားခဲ့ကြောင်း သတင်းများတွင် ဖတ်ခဲ့ရသည်။

**ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်**

နိဂုံးချုပ်အနေဖြင့် အထက်တွင်တင်ပြခဲ့သမျှကို အနှစ်ချုပ်ပြန်ကောက်ကြည့်လျှင် ပြည်သူများဘဝ အေးချမ်းသာယာစွာ သွားလာနေထိုင်နိုင်ရေးအတွက် စိုးရိမ်ထိတ်လန့်နေရသည့် ယာဉ်တိုက်ခိုက်သေဆုံးမှုအန္တရာယ်၊ မီးဘေးအန္တရာယ်များအပေါ် ယာဉ်မောင်းများအနေဖြင့် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် လမ်းမကြီးနှင့်သက်ဆိုင်သည့်ဥပဒေများပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်အချက်များ၊ လမ်းဘေးတွင် မြင်သာစွာစိုက်ထူထားသည့် သတိပေးဆိုင်းဘုတ်များပါ အချက်များကို လိုက်နာပြီး သတိထားမောင်းနှင်ကြစေလိုပါကြောင်းနှင့် ယာဉ်များ ထိန်းသိမ်းမောင်းနှင်ရေးအတွက် စည်းကမ်းထိန်းသိမ်းကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း အလားတူဖြစ်စဉ်များမဖြစ်ပွားစေရေး အဆိုပါယာဉ်ကြီးများ သွားလာမောင်းနှင်မှုကို ဝိုင်းဝန်းကြပ်မတ် ထိန်းသိမ်းပေးကြပါစေလိုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



## လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေး

**ပန်းတနော် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေါ်ဝါးကျေးရွာ အုပ်စုတွင် တောင်သူများ၏လယ်ယာမြေများမှ မြေနမူနာ ရယူမှုလက်တွေ့ပြခြင်း၊ မြေဆီလွှာအာဟာရဓာတ် စစ်ဆေးမှု လက်တွေ့ပညာပေးဆောင်ရွက်ပေးခြင်းများကို မေ ၂၆ ရက် နံနက်က ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းညွန့်က ပညာပေးဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပညာပေးကာ တက်ရောက်လာသူ တောင်သူ ၅၀ အား စစ်ဆေးချက်မှတ်တမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပန်းတနော်)**

## မီးဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်

**ရန်ကုန် မေ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အောင်ဆန်း အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ယာယီမီးဘေးကယ်ဆယ်ရေးစခန်း၌ မေ ၂၇ ရက် နံနက်က အင်းစိန်မြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးလှိုင်မင်းနှင့်အဖွဲ့များက မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများ၊ ထောက်ပံ့ငွေများပေးအပ်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသာအောင်နှင့် ဦးဝေဖြိုးဟန်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဦးတင်လှိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ခလရ(၉၀) တပ်ရင်းမှ ဒုတိယဗိုလ်မှူးကြီး ဝင်းသူအောင်တို့က မီးဘေးသင့်အိမ်ထောင်စုများ စုစုပေါင်း လူဦးရေ ၃၀ တို့အား အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဆန်ရိက္ခာ ခုနစ်ရက်စာဖိုးငွေများနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကို အိမ်ခြေ အိမ်ထောင်စုအလိုက် အိမ်ထောင်ဦးစီးများထံသို့ ပေးအပ်ခဲ့ကြသည်။

အဆိုပါ ယာယီကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စုများသည် မေ ၂၅ ရက် နံနက်ပိုင်းတွင် မီးလောင်ကျွမ်းခဲ့သော အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံ(၁) ပေါက်ပင်လမ်းရှိ နေအိမ်ငါးလုံး အိမ်ထောင်စု ခုနစ်စု လူဦးရေ အမျိုးသား အမျိုးသမီး စုစုပေါင်း မီးဘေးသင့်ပြည်သူ ၃၀ တို့ဖြစ်ကြပြီး ခလရ(၉၀)မှ မီးလောင်သည့်နေ့ နံနက်ပိုင်း၊ ညနေပိုင်းတို့တွင် ထမင်းထုပ်များ ဝေငှခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း**

